
www.burmeseclassic.com

# မြပုလဲခင်

## ချစ်ဦး ချစ်ဖူး ချစ်ဆုံး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၉၀၂၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အ
၅၀၀၉၈၁၀၉၁၀

**ဖြန့်ချိရေး**
အောင်မြင်စာပေ၊
အမှတ်(၁)၊
အောင်ဘာလေး၊
ကျောက်မြောင်း။

**အတွင်းနှင့်**
**မျက်နှာဖုံးပုံနှိပ်**
ဦးအောင်မြင့်၊
အောင်မြင့်ပုံနှိပ်တိုက်၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ပထမအကြိမ်၊
ဇန်နဝါရီလ၊ ၂၀၁၁၊
တန်ဖိုး(၁၅၀၀)

**ထုတ်ဝေသူ**
ဦးအောင်မြင့်၊
အမှတ်(၇)၊ သိတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်

၈၉၅.၈၃
မြပုလဲခင်
ချစ်ဦး ချစ်ဖူး ချစ်ဆုံး/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၁။
၂၇၆ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

BURMESE CLASSIC .com

# အပိုင်း (၁)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

"ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ဆိုတဲ့ စကားက ရှေးဟောင်းစကား မဟုတ်ဘဲ ဘယ်ကနေ မြေလျှိုးမိုးပျံ့ ရောက်လာတဲ့စကားလဲ ကြီးမေ"

လွန်းက ပြောင်ချော်ချော် မျက်နှာထားဖြင့် ကြီးမေကို ကြည့်ကာ ပြောလိုက်သည်။ ထိုအခါ ကြီးမေ၏မျက်ခုံးနှစ်ခုကြားမှ အသားပိုများ တွန့်ခေါက်သွားသည်။

"ဟဲ့ . . အချစ်ကို တန်ဖိုးမထားဘဲ ပျက်တက်တက်စကားတွေနဲ့ ငါ့ကို ဆင်ခြေမကာန်နဲ့ မိလွန်း"





"လွန်းက ကြားဖူးတာကို ပြောပြတာပဲ"

"ကြား . . ကြားဖူးတတ်တယ်၊ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ဆိုတာမျိုးတော့ နာယူပုံ မရပါလား မိလွန်း"

"မကြားဖူးပါဘူး"

ကြီးမေကို စိတ်ဆိုးအောင် ဆွလိုက်သည်။ သို့သော် ကြီးမေက သက်ပြင်းချကာ . . .

"မကြားဖူးရင်လည်း အခု မှတ်ထားပေါ့ မိလွန်း၊ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်တဲ့၊ ဒါကြောင့် ချစ်သူနဲ့ လက်ထပ်သူ တစ်ယောက်တည်းပဲ ဖြစ်ရမယ်၊ ညည်းအမေလိုတော့ မဖြစ်စေနဲ့၊ အဲဒီလိုသာ ဖြစ်ခဲ့လို့ကတော့ ကြီးမေ သမီးကိုကော ခွင့်လွှတ်မှာ မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားလိုက်ပါ"

လွန်းရင်ထဲ စူးရှနာကျင်သွားရသည်။ အနာပေါ် တုတ်ချရက်သည့် ကြီးမေကိုပဲ လွန်း စိတ်ဆိုးရမလား။ လွန်း အပြောမခံချင်။ သို့သော် လွန်းတို့ကို ဥပေက္ခာပြု ထားသွားရက်သော အမေဆိုသူကိုပဲ နာကြည်းစိတ်ဖြင့် . . .

"လွန်းဟာ ဘယ်တော့မှ ဒေါ်ခင်ထား ဖြစ်မှာမဟုတ်ဘူး ဆိုတာ ကြီးမေ ယုံကြည်ထားပါ"

"ဒါဖြင့် ရည်းစားဘာဖြစ်လို့ ထားချင်ရတာလဲ၊ နောက်ပြီး စံရွှေကျော်နဲ့မှဆိုတော့ ကြီးမေ လုံးဝသဘောမတူနိုင်ဘူး၊ သူတို့ အဒေါ်သားချင်းများဟာ ငါးရွှဲဒိုင်ကဆိုတော့ စရိုက်ချင်း မတူပါဘူး သမီးရယ်"

လွန်း နှုတ်အာစေးမိသွားပြီ။

တကယ်တော့ လွန်းသည် ဆယ်တန်းစာမေးပွဲ နောက်ဆုံးနေ့ ဖြေပြီးသည့်အချိန်မှစ၍ စံရွှေကျော်နှင့် တရားဝင်ချစ်သူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြပြီ။

ဤသည်ကို တက္ကသိုလ် ပထမနှစ်လယ် ရောက်သောအခါမှ ကြီးမေ ရိပ်မိသိရှိသွားကာ လွန်းအား ဆုံးမသြဝါဒများ ပေးနေခြင်းဖြစ်သည်။

"လူတွေရဲ့စရိုက်ဟာ သူတို့ရဲ့အသက်မွေးဝမ်းကျောင်းမှုနဲ့ ဆိုင်တတ်သလား ကြီးမေ"

လွန်းကို ကြီးမေက ကြည့်သည်။ လွန်း၏မျက်နှာ၌ ရိုးသားခြင်းကို သူမ တွေ့လိုက်ရသည်။ အပျံသင်စ ငှက်ကလေးများ၏ စူးစမ်းမှု သဘောသဘာဝကို ကြီးမေ သဘောပေါက်သဖြင့် သက်ပြင်း လေးတွဲ့တွဲ့တစ်ခုကို ချလိုက်ပြီး. . .

"ဘယ်အရာမဆို ပုံသေကားချပ် သတ်မှတ်လို့မရဘူး၊ ဒါပေမယ့် စရိုက်ဆိုတာ ဗီဇဝန်းကျင်ကိုတော့ အခြေခံတတ်တယ် သမီး၊ ကြီးမေ သူတို့ကို လေ့လာကြည့်ပါဦးမယ်"

"ဟုတ်ကဲ့ပါ. . . လွန်းကိုယ်လွန်းလည်း ထိန်းသိမ်းတတ်ပါတယ် ကြီးမေ၊ လွန်းဟာ အချစ်အတွက် တစ်ခုတည်းတော့ ဘဝမဖြစ်စေရပါဘူး၊ ကြီးမေ စိတ်ချလက်ချ နေပါ"

လွန်းက ပြောပြောဆိုဆိုနှင့် ကားသော့ယူလိုက်ရာ. . .

"ဘယ်လဲ"

"မေ့နေပြီလား. . . ကြီးမေပဲ မှာထားပြီးတော့"

"ဘာမှာထားလို့လဲ"

"အသက်က စကားပြောပြန်ပြီနော်၊ မနက်ဖြန် ဆွမ်းကပ်စရာ ရှိတယ်၊ ဘုန်းကြီးကျောင်းအတွက် ပန်းသွားဝယ်ရင်းနဲ့ လိမ္မော်သီးပါ သွားဝယ်ဦးဆိုတာလေ"

"သြော်. . . ဟုတ်သားပဲ၊ နေဦး. . . ကြီးမေပါ လိုက်မယ်"





"အားလို့လား. . . ကြီးမေပဲ ဆရာတော်အတွက် ပုတင်းပေါင်းအိုးတင်ထားပြီးတော့၊ ဘာလဲ. . . လွန်းကို စိတ်မချလို့လား၊ စိတ်ချ. . . လင်နောက် လိုက်ပြေးမယ့် မိန်းမစားထဲ လွန်း မပါဘူး"

လွန်းက ပြောပြောဆိုဆိုနှင့် အိမ်ထဲမှ အမြန်ထွက်ခဲ့လိုက်သည်။

"မြန်မြန်ပြန်လာခဲ့နော် လွန်း"

"စိတ်ချ. . . တစ်နာရီ မိုင်ခြောက်ဆယ်နှုန်း မောင်းပစ်လိုက်မယ်"

"အေး. . . အဲဒါမှ ဂါတ်ထဲ ရောက်မှာ"

"ဒါတော့ သိသားပဲ"

"ညည်းလိုတူမမျိုး မွေးထားမိမှတော့ သိရတော့တာပေါ့"

လွန်း ကားစက်နှိုးလိုက်မှ ကြီးမေ၏အသံသည် ပျောက်ကွယ်သွားသည်။

လွန်း ပြုံးလိုက်သည်။

ကြီးမေသည် သားသမီး မရှိသော မုဆိုးမတစ်ဦးဖြစ်သည်။ ဘကြီးကွယ်လွန်သွားတော့ ကြီးမေသည် (၄၅)နှစ်ဟူသောအရွယ်သာ ရှိသေးသော်လည်း နောက်အိမ်ထောင်ပြုခြင်း မရှိဘဲ လွန်းတို့မောင်နှမကိုသာ သားသမီးရင်းချာများကဲ့သို့ပင် ရင်အုပ်မကွာစောင့်ရှောက်ခဲ့သည်။

လွန်း၏အစ်ကိုကတော့ ကြီးမေ၏အချစ်ဟူသမျှကို စုပုံရသော အလိမ္မာတုံးဖြစ်သည်။ ယခု ဒုတိယနှစ် ဗိုလ်လောင်းအဖြစ် ပြင်ဦးလွင် စစ်တက္ကသိုလ် တက်ရောက်နေသည်။

လွန်းကတော့ ကိုကိုကဲ့သို့ မဟုတ်။ ကိုကိုက ကြီးမေ၏ဆန္ဒသည် သူ၏ဆန္ဒဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွှန်းကတော့ လွှန်းဆန္ဒသည်သာ လွှန်းဆံန္ဒဖြစ်ရမည်။ မည်သူ၏အလွှမ်းအမိုးကိုမှ မခံနိုင်။

"တီတီ. . . တီတီ. . . တီ"

ခြောက်မိုင်ခွဲရှိ ယောက်ျားလေးဘော်ဒါဆောင် ငှားထားသောခြံရှေ့၌ လွှန်း ကားဟွန်းတီးလိုက်သည်။

ခြံစောင့်က လွှန်းကို ကြည့်ကာ မှတ်မိပုံရသည်။

"ခဏနော် ကလေးမ"

ဟု ဆိုကာ ပြန်ဝင်သွားသည်။ စံရွှေကျော်ကို သွားခေါ်ခြင်းဖြစ်သည်။

ယောက်ျားလေးဘော်ဒါဆောင် ရှိရာသို့ လာရဲသော လွှန်း အဖြစ်ကိုသာ ကြီးမေ တီတီကျကျ သိရှိသွားပါက ရင်ဘတ်စည်တီး ဖြစ်မှာ ကျိန်းသေသည်။

သို့သော် လွှန်းကတော့ ဆန္ဒရှိသည့်အတိုင်း လှုပ်ရှားသွားလာမည်သာပင်။

"လွှန်းလား"

အသားဖြူဖြူ လူပုံနွဲ့နွဲ့ လူတစ်ယောက်က လွှန်းကားနားသို့ လာပြီး လွှန်းကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"ရှင်က. . ."

သူ့အမေးကို တုံ့ပြန်လိုက်သကဲ့သို့ မေးခွန်းလည်း ဖြစ်သော စကားတစ်ခွန်းကို လှမ်းပြောလိုက်မိသည်။

"စံရွှေကျော်ရဲ့အခန်းဖော် ပိုင်ဦးပါ"

"သြော်. . ဟုတ်ကဲ့. . ကြားဖူးပါတယ်"

လွှန်းအနေဖြင့် ယောက်ျားတန်မဲ့ ချောလွှန်းသော. . . ယောက်ျားတစ်ဦးကို အခုလို နီးကပ်စွာ မြင်တွေ့ရသည့်အခါ ရင်





ခုန်မိသည်။

"စံရွှေကျော် သံတွဲခဏပြန်သွားပါတယ်"

"ဟင်. ."

လွှန်း အစော်ကားခံလိုက်ရပြီဟု ချက်ချင်း သဘောပေါက်မိကာ ခံပြင်းသွားသည်။

"ကိုပိုင်ဦး အားသလား"

"ဟုတ်ကဲ့. . . အားပါတယ်"

"ဒါဖြင့် ကျွန်မနဲ့ ခဏလိုက်ခဲ့ပါလား၊ မေးစရာတွေ မေးနိုင်အောင်လို့ပါ"

အမည်ကို ကြားဖူးရုံသာရှိပြီး ယခုမှ တွေ့သောယောက်ျားတစ်ဦးကို ကားပေါ် လွယ်လင့်တကူ ခေါ်တင်ပြီး အတူတူ သွားလာရန် ဝန်မလေးတတ်သော လွှန်း၊ ကိုယ့်ကိုယ်ကို ယုံကြည်လွှန်းတတ်သော လွှန်းအား ကြီးမေ စိတ်မချနိုင်ခြင်းသည် လွန်အံ့မထင်ပါ။

"ကောင်းပြီ"

လွှန်းသည် ပိုင်ဦးထံမှ လက်ခံစကားကို ကြားရသဖြင့် အလွှန်ကျေနပ်သွားသည်။ ခပ်ချောချော၊ ခပ်ဖြောင့်ဖြောင့် အမျိုးသားတစ်ဦးနှင့် ယှဉ်တွဲသွားလာရခြင်းကို ဂုဏ်ယူမိသလိုလို ဘာလိုလိုနှင့် ရင်ဖိုမိသည်မှာတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

ခေမာရဌ်အတွင်းသို့ ယှဉ်တွဲဝင်လာသော ပိုင်ဦးနှင့် လွန်းအား ဆိုင်ထဲမှ မျက်လုံးစုံပေါင်းများစွာက အကဲခတ်ကာ မှတ်ချက်ချကြမည်မှာတော့ သေချာသည်။ ထိုမှတ်ချက်သည် 'နေနဲ့လ ရွှေနဲ့မြ' 'ရေသွားနောက်လိုက် ညီသောအတွဲ' ဟူ၍သာ ဖြစ်ဖို့များသည်။

"ကျွန်မကို ရှင်အထင်သေးပြီလား မသိဘူး ကိုပိုင်ဦး"

"ဘာအတွက်ပါလိမ့် လွန်း"

"ခုလိုအပြုအမူအတွက်ပါ"





"ကျွန်တော်နားလည်ပါတယ် လွန်း၊ အထူးသဖြင့် ဘောင်ကျဉ်းလွန်းတဲ့ မိန်းမသားကျနြေဆိုတဲ့ စည်းကမ်းချက်တွေရဲ့အောက်မှာ နေထိုင်ရတဲ့ မိန်းမသားတွေရဲ့ မလွတ်လပ်တဲ့ ထိန်းချုပ်ခံဘဝကို ကျွန်တော် နားလည်သဘောပေါက်ပါတယ် လွန်း"

ထိုအချိန်တွင် စားပွဲထိုးမှ ဘာစားမလဲဟု မေးလာသဖြင့်

"ကျွန်မကတော့ ကော်ဖီပဲ၊ ကိုပိုင်ဦးက လက်ဖက်ရည်ထင်တယ်"

"ကျွန်တော်လည်း ကော်ဖီပါပဲ၊ ကော်ဖီခါးခါးရှယ်နှစ်ခွက်"

လွန်းထံမှ ဆန္ဒကို မခံယူပါဘဲ ကော်ဖီခါးခါးဟု သူ့ဆန္ဒဖြင့် ဆုံးဖြတ်လိုက်ခြင်းအပေါ်တွင် လွန်းစိတ်ထဲ ခုသွားမိသည်။

သို့သော်. . .

"ကျွန်တော်က လွန်း ကော်ဖီခါးခါးကြိုက်တတ်ကြောင်းကို ကြိုသိနေလို့ မှာလိုက်မိတာကို ခွင့်လွှတ်နော် လွန်း"

"ဩော်. . . ကိုစံက ကျွန်မအကြောင်းတွေ ရှင့်ကို ပြောပြထားတယ်ထင်တယ်"

"ဆိုပါတော့"

"ကျွန်မ ရှင့်ကို ဘာကြောင့် ခေါ်လာသလဲဆိုတာကိုကော"

"ကျွန်တော်ခန့်မှန်းမိသလောက်တော့ ခင်ဗျား ကျွန်တော့်ကို စံရွှေကျော်အကြောင်း မေးဖို့သာ ဖြစ်တယ်လို့ ခန့်မှန်းမိပါတယ်"

"ရှင် မဆိုးပါဘူး၊ ဒါကြောင့် စာရေးဆရာ ဖြစ်တာထင်တယ်"

"ဝါသနာကြောင့်ပါဗျာ. . . လူအကဲခတ် ကျွမ်းကျင်လွန်းလို့ မဟုတ်ပါဘူးဗျာ"

လွန်း ပြုံးလိုက်သည်။ နှုတ်ခမ်းကို တွန့်ရုံသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ. . သံတွဲကို ဘာကိစ္စနဲ့ သွားတာလဲ"

"သူ့အဒေါ် အရေးတကြီး ဖုန်းဆက်ခေါ်လို့ပါ"

"ဘယ်နေ့ကလဲ"

"မနေ့ကပဲ. . . အဲဒါ မနက်စောစော တောင်ကုတ်သံတွဲကားနဲ့ ထွက်သွားတယ်"

"ကျွန်မကို ဘာမှာသွားသေးသလဲ၊ ဘာကြောင့် ဖုန်းမဆက်တာလဲ"

"သူ ဆက်ပါတယ်၊ လွှန်းအဒေါ်နဲ့ တိုးတယ်တဲ့၊ လွှန်းအဒေါ်က စစ်လားဆေးလား လုပ်တော့ သူလည်း လှည့်ပတ်ဖြေပြီး ဖုန်းချလိုက်တယ်ထင်တယ်"

"ဩော်. . ."

လွှန်း သဘောပေါက်လိုက်ပြီ။ ဒါကြောင့် ကြီးမေသည် လွှန်းတို့ကိစ္စကို သိသွားခြင်းဖြစ်သည်။

"ကျွန်မ သူနဲ့ အဆက်အသွယ်ပြတ်တာ သုံးရက်ပဲ ရှိသေးတာ"

"ဟုတ်ပါတယ်. . . သူက ကျွန်တော့်ကို မှာသွားပါတယ်၊ ကျွန်တော် ဒီည လွှန်းဆီကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြမလို့ပါ"

"ကျေးဇူးတင်ပါတယ်"

လွှန်းထံ စာတစ်စောင်လောက်တော့ ရေးသွားသင့်သည်ဟု လွှန်း ယူဆပါသည်။ သို့သော်လည်း ပိုင်ဦးကို ဒီကိစ္စ ထပ်မံမမေးတော့။ သိပ်သဘောထားသေးရာကျလွှန်းမည်။

"ရုတ်တရက်တော့ ကျွန်မကို နှုတ်မဆက်ဘဲ သွားတယ်ဆိုတော့ ကျွန်မစိတ်ထဲ မရှင်းနိုင်လို့ ကိုပိုင်ဦးကို ခေါ်ပြီး အေးအေးဆေးဆေး မေးကြည့်တာပါ။ အရေးတကြီးဆိုတာ နာရေးကိစ္စတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး. . . သူ့အဒေါ် နှစ်ယောက်စလုံး နေကောင်းကြပါတယ်လို့ ပြောပါတယ်"

လွှန်း. . ပိုင်ဦးမျက်နှာကို အကဲခတ်လိုက်သည်။ သူ့မျက်နှာတွင် ဟာစ်ဖုံတစ်ခု ဖုံးကွယ်ထားသော အရေးအကြောင်းများ ပေါ်လွင်နေသည်။

လွှန်းသည် ကော်ဖီကို စိတ်မပါစွာဖြင့် သောက်လိုက်သည်။

"ကိုပိုင်ဦး ကျွန်မကို မှန်မှန်ဖြေမလား"

"ဘာများပါလိမ့်"

"သူသွားတဲ့ကိစ္စကို ကိုပိုင်ဦး သိရမယ်လို့ ကျွန်မစိတ်ထဲ အလိုလို သိနေတယ်၊ အဲ့ဒါ ဟုတ်သလား"

ပိုင်ဦး ပြုံးလိုက်သည်။ လွှန်းဆိုသောမိန်းမချော မိန်းမလှလေး၏အပြောကို သူ သဘောကျနေမှုလေပြီ။

စံရွှေကျော်ထံမှ ခါတ်ပုံသာ မြင်ခဲ့ဖူးသော မိန်းကလေးသည် အပြင်မှာ ဤမျှလှလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့မိ။ ယခုတော့ သူမအလှက ရင်ဖိုစရာကောင်းလွှန်းလှသည်။

"ဘာကြည့်တာလဲ. . . ဖြေလေ"

သူ့အကြည့်ရိုင်းကို လူမိသွားလေပြီ။ သူက ရှက်ပြုံးပြုံးလိုက်ပြီး. . .

"လွှန်းက ကျွန်တော့်ကို စစ်ဆေးနေတာပဲ၊ ကျွန်တော် မပြောနဲ့၊ ကာယကံရှင် စံရွှေကျော်တောင် သိပုံမရဘူး၊ မောင်မောင် အရေးကြီးတယ်၊ ရရာနဲ့ အမြန်ဆုံး ပြန်ခဲ့ဆိုပြီး ခေါ်တာ"







www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲလို့ သူက ပြန်မမေးဘူးလား"

လွန်းက အားမလိုအားမရဖြစ်စွာဖြင့် သူ့အား ပြန်မေးလိုက်သည်။ ပိုင်ဦးက ပြုံးကာ. . .

"မေးပါတယ်"

"ဒီတော့. . ."

"ဒီရောက်တော့ သိပါလိမ့်မယ်၊ မင်းကိုယ်တိုင် ဆောင်ရွက်မှ ဖြစ်နိုင်မယ့်ကိစ္စမျိုး ဖြစ်နေလို့ပါ၊ မောင်မောင်၊ မင်းအမြန်ပြန်လာပါလို့ ပြောတယ်တဲ့"

"ရှင့်ကို သူက အသေးစိတ် ပြောပြတယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့. . . သူနဲ့ကျွန်တော့်ကြားမှာ ဘာမှခြွင်းချန်ထားခြင်း မရှိပါဘူး"

လွန်း မလုံမလဲ မျက်နှာထားရခက်သွားသည်။ သမီးရည်းစားတို့ ဘာသာဘာဝတွေကိုတော့ သူ့အား ပြောပြထားလေသလား။

လွန်းမျက်နှာပြင် နည်းနည်းပူလာသကဲ့သို့ ခံစားလိုက်ရသည်။

"ခုလို စိတ်ရှည်လက်ရှည် ဖြေပေးတဲ့အတွက် ကိုပိုင်ဦးကို ကျွန်မ ကျေးဇူးတင်ပါတယ်၊ နောင်ကို ကျွန်မသိချင်တာ မေးတဲ့အခါ မကွယ်မဝှက် ဖြေနိုင်ပါစေလို့သာ ကျွန်မတောင်းပန်ပါရစေ"

"စိတ်ချပါ. . . ကျွန်တော့်ကိုယ်ကျွန်တော် အမှန်တရားဘက်က ရှေ့နေဖြစ်ရေးကိုသာ ဆုံးဖြတ်ချက် ချထားတဲ့သူပါ"

"ကျွန်မ အချိန်မရဘူး ကိုပိုင်ဦး၊ ပြန်ကြရအောင်"

"ကောင်းပြီ"

ပိုင်ဦးက သွက်လက်စွာ ထ,ပြီး ကောင်တာ၌ ငွေသွားရှင်း





သည်။ လုံးချင်းဝတ္ထု သုံးလေးအုပ်မျှဖြင့် လူသိများစ ပြုလာသော ဦးသည် နယ်၏ကြေးရတတ်မိသားစုမှ ပေါက်ဖွားလာသူ ဖြစ်သည်ဟု စံရွှေကျော် ပြောစကားအရ သိထားသည်။

"လွန်း. . ဘယ်ကိုသွားမှာလဲ"

"လှည်းတန်းမှာ ပန်းသွားဝယ်မလို့"

"အတော်ပဲ. . . ကျွန်တော်လည်း ပြုံးပန်းတစ်ရာ သွားလို့၊ လှည်းတန်းကိုသာ တန်းသွားတော့၊ ကျွန်တော် အဲ့ဒီမှာပဲ ဆင်းမယ်"

"ကောင်းပြီလေ"

ခေမာရင့်က ပြန်ထွက်လာကြသောအခါ. . .

"ဟော့. . . မိပြီ"

"မင်းဘယ်ပြေးမလဲ မိလွန်း"

လွန်းနှုတ်က 'ပြဿနာကောင်တွေနဲ့ တိုးနေပါလား၊ ဒီနေ့ ပြဿဒါး မလွတ်ဘူးထင်တယ်' ဟု ခပ်တိုးတိုး ညည်းတွားလိုက်သည်။

"ဒါက တစ်ယောက်ပါလားဟဲ့"

လွန်းမျက်နှာ ထူပူသွားသည်။

"မိန်းမတွေ. . . နင်တို့ပါးစပ် ပိတ်ထားရင် ကောင်းမယ်"

လွန်း ဟန့်တားမှုကို သူငယ်ချင်းများက အရေးမစိုက်ဘဲ

"ဘိုးတော်ရေ. . . လွန်းကို ကြည့်ယုံနော်"

ပိုင်ဦးမျက်နှာက ပြုံးနေသည်။ လူကြီးရှက်တော့ ရယ်သည်သားဟု လွန်းက တွေးလိုက်သည်။

"ရှင်တို့ မတရား မစွပ်စွဲနဲ့၊ ဒါ ကျုပ်မိတ်ဆွေ"

"နိဒါန်းက မိတ်ဆွေပေါ့၊ နိဂုံးရောက်တော့. . ."



www.burmeseclassic.com

www.burmeseclassic.com

"မိတ်ဆက်ပေးဦးလေဟာ"

လွှန်းအတွက် ခက်ပြီ။ ကြည်ပြာ၊ ကေသွယ်၊ စူးမာသည် လွှန်း၏အချစ်ဆုံးသူငယ်ချင်းများဖြစ်သည်။

လွှန်းက အပိုးမကျိုးသောမျက်နှာထားနှင့် ရှိနေကြသည့် သူငယ်ချင်းများကို မျက်စောင်းထိုးလိုက်ပြီး. . .

"မှတ်ထား. . . ကိုပိုင်ဦး. . . လောသာဒ်ရီးယားက"

"အြော်. . ဟို. . စာရေးဆရာ ပိုင်စောဦးများလား"

စူးမာက စာကြမ်းပိုးဖြစ်သဖြင့် ဒက်ခနဲ တန်းသိလိုက်ပြီ။

"အေး. . ဟုတ်တယ်၊ ကိုပိုင်ဦး. . သူက စာကြမ်းပိုး စူးမာ၊ သူက နဂါးကြည်ပြာ၊ သူက ကေသွယ်စဝါး"

"ကြည့်. . . လုပ်ပြီ၊ ငယ်ကျိုးငယ်နာတွေ ဖော်တယ်ပေါ့၊ ကိုပိုင်ဦး. . သူ့နာမည်က လည်လွှန်းတဲ့ပန်ကာထိပ်"

ရယ်မောသံများသည် အင်းယားလမ်းပေါ်ရှိ ခေမာရှေ့၌ ဝဲပျံ့သွားသည်။

"ဟုတ်ကဲ့. . . အားလုံးကို မှတ်ထားပါ့မယ်"

"လမ်းတွေ့ရင် ခေါ်နိုင်အောင်ပဲ မှတ်နော်၊ ကုန်ကြမ်းအဖြစ်တော့ မမှတ်လိုက်နဲ့"

"စိတ်ချပါ. . . ကျွန်တော့်အတွက်တော့ မြင်မြင်သမျှ ကြားကြားသမျှအရာဟူသမျှဟာ ကုန်ကြမ်းကြီးတွေ ဖြစ်လာတတ်တာပါပဲ"

သူ့အပြောကို မစောင့်တော့ဘဲ လွှန်းက. . .

"ရှင်တို့က ဆက်ဗျူးချင်သေးရင်တော့ ဆရာ့ကို ရှင်တို့ စီးတော်ယာဉ်နဲ့ပဲ အပို့တာဝန်ယူလိုက်တော့၊ ကျုပ်တော့ သွားပြီ"

"မူမနေနဲ့ မချော၊ ပိုင်မှန်း သိပါတယ်"





ပိုင်ဦးက ခပ်တည်တည်ပင် လျှောက်လာကာ ကားခေါင်းကို ပတ်ပြီး ရှေ့ခန်း၌ ဝင်ထိုင်လိုက်သည်။

လွှန်းက ကြည်ပြာတို့ဘက် လှည့်ကာ မေးချိုပြလိုက်ပြီးမှ ကားထဲ ဝင်ထိုင်လိုက်သည်။

"လွှန်းတို့သူငယ်ချင်းတွေက ပျော်တတ်တယ်နော်"

"ဟုတ်တယ်. . . ဒီကောင်တွေက ဗရုတ်တွေ"

"လွှန်းကကော"

"ဗရုတ်ထိပ်ခေါင်တင်လေ"


ဟု ပြောပြီး လွှန်းက ရယ်လိုက်သည်။

ထိုအခါ ပိုင်ဦးသည် လွှန်း၏အလှ၌ မှင်တက်သွားလေသည်။ လွှန်းသည် ဖူးမွှတ်နေအောင် ချောသည့်တင်မက ရယ်လိုက်သောအခါ အပြစ်ကင်းစင်လွှန်းသော ကလေးတစ်ဦးနှယ် ကြည်စင်သွားသည်ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"ဟဲလို"
"အမိန့်ရှိပါ"
"လွန်းလား"
"ဟုတ်ပါတယ်"
"ကျွန်တော် ပိုင်ဦးပါ"
"အို. . ကိုပိုင်ဦး. . ဆို"
"ကျွန်တော် လွန်းနဲ့ တွေ့ချင်တယ်"





"ကိစ္စက. . ."
"ညက စံရွှေကျော်ဆီက ဖုန်းလာတယ်"
"ဒီတော့ ကျွန်မကို ပြောစရာစကား ရှိနေပြီပေါ့"
"ဟုတ်ကဲ့"
"ကောင်းပြီ. . . ဒီလိုဆိုရင် ကျွန်မတို့ဆီ လာခဲ့လေ၊ ခုပဲ ကျွန်မ ကျောင်းသွားမလို့"
"ဟုတ်ပြီ. . . ဘယ်အချိန် အားသလဲ"
"နေ့လည်ဆယ့်နှစ်နာရီတော့ အီကိုကင်တင်းမှာ ရှိတယ်"
"အိုကေ. . . ဒါဖြင့် ကျွန်တော်လာခဲ့မယ်"
"ကောင်းပြီ"

လွန်းက တယ်လီဖုန်းချလိုက်သည်။ ကြီးမေက လွန်းအတွက် ထမင်းချိုင့်လေး ဆွဲထွက်လာရာမှ. . .

"ဘယ်သူ့ဆီက ဖုန်းလဲ"
"သူငယ်ချင်းတစ်ယောက်ဆီကပါ၊ သူ့စာအုပ်ကျန်ခဲ့မှာစိုးလို့ ထပ်မှာတာ"
"ဪ. . . အေး. . . အေး"

ကြီးမေကို နှုတ်ဆက်ကာ လွန်း ထွက်ခဲ့သည်။ လမ်းထိပ်၌ ဖယ်ရီစောင့်စီးသည်။

ကြီးမေကတော့ ကားဖြင့် သွားဖို့ ပြောသော်လည်း လွန်းက သိတတ်ရသည်။

ကြီးမေ ရုံးသွားလျှင်တောင် ရုံးဖယ်ရီဖြင့် သွားသည်။ ဓါတ်ဆီဈေးတက်သောခေတ်ကာလ၌ လွန်းသည် ကိုယ်ပိုင်ကားဖြင့် ကျောင်းတက်မည့်အစား ဖယ်ရီဖြင့် တက်သင့်သည်။ ကြီးမေသည် ကျောက်မြောင်းလိုနေရာမျိုး တိုက်ခန်းတစ်ခု၊ ကားတစ်စီးလောက်


www.burmeseclassic.com

www.burmeseclassic.com



သာ ပိုင်ဆိုင်ထားသည်။ ငွေတိုးချထားခြင်းဖြင့် လူတန်းစေ့ နေနိုင် စားနိုင် သွားနိုင်ခြင်းဖြစ်သည်။

ကြီးမေ ပင်စင်ယူပြီးလျှင် လွန်းအလှည့် ရောက်မည်ဟု ဆုံးဖြတ်ထားသည်။

ထိုစဉ် ကားတစ်စီး ထိုးဆိုက်လာပြီး လူနှစ်ယောက်က ဆင်းလာသည်။

"လွန်း. ."

"ဪ. ."

ကိုကို့သူငယ်ချင်းဆိုတော့ လွန်းသိသည်။ နာမည်တော့ မေ့နေသည်။ တစ်ဆက်တည်း ကိုကို့သူငယ်ချင်းဘေး၌ ပါလာသော သူက လွန်းကို ဖမ်းစားလိုက်သည်။

"ဇော့်ဆီက စာလာသလား"

"ဟုတ်ကဲ့. . . တစ်နေ့ကပဲ လာပါတယ်"

"အေး. . . လွန်း စာရေးရင် ကိုအေးနိုင်ကလည်း သတိရ ပါတယ်လို့ ထည့်ရေးလိုက်ပါဦး"

"ဟုတ်. ."

"ဘယ်သွားမလို့လဲ လွန်း"

"ကျောင်းပါ"

"ကားပေါ် တက်လေ. . . လိုက်ပို့ပေးမယ်"

"ကိစ္စမရှိပါဘူး. . . ဖယ်ရီလာပြီ"

လွန်းက ဖယ်ရီကိုသာ အာရုံစိုက်လိုက်သည်။ လွန်း မျက်ဝန်း၌ ကိုအေးနိုင်နှင့် ပါလာသော သူ၏ပုံရိပ်က ကပ်ငြိပါလာ သည်။

"ဘယ်သူပါလိမ့်. . . မျက်နှာက မာကျောလိုက်သည့်ဖြစ်





ခြင်း" ဟူသောအတွေးက လွန်းအာရုံကို စိုးမိုးစေသလား။

"လွန်း. . အမယ်လေး လည်လွန်းရဲ့ ဘာငေးပြီး ဘာတွေ ဒီးဝင်နေရတာလဲ"

"စဝါးရယ်. . . ရှင်နဲ့ ကျုပ်ထိုင်ရတာ နစ်နာမှု အများကြီး ရှိတယ်"

ကေသွယ်၏ ဝဝလုံးလုံး ခန္ဓာကိုယ်ကြောင့် လွန်းသည် နေရာကျဉ်းကျဉ်းလေးပဲ ထိုင်ရသည်ကို ဆိုလိုကာ နေ့တိုင်း ပြောနေ ကျ စကားဖြစ်သည်။

"ဝသောသူကို ကြင်နာမှပေါ့ လည်လွန်းရယ်၊ နေဦး. . . ရှင့်ကို ဒီနေ့ ခုံရုံးတင်စရာ ရှိသေးတယ်"

လွန်းက ပိုင်ဦးအကြောင်း စစ်ဆေးတော့မည်ကို အတပ် သိသဖြင့်. . .

"တရားပြိုင်က ဒီနေ့ ခွင့်တင်လိုက်တယ်"

"ရစတမ်းလား"

"ရတယ်. . . အာမခံ ရပြီးသား တရားခံပဲဟာ"

"သိပ်သေချာသွားပြီ. . . လေသံကိုက တရားခွင်နဲ့ ပတ် သက်တဲ့လေသံတွေ ထွက်နေပြီ၊ မဖြစ်ဘူး. . . ကျောင်းရောက် ရောက်ချင်းကို စွဲချက်တင်မှ"

"ဒါကတော့ ရှင်တို့သဘောပေါ့၊ ကျုပ်ဘက်မှာ ရှေ့နေတစ် ယောက်လုံး ရှိနေပြီပဲ. . . မမှုပေါင်"

"လည်လွန်း. . . လည်လွန်း၊ ရှင့်အတွက် ကျုပ်ရင်လေးပါ သေးတယ်"

"စိတ်ချလေကွယ်. . . ပေါ့ပါးသွားမှာပေါ့"

"ကောင်မစုတ်"



www.burmeseclassic.com


www.burmeseclassic.com



လွန်းက ပေါ့ပါးစွာ ရယ်မောလိုက်သည်။ ငယ်ရွယ်စဉ် ကျောင်းသူဘဝ၌ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေချင်သည်မှာ လွန်း၏ဆန္ဒ။







## အခန်း(၄)

"လွန်း. . . ထိုင်ဦး"

ထမင်းစားပြီး စာအုပ်အငှားဆိုင်သို့ ထွက်ရန် တာစူလိုက်သောလွန်းကို ကြီးမေက ဟန့်တားလိုက်သည်။

"ကိစ္စအရေးကြီးလို့လား ကြီးမေ၊ မှောင်သွားလိမ့်မယ်၊ ပြန်လာမှ ပြောလို့မရဘူးလား"

"မှောင်သွားရင် ကြီးမေပါ လိုက်မယ်၊ ခုဟာက ကြီးမေစိတ်ထဲ ထားလို့မရတော့ဘူး၊ ထမင်းစားပြီးအောင်တောင် မနည်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေရတဲ့ကိစ္စကို ကြာရှည်ထိန်းမထားနိုင်တော့ဘူး"

လွန်းက စာအုပ်များကို အသာချထားလိုက်ပြီး ဆက်တိဒ္ဒ ဝင်ထိုင်သည်။

"လွန်း. ."

"ရှင်. ."

"ကြီးမေဆီကို မနှစ်က လာတဲ့ ဒေါ်စီစီဆိုတဲ့ ရခိုင်အမျိုး သမီးကြီးကို မှတ်မိသေးလား"

"ဟုတ်ကဲ့. . . သင်တန်းလာတက်တဲ့သူဆိုတော့ အိမ်မှာ ပိတ်ရက်လာပြီး ကြော်လှော်စားသောက်သွားတဲ့ အန်တီလေ. . . သိပ်မှတ်မိတာပေါ့"

"အေးလေ. . . သူက သံတွဲစာရင်းရုံးကလေ၊ ဒါနဲ့ ကြီးမေ လည်း လူကြုံရှိတာနဲ့ သူ့ဆီကို စာရေးပြီး ညည်းကောင်လေးရဲ့ ဆွေမျိုးအသိုင်းအဝိုင်းကို စုံစမ်းခိုင်းလိုက်တယ်"

"သွက်လှချည်လား"

"သွက်ရတယ်လေ. . . နှေးနေလို့ကတော့ ညည်း ကွက် ကျော်ရိုက်တာကို ကျူပ်ခံနေရမှာပေါ့"

လွန်းက ကြီးမေကို သဘောကျစွာ ပြုံးကြည့်လိုက်သည်။

"ဒီတော့ ဘာတဲ့လဲ"

"ကောင်လေးက မိဘနှစ်ပါးနဲ့အတူ ကြီးပြင်းခဲ့တာ မဟုတ် ဘူး၊ အဒေါ် အပျိုကြီးနှစ်ယောက်က ငယ်စဉ်ကတည်းက မွေးခဲ့တာ ဆိုတော့ အဒေါ်နှစ်ယောက်စကားကို လွန်ဆန်လို့မရဘူး"

"ခု ညည်းကောင် ဒီမှာ ရှိနေရဲ့လား"

"မရှိဘူး. . . သံတွဲပြန်သွားတယ်"

"ဘာသွားလုပ်တာလဲဆိုတာ ညည်းကို ပြောသွားလား"





"ဟင့်အင်း"

လွန်း ရင်ထိတ်သွားသည်။ ကြီးမေကို လိမ်၍မရနိုင်မှန်း သိလိုက်ပြီ။ ထို့ကြောင့် အမှန်အတိုင်းပင် ခေါင်းညိတ်လိုက်သည်။

"သွားစေ့စပ်တာအေ့. . . သူတို့ထုံးစံအရ သမီးမြောက် သား ညီမဝမ်းကွဲနဲ့ သွားစေ့စပ်တာလေ"

"ကိစ္စမရှိပါဘူး. . . လွန်း သူ့ကို ဖြတ်လိုက်မယ်"

လွန်း၏ အေးစက်စက် မာကျောကျောစကားကြောင့် ကြီးမေ မျက်လုံးအပြူးသားဖြစ်သွားသည်။

လွန်းက စာအုပ်များကို ကောက်ယူကာ ထိုင်ရာမှ ထလိုက် သည်။

"ကြီးမေ ပြောစရာကုန်ပြီဆိုရင် လွန်း သွားလိုက်ဦးမယ်"

"မိလွန်း. ."

"ရှင်. ."

"ညည်း စိတ်မနာဘူးလား"

"စံရွှေကျော်ကိုလား. . . တွေ့ရင် ဝမ်းသာကြောင်း ပြော လိုက်ဦးမယ်"

"ဟင်. ."

"ဟုတ်တယ်လေ ကြီးမေရဲ့၊ ကိုယ့်ကိုယ်ကို မပိုင်မယ့် အင် မတန် ပျော့ညံ့ပြီး သစ္စာမရှိတဲ့ယောကျ်ားတစ်ယောက်မှန်း စောစီး စွာ သိခွင့်ပေးတဲ့အတွက် သိပ်ကို ဝမ်းသာစွာနဲ့ ကျေးဇူးတင်ပါတယ် လို့ ပြောလိုက်မှာပေါ့"

"အိုအေ. . . ရှုပ်ရှုပ်ယှက်ယှက်၊ လုံးဝကို အရေးလုပ်မနေ နဲ့"

"စိတ်ချပါ ကြီးမေ၊ လွန်းက ဟင်ကနဲဆိုရင် လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့မိန်းမ မဟုတ်ဘူး၊ ဒါပေမယ့် ရည်းစားတစ်ခုလပ် ဖြစ်သွားတဲ့အတွက်တော့ ဝမ်းနည်းစရာပေါ့ ကြီးမေရယ်”

“အင်း. .”

ကြီးမေက ပင့်သက်မော တစ်ချက်ချလိုက်ပြီး. . .

“နောက်ဆိုရင် ဘယ်ကိစ္စမဆို ဘယ်သူ့မဆို ခပ်ပေါ့ပေါ့ သဘောမထားဘဲ ရေရှည်အတွက် ဘဝတစ်သက်တာအတွက် ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားဆုံးဖြတ်၊ ခေါင်းတစ်ခေါင်းနဲ့ မရရင် ခေါင်းနှစ်ခေါင်း ဆုံးဖြတ်နိုင်အောင် ကြီးမေကိုပါ တိုင်ပင်ပါ”

“ဟုတ်ကဲ့”

လွန်းက ခပ်ပြုံးပြုံး ပြောပြီး စာအုပ်ကလေးများကို ပိုက်၍ ခပ်မော့မော့လေး ထွက်ခဲ့သည်။

လွန်း ဘယ်လိုခံစားရမည်နည်း။ ရည်းစားပစ်မလေးအဖြစ် ဝမ်းနည်းကြေကွဲရမည်လား။ ဒေါသထွက်ရမည်လား။ ရှက်ရမည်လား။ တစ်ခုခုတော့ ခံစားသင့်သည် ထင်ပါသည်။

ခက်သည်။ ခံစား၍မရ။

စံရွှေကျော်ကိုတော့ တွေ့ချင်သည်။ တစ်ခုခု မေးလိုက်ချင်သည်။







# အခန်း(၅)

“ရှင် ယောက်ျားမဟုတ်ဘူးလား”

“ဘာဆိုင်လို့လဲ”

“ကိုယ့်စိတ်ကိုယ် မပိုင်ဘဲနဲ့ ဘာဖြစ်လို့ ရည်းစားထားသလဲ၊ အပျော်တမ်းသဘောလား”

“မဟုတ်ရပါဘူး လွန်းရယ်၊ လွန်းကို ကိုယ်ချစ်တယ်၊ လွန်းနဲ့ လက်ထပ်ဖို့ ရည်မှန်းပြီး ချစ်ခဲ့တာပါ၊ ဒါကို လွန်း သိပါတယ်”

လွန်းက ခပ်ဟဟလေး ရယ်မောလိုက်သည်။ လွန်း၏



www.burmeseclassic.com

www.burmeseclassic.com



မထေမဲ့မြင်ဆန်သော ရယ်မောမှုကို စံရွှေကျော် ခံပြင်းသွားသည်။ မိန်းမသားတစ်ဦးက ယောကျာ်းတစ်ဦးကို စေ့စေ့ကြည့်ကာ ရယ်မောခြင်းကို ခံလိုက်ရသော ယောကျာ်းတစ်ဦး၏ ရင်တွင်းဝေဒနာသည် ခံပြင်းသောမာနသာ ဖြစ်သည်ဟု လွှန်း သိပုံမရချေ။

"ဟင်းဟင်းဟင်း. . . သိပ်ရယ်စရာကောင်းတဲ့ ဟာသပုံပြင်ကို ရှင် ကျွန်မကို လာပြောနေတာလား ကိုစံရွှေကျော်၊

စေ့စပ်ခြင်းကို ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ မငြင်းပယ်နိုင်တဲ့ ရှင့်လိုယောကျာ်းနဲ့ ကျွန်မ စောစီးစွာ လမ်းခွဲနိုင်ခြင်းအတွက် ကျွန်မ သိပ်ကိုပျော်ပါတယ်၊ ကိုယ့်ကိုယ်ကို ကံကောင်းတယ်လို့လည်း မှတ်တယ်. . ဟင်း. . ဟင်း. . ဟင်း"

"လွှန်း. . . မင်း အဲ့ဒီလိုမပြောနဲ့၊ ကိုယ် ကျောင်းမပြီးသေးတဲ့ အနေအထားအရ အဒေါ်တို့စကားကို မလွန်ဆန်နိုင်လို့ လက်ခံလိုက်ရတာ အမှန်ပါပဲ၊ စေ့စပ်ခြင်းဟာ လက်ထပ်ခြင်း မဟုတ်သေးပါဘူး လွှန်း၊ ဒီကြားထဲမှာ ကိုယ်တို့အတွက် အချိန်ရပါသေးတယ်၊ တစ်ခုခု စီစဉ်ကြရအောင်"

"အဟက်. . . ရှင် သိပ်ရယ်စရာတွေ မပြောနဲ့၊ ကျွန်မ ဗိုက်တောင် နာလာပြီ၊ ဒီလိုအပြောမျိုး တောမှာ သွားပြော၊ စေ့စပ်ပြီးသား ယောကျာ်းတစ်ဦးနဲ့ ခုလို လက်ခံပြီး စကားပြောရတာတောင် ကျွန်မအတွက် နစ်နာလှပြီ၊ ဒါပေမယ့် ကျွန်မ တမင် ရှင့်ကို ပြောချင်တာတွေ ပြောရအောင် ကျွန်မ လက်ခံတွေ့ဆုံတယ်ဆိုတာ ရှင်သိရဲ့လား၊ ဒီမှာ စံရွှေကျော်. . ."

လွှန်းထက် သုံးနှစ်ကျော် ကြီးသည်ဘာသည်ကို လွှန်း လုံးဝအရေးမစိုက်တော့။ လွှန်းအတွက် စံရွှေကျော်သည် တန်ဖိုးမဲ့သော ယောကျာ်းတစ်ဦး ဖြစ်သွားချေပြီ။





"လွှန်း. . . မင်း ကိုယ့်ကို ဒီလောက်အထိ ပြောဖို့မကောင်းဘူး၊ ကိုယ်ဟာ မင်းကို ချစ်လွန်းလို့ ဒီလောက်အထိ သည်းခံနေတယ်ဆိုတာ မင်းသိရဲ့လား"

"ကိစ္စမရှိပါဘူး. . . သည်းမခံလည်း ရပါတယ်၊ အမှန်စကားဆိုတာ တစ်ခါတစ်ရံ ရင့်သီးသွားတတ်ပါတယ်၊ ရှင့်လို ကိုယ့်ကိုယ်ကို မပိုင်တဲ့လူမျိုးနဲ့ ချစ်သူဖြစ်ခဲ့ဖူးသွားတဲ့ ကျွန်မဟာ သိပ်ကို နောင်တရနေပါတယ်၊

ဒီနေ့ကစပြီး ကျွန်မဘဝမှာ ကြိုးဆွဲရာ က,တတ်တဲ့ ကကြိုးရုပ်မင်းသား ရှင်မရှိတော့ဘူး၊ ရှင်နဲ့ ပတ်သက်ဖူးသော၊ ရှင်ပေးဖူးသောစာတွေ၊ အမှတ်တရ ဟူသမျှတို့ကိုလည်း ကျွန်မ မီးပုံရှို့လိုက်လို့ ပြာဖြစ်သွားပါပြီ၊

အဲ့ဒီပြာမှုန့်လိုပါပဲ. . . ရှင်ဟာ ကျွန်မအတွက် ဘယ်သောအခါမှ အမှတ်တရ ရှိနေတော့မှာ မဟုတ်ပါဘူး၊ ပြာနဲ့အတူ လွင့်ပါသွားပြီဆိုတာပါပဲ. . . ဒါပါပဲ"

လွှန်းက ပြောပြောဆိုဆို ကျောခိုင်းလိုက်သည်။ မလှမ်းမကမ်းမှ စောင့်နေသော ကြည်ပြာတို့တသိုက်ကလည်း အလိုက်သိစွာပင် ထ,လိုက်ကြသည်။

"လွှန်း. ."

နှလုံးသားမှ ပေါက်ကွဲမှုအသံဖြင့် စံရွှေကျော်က ခေါ်လိုက်သည်။ သို့သော် သူ့ခြေလှမ်းတို့သည် မရွေ့။

လွှန်းကလည်း လုံးဝလှည့်မကြည့်ပါချေ။

လွှန်းသည် သူ့အား အပြီးတိုင် လမ်းခွဲသွားပြီဟု သူ နားလည်လိုက်သည်။ အမှန်တော့ သူသည် အန်တီကြီးနှင့်အန်တီလေးတို့ကို မလွန်နိုင်၍ အဆင်သင့် ဖြစ်နေသော စေ့စပ်ပွဲကို လက်ခံခဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ဒီကြားထဲ လွန်းနှင့် လက်ထပ်လိုက်လျှင် စေ့စပ်ကြောင်းလမ်းခြင်းသည် အလိုအလျောက် ပျက်ပြယ်သွားနိုင်သည်ဟု သူ ယူဆသည်။ ယခုတော့ လွန်းသည် သူ့အား နှင့်နှင့်သီးသီး ပြောဆိုကာ လမ်းခွဲသွားလေပြီ။


ယောက်ျားတစ်ဦး၏မာနကို ထိခိုက်နစ်နာစေရန် လွန်း ပုတ်ခတ်စော်ကားသွားလေပြီ။ ဒီအတွက် သူတောင်းပန်သင့်သလား။ ဝေးပါသေးသည်။

ဝေး၍သွားသောလွန်း၏အသွင်သည် အရပ်မြင့်မြင့် အိထွေးဖြောင့်စင်းသောဆံရှည်က သူမ၏ကျောပြင်တစ်ခုလုံးကို ဖုံးအုပ်ထားလျက်ရှိသည်။ ယခုမှ ကြည့်မိသည်။ လွန်း၏အသွင်သဏ္ဌာန်သည် သူမ၏သူငယ်ချင်းများနှင့် ဘာမှမဆိုင်အောင် ထင်လင်းလှပကျော့ရှင်းနေသည်။

စံရွှေကျော် သက်ပြင်းချလိုက်သည်။ လွတ်သွားသောငါး ကြီးလေပြီ။







# အခန်း(၆)

"ရှင် စာရေးဆရာပါ ကိုပိုင်ဦး၊ ကျွန်မတို့ဇာတ်လမ်းဟာ ဒီလိုပဲ သိမ်းသင့်တယ်လို့ မထင်ဘူးလား၊ အဲ. . . မယူဆဘူးလား"

ပိုင်ဦး ပြုံးကာ ခေါင်းခါလိုက်သည်။ လွန်းစိတ်ထဲ အံ့ဩသွားရသည်။ ပိုင်ဦးသည် ပြုံးလိုက်သည့်အခါလည်း လမင်း၏ အေးချမ်းမှုနှယ် အေးချမ်းသောအပြုံးကို ဆောင်လေသည်။

"ဘာဖြစ်လို့လဲ"

"ချစ်ခြင်းဆိုတဲ့အရာဟာ တစ်ခုတည်းနဲ့ ရပ်တည်နေလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊ ခွင့်လွှတ်ခြင်း၊ နားလည်ခြင်း၊ ကြင်နာခြင်းတွေနဲ့ ပါဝင်ရောယှက်နေတတ်လို့ပါပဲ လွန်း"

"နာကြည်းစိမ်းကားရက်စက်ခြင်းတို့ မပါဝင်နိုင်ဘူးလို့ အတပ်ပြောလို့ရမလား ကိုပိုင်ဦး"

"ဒါကတော့ အထင်မြင် လွဲမှားနေတဲ့အခါမျိုးမှာ ယာယီဖြစ်ပေါ်တတ်တဲ့သဘောပါ၊ ကိုစံအနေနဲ့ကလည်း လွန်းအပေါ် သစ္စာဖောက်ဖို့ ရည်ရွယ်ချက် လုံးဝမရှိပါဘူး၊ မလွှဲမရှောင်သာတဲ့ အနေအထားကြောင့် လက်ခံလိုက်တာပါ၊ ရည်းစားဘဝဆိုတာ စေ့စပ်ခြင်းလောက် မခိုင်မာဘူးဆိုပေမယ့် စေ့စပ်ခြင်းဟာလည်း လက်ထပ်ခြင်းလောက် မခိုင်မာပါဘူး၊ ဒါကြောင့် သူဟာ လွန်း ခွင့်ပြုမယ်ဆိုရင် လက်ထပ်ခြင်းသက်သေပြဖို့ ပြန်လာတဲ့သူပါ"

"ကိုပိုင်ဦး. . . ကျွန်မက အကြားအမြင်ရ ပုဂ္ဂိုလ်တော့ မဟုတ်ဘူးနော်၊ ဒါပေမယ့် အတပ်ဟောရဲတယ်"

မဆီမဆိုင်စကားကြောင့် ပိုင်ဦးက လွန်းကို မျက်လုံးပင့်ကြည့်လိုက်သည်။ လွန်းက နှုတ်ခမ်းကို တွန့်ရှုံ့ပြုံးလိုက်ပြီး. . .

"ဘာလဲ သိလား"

"ပြောပါဦး"

"ကိုပိုင်ဦးဟာ ရှေ့နေကောင်းတစ်ယောက်ဖြစ်မှာ ကျိန်းသေတယ်"

"ဟင်း. . ."

ပိုင်ဦးက သက်ပြင်းချသည်။

"ရှေ့နေတောင်မှ အချစ်ရှေ့နေကောင်းလေ"

"မလှောင်ပါနဲ့ လွန်း၊ ကိုစံ ခံစားနေရတာကို ကျွန်တော် မကြည့်ရက်ဘူး၊ ယောကျ်ားတွေရဲ့ခံစားချက်ကို ယောကျ်ားအချင်း





ချင်းပဲ နားလည်ပါတယ်"

"ဟုတ်ကဲ့. . . ပြောပါဦး၊ ဘာတွေများ ခံစားနေရပါသလဲ၊ လွန်း သိပ်ရက်စက်တယ်ဆိုပြီး အရက်တွေ ဖိသောက်ပြီး မူးမူးနဲ့ တွေ့ကရာတွေ ပြောနေတာမျိုးလား"

"လွန်း. . . ဒါက. . ."

လွန်းက လက်ကာပြကာ. . .

"ခဏ ကိုပိုင်ဦး၊ ကျွန်မစကား မဆုံးသေးဘူး၊ ကိုယ့်ဘာသာ ကိုယ့်စိတ်ကို ကိုယ်မနိုင်လို့ နဂိုကလည်း အရက်သောက်တတ်တာရယ်၊ ပြီးတော့ အရက်ကလေး ဝင်ပြီး အာသွက်လျှာသွက်ဖြစ်ပြီး ပြောချင်ရာ ပြောတာမျိုးကို ကျွန်မက သနားရမယ်ဆိုရင် ကျွန်မလောက် မိုက်မဲတဲ့မိန်းမ ရှိပါဦးမလား ကိုပိုင်ဦး"

"ဒါက လွန်း တစ်ဖက်သတ် စွဲချက်တင်တာပဲ၊ ယောကျ်ားဟာလည်း အသည်းနှလုံးနဲ့ပဲ၊ ဒီကိစ္စနဲ့ ပတ်သက်လာရင် ခံစားတတ်ကြတယ်၊ အချစ်ဆိုတဲ့ဆူးတစ်ချောင်းဟာ ဘယ်လောက်စွမ်းအားကြီးတယ်ဆိုတာ လွန်း တစ်နေ့တော့ ကြုံတွေ့ရဦးမှာပါ"

"ကျွန်မကို ကျိန်စာတိုက်တာတော့ မဟုတ်ပါဘူးနော် ကိုပိုင်ဦး"

"ကျွန်တော့်မှာ အဲဒီလို ယုတ်မာတဲ့ စိတ်ထားမျိုး မရှိပါဘူး လွန်း"

"ဒီလိုဆိုရင် ကျွန်မ တစ်ခုပြောချင်တယ်"

"ပြောပါ လွန်း"

"ကိုပိုင်ဦးလည်း စာရေးဆရာပဲ၊ ယောကျ်ားဘက်ကကော မိန်းမဘက်ကကော မျှမျှတတ ခံစားပေးနိုင်စွမ်း ရှိမယ်ဆို ပရိသတ်အားလုံးအတွက် ဖြစ်သွားမှာပါ၊ ဒီတော့ ကျွန်မ ကိုပိုင်ဦးကို မေး



www.burmeseclassic.com

www.burmeseclassic.com



စားချင်တယ်၊ ကိုပိုင်ဦးရဲ့စာအုပ်တွေကို ဆက်လက်အားပေးချ
တယ်. ဒါကြောင့် ကိုပိုင်ဦးနဲ့ကျွန်မကြားမှာ စံချွေကျော်ဆိုတဲ့ လူတ
ယောက်ကို ကြားခံမထားချင်တော့ဘူး၊ ဒါ ကျွန်မဆန္ဒပါ၊ အဲ. . .
ကျွန်မဆန္ဒကို လိုက်လျောမယ်ဆိုရင် ကျွန်မတို့ စတွေ့ခဲ့တဲ့ ခေမာ
ရ၌ သွားရအောင်လား"

ပိုင်ဦး ဘာပြောရမှန်း မသိအောင် ဖြစ်သွားသည်။

ပိုင်ဦး ထိုင်ရာမှ ထလိုက်သည်။

လှပသော မိန်းမသားတစ်ဦး၏ဖိတ်ခေါ် ချက်ကို ငြင်းနိုင်
စွမ်းရှိသော ယောကျ်ားမျိုး ရှိနိုင်ပါ့မလား။

ပိုင်ဦးသည်လည်း ယောကျ်ားထဲက ယောကျ်ားသာ ဖြစ်
သည်။

"ကျေးဇူးတင်ပါတယ် ကိုပိုင်ဦး၊ ကျွန်မက ကိုပိုင်ဦး
ပရိသတ်ပါ၊ အလွမ်းဆိုတဲ့ဝေဒနာကို လုံးဝမခံစားတတ်ပေမယ့်
လည်း အလွမ်းဝတ္ထုတွေကို ဖတ်တတ်ပါတယ်၊ အလွမ်းအရသာကို
ခံစားမှုဝေရေးသားနေတဲ့ ကိုပိုင်ဦးကိုလည်း ချီးကျူးပါတယ်၊ ဆက်
လက်ရေးသားနိုင်ဖို့အတွက် ကျွန်မက ကုန်ကြမ်းပေးလိုက်တယ်လို့
သာ မှတ်ယူလိုက်ပါ"

"လွန်းကို ကျွန်တော်နားလည်ပါတယ်၊ မိန်းမသားတစ်ဦးရဲ့
မာနကို ကျွန်တော်နားလည်ခွင့်ရသွားတဲ့အတွက် လွန်းကို ကျေးဇူး
တင်ပါတယ်"

"ရပါတယ်. . . အပြန်အလှန် ကျေးဇူးတင်ခြင်း ငိုကာဖွင့်
ရင် ပြီးမှာမဟုတ်ဘူးနော်"

"ဟုတ်ပါတယ်. . . ဒါပေမယ့် ကိုစံ နိဂုံးအနေနဲ့ ကျွန်တော်
တစ်ခုမေးချင်တယ်"





"ဖြစ်ပါတယ်"

"လွန်းနဲ့သူ ခွဲခွာခြင်းအပေါ်မှာ လွန်း ဘာမှမခံစားရဘူး
ား"

လွန်းက ခပ်တိုးတိုးကလေး ရယ်မောလိုက်သည်။

"ဒါဟာ စာရေးသူတစ်ဦးအတွက် အဖိုးတန်တဲ့ ကုန်ကြမ်း
စ်ခုဖြစ်မယ်လို့ ယူဆလို့ ကျွန်မ ဖြေမှာနော်"

ပိုင်ဦး လွန်းကို တအံ့တဩ ဖြစ်သွားသည်။ ဤ ဖြူဖြူသွယ်
ယ် ခပ်ပျော့ပျော့ပုံစံနှင့် နွဲ့နှောင်းနုနယ်သော မိန်းကလေး
စ်ဦး၏နှုတ်ထွက်စကားတို့သည် မာကျောပြတ်သားလွန်းလိမ့်မည်
လုံးဝမထင်မှတ်ခဲ့ပါချေ။

"ရေထဲကို ခဲချလိုက်တဲ့အခါ ဘာဖြစ်သွားသလဲ ကိုပိုင်ဦး"

"ဂယက်ထသွားတာပေါ့"

"ဟုတ်တယ်. . . ဒီလိုပါပဲ၊ နှလုံးသားပေါ် ခဲကျတော့
င်းထသွားတယ်၊ ဒါပေမယ့် အဲဒီလှိုင်းက အလွမ်းလှိုင်း မဟုတ်ဘူး
ပိုင်ဦး၊ ခံပြင်းမှုဆိုတဲ့ အမုန်းလှိုင်းပါ"

"သြော်. . . လွန်းရယ်"

ထိုအချိန်တွင် ကံ့ကော်ရွက်ဝါကလေးက ခေါင်းပေါ်သို့
က်တိုက်ဆိုင်ဆိုင် ကြွေကျလာသည်။

လွန်းက သိဟန်မတူ။

"လွန်း. . . ခဏရပ်နော်"

လွန်းက ဘုမသိဘမသိ ရပ်လိုက်သည်။ ပိုင်ဦးက လွန်း
ခေါင်းပေါ်က ရွက်ဝါလေးကို ယူကာ ပြလိုက်သည်။

"အိုး. ."

လွန်းရင်ထဲ လှိုင်းဂယက်ထသွားသည်။ ထိုလှိုင်းဂယက်



www.burmeseclassic.com

www.burmeseclassic.com




သည် ရင်ခုန်မှုသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပိုင်ဦးက.

"ခေါင်းမာတဲ့မိန်းကလေး ခေါင်းပေါ်ကို အောင်မြင်စွာ တက်နိုင်တဲ့ အရွက်ကလေးဖြစ်လို့ အမှတ်တရ သိမ်းထားမယ်"

ဟု ပြောကာ သူ၏အကျႌအိတ်ကပ်ထဲသို့ ထည့်လိုက်သော ကြောင့်ပင်ဖြစ်သည်။







# အခန်း(၇)

အင်းလျားစောင်း အာပူလျှာပူဆိုင်မှာ လွန်းတို့လေး ယောက် ထိုင်မိကြသည်။

"ရှင့်လူကြီးကို သတိမရဘူးလား"

"ဘယ်လူကြီးလဲ"

"ရှင့်မှာ ဘယ်လူကြီး ရှိသေးလို့လဲ၊ ဟိုကောင်ကို မေးတာ ပါဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒါလား၊ ဘာမှမဆိုင်တော့ဘူးလေ၊ ငါ့မှာ လောလောဆယ် နံပါတ်မရှိတော့ သန့်သန့်လေးပဲ၊ နင်တို့သာ. . ."

"တော်စမ်းပါ. . . စာရေးဆရာကြီးကကော"

"ဖြစ်မလား. . . သူ့မှာက ဝတ္တရားရှိနေတယ်"

"ဘာဝတ္တရားလဲ"

စူးမာနှင့်ကြည်ပြာ၏အမေးကို လွန်းက ဖြေနေစဉ် သွယ်စဝါးက ဖောက်လာသည်။

"မုန့်တီဟင်းရည်လေးပွဲက ဒီနေ့ စားမှာနော်"

ဟု လှမ်းအော်လိုက်သဖြင့် မျက်စောင်းသုံးစုံက သွယ်စဝါး ပေါ်သို့ ကျရောက်သွားလေသည်။

"စားပုတ်ရယ်. . ဖြည်းဖြည်းပေါ့၊ ငတ်ကြီးကျလိုက်တာ"

"ခုလောက် အော်ထားမှ နောက်နေ့ မကူးမှာဟ"

"ကဲ. . ဆက်ပါဦး. . ဘာဝတ္တရားလဲ"

စာကြမ်းပိုး စူးမာ၏အမေးကို လွန်းက ဘူးသီးကြော်တစ်ချောင်း ကောက်ကိုင်ကာ မှုတ်ရင်း. . .

"သူငယ်ချင်းအချင်းချင်း စောင့်ထိန်းရမယ့် ဝတ္တရားလေ"

"ဘာလဲ. . . ရှင့်ကို စာရေးချာကြီးက ကြိုက်နေပေမယ့် သူ့သူငယ်ချင်း ရည်းစားဟောင်း ဖြစ်ခဲ့ဖူးတဲ့အတွက် ဖွင့်ပြောမှာမဟုတ်ဘူးလို့ ရှင်က ဆိုလိုတာလား"

ကြည်ပြာ၏အမေးကို လွန်းက. . .

"ဒါပဲပေါ့ နဂါးရဲ့၊ ပေဒင်မမေးနဲ့. . . ပိုက်ဆံကုန်တယ်"

"ဒါဖြင့် ရှင်တို့ရဲ့ အခု ဆက်ဆံရေးက"

"မိတ်ဆွေပဲပေါ့. . . သူ့စာအုပ်ထွက်လာရင် ကျုပ်ကို လက်ဆောင်ပေးတယ်၊ တစ်ခါတစ်ရံ ဖုန်းဆက်ပြီး ကျောင်းကို





လာချင်ပါတယ်လို့ ခွင့်တောင်းပြီး လာတတ်တယ်၊ အဲဒီအခါ ကျုပ်က ရှင်တို့ကို ကြိုတင်ပထုတ်ထားတတ်တာ၊ ရှင်တို့ မသိကြဘူး မဟုတ်လား"

"သေနာမ"

"ရှင်က ကြွေနေပြီလား"

"မကြွေဘူး. . . ကျုပ်က ဘယ်တော့မှ ကြွေမယ့်သူမဟုတ်ဘူး၊ ချွေမယ့်သူရှင့်. . . ချွေမယ့်သူ"

လွန်း၏လှပသောမျက်နှာကို သူငယ်ချင်းများက ငေးကြည့်လိုက်သည်။ လွန်းသည် အထက်တန်းကျောင်းသူဘဝကတည်းက ကျောင်းသားအများစု၏စိတ်ဝင်စားခြင်းကို ခံရလောက်အောင် လှသော ဆွဲဆောင်မှုရှိသောသူဖြစ်သည်။

တက္ကသိုလ် ရောက်တော့လည်း စံရွှေကျော်ဟူသော အတွဲပါလာသည့်တိုင်အောင် ကြိုးစားကြသူတွေ ဒုနှင့်ဒေးဖြစ်သည်။ အီကိုကွင်းအဖြစ် ထင်ရှားသည်။

"ဝဋ်လည်မှာ ရှင်မကြောက်ဘူးလား"

"ဘာကိစ္စ လည်ရမှာလဲ၊ ကျုပ်က အကြောင်းမဲ့သက်သက် ဘယ်သူ့ကိုမှ မချွေပါဘူး၊ ကျုပ်ကို ထိခိုက်လာရင်တော့ ချွေရမှာပဲ၊ သုံးတောင်ဝတ် မင်းယောကျ်ားသားတွေဟာ သနားစရာ သတ္တဝါတွေ မဟုတ်ပါဘူးကွာ၊ ကျားသတ္တဝါတွေက ကြောက်စရာ သတ္တဝါတွေ"

"အေး. . . ကြောက်စရာသတ္တဝါကို သွားမကစားနဲ့"

"ပျင်းရင်တော့ ကစားမယ်၊ လောကကြီးမှာ ဒီအတိုင်းနေရတာလောက် ပျော်စရာကောင်းတဲ့ ကစားနည်း ရှိမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အဘိဓါန်တွေက ရှင့်အတွက် အန္တရာယ်ထက် နာမည် ပျက်မယ်ဆိုတာ ရှင်သိရဲ့လား"

"ဘာမှမဆိုင်ဘူး. . . ကျုပ် ရည်းစားတစ်ခုလပ်ပဲ ဖြစ် သေးတယ်၊ ဒါပေမယ့် အဲ့ဒီရည်းစားနဲ့ နှစ်ယောက်တည်း ဆိတ်ငြိမ် တဲ့နေရာ သွားဖူးလို့လား၊ တော်တို့ အခြေအရံနဲ့ ရှိနေတာပဲ၊

နောက်ပြီး ကျုပ်က ယောကျ်ားယူမယ့်လူ မဟုတ်ဘူး၊ အထူးသဖြင့် သဝန်ကြောင်တတ်သောလူမျိုးကို ရွံတဲ့လူမျိုးဆိုတော့ စိတ်သာချ၊ ကျုပ်အတွက် ဘာအန္တရာယ်မှ မရှိစေရဘူး"

"ညည်း ကျုပ်တို့ကို ပတ်ပြီး စာရေးချာကြီးနဲ့ ထွက်သွားတဲ့ ကိစ္စကကော"

"ကင်တီးနဲ့ ခေမာရဋ္ဌလောက်ကလွဲရင် ကျုပ်တို့ ဘယ်ကိုမှ မကြွမြန်းဘူး၊ နောက်ဆိုရင် ရှင်တို့ နောက်တော်ပါးက မယောင် မလည် လိုက်ခဲ့ကြပေါ့"

"ခွေးစုတ်မ. . . လည်လွန်းတဲ့ဘီး ချီးသင့်မှာ မြင်ယောင် သေးတယ်"

"ဖွဟဲ့. . လွဲပါစေ၊ ဘယ်တော့မှ မသင့်စေရဘူး၊ လောင်း တောင် လောင်းလိုက်ချင်သေးတယ်"

"ဘာလောင်းမှာလဲ. . . ငါတို့ကလည်း လောင်းချင်သေး တယ်"

"ဟုတ်တယ်. . စာရေးချာကြီးနဲ့နင် မကြာခင်မှာ ကြင်နာ ကြတော့မယ်လို့လေ"

သွယ်က ပြောသည်။

လွန်းက ခေါင်းကို ခါယမ်းလိုက်သည်။

"ဖြစ်စေရမယ်. . . ဖြစ်အောင် ကျုပ် တမင်မြှောင်း





ဖောက်ပေးနေတာ"

စူးမာ၊ ကြည်ပြာနှင့်သွယ်က လွန်းအား တအံ့တသြ ကြည့် သည်။

"ဘာဖြစ်လို့လဲ"

"ဟိုကောင်နဲ့ အနီးကပ်ဆုံးသူ ဖြစ်လို့လေ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ. . . ဟိုကောင်ရဲ့ရှေ့မှာ ကိုပိုင်ဦးလက် မောင်းကို ငါချိတ်ပြပြီး ပြုံးပြချင်တယ်၊ ဒါမှ ဟိုကောင်ဟာ မျောက် မီးခဲကိုင်မိသလို ရွစိရွစိ ဖြစ်နေတာကို ကျုပ်ကြည့်ပြီး ရယ်ချင်လိုက် တာ"

"လည်လွန်း. . . ရှင်လွန်နေပြီနော်၊ ရှင့်ကိုယ်ရှင် မိန်းမ ဆိုတာ မမေ့ထားပါနဲ့"

"မမေ့ပါဘူး. . . မမေ့လို့လည်း သိမ်သိမ်မွေ့မွေ့ နူးနူး ညံ့ညံ့လေးနဲ့ ဟိုကောင်ရဲ့နှလုံးသားကို သာသာလေး ချွေပြချင်တယ်၊ ဒါပါပဲ"

"ရှင်ရူးနေသလား. . . သူက ရှင့်ကို လက်ထပ်မယ်လို့ ပြောတာပဲ၊ ရှင်မှ လက်မခံတာ"

စူးမာက လွန်းအား စေ့စေ့ကြည့်ကာ ပြောသည်။

"စူးမာ. . . သူတို့အဒေါ်တွေက ကျုပ်နဲ့ သူတို့တူ ဖြစ်နေ တယ်ဆိုတာကို သိသိချင်းပဲ ချက်ချင်းပဲ ထစီစဉ်တဲ့ကိစ္စကို သူတို့တူ က လက်ခံလိုက်တယ်၊ ဒီထက်ကြီးမားတဲ့ စော်ကားမှုမျိုး ရှိနိုင်သေး ရဲ့လား၊ ကျုပ်နာတယ်၊ ကျုပ်ကို သူ ခဲရာခဲဆစ် ကြိုးပမ်းပြီးမှ ကျုပ်အချစ်ကို ရခဲ့တာ ရှင်တို့ သိသားနဲ့၊ ကျုပ်သိပ်နာတယ်ဟာ"

"သူလည်း ဆွေးနေတာပဲ. . . အရက်တွေ မူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူ ကြိုက်လို့သောက်တာပဲ၊ မူးရုံမကဘူး၊ အရက်အိုးထဲ ကျွမ်းပြန်ကျသွားပြီး တစ်ခါတည်း သေသွားရင် အေးမယ်၊ တော်ပြီဟာ. . . ရှင်တို့လူအကြောင်း ပြောခြင်းကို ရပ်တန့်လိုက်ကြတော့၊ ကျုပ်ခံတွင်းကို အရသာပျက်စေပြီ"

"ဟိုကောင်ကိုသာ ဖြတ်လိုက်တယ်၊ ရခိုင်မုန့်တီတော့ ကြိုက်တုန်းပါလား"

"ဘာမှမဆိုင်ဘူး. . . ဒင်းနဲ့ ပတ်သက်လို့က ကျုပ်နှလုံးသားမှာ ဝလာနတ္ထိ ခံစားချက် မရှိဘဲ"

လွန်း၏ဘုကျကျအပြောများကို သူငယ်ချင်းများက ရိုးအီနေကြလေပြီ။

လွန်းသည် လှသလောက် သွက်လက်ချက်ချာသည်။ လည်ပတ်သည်။ သတ္တိလည်း ကောင်းသူဖြစ်သည်။ ယောကျ်ားလေး အများစု၏စိတ်ဝင်စားမှုကို ခံရသူဖြစ်သည်။

သို့သော်လည်း လွန်းသည် အချစ်ကို ကိုးကွယ်တတ်သူ မဟုတ်ဟု သူတို့ နားလည်မိလိုက်ကြသည်။

အဘယ့်ကြောင့်ဆိုသော် စံရွှေကျော်နှင့် ပတ်သက်၍ လွန်း၌ သောကဟူသောခံစားချက် လုံးဝကြွင်းကျန်ပုံ မပေါ်ချေ။

"ရှင်တို့ မရှင်းနဲ့. . . ကျုပ်ရှင်းမယ်၊ အမှိုက်တစ်စ ရှင်းသွားတဲ့ အထိမ်းအမှတ်အနေနဲ့ ကျုပ်ရှင်းမယ်"

လွန်းစကားကြောင့် သွယ်က. . .

"ဒါဖြင့် နောက်တစ်ပွဲ၊ ပက်ပ်စီပါ ယူခဲ့ဟေ့"

"စူဇကာမ"

လွန်းက ရယ်ပြီး ဆဲလိုက်သည်။ တက္ကသိုလ်ကျောင်းသူဘဝ၏ သူငယ်ချင်းများနှင့် ပျော်ရွှင်ခြင်း၊ လွတ်လပ်ခြင်းတို့သည်






သာလျှင် ခံစား၍ကောင်းသော အရသာတစ်ခုဟု လွန်း ထင်မြင်မိသလိုလို။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"အမိန့်ရှိပါ"

"လွန်း. ."

"ဪ. . . ကိုပိုင်ဦး"

လွန်းက တယ်လီဖုန်းကို မ,ကာ ဒရင်းဘက်ပေါ်၌ ထိုင်ချလိုက်သည်။ တယ်လီဖုန်းကိုတော့ ကြမ်းပြင့်၌ ချလိုက်သည်။

ကြီးမေ ဒီနေ့ သူ၏သူငယ်ချင်းအိမ်၌ မနက်ဖြန်ဆွမ်းကျွေးရှိသည့်အတွက် သွားအိပ်ကာ ကူညီလုပ်ကိုင်ရင်း ရှေးဖြစ်နောက်





ကြောင်းတွေ ပြောဆိုကာ ရယ်ပွဲဖွဲ့ကြပေလိမ့်မည်။ ထို့ကြောင့် လွန်းအတွက် ပိုင်ဦးနှင့် လွတ်လပ်စွာ စကားပြောခွင့်သာလေပြီ။

"နေကောင်းရဲ့လား လွန်း"

"ဟုတ်ကဲ့. . . ကျန်းခန့်သာလို့ မာပါတယ်ရှင်၊ ကိုပိုင်ဦးကော အီကိုကင်တင်းဘက် မျက်စိလည် ရောက်မလာတာ သုံးရက်ရှိပြီထင်တယ်"

"ဟုတ်ပါတယ်. . . ကျွန်တော်မအားလို့ပါ"

"ခုကော အားရဲ့လားရှင်၊ မအားရင် ကိစ္စရှိတာကိုသာ ပြောပြီး ဖုန်းချလိုက်ရအောင်"

လွန်းက မဲ့ပြုံးပြုံးကာ ပြောလိုက်ခြင်းဖြစ်သည်။

"မလုပ်လိုက်ပါနဲ့ လွန်းရယ်၊ ကျွန်တော် လွန်းကို သိပ်တွေ့ချင်ပါတယ်၊ တွေ့ခွင့်မရတော့ လေလှိုင်းက အသံလေးနဲ့ ကျေနပ်နေမှာပါ"

"တွေ့ခွင့်မရတော့ဆိုတာ ဘာကို ဆိုလိုတာလဲ၊ လွန်းက ကိုပိုင်ဦးကို တွေ့ခွင့်ပေးနေသားပဲ"

"ဟင်း. . . ပြောရခက်တယ်ဗျာ၊ တစ်ခါတစ်ရံမှာ မှန်သော သတင်းစကားကို ပြောတာပါပဲ၊ ဒါပေမယ့် အဲဒီစကားဟာ သိမ်ဖျင်းသော အတင်းစကား ဖြစ်သွားတတ်တယ်၊ အထူးသဖြင့် ယောကျ်ားများရဲ့နှုတ်ဟာ ပိုပြီးစည်းစောင့်တတ်ကြရတယ်"

လွန်း သဘောပေါက်လိုက်ပြီ။ ပိုင်ဦး၌ စံရွှေကျော်နှင့် ပတ်သက်၍ ပြောစရာစကား ရှိနေလေပြီဟု။

"ကျွန်မရဲ့သိချင်စိတ်ကို ဆွပေးနေတာလား ကိုပိုင်ဦး"

"မဟုတ်ရပါဘူး လွန်းရယ်၊ ဒါပေမယ့် လွန်းကို ကျွန်တော် သတင်းတစ်ခု ပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆို. . ."

"ကျွန်တော် စမ်းချောင်းဘက်မှာ တိုက်ခန်းတစ်ခန်းကို နှစ်ချုပ်နဲ့ ငှားလိုက်ပြီ"

"တယ်ဟုတ်ပါလား. . . ဝင်ငွေသိပ်ကောင်းနေပါလား"

"မိဘတွေ နို့သက်ခံ စို့တုန်းပါဗျာ၊ စာမူက အခုမှ အစပျိုးတာပါ။ တိုက်ခန်းကို ဖေဖေလာတော့ ငှားပေးသွားတာ"

"ဘယ်တုန်းက လာသွားတာလဲ"

"လေးငါးရက်လောက် ရှိသွားပြီ"

"ကိုပိုင်ဦး မိဘတွေက"

"ကျွန်တော်က ဒိုက်ဦးဇာတိပါ။ ဩော်. . မနက်ဖြန် ကျွန်တော် လွန်းတို့လေးယောက်ကို လာခေါ်မယ်၊ ပြီးတော့ အိမ်ခန်းသစ်ဖွင့်ပွဲ ကျင်းပမယ်"

"တယ်ဟုတ်ပါလား. . . ကျွန်မတို့ချည်းပဲလား"

"မဟုတ်ပါဘူး. . . ကျွန်တော့်သူငယ်ချင်းနှစ်ယောက်လည်း ပါပါတယ်"

"ကောင်းပြီလေ. . . ကျွန်မ စာကြမ်းပိုးတို့ကို ပြောလိုက်မယ်"

"ထမင်းဘူး ယူမလာကြနဲ့လို့ ဖုန်းရှိရင် ဆက်ပြောထားပေးရင် ပိုကောင်းမယ်ထင်တယ်"

"ကိစ္စမရှိပါဘူး. . . ကျောင်းက အခြားဘော်ဒါတွေကို အလှူဒါနပြုခဲ့လို့ ရပါတယ်၊ သွယ်ထားအတွက်ကတော့ တစ်ယောက်စာလို့ ပုံသေမသတ်မှတ်နဲ့နော်"

"စိတ်ချပါ. . . အကြောင်းသိတွေပဲ"

"ကိုပိုင်ဦးဖခင်ကော ရှိသေးလား"





"ဒီနေ့မနက်ပဲ ပြန်သွားတယ်၊ ကျွန်တော်လည်း ဒီနေ့ အိမ်ပြောင်းတယ်"

"ဟုတ်လား. . . အခု ဘယ်က ဆက်နေတာလဲ"

"တိုက်ခန်းက ဖုန်းပါ ပါတယ်လေ"

"ဩော်. . . ကောင်းတာပေါ့"

လွန်းသည် ပိုင်ဦးမိဘများ၏အခြေအနေကို ကောင်းစွာ အကဲခတ်မိလိုက်သည်။

"ထမင်းချက်ဖို့တောင် ထားသွားပေးတယ်၊ ကျွန်တော့်ကို ပြန်သွားလို့ဆိုပြီး အစားအသောက် မမှန်ဘူး ထင်လို့လေ"

"ဂလေရိုက်နေတာကိုး"

"မဟုတ်ရပါဘူးဗျာ"

"တော်တော်ပင်ပန်းသွားသလား. . . ကျွန်မတို့ကို ကြိုပြောရင် လာကူသယ်ပေးမှာပေါ့"

လွန်းက နှုတ်ဖျားကလေးဖြင့် လောကွတ်ချော်လိုက်သည်။

"ကျေးဇူးတင်လိုက်တာ လွန်းရယ်၊ ဒီစကားလေးနဲ့တင် အမောပြေသွားပါပြီ"

"တကယ်ပြောတာ"

"ယုံကြည်လိုက်ပါတယ်"

"ခုကော ထမင်းစားပြီးရဲ့လား"

"မစားချင်ဘဲ အတင်းကျွေးလို့ စားလိုက်တယ်၊ စားလို့လည်း မကောင်းပါဘူး"

"စားလို့ကောင်းအောင် ကျွန်မအကြံပေးမယ်. . . လက်ခံမလား"

"ဆိုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမယူလိုက်. . လို့"

"အို. . ."

"ဟုတ်တယ်. . ဒါမှ ပန်းကန်တစ်ချပ်ကို နှစ်ယောက်အတူ စားပြီး ထမင်းမြိန်စေတယ်"

"လက်တွေ့လား. . . စာတွေ့လား"

"စာတွေ့လေ. . . စာရေးဆရာပိုင်ဦးရဲ့ စာတွေနဲ့ အ ပြုတာပါရှင်၊ လက်ခံသင့်ပါတယ်နော်"

"အဲဒါက. . ."

အသံက ပျောက်ကွယ်သွားသည်။ လွှန်း ရင်ခုန်သံ မြန် တော့မလား။ မျှော်လင့်ထားသောစကားအတွက် စိတ်လှုပ်ရှား သည်မှာတော့ ဧကန်ဖြစ်သည်။

သို့သော်. . .

"လွှန်း. . . မနက်ဖြန် ကျွန်တော် ဆယ့်တစ်ခွဲထဲက ရောက်နေမှာပါ၊ ဒါပဲ လွှန်း၊ သူငယ်ချင်းတွေ ရောက်လို့ ဖွတ်နိုက် လွှန်း"


လွှန်း ဖုန်းချလိုက်သည်။

တစ်ဆက်တည်း သက်ပြင်းချလိုက်မိသည်။

စာအရေးအသား သွက်သလောက် နှုတ်က နှေးကွေး ချည်လား စာရေးဆရာကြီးရယ်ဟုသာ. . .။







# အခန်း(၄)

"လွှန်း. ."

"ကြီးမေ. . ."

လွှန်းက အိပ်ရာပေါ်မှ ထလိုက်သည်။ ကြီးမေက လွှန်း၏ …တင်အစွန်းတွင် ဝင်ထိုင်လိုက်သည်။

"နေ့လယ်က ဘယ်သူ့ကားနဲ့ သွားတာလဲ"

"လုပ်လိုက်ဟ. . . ကြီးမေတို့ကတော့ စီဒီ ရှုံးတယ်၊ …ကောင်းရတာ သိပ်မြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လွန်းက မဂ္ဂဇင်းကို ချပြီး ဖက်ခေါင်းအုံးကို ရင်ခွင်ထဲ ဆွဲပိုက်ကာ ပြောလိုက်သည်။

"မြန်ရတယ်လေ. . . တူမချော့ချော့ မွေးထားမိတဲ့ ကြီးတော်တစ်ယောက်အနေနဲ့က ခြေလှမ်းတစ်ချက် နှေးသွားမိလို့ ရည်းစားတစ်ယောက် ထားဖူးတဲ့ မိန်းမဂုဏ်ပုဒ်ကို ရသွားခဲ့ပြီမှတ်"

"ရည်းစားတစ်ခုလပ်ပါ"

"အေး. . . ရည်းစားတစ်ခုလပ်ကနေ နှစ်ခုမလပ်ဖို့ အရေးကြီးတယ်၊ ခုခေတ်ကြီးမှာ ရည်းစားထားတာ ကြီးမားသော ပြစ်မှုကြီးတစ်ခုလို့ မယူဆကြဘဲ ခပ်ပေ့ါပေ့ါ သဘောထားကြမေ မယ့် တကယ်တမ်း အချစ်ကို ကိုယ်ကျင့်တရားလို တန်ဖိုးထားတတ် တဲ့ ယောကျ်ားမျိုးနဲ့ တွေ့လိုက်ရင် မိန်းမသားနှလုံးသားမှာ အကြီး မားဆုံးသော ဒဏ်ရာဒဏ်ချက်တစ်ခု ရသွားတတ်တယ်"

"ကြီးမေတို့ခေတ်တုန်းက ယောကျ်ားတွေမှာသာ အဲသည် ခံယူချက်မျိုး ရှိပါလိမ့်မယ်၊ လွန်း သိရသလောကတော့ ခုခေတ် ယောကျ်ားများတွေဟာ အချစ်ကို ဦးနှောက်နဲ့ ဆုံးဖြတ်ကြတာ များ တယ်၊ မိန်းမတွေလိုပဲ ဈေးတွက်သိပ်တော်နေကြပြီ"

"ဘယ်အရာမဆို ဝါးလုံးရှည်နဲ့ သိမ်းကြုံးရိုက်တဲ့ စကားမျိုး မပြောသင့်ဘူး၊ ယူလည်း မယူဆသင့်ဘူး၊ ကိုင်း. . . စကားကို ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ ကြီးမေ မေးတာ ဖြေစမ်း၊ ဘယ်သူ ကားနဲ့ သွားတာလဲ၊ ညည်းဘေးက အကောင်ချောချောက ဘယ်သူ လဲ"

"ကြီးမေ သိရင် သိပ်အံ့ဩသွားမှာ"

ကြီးမေက မျက်လုံးကြီး မာန်ဝင့်ကာ. . .

"အလိုတော်. . . ဘာကိစ္စ အံ့ဩရမှာလဲ"





"ကြီးမေ သိပ်ကြိုက်တဲ့ စာရေးဆရာ ပိုင်စောဦးလေ"

"ဟင်. . . ညည်းနဲ့က ဘယ်ကဘယ်လို"

လွန်း မဆိုင်းမတွပင်. .

"ဒီလိုပဲ ကြီးမေ၊ တက္ကသိုလ်နယ်မြေဆိုတာ ကျဉ်းကျဉ်း လေးပဲ၊ သူက လောသာ့ဒ်ရီးယားလေ"

"ဩော်. . . ငယ်ငယ်ပဲ ရှိသေးတာပဲ၊ အချစ်အကြောင်း တော့ တော်တော်ရေးနိုင်သားပဲ"

"အချစ်ဆိုတာ ငယ်ငယ်ကြီးကြီး မဆိုင်ဘူး ထင်တယ်နော် ကြီးမေ"

"ထားပါတော့လေ. . . သူက သမီးကို ပရိုပို့စ်လုပ်ပြီလား"

"ဟင့်အင်း. . . ဘော်ဒါတွေပဲ ကြီးမေရာ၊ နောက်ပြီး ဘယ်သွားသွား နဂါးတို့ ပါတယ် ကြီးမေ"

"သူ့အနေအထားကကော. . . မိဘမျိုးရိုး၊ စီးပွားရေး သည်ဖြင့်ပေ့ါလေ၊ သမီးဘာသိထားလဲ"

"သိထားတယ်. . . အကြားပေ့ါလေ၊ မနက်က သွားတာ အိမ်တက်လုပ်တဲ့သဘောနဲ့ သူငယ်ချင်းတွေကို ဖိတ်ကျွေးတာ၊ နက်စောစောကတော့ အရုဏ်ဆွမ်း ကပ်လိုက်တယ်တဲ့"

"ဘာသာရေး အသိတရားတော့ ရှိသားပဲ၊ အိမ်က ဝယ် ိုက်တာလား"

"မဟုတ်ဘူး ကြီးမေ၊ နှစ်ချုပ်နဲ့ ငှားတာ၊ သူ့မိဘများက ှာင်လေးပင်မှာ"

"ဘာများ လုပ်ကြသလဲ"

"ဆန်စက်ရှိတယ်"

"ဩော်. . . တောသူတောင်သားတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး အဝေးပြေးကား ထောင်ထားသေးတယ်"

"မောင်နှမသားချင်းကကော"

"ညီအစ်ကိုချည်းပဲ သုံးယောက်ရှိတယ်၊ သူက အငယ်ဆုံး၊ အစ်ကိုကြီးက အိမ်ထောင်နဲ့၊ အစ်ကိုလတ်ကတော့ အထက်တန်းပြ ဆရာပဲ၊ ညောင်လေးပင်မှာပဲ နေကြတယ်"

"ဒီလိုဆို မျိုးရိုးကတော့ မဆိုးပါဘူး"

လွှမ်းက ပြုံးလိုက်မိသည်။ လူကြီးမိဘများသည် အိမ်ထောင်ရေး၌ မျိုးရိုးကို အဓိက ထားကြသည်။ လွှမ်းကကော ဘာကို အဓိက ထားရမည်နည်း။

အချစ်ကိုလား။

စံရွှေကျော်တုန်းကတော့ ချစ်၍လက်ခံခဲ့သည် ထင်သည်။ အဘယ့်ကြောင့်များ လွှမ်းကို ဝိုင်းဝိုင်းလည်အောင် ချစ်ရေးဆိုသူများထဲကမှ စံရွှေကျော်ကိုမှ ရွေးချယ်ခဲ့မိသနည်း။ ဒါ အချစ်ကြောင့်ပဲ ထင်သည်။

ခု ပိုင်ဦး။ စံရွှေကျော်နှင့် အပြင်ဘော်ဒါဆောင်မှ နှစ်ယောက်အခန်းတစ်ခုတွင် အတူတကွ နေထိုင်သူ ဖြစ်ခဲ့သည်။ စံရွှေကျော်နှင့် ပတ်သက်ပြီး ပိုင်ဦးကို သိသည်။

လွှမ်းသည် လုံးချင်းဝတ္ထုကို သိပ်ဖတ်သူမဟုတ်။ မဂ္ဂဇင်းနှင့်ကာတွန်းကိုသာ ငှားဖတ်တတ်သူ။ သို့သော် ကြီးမေက လုံးချင်းဝတ္ထုသမားဖြစ်၍ ကြီးမေအတွက် ငှားပေးရသည်။ ထို့ကြောင့် ပိုင်စေဦးဆိုသောအမည်သည်လည်း လွှမ်းနှင့် ရင်းနှီးပြီးသား ဖြစ်ခဲ့သည်။

"ဒါပေမယ့် စိတ်ထားကိုလည်း လေ့လာဦး"

"အိမ်ကို အလည်ခေါ်ပြီး ကြီးမေနဲ့ တွေ့ပေးဦးမယ်၊ ပြီး





တော့မှ လက်ခံသင့် မခံသင့် ဆုံးဖြတ်မယ်"

"အမယ်. . . ညည်းကို ပရိုပို့စ် မလုပ်ရသေးဘဲ စဉ်းစားနေ ကိုက်တာ၊ မုန့်ဆီကြော်ကဖြင့် ဘယ်ဆီနေမှန်းမသိ၊ နှုတ်ခမ်းနာနဲ့ ည့်ပွဲမလားဆိုသလို ဖြစ်နေပြီ"

"သေချာပါတယ်. . . သိပ်မဝေးတော့ပါဘူး၊ နှုတ်ထွက် ကားပဲ ကျန်တော့တာ၊ မျက်လုံးကတော့ ပြောပြီးနေပြီ"

"နည်းနည်းတော့ အချိန်ယူ စဉ်းစားဦးနော်၊ အချိန်တွေ အများကြီး ရှိသေးတယ်"

"အချိန်နဲ့ဒီရေဟာ လူကို မစောင့်ဘူးတဲ့ ကြီးမေ၊ တော်ကြာ အချိန်အဆွဲကောင်းလို့ ကျန်ရစ်ဖြစ်နေမှာစိုးရသေးတယ်"

"ခွေးမလေး. . . အပျိုကြီးလုပ်မယ်လို့များ ယောင်လို့ တောင် တစ်ခါမှ မပြောဖူးပါဘူး"

"ဝေးပါသေး. . . ပျင်းရိငြီးငွေ့စရာကောင်းသောကိစ္စ မျိုးကို လွှမ်းတစ်သက်မစဉ်းစားဘူး"

"ကောင်းပါတယ်. . . ဒါမှ ကျုပ်လည်း ထိန်းသိမ်းရတဲ့ဝန် ပေါ့သွားတာပေါ့"

"ကြီးမေက လွှမ်းကို တာဝန်မယူချင်တော့ဘူးလား"

"တစ်သက်လုံး ယူနိုင်ပါတယ်အေ၊ ဒါပေမယ့် ညည်းပုံက င်ယူမယ့်ပုံဆိုတော့ သင့်တော်တဲ့သူနဲ့ တွေ့ရင် အမြန်ဆုံး စီစဉ် ပေးလိုက်တာ အကောင်းဆုံးပဲပေါ့၊ ကဲ. . ကဲ. . မဂ္ဂဇင်းတွေပဲ ပြီးဖတ်မနေနဲ့၊ စာလည်း ကျက်ဦး"

"ဟုတ်. . "

ကြီးမေက ပြန်ထွက်သွားသည်။ လွှမ်းက ကြီးမေနောက် ကို ကြည့်ပြီး သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေသာ မရှိခဲ့လျှင် လွန်းတို့မောင်နှမ၏ဘဝသည် ခုလို ပညာသင်ခွင့်၊ ထွန်းကားခွင့်မှ ရှိနိုင်ပါ့မလား။ ကြီးမေကျေး ကား ကြီးမားလွန်းလှသည်။ ကြီးမေ၏ဆန္ဒသည်သာလျှင် လွန်း၏ ဆန္ဒဖြစ်အောင်ကြိုးစားမည်ဟု။







## အခန်း(၁၀)

"ဟဲလို. ."

အသံသြသြကြောင့် ပိုင်ဦးအိမ်မှ ထမင်းချက် ဖိုးထူးသာလျှင် ဖြစ်မည်ဟု လွန်း အတပ်သိလိုက်သည်။

"ဦးဖိုးထူးလား. . . ကျွန်မ လွန်းပါ"

"အေး. . . သူငယ်မလား"

"ဟုတ်ပါတယ်. . . ကိုပိုင်ဦးကော"

"ရှိပါတယ်. . . အိပ်နေတယ်၊ နေမကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . ဒါကြောင့် မတွေ့ရတာ သုံးလေးရက် တောင် ရှိသွားတာကို၊ ဘာဖြစ်လို့လဲ. . . ရိုးရိုးအဖျားလား"

"ထုံးစံအတိုင်းပေါ့ သူငယ်မရယ်၊ အလုပ်နည်းနည်းများ သွားတာနဲ့ ဖြစ်တော့တာပဲ"

လွန်းက လူပုံဖြူဖြူနွဲ့နွဲ့ ပိုင်ဦး၏ပုံကို မြင်ယောင်ရင်း. . .

"အပင်ပန်းမခံနိုင်ဘူး ထင်တယ်"

"ဟုတ်တယ်လေ. . . သူ့ရောဂါက အပင်ပန်းခံလို့မှ မရ တာ သူငယ်မရယ်၊ ဒါကြောင့် ဦးလေးလာနေပေးရတာ၊ ဒါတောင် အပြောင်းအရွှေ့နဲ့ နည်းနည်းပင်ပန်းပြီး ဖြစ်တော့တာပဲ"

"ဘာရောဂါရှိနေလို့လဲ"

"နှလုံးရောဂါ"

"အို. . ."

လွန်းရင်ထဲ နာကျင်သကဲ့သို့ ခံစားလိုက်ရသည်။ သနား ကြင်နာခြင်းဟူသော ဝေဒနာရပ်ပင်လေ။

"ဆရာဝန်ကော ပြပြီးပြီလား"

"သူသောက်နေကျဆေးတွေပဲ တိုက်ထားရတယ်"

"ဘယ်ဖြစ်မလဲ. . . ဆရာဝန်လေးဘာလေး ပြဦးမှပေါ့၊ ကျွန်မ လာခဲ့မယ် ဦးလေး"

စိတ်မြန်လက်မြန်ရှိစွာဖြင့် တယ်လီဖုန်း ချလိုက်သည်။

အဝတ်အစားလဲပြီး ကားသော့လှမ်းယူစဉ်က ဖျတ်ကနဲ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာသည်၊

မိန်းမပျိုတစ်ယောက်သည် ယောကျ်ားပျိုတစ်ဦး နေထိုင် ရာသို့ သွားခြင်းသည် သင့်တော်သောကိစ္စမဟုတ် ဟူသောအတွေး ပင်ဖြစ်သည်။





လွန်း တယ်လီဖုန်းစင်ရှိရာ ပြန်လျှောက်သွားလိုက်သည်။ ကြည်ပြာဆီ ဖုန်းဆက်လိုက်သည်။

"ဟဲလို. . ."

"နဂါး. . . ကျုပ်ပါ"

"ဘယ်က ကျုပ်လဲ"

"နောက်မနေစမ်းပါနဲ့. . . လည်လွန်းပါဟာ၊ တော်ပါသေး ရဲ့. . . ရှင်မှ ရှိပါ့မလားလို့"

"မရှိရအောင် ကျုပ်က ဘယ်လိမ့်ရမှာလဲ၊ ဆို. . ဘာကိစ္စ"

"ရှင့်အဝတ်အစားကို သင့်တော်လျောက်ပတ်ရုံ လဲပြီး အဆင်သင့် စောင့်နေ၊ ကျုပ် အခုပဲ ကားနဲ့ လာခေါ်မယ်"

"ဘယ်သွားမှာလဲဟ"

"လူနာသတင်းမေး"

"ဘယ်က. ."

ဂျောက်ခနဲ တယ်လီဖုန်းခွက်ကို ချလိုက်ပြီး လွန်းက ပြုံး၍ ထွက်ခဲ့သည်။ ကြည်ပြာတော့ သူ့ကို ဆဲနေမှာ ကျိန်းသေသည်။

လွန်း ကားမောင်းရင်း စဉ်းစားလိုက်မိသည်။ ချစ်ခြင်း၏ အစသည် သနားကြင်နာခြင်းပေလားဟု။

လမ်းထိပ်ရောက်လုလု၌ ကြီးမေပြန်လာသည်နှင့် တန်းတိုး ရ ကားကို ရပ်ပြီး. . .

"ကြီးမေ. . . သမီးသူငယ်ချင်းတစ်ယောက် နေမကောင်း ဖြစ်နေတာ သတင်းသွားမေးမလို့"

"အေး. . အေး. . မိုးမချုပ်စေနဲ့၊ ကားကို သတိထား မောင်း၊ ထမင်းစား စောင့်နေမယ်"

"စိတ်ချပါ ကြီးမေ. . . ခဏပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေအပေါ် နားလည်မှုရှိသော ကြီးမေကို အချစ်ပို ရသည်။ ကားကို ဆက်မောင်းခဲ့ရင်း ပြန်သွားမှ ပိုင်ဦးဆီ သွားခြင်း ဖြစ်ကြောင်း ရှင်းပြရမည်။

ကြည်ပြာတို့ အိမ်ရှေ့အရောက် ကားဟွန်းသံပေးလိုက်ရုံ ဖြင့် ကြည်ပြာက အဆင်သင့်ပင် ထွက်လာသည်။

လွန်းဘေး ဝင်ထိုင်လိုက်လိုက်ချင်း မျက်စောင်းထိုးကာ. .

"မိန်းမ. . . လူကို ဆန့်တင့်င့် ဖြစ်အောင် လုပ်တယ်၊ ပြောစမ်း. . . ဘယ်က လူမမာလဲ"

"ရှင့်ဘကြီးလေ"

"မယုတ်နဲ့စမ်း"

လွန်းက ရယ်လိုက်သည်။ ပြီးမှ မျက်နှာပိုးသတ်ကာ. . .

"ကိုပိုင်ဦး"

"ဟင်. . ."

လွန်း ထင်ထားသည့်အတိုင်း ကြည်ပြာလည်း အံ့အားသင့် သွားပုံရသည်။

"အိမ်တက်လုပ်တုန်းကပဲ အကောင်း"

"အေးလေ. . . ကျောင်းကို ရောက်မလာတော့ နည်းနည်း ထူးတယ်လို့ ထင်မိတာနဲ့ ကျုပ်ဖုန်းဆက်ကြည့်လိုက်တာ"

"သူနဲ့ တွေ့လို့လား"

"ဟင့်အင်း. . . ဦးဖိုးထူးကြီးနဲ့ပဲ တွေ့တယ်၊ သူ အိပ်နေ တယ်"

"ဖျားတာလား"

"နှလုံးရောဂါတဲ့"

"အယ်. . ."





ကြည်ပြာ၏မျက်နှာ၌လည်း စိတ်မကောင်းသောအရိပ် များ ယှက်သန်းသွားသည်။ ပိုင်ဦးနှင့်လွန်းတို့အုပ်စု ခင်မင်ကြသည် မှာ မကြာသေးပေ။ သို့သော် သဘောကောင်းကာ အမြဲတမ်း အပြုံး မပျက် မျက်နှာနှင့် ရှိနေတတ်သော ပိုင်ဦးကို အားလုံးက ခင်မင်မိ ကြပေသည်။

"မွေးရာပါလား"

"ဒါတော့ မသိသေးဘူး၊ နောက်မှ ဦးဖိုးထူးကို မေးကြည့် မယ်၊ ကြည့်ရတာ လုံးဝအမောအပန်း အပင်ပန်းခံနိုင်ပုံ မရဘူး"

"သနားပါတယ်ဟယ်"

"အေးလေ. . . ဒါကြောင့် ကျုပ် ချက်ချင်းထွက်လာတာ ပေါ့၊ ဆရာဝန်လည်း မပြဘူးတဲ့ သောက်နေကျဆေးပဲ သောက်တယ် တဲ့လေ၊ ဒီရောဂါမျိုးက ပေပေတေတေ နေလို့မရဘူး၊ လိုအပ်ရင် ကျုပ်တို့ အကူအညီပေးရအောင်"

"အေးပေါ့ဟယ်. . . ဘော်ဒါတွေ ဖြစ်နေကြပြီဆိုတော့ တစ်ယောက်လိုအပ်ချက် တစ်ယောက် ဖြည့်ဆည်းပေးရမှာပေါ့"

"ဒါပေါ့"

"ဒါပေမယ့် ရှင့်ကိုတော့ သနားတယ်"

"ဘာဖြစ်လို့"

"ရည်းစားတစ်ခုလပ်ကနေ ရည်းစားမုဆိုးမ ဖြစ်သွားမှာ မြင်ယောင်လို့လေ"

"ဖွ. . ဖွ. . လွဲပါစေ၊ ဖယ်ပါစေ၊ အဲဒီလို မပြောနဲ့ နဂါး၊ သူ့ခမျာ မကျန်းမာနေတဲ့အချိန်"

"ဆောရီး. . ဆောရီး. . ကျုပ်လည်း သူ့ကို ကောင်းသွား စေချင်ပါတယ်"



www.burmeseclassic.com


www.burmeseclassic.com



လွန်းရင်ထဲ လေးလံသွားသည်။ ပိုင်ဦးအပေါ် ထားမိသော သံယောဇဉ်ကြီးကို ကရုဏာဟူသောမှန်စာ ထပ်၍မွမ်းမံတော့မည် ထင်ပါသည်။







## အခန်း(၁၁)

"ကိုပိုင်ဦး"

ပိုင်ဦး ရုတ်တရက် အံ့အားသင့်သွားပြီး ဖြန့်းခနဲ ထလိုက်ရာ ရင်ဘတ်မှ ထိုးအောင့်ကာ အသက်ရှုကြပ်သွားပြီး မျက်လုံးများ ပြာဝေသွားသည်။

"အို. . . မထနဲ့လေ"

လက်မြန်ခြေမြန် ရှိလွန်းသော လွန်းသည် ပိုင်ဦးကို ဖေး လိုက်သည်။ ညင်သာစွာပင် ခေါင်းအုံးနှစ်လုံးဆင့်ပေါ် သို့ လဲချပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"နေသာသလို နေပါ ကိုပိုင်ဦး၊ ကျွန်မတို့ဟာ အားနာရမယ့် လူတွေ မဟုတ်ဘူး"

ပိုင်ဦးက ခပ်ယဲ့ယဲ့သာ ပြုံးပြလိုက်နိုင်သည်။ ကြည်ပြာက စာကြည့်စားပွဲမှ ကုလားထိုင်ကို ဆွဲယူကာ ပိုင်ဦးကုတင်အနီး၌ ထိုင်လိုက်သည်။

"ကိုပိုင်ဦးမှာ Family Doctor ရှိသလား"

"အေး. . . သမားတော်ကြီးနဲ့တော့ ပြထားပါတယ်၊ ဒါပေမယ့် သူ့ရက်ချိန်းမစေ့ခင်မှာ ထပ်ဖြစ်တာ"

"ဆေးမှန်မှန်မသောက်ဘူးလား"

"သောက်တယ်"

"ခု ထပ်သွားမလား၊ ကျွန်မတို့ လိုက်ပို့ပေးမယ်"

လွန်း၏စေတနာကို ပိုင်ဦး လေးစားပါသည်။ သို့သော် ကိုယ့်ဝမ်းနာ ကိုယ်သာ သိသဖြင့်. . .

"ကျွန်တော် သက်သာပါတယ်၊ မနက်ဖြန် ကိုလတ်လာပြီး ကျွန်တော့်ကို ပို့ပေးမှာပါ"

"ဩော်. . . ရောဂါဆိုတာ တစ်ရက်စောကုတော့ ပို မကောင်းဘူးလား ကိုပိုင်ဦးရယ်"

လွန်းက ကရုဏာလေးနှင့် ညည်းတွားလိုက်မိသည်။

ပိုင်ဦးရင်ဝယ်၌ ခံစားနေရသော ရောဂါဝေဒနာသည် အလိုအလျောက်ပင် သက်သာလာသကဲ့သို့ ရှိသည်။

"ကျွန်တော် လေ့ကားအတွက်အဆင်း မလုပ်ချင်လို့ပါ၊ ပြီးတော့ ဆရာကြီးက အိမ်ပင့်လို့ ရမှာမဟုတ်ဘူး၊ ဆေးခန်းကို လာတဲ့လူတွေကိုပဲ ဦးစားပေး ကုလေ့ရှိတယ်"





"လောလောဆယ်တော့ ကျွန်မတို့ဆရာဝန် ရှိတယ်၊ ခေါ်ပေးရမလား"

"ဒုက္ခမရှာပါနဲ့. . . ကျွန်တော် နေသာပါတယ်"

"နေသာပါတယ်သာ ဆိုတယ်၊ ကိုပိုင်ဦး ရင်ဘတ်ကြီးက ဖိဆွဲတာကျနေတာပဲ"

ကြည်ပြာ၏အပြောကို ပိုင်ဦးက ခွင့်လွှတ်ပြုံးဖြင့် ပြုံးကြည့်သည်။ လွန်းက သက်ပြင်းချကာ. . .

"ကိုပိုင်ဦး ဘာစားလို့ရသလဲ၊ ဆေးကော သောက်ပြီးပြီလား"

"မသောက်ရသေးပါဘူး၊ စားရမှာ မောလို့ နားနေတာ"

"ဘာစားချင်သလဲ"

ပိုင်ဦး ခေါင်းခါလိုက်သည်။

စားချင်စိတ် လုံးဝကုန်ခမ်းသွားသည်ထက် ရင်အလိုလို ပြည့်လာသည်။ လွန်း၏မျက်နှာလှလှလေးသည် သူ့အား အာဟာရ ပြီးပြည့်စုံစေသည်ထင့်။

"ဒီလိုနေလို့ ဘယ်ဖြစ်မလဲ. . . အဖျားရှိသလား"

ပိုင်ဦးက ခေါင်းခါလိုက်သည်။

"ထမင်းစားလို့ရလား"

"ရပါတယ်"

"ဒါဖြင့် လည်လွှန်း. . . ရှင်နေခဲ့၊ ကျုပ် ဦးဖိုးထူးကြီးနဲ့ ထမင်းပွဲ သွားဝိုင်းပြင်ပေးမယ်၊ မဖြစ်ဘူး၊ ဒီလူနာကို တစ်ခါတည်း တိုက်ပြီး ပြန်မှဖြစ်မယ်၊ တော်ကြာ စိုးရိမ်စိတ်နဲ့ လူနာနှစ်ယောက် ဖြစ်သွားနိုင်တယ်"

လွှန်းမျက်နှာလေး ပန်းနုရောင်ပြေးသွားသည်။ တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ရှက်ပြုံးလေးဖြင့် ပိုင်ဦးအား ကြည့်လိုက်သည်။ စိုးရိမ်စိတ်ဖြ သူမ မျက်နှာပျက်ယွင်းနေမှုကို ပိုင်ဦးများ သိသွားလေရော့လား မလုံမလဲ ရှက်စိတ်ပိုမိသည်။

ပိုင်ဦး ရင်ခုန်သံ ပိုမြန်လာသည်။ အသက်ရှူနှုန်း မြန်တက် လာသည်။ ဤသည်ကပင် ရောဂါဝေဒနာ ပို၍ဆိုးရွားလာခြင်း လား။

"လွန်း. ."

"ရှင်. ."

"ကျွန်တော့်အပေါ် စိုးရိမ်ပြီး ဂရုတစိုက် လာကြည့်တဲ့ အတွက် ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်တယ်ဆိုတာ သူစိမ်းဆန်တဲ့စကားပါ ကိုပိုင် ဦးရယ်၊ ကျွန်မတို့တွေက မိတ်ဆွေအပေါင်းအသင်း ဖြစ်နေကြပြီပဲ တစ်ယောက်အခက်အခဲ တစ်ယောက်ကူညီပေးရမှာပေါ့"

"ဘာပဲပြောပြော ကျွန်တော်လေ ခု လွန်းတို့ ရောက်လာ တဲ့အတွက် အရမ်းကို အားရှိသွားတယ်ဗျာ၊ ခံစားနေရတဲ့ ဝေဒနာ လည်း တစ်ဝက်လောက် လျော့သွားသလိုပဲ"

"ခုလိုကြားရတာ ကျွန်မ ဝမ်းသာတယ် ကိုပိုင်ဦး၊ ကိုပိုင်ဦး ရောဂါပျောက်မယ်ဆိုရင် ကျွန်မတို့ အမြဲလာပေးမယ် သိလား"

"ဟာ. . . တကယ်"

"တကယ်ပေါ့"

"ကျွန်တော် ဘာပြောရမှန်း မသိတော့ဘူး လွန်းရယ်"

လွန်းကိုပါ ပိုင်ဦး၏အပျော်များ ကူးစက်လာသည် ထင် သည်။ လွန်းရင်ထဲလည်း ပျော်ရွှင်ချမ်းမြေ့မှု ပီတိဖြာသွားသည်

"ဘာပြောရမှန်း မသိရင်လည်း မပြောနဲ့တော့၊ ထမင်းစာ





အောင်. . . ဖြည်းဖြည်းကလေး ထတော်မူ"

ကြည်ပြာက အငေါ်အတူးကလေးဖြင့် ခေါ်လိုက်သည်။

ပိုင်ဦးက ကြည်ပြာအား ကျေးဇူးတင်သောအပြုံးဖြင့် ပြုံးပြ က်သည်။ ထို့နောက် ခပ်ဖြည်းဖြည်းပင် ထသည်။ လွန်းနှင့် သူငယ် ချင်းများသည် စိတ်ရင်းကောင်းကာ တစ်ဖက်သားကို ကူညီတတ် သည်ကို သိလိုက်ရ၍ သူ ဝမ်းသာမိသည်။

လောကကြီးသည် နေချင်စရာ ကောင်းပါသည်။ နှစ်လို ယ်ကောင်းသော လူသားများလည်း ရှိသေးသည်။ လောကကြီး၌ နေတတ်အောင်ကို ပျော်ပျော်ကြီး နေလိုက်ဦးမည်ဟု တွေးကာ န်းကို ကြည့်လိုက်သည်။

သူ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။

လွန်းသည် သူ့အား လဲကျသွားမှာစိုးသည့်အလား စိုးရိမ် ကောင်းသော မျက်လုံးအစုံ၌ ကရုဏာခိုးများ ဝေလျက် ကြည့်နေပါ သား။


လွန်းရယ်. . . ကျွန်တော်လေ. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

“ကိုပိုင်ဦး အဝေးသင် ပြောင်းမလို့ဆို”

“ဟုတ်တယ် လွန်း၊ ကျွန်တော့်ကို ဆရာဝန်ကြီးက နားနား နေနေပဲ နေစေချင်တယ်”

လွန်းက ပိုင်ဦးအတွက် ကမ္ဗလာသီးဖျော်ရည်ပန်းကန်လေး ကို ရှေ့သို့ တွန်းပို့ပေးရင်း. . .

“အမောပြေလေး သောက်လိုက်ပါဦးလား”

ပိုင်ဦးက တစ်ငုံယူသောက်ပြီး အသာပြန်ချလိုက်သည်။

“ကားကို ကိုယ်တိုင်မောင်းလာတာလား”





“မဟုတ်ပါဘူး. . . ဖေဖေက ဒရိုင်ဘာတစ်ယောက်ပါ ထပ်ပို့ပေးတယ်၊ ဦးဖိုးထူးရဲ့တူလေ”

“အနားကပ် နေပေးမယ့် ဆွေမျိုးသားချင်းကော မရှိဘူး လား”

လွန်းသည် ပိုင်ဦးအပေါ်၌ စေတနာတွေ ရေစီးကမ်းပြိုနေ လေပြီဟု ကြည်ပြာတို့က ဝေဖန်ကြသည်ကိုလည်း လွန်း မမှုချင် တော့။

“ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် ဟိုမှာကလည်း လူရှိ သလောက် အလုပ်တွေကလည်း ရှိနေတတ်တယ်”

“ကိုပိုင်ဦးမိခင် မရှိတော့ဘူးဆို”

“ဟုတ်ပါတယ်. . . ကျွန်တော့်ကို မီးဖွားရင်း ဆုံးသွားတာ ပါ”

“သြော်. . . ဖြစ်ရလေ”

“ဖေဖေကလွဲရင် ကျွန်တော့်ကို ဂြိုဟ်ကောင်လေးဆိုပြီး ဘယ်သူမှ မချစ်ကြဘူး၊ ဖေဖေပြီးရင် ကျွန်တော့်ကို ချစ်တာ ဦးဖိုး ထူးပဲ”

“ကိုလတ်ကကော”

“ဖေဖေ့ကို မလွန်ဆန်နိုင်ကြပါဘူး”

“သြော်. . .”

လွန်းသည် ပိုင်ဦး၏ မိန်းမချောမျက်နှာလေးကို ငေးကြည့် မိသည်။

“ကျွန်တော့်ဘဝက စာအုပ်ပုံကြီးထဲ ကြီးပြင်းရတဲ့လူလိုပါ ပဲ စာအုပ်ကိုပဲ အဖော်ပြုရတာ၊ ရွယ်တူသူငယ်ချင်းတွေနဲ့မှ အတူ ပြေးလွှားဆော့မကစားနိုင်ခဲ့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဒီရောဂါက ငယ်ငယ်ကတည်းက ဖြစ်တာလား"

"ဟုတ်တယ်. . . ခုနစ်နှစ်သားလောက်ကမှ သိတာ"

ထိုစဉ် ကြီးမေ အိပ်ခန်းထဲမှ ထွက်လာသည်။

"ရေချိုးနေလို့ကွယ်. . . ချက်ချင်းထွက်မလာနိုင်တာ ခွင့်ပြုနော် ဆရာ"

"ရပါတယ် ကြီးမေ၊ ကျွန်တော့်ကို ဆရာလို့ မခေါ်ပါနဲ့ ပိုင်ဦးလို့ပဲ ခေါ်ပါ"

"ဘယ်ဟုတ်မလဲကွယ်. . . ကြီးမေက လေးစားတဲ့အနေနဲ့ပါ"

"အဲဒီလိုဆိုရင် ကျွန်တော် နေတတ်တော့မှာ မဟုတ်ဘူး"

"ထားပါတော့. . . မောင်ပိုင်ဦး စိတ်ချမ်းသာစေရပါမယ်လေ"

ကြီးမေက ပိုင်ဦးကို မသိမသာ အကဲခတ်သည်။ လွန်းက မီးဖိုချောင်ဘက်သို့ ထွက်ခဲ့လိုက်သည်။ မြင်းခွာရွက် သုပ်ကျွေးရန် အဆင်သင့် ရှိနေသော အဆာပလာများကို နယ်ဖတ်ရုံသာ ရှိသည်။ မြင်းခွာရွက်သည် ပိုင်ဦးလို ရောဂါဝေဒနာရှင်များအတွက် အထူး ကောင်းမွန်သော ဆေးဘက်ဝင် အစာတစ်မျိုးဟု ယူဆသည်။

ကြီးမေနှင့်ပိုင်ဦးသည် ဝတ္ထုအကြောင်း ဆွေးနွေးနေကြပေမည်။ လိမ္မော်ရည်နှင့် ထိုးထားသော ကျောက်ကျောဖန်းကလေးမှ ကျောက်ကျောများကို တုံးလိုက်သည်။

လွန်းကိုယ်လွန်း နားမလည်နိုင်အောင် ဖြစ်မိသည်။ အစက စံရွှေကျော်ကို တမင်ကလိလို၍ ပိုင်ဦးနှင့် တွဲခဲ့ခြင်းဖြစ်သည်။

သို့သော် စံရွှေကျော်နှင့်ပိုင်ဦး ခွဲခွာနေသည့်တိုင်အောင် လွန်းသည် ပိုင်ဦးနှင့် အတွဲမဖြုတ်ခဲ့။ နောက် ပိုင်ဦးသည် နှလုံး





ရောဂါသည်တစ်ဦးဖြစ်မှန်း သိရသောအခါ အသနားပိုခဲ့မိသည်။ ထိုသို့ဖြစ်ရခြင်း၏ဇစ်မြစ်ကို လွန်း မရှာဖွေတတ်တော့။ လွန်း နားလည်သည်က ပိုင်ဦးကို သနားသည်။ ခင်သည်။ ဒါပဲဖြစ်သည်ဟု။

လွန်းက အသုပ်နှင့်ကျောက်ကျောပန်းကန်ကို ဗန်းထဲ ထည့်ကာ ဧည့်ခန်းထဲ ထွက်ခဲ့သည်။

"သမီး. . . လာ၊ မောင်ပိုင်ဦးနဲ့ အေးအေးဆေးဆေး စကားပြောကြဦး၊ ကြီးမေ ဟိုဘက်တိုက်က အဘွားကြီး နေမကောင်းတာ သတင်းသွားမေးလိုက်ဦးမယ်"

"ဟုတ်ကဲ့ ကြီးမေ"

"မောင်ပိုင်ဦးလည်း အေးအေးဆေးဆေးပဲ မဟုတ်လား၊ ညနေစာ စားပြီးမှ ပြန်ပေါ့ ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ကြီးမေ၊ ဦးလေးဖိုးထူးက ချက်ထားပြီးပါပြီ၊ နောက်များ ကြုံတော့မှပဲ စားပါ့မယ်"

"အေးကွယ်. . . ကြီးမေတို့အိမ်ကို ဆွေမျိုးသားချင်းလိုပဲ ဝင်ထွက်နိုင်ပါတယ်ကွယ်၊ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ကြီးမေ"

ကြီးမေသည်လည်း လွန်းကဲ့သို့ပင် ပိုင်ဦးအပေါ်၌ ကရုဏာသက်ကာ ခင်တွယ်သွားပြီ ထင်ပါသည်။

"လွန်းတို့ ကျွန်တော့်အတွက် အလုပ်ရှုပ်နေပြီ ထင်တယ်"

"မရှုပ်ပါဘူး. . . ကျောင်း၊ ရုံးပိတ်ရက်တွေမှာ ဒီလိုပဲ နေ့လယ်နေ့ခင်း တစ်ခုခု လုပ်စားနေကျပါ ကိုပိုင်ဦး၊ မြင်းခွာရွက်သုပ်ဆိုရင် ကိုပိုင်ဦးနဲ့များ တည့်မလားလို့ပါ"

"ကျေးဇူးပဲ"

"ဟော. . ဟော. . လာပြန်ပြီ ဒီကျေးဇူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး. . . ဆောရီး. . . မေ့သွားလို့"

ပိုင်ဦးမျက်နှာသည် သွေးရောင်လွှမ်းကာ ရှင်လန်းရိပ်မျာ ယှက်ဖြာသွားသည့်အတွက် လွန်း ကျေနပ်သွားသည်။

ပိုင်ဦး ပျော်ရွှင်နေချိန်၌ လွန်းသည် သိလိုသော ပိုင်ဦး၏ ရောဂါအကြောင်းကို တမင်မမေးဘဲ ချန်လှပ်လိုက်ကာ. . .

"ကိုပိုင်ဦး ဝတ္ထုဘယ်နှစ်အုပ် ရှိပြီလဲ"

"ခြောက်အုပ်တော့ ရေးပြီးပြီ၊ ဒါပေမယ့် ငါးအုပ်ပဲ ထုတ် သေးတယ်"

"စာမူခ ရပြီလား"

"ဆိုပါတော့. . . ငါးအုပ်မြောက်က စပေးတယ်"

"အချို့ ဆယ်အုပ်ရေးပေးတယ်ဆို"

"ပါပလစ်ရှာချင်း မတူကြပါဘူးလေ၊ ဘာပဲပြောပြော ကျွန်တော်က စာရေးနေရရင် ပျော်နေတဲ့သူဆိုတော့ စာမူခ အဓိက မထားပါဘူး"

"ဒါနဲ့များ မြန်မာစာ အဓိက ဘာလို့ မယူသလဲ"

"ဥပဒေကို စိတ်ဝင်စားလို့ရယ်. . မေမေကလည်း ရှေ့နေ ကောင်းတစ်ယောက်ပဲ"

"သြော်. . ."

လွန်းသည် မိခင်နှင့် ရုပ်ချင်းဆင်ပြီး မိခင်၏ရောဂါအမွေ အနှစ်ကိုပါ ဆက်ခံထားသူ ပိုင်ဦးကို ကြည့်ကာ ရင်ထဲ တစ်မျိုးခံစား လိုက်ရသည်။ ငိုချင်လာသည်။

လွန်းက မိခင်ကို ဖျောက်ဖျက်သူ။ ပိုင်ဦးက မိခင်ကို ဖွဲ လမ်းတမ်းတပြီး ထိန်းသိမ်းသူ။ ကွာခြားလေစွ။

"ကျွန်တော့်ကို မမွေးခင်အထိ မေမေဟာ တရားခွင်မှာ





ဥပဒေ အကျိုးဆောင်ရင်း ညဘက် ဥပဒေစာအုပ်တွေကြား ကိုးကားစရာ ရှာရင်း ဖေဖေနဲ့သားတွေကို ပြုစုရင်းနဲ့ ဘဝကို အဓိပ္ပါယ်ရှိရှိ အသုံးချသွားတတ်သူပါ လွန်း၊

ဒါကြောင့်လည်း ဖေဖေဟာ နောက်အိမ်ထောင်မပြုဘဲ မေမေရဲ့အငွေ့အသက်တွေ လွှမ်းမိုးနေတဲ့အိမ်ကြီးမှာ သားတွေနဲ့ အတူ နေထိုင်သွားနိုင်တာ ထင်ပါရဲ့ဗျာ၊ ကျွန်တော် ဖေဖေ့ကို သိပ် ကျေးဇူးတင်တယ်၊ ခုလည်း နိုင်ငံခြားမှာ ခွဲစိတ်ဖို့အတွက် ငွေစုနေ ရှာတယ်"

"သြော်. . ."

မိဘမေတ္တာတရားသည် လွန်းအတွက် ဒဏ္ဍာရီတွေသာ ဖြစ်ချေမည်ထင့်။ လက်တွေ့ဘဝ၌ လွန်းသည် မိဘမေတ္တာကို လုံးဝ မခံစားရသူသာဖြစ်သည်။

"ကျွန်တော် အစက အသက်မရှည်ချင်ဘူး၊ သိန်းရာကျော် လောက် အကုန်ခံပြီး ကုသမယ်၊ ပျောက်ကင်းသွားမယ်လို့ အာမခံ နိုင်သလား၊ အကယ်၍ မပျောက်ကင်းဘဲ သေသွားရင် နှမြောစရာ တွေ မဖြစ်ကုန်ဘူးလား၊ ဒါကြောင့် ကျွန်တော် ဖေဖေ့ကို ပြောလိုက် တယ်၊ အဲဒီငွေနဲ့ ဘုန်းကြီးကျောင်းဆောက်လှူလိုက်ပါလို့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ကိုပိုင်ဦးရယ်၊ လူမသေ ငွေ မရှားပါဘူး၊ ကိုပိုင်ဦး ကျန်းမာလာရင် အလုပ်တွေ အများကြီး လုပ်ပြီး ငွေပြန်ရှာနိုင်မယ်၊ အဲ့ဒီအခါ အလှူရေစက် လက်နဲ့မကွာ လှူနိုင်တန်းနိုင်တာပဲ၊ အသက်ဉာဏ်စောင့်ပါတယ်၊ အဲ. . . အခု ခေတ်က အသက် ငွေစောင့်တယ်လို့ ပြောရမလိုတောင် ဖြစ်နေ တယ်၊ စားဦးလေ ကိုပိုင်ဦး"

"ဟုတ်ကဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဦးက မြင်းခွာရွက်သုပ်ပန်းကန်ကို မ,ယူကာ စားလေသည်။ လွန်းက ရေနွေးကြမ်းငှဲ့ထားပေးသည်။

"မနေ့က ဖေဖေနဲ့ ဖုန်းအကြာကြီး ပြောဖြစ်ကြသေးတယ်၊ လွန်းအကြောင်းပေါ့"

"လွန်း ဆိုးတဲ့အကြောင်းလား"

"လွန်းက ဆိုးမှမဆိုးတာ၊ လွန်း ဖော်ရွေပြီး ခင်မင်စရာကောင်းတဲ့အကြောင်းတွေပဲ ပြောစရာရှိလို့ ပြောလိုက်တယ်"

"လွန်း ခေါင်းတွေ ကျိန်းလာပြီနော်"

"တကယ်ပါ. . . ကျွန်တော်လေ. . . လွန်းကို ဓါတ်ပုံမှာ စတွေ့ကတည်းက ခင်တာ၊ လွန်းအပြုံးက သိပ်ဖော်ရွေတာပဲ၊ ဟန်ဆောင်မှု မရှိဘူး၊ သဘောကောင်းတဲ့ရုပ်မျိုး"

"ကိုပိုင်ဦး"

"ဗျာ. ."

"လွန်းကို အဲဒီလောက် မွှမ်းနေမယ့်အစား စာထဲမှာ ထိထိမိမိ စကားတစ်လုံးတည်းနဲ့ ဖွင့်မယ်ဆိုရင် ဘယ်လိုပြောမလဲ"

"ဗျာ. ."

ပိုင်ဦး ရုတ်တရက် တွေဝေသွားသည်။ နောက်မှ. . .


"ဆွဲဆောင်မှုရှိသော မနောဖြူသည့် ရုပ်အသွင် မိန်းကလေးလို့လေ"

လွန်းက သဘောကျစွာ ရယ်လိုက်သည်။

ပိုင်ဦးမျက်နှာက ပန်းရောင်ပြေးသွားသည်။







## အခန်း(၁၃)

"သူစိမ်းယောက်ျားလေးနဲ့ မိန်းကလေး ခင်မင်တယ်ဆိုတာ ဘယ်လောက်ရိုးသားတယ်ပဲပြောပြော၊ ပတ်ဝန်းကျင်က ယုံကြည်ကြမှာ မဟုတ်ဘူး သမီး"

"ဟင်. . ."

လွန်းအံ့အားသင့်သွားသည်။ ပိုင်ဦးနှင့် လေပေးဖြောင့်တတ်သော ကြီးမေ၏နှုတ်ဖျားမှ ဤစကားမျိုး ထွက်လာလိမ့်မည်ဟု လွန်း မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

"မောင်ပိုင်ဦးရောဂါဟာ အနေးနဲ့အမြန်ပဲဆို"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဘယ်သူပြောလဲ"

"ညောင်လေးပင်မှာ သမီးဘကြီးဘက်က အမျိုးတွေရှိတာ မေ့နေပြီလား"

လွန်း ငြိမ်ကျသွားသည်။

"နှလုံးက ကျယ်တာ၊ ကုရင် ဒီမှာကုလို့မရဘူး၊ သက်သာအောင်ပဲ ထိန်းပေးနိုင်တယ်၊ နိုင်ငံခြားမှာ ခွဲစိတ်မှသာ ရမှာတဲ့၊ အဲ့ဒါကလည်း ငါးဆယ်ရာခိုင်နှုန်းပါတဲ့လေ"

"ဟုတ်ပါတယ်. . . ဒါတွေ လွန်း သိတန်သလောက် သိပြီးပါပြီ၊ လွန်း ဒါကြောင့် သူ့ကို သနားတယ်"

"သနားတယ်. . . ဘာမှမဆိုင်တဲ့ သူစိမ်းယောက်ျားတစ်ဦးကို သနားတယ်ဆိုတာ ရိုးသားခြင်းမှ ဟုတ်ရဲ့လား လွန်းရယ်"

"ဒါတွေကို လွန်း ခွဲခြမ်းစိတ်ဖြာမနေချင်ဘူး ကြီးမေ၊ လွန်းနားလည်တာက လွန်း သူ့ကို သနားတယ်၊ သူလည်း လွန်းကို ပရိုပို့စ်မလုပ်ပါဘူး၊ ဘယ်တော့မှလည်း လုပ်မှာမဟုတ်ဘူးလို့ လွန်း အတပ်ပြောရဲတယ်"

"သံယောဇဉ်ဆိုတာ ဖြတ်နိုင်လေ ကောင်းလေပဲ"

"သံယောဇဉ်မီးရဲ့ လောင်မြိုက်ခြင်းကို လွန်း ခံနိုင်ပါတယ်၊ ဒါပေမယ့် လောကကြီးမှာ သေနေ့ကို ကြိုသိလျက်နဲ့ မာန်မလျှော့ဘဲ အလုပ်လုပ်နေသူတစ်ဦးကို လွန်း ဖေးမကူညီသွားချင်တယ်"

"ဘာရယ်. . . ညည်းက သူ့ကို လက်ထပ်မလို့လား၊ ရှင်းရှင်းပြောစမ်း"

"မဟုတ်ပါဘူး ကြီးမေရယ်၊ ခုခေတ်လူငယ်တွေဟာ အချို့တွေက တဏှာအတွက် တွဲကြတယ်၊ အချို့တွေကကျတော့လည်း ရှင်းသန့်စွာနဲ့ အဆင့်အတန်းရှိရှိ၊ သူငယ်ချင်းမိတ်ဆွေ အပေါင်း





အသင်းအနေနဲ့ တွဲသွားတွဲလာ ရင်းနှီးစွာ ရှိကြပါတယ်၊ လွန်းက အဲဒီလို အဆင့်တန်းရှိရှိနဲ့ သေမင်းကို အနိုင်မခံ အရှုံးမပေးဘဲ ရပ်တည်နေတဲ့ ကိုပိုင်ဦးကို ဖေးမသွားချင်တယ်၊ ဒါ လွန်းရဲ့စေတနာပါ"

"သဒ္ဓါမလွန်ချင်ပါနဲ့ လွန်းရယ်"

"စိတ်ချပါ ကြီးမေ၊ လွန်းလိုပါပဲ၊ နဂါး၊ စာကြမ်းပိုးနဲ့ သွယ်ဝဝါးတို့ကလည်း ကိုပိုင်ဦးအပေါ် ကရုဏာသက်ပြီး ခင်မင်ကြပါတယ်"

"ကောင်းပြီလေ. . . စည်းနဲ့ကမ်းနဲ့ နေကြထိုင်ကြပေါ့၊ နောက်မှ ချစ်မိပါပြီ ကြီးမေရယ်လို့တော့ မဖြစ်စေနဲ့"

"အိုကေ. . . ဘယ်တော့မှ မဖြစ်စေရဘူး"

"ကလင်. . ကလင်. . ကလင်"

"ဟော. . . ခေါင်းလောင်းသံ၊ ဧည့်သည်ထင်တယ်"

လွန်းက ဧည့်ခန်းကို ကမန်းကတန်း ပြေးထွက်ခဲ့သည်။

"ဩော်. . . ကိုအေးနိုင်ပါလား"

ချယ်ရီပန်းများ ပွေ့ပိုက်ရပ်နေသူတစ်ဦးနှင့် အထုပ်အပိုးတစ်ခု ဆွဲထားသူ ကိုအေးနိုင်ကို လွန်း တွေ့လိုက်ရသည်။

"မေမြို့ကို ရောက်လို့ ဇော်ဆီကို ဝင်သွားလိုက်တာ ဇော်က လူကြုံပါးလိုက်လို့လေ"

"ဟုတ်လား. . လာ. . ဝင်ကြပါ"

လွန်းက သော့ဖွင့်ပေးရင်း ဖိတ်ခေါ် လိုက်သည်။ တစ်ဆက်တည်း ကြီးမေကလည်း ထွက်လာသည်။ ဧည့်ခန်း၌ စိုပြည်သွားလေသည်။

"သူက ကျွန်တော့်ညီဝမ်းကွဲ မင်းဘုန်းထွဋ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



လွန်း အမှတ်ရလိုက်ပြီ။ လမ်းထိပ်မှာ ဆုံစဉ်က ကားပေါ်မှ ရှုတည်တည်နှင့် လှမ်းကြည့်သောသူ။

"သူက စက်မှုတက္ကသိုလ်ကပါ။ မင်းမင်း သူက ကိုကို့အချစ်ဆုံးသူငယ်ချင်း ဇော်ရဲ့ညီမ လွန်းတဲ့"

"ဟုတ်ကဲ့. . . မှတ်ထားပါ့မယ်၊ လမ်းတွေ့ရင် ရှောင်နိုင်အောင်လို့ပါ"

"အိုး. . . ဘယ့်နှယ့်"

ကြီးမေက နားထွေးစွာဖြင့် မေးလိုက်သည်။ ထိုအခါ မင်းဘုန်းထွဋ်က. . .

"ဟုတ်ပါတယ် ကြီးကြီး၊ ကျွန်တော့်က မိန်းကလေးချောချော မြင်ရင် လိုက်ကြိုက်တတ်တဲ့လူမျိုး၊ ပတ်သက်ရာ ပတ်သက်ကြောင်းတွေဆိုရင်တော့ မစားကောင်းတဲ့အသီးလို ရှောင်ရှားတတ်တယ်. . . ဒါကြောင့်ပါ"

"မင်းမင်းတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒီလိုပဲ ကြီးမေ၊ ဒီကောင်က အဘိုးအဘွားနဲ့ နေပြီး ဆိုးချင်တိုင်း ဆိုးနေတဲ့ကောင်"

"ကိုကို ထင်လို့ပါ။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို ကမ္ဘာပေါ်မှာ အလိမ္မာဆုံးလို့ ထင်နေတဲ့ကောင်"

မင်းဘုန်းထွဋ် နှုတ်မှ ရယ်မောစရာကို ပြောသော်လည်း မျက်နှာက တင်းနေသည်။ တစ်လောကလုံးကို အရေးမစိုက်သည့် ပုံစံမျိုးဖြစ်သည်။

ထူးခြားသည်က ထူထဲစိမ်းညို့နေသော မျက်ခုံးနှင့် တောက်ပြောင်သော စွန်ရဲမျက်လုံးမျိုး။ ဒီလိုလူစားသည် တစ်ဖက်စွန်း ရောက်တတ်သောလူစားမျိုးဟု လွန်းထင်သည်။

နှာတံပေါ်ပေါ်၊ ပိရိသော နှုတ်ခမ်းလွှာ၊ ကြွခိုင်ပြီး လေး





ထောင့်ကျကျမေးရိုးကြောင့် စိတ်ကတော့ မာမည့်ယောကျ်ားမျိုးဖြစ်သည်။

လွန်းကလည်း လူတစ်ယောက်ကို ကြည့်လိုက်မိလျှင် ခြေဆုံးခေါင်းဖျား အကဲခတ်မိပြီးသားဖြစ်သည်။ အရပ်က စံရွှေကျော်ထက်ပင် မြင့်နိုင်သည်။

"လွန်းကို အီကိုကွင်းအနေနဲ့ ကျွန်တော်သိပြီးသားပါ"

"သြော်. . ."

"ပြီးတော့ ကိုယ်ရံတော်တပ်မှူးတွေကလည်း များသား"

"မိန်းမကိုယ်ရံတော်တွေလား"

"မဟုတ်ဘူး. . . ပထမ ကိုယ်ရံတော်က စံရွှေကျော်တဲ့၊ ဓာတုဗေဒ သာ့ဒ်ရီးယားက၊ နောက်ကိုယ်ရံတော်က ပိုင်ဦး၊ စာရေးဆရာ ပိုင်စောဦးလေ၊ လောသာ့ဒ်ရီးယား၊ အဲ. . . အခု အဝေးသင်ကို ပြောင်းသွားပြီ. . . ဟုတ်တယ်နော်"

ကြည့်. . . မေးပုံက အထက်စီးဆန်လှသည်။ ကြီးမေ မျက်နှာရဲပြီး ပျက်သွားသည်။ လွန်းအား 'ဘယ့်နှယ့်ရှိစ မရွှေလွန်း' ဟူသောအကြည့်မျိုးဖြင့် ကြည့်လိုက်သည်။ လွန်းက ပြုံးကာ. . .

"မဆိုးဘူး. . . စီအိုင်ဒီမှာ လုပ်ရင် ဆားပုလင်းနှင်းမောင် ရှုံးသွားနိုင်တယ်"

"ဒါပေါ့. . . ဒါတောင် လျှော့ထားသေးတာ"

"ကိုင်း. . . စကားကောင်းနေကြတာ၊ တစ်ခုခု စားဖို့ လုပ်ပါဦးလား မရွှေလွန်း"

"နေနေ. . . ကြီးကြီး၊ သွားစရာလေးတွေ ရှိနေလို့ အကြွေးမှတ်ထားလိုက်ပါ၊ နောက်တော့မှ တကူးတကကို လာစားဦးမယ်၊ ကိုကို ပြောလို့ ကြီးကြီးတို့ တူဝရီးရဲ့ မုန့်ဟင်းခါးလက်ရာကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် စားချင်နေပါတယ်"

"လုပ်ပြီကွာ"

ကိုအေးနိုင်က သူ့ညီကြောင့် အားနာပုံရသည်။ ညည်းညည်းညူညူလေး ပြောလိုက်သည်။ ကြီးမေက ရယ်ကာ. . .

"ဒီလိုဆိုရင် စနေ တနင်္ဂနွေသာ လာခဲ့ပေတော့. . . ဟုတ်လား"

"အိုကေ. . . ခွင့်ပြုပါဦး ကြီးကြီးနဲ့ မရွှေလွန်း"

လွန်းက မဆိုင်းမတွပင်. . .

"လွန်းပါ"

"ကျွန်တော်က ကြီးကြီးခေါ်တဲ့ မရွှေလွန်းပဲ သဘောကျတယ်. . . သွားမယ်"

ရှေ့မှ ဆင်းသွားလေသည်။

ကိုအေးနိုင်က အားနာသော မျက်နှာပေးနှင့်. . .

"ဒီကောင်က တဇွတ်ထိုး တဇောက်ကန်း သိပ်ဆိုးတာ၊ ခေါ်လာမိတဲ့အတွက် ခွင့်လွှတ်နော် ကြီးမေ. . လွန်း"

"ရပါတယ်. . . ကြီးမေကတော့ အားလုံးကို ခွင့်လွှတ်ပြီးသား"

"လွန်းကတော့ မကျေနပ်ဘူး"

"ရပါတယ်. . . သက်သက်စတာပါ ကိုအေးနိုင်"

"သွားမယ်နော် လွန်း"

"ဟုတ်. . "

ကိုအေးနိုင် ကားပေါ် ရောက်သည်နှင့် စူပါရှုပ်လေးသည် လေးမှ လွှတ်လိုက်သောမြားတံသဖွယ် ဆောင့်ထွက်သွားလေသည်။

မင်းဘုန်းထွဋ်တဲ့လား။





ဘယ်လိုလူစားလဲ။

စူးရဲသောမျက်လုံး၌ တစ်စုံတစ်ခု ပါဝင်နေသည်။ လွန်းကို ကြည့်သောအကြည့်က မစိမ်းကားဘူးဟု အလိုလို လွန်းသိနေသည်။

"ကောင်ကလေးက ဂွတ်ဆတ်ဆတ်လေး"

"အင်းနော်. . . သူ့ဂွတ်ရင် ကိုယ်က မာကျောပစ်လိုက်ရုံပေါ့"

"တော်စမ်း မရွှေလွန်း၊ ညည်းသတင်းကတော့ မွှေးပျံ့ပါပေ့၊ ဒါကြောင့် ပြောတာ၊ မိန်းမကောင်းပန်းပန် တစ်ပွင့်သာ တန်လို့တော့ ရည်းစားထည်လဲတဲ့သောမိန်းမလို့ မကျော်နေပေဘူးလား"

"အမှန်တရားက လောကကြီးမှာ တကယ်ရှိပါ့မလား ကြီးမေ"

"ဟဲ့. . . ရှိတာပေါ့"

"ဒီလိုဆို ပြီးတာပါပဲ"

"ခွေးမလေး"


လွန်းက ရယ်ရယ်မောမော အိမ်သံပန်းတံခါးကို ဆွဲပိတ်ကာ သော့ခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"ဂျလောက်. . ဂျလောက်. . ဂျလောက်"

"မရွှေလွန်း"

ခေါင်းလောင်းကို မတီးဘဲ သော့ခလောက်ကို တဂျောက်ဂျောက် လုပ်ကာ ခေါက်ပြီး ခေါ်ကာ မင်းဘုန်းထွဋ်ကို လွန်း မကျေမချမ်းဖြစ်သွားသည်။

"လာပြီ"

"လာမယ် သိလျက်နဲ့ ဘာဖြစ်လို့ သော့ခတ်ထားရတာလဲ"

"ဟုတ်တယ်. . . တံခါးကြီး ဟာလာဟာင်းလင်း ဖွင့်ပြီး ရှင့်





စောင့်ကြိုနေရမယ်ပေါ့"

"အဲဒီလိုဆိုရင် အကောင်းဆုံးပေါ့"

လွန်း မျက်စောင်းထိုးလိုက်မိသည်။ ညကတည်းက ဖုန်းက်ကာ မနက်ဖြန် ကိုးနာရီ ကျွန်တော်လာမည်၊ မရွှေလွန်း င်းခါး ချက်မယ် မဟုတ်လား၊ လာစားမယ်ဟု ပြောပြီး ဖုန်းချသူဖြစ်သည်။

သော့ဖွင့်အပြီး သူ့ဟာသူ သံပန်းတံခါးကို တွန်းကာ အိမ်သို့ ဝင်သွားသည်။

"ကြီးကြီးကော"

"ရိပ်သာသွားတယ်"

"ဩော်. . . ဒီနေ့ ဥပုသ်နဲ့ ရုံးပိတ်ရက် ကြုံတာကိုး. . . င်းပါတယ်၊ မရွှေလွန်းကော လိုက်မသွားဘူးလား"

"တရားရာတဲ့အရွယ် မဟုတ်သေးဘူး"

"ဒါပေမယ့် လိုက်သွားသင့်တယ်၊ အကုသိုလ်တွေ များနေသားလို့"

"ဘာ. . ."

"ဟုတ်တယ်လေ. . . လူတစ်ဖက်သားကို စိတ်ဆင်းရဲ ယ်ဆင်းရဲ ဖြစ်အောင် ဒုက္ခပေးတတ်တဲ့သူမျိုးမှ အကုသိုလ် းရပ် ဘယ်သူများမလဲ၊ မရွှေလွန်းစိတ်ကို တရားအမြိုက်ဆေးနဲ့ းကြောသင့်တယ်"

"ဒီမှာ မင်းဘုန်းထွဋ်"

"ရင်းနှီးသူအားလုံးက မင်းမင်းပဲ ခေါ်ကြပါတယ်"

"ရှင်နဲ့ကျွန်မ မရင်းနှီးဘူး"

"ဩော်. . . မရင်းနှီးသေးဘူးလား၊ ထားပါတော့. . . ခု



www.burmeseclassic.com

www.burmeseclassic.com



မရင်းနှီးပေမယ့် နောက်တော့ ရင်းနှီးသွားမှာပေါ့၊ ဒါထက် မုန့်ဟင်းခါး ကျက်ပြီလား"

လွန်း ရုတ်တရက် အဖြေမပေးနိုင်။ မနေ့ညနေကတည်း မုန့်ဟင်းခါး ချက်ရန် အဆင်သင့် ပြင်ဆင်ပြီးဖြစ်သည်။ ကြီးမေ အရုဏ်အတွက် သူ၏ဦးပဉ္စင်း တက်ပေးထားသော ဦးပုညကို က လေ့ရှိသည်။ ထို့အပြင် ဆွမ်းချိုင့်လည်း ပြင်ဆင်ပေးရသဖြင့် စော စွာပင် မီးဖိုချောင်ကိစ္စ ပြီးစီးလေ့ရှိသည်။

"ချက်တောင် မချက်ရသေးဘူး"

"မခွေလွန်းက ညာတတ်တယ်နော်၊ ရုပ်ရည်ကလေးနဲ့ ထင်တောင်မထင်ရက်စရာ"

"ဘာ. . . ရှင် သူများအိမ်ပေါ် တက်လာပြီး စော်ကား တာလား"

"ကျုပ်မှာ အဲ့ဒီလို ယုတ်ညံ့တဲ့စိတ်မျိုး မရှိဘူး"

"ထားပါတော့. . . ရှင်ခဏစောင့်၊ တော်ကြာ ကျွ သူငယ်ချင်းတွေ ရောက်လာလိမ့်မယ်၊ အဲဒီအခါမှ အတူတူ စား တာပေါ့"

"မလိုချင်ဘူး. . . ကျုပ် ဘယ်သူနဲ့မှ မရင်းနှီးချင်ဘူး ကိုပိုင်ဦးလို ပျော့ညံ့ညံ့လူစားမျိုးနဲ့ ကျုပ်ကို မနှိုင်းနဲ့၊ ရော့. . ခင်ဗျားအတွက် ပန်းစည်း၊ ဘုရားတင်လိုက်ပေါ့"

နှင်းဆီရောင်စုံကို ပလတ်စတစ်အိတ် အကြည်လေး ထည့်ကာ သေသပ်လှပစွာ ဖဲကြိုးအနီလေးဖြင့် စည်းနှောင်ထ သည်။

လွန်းလက်သို့ ကမ်းမပေးဘဲ စားပွဲပေါ်၌ တင်လိုက်သည်

"သွားမယ်"





"ဟင်. ."

အိမ်ရှင်ဖြစ်သော လွန်းစိတ်၌ အားနာမှုလေးတွေ ဖြစ်ထွန်း းသည်။

"မုန့်ဟင်းခါး စားမယ်ဆို"

"ခင်ဗျားမှ ကျွေးချင်တဲ့ဆန္ဒ ရှိပုံမရတော့ ကျုပ်က လိုက်သိရမှာပေါ့"

"မဟုတ်ပါဘူး. . . ဒါဖြင့် ခဏစောင့်၊ သွားနွှေးလိုက်ဦး မယ်"

"နေပါစေတော့. . . ကျုပ်က မျှော်လင့်စောင့်စားခြင်း တဲ့အလုပ်ကို သိပ်မုန်းတယ်"

ချာခနဲ လှည့်ထွက်သွားသည်။ သံပန်းတံခါးကို ဆွဲစေ့ပေး းသေးသည်။ ထို့နောက် လုံးဝလှည့်မကြည့်ဘဲ ထုံးစံအတိုင်း းကို ခပ်ကြမ်းကြမ်း မောင်းထွက်သွားလေသည်။

"ဘယ်လိုလူလဲ"


လွန်းသည် မင်းဘုန်းထွဋ်ဆိုသောသူနှင့်ကျမှ လက်မြှောက် တော့မည်လား။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

"ဘာလိုလိုနဲ့ လွန်းတောင် နောက်ဆုံးနှစ် ရောက်လာ
နော်"

"ကိုပိုင်ဦးလည်း ချိန်ဘာဆင်းဖြစ်မလား"

"ဆင်းမယ်"

"ဖြစ်ပါ့မလား"

အချစ်၏အလွမ်းအဆွေးဖြင့် ပိုင်စောဦး၏စာအုပ်များ
လည်း ရောင်းတန်းဝင် စာအုပ်များအဖြစ် ရောက်ရှိနေလေပြီ





"ဒါထက် စံရွှေကျော်တို့ သားဦးရတနာ ဖွားမြင်တဲ့သတင်း တွေ့ပြီးပြီလား"

"တွေ့ပါတယ်. . . မနေ့က ကြေးမုံသတင်းစာမှာ တွေ့လိုက်တယ်"

"လွန်း. . ဘယ်လိုမှ မခံစားရဘူးလား"

"ဟင့်အင်း. . . ကိုယ့်အတွက် အသုံးလိုမယ် ထင်ပြီး သူထားတဲ့ပစ္စည်းကို အသုံးဝင်တဲ့သူ တောင်းလိုက်တဲ့အခါမှာ အနှမြော အတွန့်အတိုမရှိ ရက်ရောစွန့်ကြဲလိုက်တဲ့သဘောမျိုးပေါ့ ကိုပိုင်ဦး"

"လွန်းက အသည်းမာတယ်နော်"

"ထင်လို့ပါ. . သာမန်လူသား အသည်းပါပဲ"

"ဒါနဲ့များ လွန်းနဲ့စံရွှေကျော် ချစ်သူတွေ ဖြစ်ခဲ့ကြတယ်နော်"

"ဒါကတော့ ချည်သေးလို့ ချားမလည်ဆိုသလိုပေါ့ ကိုပိုင်ဦးရယ်၊ ငယ်သေးတော့ နားမလည်တဲ့အချစ်ကို လက်တည့်စမ်းသားခဲ့မိလို့ ရည်းစားထားမိခြင်း ဆိုတဲ့ဂုဏ်ပုဒ်သာ အဖတ်တင်သွားတယ်"

"လွန်းနဲ့ ပတ်သက်ပြီး စံရွှေကျော် ကျွန်တော့်ကို အထင်လွဲသွားတယ်"

"ဟင်. . ."

"ဟုတ်တယ် လွန်း၊ ဒါကြောင့် ကျွန်တော် သီးသန့်တိုက်ခန်းငှားနေတဲ့အထိ ဖြစ်သွားရတာ"

"သြော်. . ."

ကိုပိုင်ဦးသည် မျိုသိပ်နိုင်စွမ်း ရှိသူတစ်ဦးပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လွှန်းနဲ့ ခင်ခင်မင်မင် ဆက်ဆံနေတဲ့ကိစ္စကို သူ ကန့်ကွက်တယ်"

"ဘာဆိုင်လို့လဲ"

"ကျွန်တော်လည်း အဲဒီလိုပဲ ခံယူပါတယ်၊ လွှန်းကို ကျွန်တော် ခင်တယ်၊ မိတ်ဆွေတစ်ယောက်၊ အဲ. . . ညီမ အစ်မ မရှိတဲ့ ကျွန်တော့်အတွက် ညီမတစ်ယောက်လို ချစ်ခင်မိတာ အမှန်ပဲ၊ နောက်ပြီး လွှန်းက ကျွန်တော့်မေမေနဲ့ ဆင်တယ်၊ ဒါကြောင့် ကျွန်တော် လွှန်းကို ဓါတ်ပုံမှာ မြင်ရကတည်းက ခင်မင်ချင်နေခဲ့မိတယ်၊ စံရွှေကျော်က မိတ်မဆက်ပေးခဲ့ဘူး"

"ဒီအကြောင်းတွေကို အခုမှ ဘာဖြစ်လို့ ပြောတာလဲ ကိုပိုင်ဦး"

"စံရွှေကျော်နဲ့ လွှန်းတို့ လမ်းခွဲမှုဟာ အပြီးတိုင် သေချာသွားပြီလို့ အခုမှ ယူဆမိတဲ့အတွက်ပါ"

"သြော်. . . ကိုပိုင်ဦးရယ်"

လွှန်းက ညည်းတွားလိုက်မိသည်။ မလှမ်းမကမ်း၌ ထိုင်နေကြသော ကြည်ပြာတို့က ထလာပြီး. . .

"ပြန်ကြရအောင်"

"အင်း. . . ကိုပိုင်ဦးကော"

"ကျွန်တော် ထိုင်နေချင်သေးတယ်"

"ဆောင်းညရဲ့အအေးဒဏ်ကို ကိုပိုင်ဦး ခံချင်လို့လား"

"ရပါတယ်. . . ခံနိုင်ပါတယ်"

"ဒီလိုဆိုရင်လည်း လွှန်းတို့ ပြန်မယ်၊ သိပ်ကြာကြာမနေနဲ့နော်၊ ခုနစ်နာရီလောက်ဆိုရင် လွှန်း ဖုန်းဆက်ကြည့်မယ်"

"ကောင်းပါပြီ"





လွှန်း သူငယ်ချင်းများကို ကားပေါ် တင်ကာ ပြန်ခဲ့လေသည်။

"ရှင်တို့အခြေအနေက ဒီလိုပဲ အီလေးဆွဲနေတော့မှာလား"

"မြှင်းက မလှုပ်၊ ခုံက လှုပ်လို့ရမလားဟယ်"

"ရှင်က သူ့ကို လက်ခံဖို့ စဉ်းစားထားလို့လား"

"ကျုပ်စိတ်ထဲမှာ သူ့ကို ကျုပ်လက်ခံနိုင်တယ်လို့ ယူဆနေမိတယ်"

"သူ လက်ထပ်လို့ ရပ့်ါမလား"

"လက်ထပ်တဲ့အထိ ကျုပ်မတွေးဘူး၊ အချစ်မှာ လက်ထပ်ခြင်းဟာ ဒွန်တွဲပါနေတယ်ဆိုပေမယ့် တစ်ခါတစ်ရံ လက်မထပ်ဘဲ အချစ်ကို ရှင်သန်စွာနဲ့ နားလည်စွာ ခိုင်မြဲသွားတတ်တဲ့အခါလည်း ရှိကောင်းရှိနေမှာပါ"

"ကျုပ်တော့ မျက်စိလည်. . . အဲ. . နားမလည်နိုင်အောင် ဖြစ်သွားပြီ လည်လွှန်းရာ"

"ကလေးက အသာနေ၊ စာကြမ်းပိုး ရှင်က တစ်ခါတစ်ခါ မျက်စိစမ်းဖို့လောက်ပဲ သိသင့်တယ်"

"ကောင်မစုတ်"

"ဒီလိုဆို ရှင်က သူ့ကို ချစ်နေတယ်ပေ့ါ ဟုတ်လား လည်လွှန်း"

သွယ်ထားက အချဉ်ထုပ်ကို ဖောက်စားရင်းမှ မေးလိုက်သည်။ လွှန်းက. . .

"သနားကြင်နာခြင်းဟာ အချစ်ရဲ့ဖွားဘက်တော်ဆိုရင်တော့ ကျုပ် သူ့ကို ချစ်နေတာ ကျိန်းသေတယ်"

"ဗုဒ္ဓေါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သေကာနီးဆဲဆဲ လူမမာတစ်ယောက်ကို ချစ်ဝံ့တဲ့သတ္တိ ရှင့်မှာ ရှိတာ•အံ့ဩပါရဲ့"

"သွယ်ထား. . . ရှင့်ပါးစပ်ပိတ်ထား၊ အဲဒီလို မပြောနဲ့ ဟယ်၊ မကြာခင် လန်ဒန်မှာ သွားခွဲစိတ်ကုသတော့မှာ"

"ဟုတ်လား"

"သူ့အဖေက ဖွတ်စီစဉ်နေတယ်၊ သူက အဲဒီငွေနဲ့ ဒီမှာပဲ လှူဒါန်းပစ်လိုက်ချင်တယ်တဲ့၊ သူတို့သားအဖ ညှိနေကြတယ်"

"လူမသေ ငွေမရှားပါဘူးဟယ်၊ ရှင်ကကော သွားကုသဖို့ တိုက်တွန်းပါလား"

"အင်း. . . သူ ခွဲစိတ်ကုသခွင့်ရလို့ ကောင်းသွားမယ် ဆိုတာ (၅၀)ရာခိုင်နှုန်းဆိုတော့ ကျုပ် မတိုက်တွန်းဝံ့ဘူးလေ၊ တော်ကြာ ထိုင်နေတော့ အကောင်းသား၊ ထသွားမှ အကျိုးဖြစ်နေရင် မခက်ပေဘူးလား"

"ဟူး. . . ဟုတ်ပါရဲ့၊ သူပျော်သလိုသာ နေပါစေတော့၊ အဲဒါ အကောင်းဆုံးပဲ"

"ဟုတ်တယ်နော်"

"ဟဲ့. . . ရှင့်နောက်က ကားကို သတိထားကြည့်လိုက်စမ်း"

ကြည်ပြာ ပြောလိုက်သောအခါ လွှန်းက ကားနောက် ကြည့်မှန်မှတဆင့် ကြည့်လိုက်သည်။

"တောက်လျှောက်ပဲ လိုက်လာတာ ရှင်သိလား"

"ဟင့်အင်း"

လွှန်း သိပါသည်။ သို့သော် ညာလိုက်သည်။ မင်းဘုန်းထွဋ်နှင့် ပတ်သက်ပြီး လွှန်းသည် သူငယ်ချင်းများကို ပြောပြမထားခဲ့။ အဘယ့်ကြောင့်ဆိုသော် သူနှင့် ပတ်သက်လာလျှင် လွှန်းသည်





အမြဲရှုံးနိမ့်ခဲ့ရသောကြောင့် ဖြစ်သည်။

"ပုံစံကတော့ ခပ်မိုက်မိုက်ပဲ"

"အရေးလုပ်မနေပါနဲ့"

လွှန်း ကားကို ဟွန်းပေးကာ အတင်းဖြတ်ကျော်သွားသည်။

လွှန်း သက်ပြင်းချလိုက်သည်။ လွှန်းထံသို့ တစ်လတစ်ခါ လောက် ရောက်လာတတ်သည်၊ ရောက်လာသည့်အခါတိုင်း ပန်း စည်းတစ်စည်း ပါလာတတ်သည်။

တစ်ခါတစ်ရံ ကြီးမေနှင့် စကားပြောပြီး ပြန်သွားတတ် သည်။ လွှန်းကို တစ်ခါမှ မမေး။

တစ်ခါတစ်ရံ ကြီးမေ မရှိပါက. . .

"လူကြီးမရှိရင် တံခါးမဖွင့်နဲ့တော့၊ ကျုပ်လာသွားတယ်လို့ သာ ကြီးကြီးကို ပြောလိုက်. . . ပန်းထားခဲ့တယ်"

သံပန်းကြား ပန်းစည်းညှပ်ထားခဲ့ပြီး ပြန်သွားတတ်သည်။

လွှန်း သူနှင့် ပတ်သက်လာလျှင် ခံပြင်းသည်။

လွှန်း၏ကိုကိုဇော်သည်လည်း သင်တန်းဆင်းပြီးသွားပြီး ရမည်းသင်းမြို့တပ်၌ တာဝန်ထမ်းဆောင်နေလေသည်။ မကြာခင် မှ အလယ်တန်းပြဆရာမတစ်ဦးနှင့် ရည်ငံမိကြပြီး လက်ထပ်ပေး ရန် ကြီးမေထံသို့ တင်ပြလာသည်။ ကြီးမေ ညီမဝမ်းကွဲတစ်ဦးကို အဖော်ခေါ်ကာ ချက်ချင်းလိုက်သွားလေသည်။

"အရမ်းကာရော လက်ထပ်ပေးလို့ ဘယ်ဖြစ်မလဲ၊ နည်း နည်းပါးပါးတော့ စုံစမ်းရဦးမှာပေါ့"

"ဟဲ့. . . လည်လွှန်း၊ ရှင့်အစ်ကို့ကို တစ်ခါတည်း လက် ထပ်ပေးခဲ့မှာလား"

"ဘယ်ကလာ. . . ကြီးမေအကြောင်းလည်း သိသားနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေက အကျင့်စာရိတ္တမျိုးရိုးကို ကြည့်ဦးမှာ”

“ရှင့်အစ်ကိုကော လက်ခံမလား”

“လက်ခံမခံတော့ မသိဘူး၊ ဒါပေမယ့် ကိုကိုက ကြီးမေကို သိပ်ချစ်တယ်၊ ကြီးမေစကားလည်း အမြဲနားထောင်တတ်သူပဲ၊ ကျုပ်ကတော့ ကိုကို့ရည်းစားဟာ ကြီးမေ သဘောကျတဲ့သူ ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်”

“အင်း. . . ကိုကိုဇော်ကလည်း လွန်ကိုလွန်ပါတယ်၊ ကျုပ်တို့ ကျောင်းပြီးအောင်များ စောင့်ပါဦးတော့လား”

“အေးလေ သွယ်စဝါးရယ်၊ နင့်ကို ယူရင် သုံးယောက်စာ ကျွေးရမှာစိုးလို့ မယူတာက ထားပါတော့၊ နဂါးကိုတော့ စဉ်းစား သင့်တာပေါ့”

“ကောင်မစုတ်တော့. . .”

လွန်းက ရယ်ရင်း. . .

“ဟုတ်တယ်. . . ဟိုမှာ အခြေအနေ မကောင်းရင် နဂါးနဲ့ ပေးစားမယ်၊ အားလုံးသဘောတူရဲ့လား”

“တူပါတယ်”

“ကန့်ကွက်မဲ မရှိ ထောက်ခံ၏”

“ကောင်မစုတ်တွေ စဉ်းစားဦး၊ ကျုပ်လို နုနုထွတ်ထွတ် လေးကို ကိုကိုဇော်လို ရည်းစားတစ်ခုလပ်ကြီးနဲ့ သင့်တော် မသင့် တော်၏ဆိုတာ”

“ဟဲ့. . . အမူလွန်မနေနဲ့၊ ကျုပ် စိတ်ပြောင်းသွားလို့ ကျန်ရစ်ဖြစ်နေဦးမယ်”

“ဖြစ်ဖြစ်. . . ရှင့်ကို သူငယ်ချင်း တော်ရတာတောင် ကျုပ် နဂါးဖြစ်ရပြီ၊ ယောက်မသာ တော်ရရင်တော့ အစွယ်ပေါက်လာ





မလားပဲ”

“ဒီလောက်တောင် မေတ္တာထားရသလား ခွေယောက်မ နဂါးရယ်”

“သေနာ ကောင်စုတ်”


လွန်းတို့တတွေ လွတ်လပ်ပေါ့ပါးစွာပင် ရယ်လိုက်ကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၆)

"ဂျလောက်. . . ဂျလောက်. . . ဂျလောက်"

လွန်း မီးဖိုခန်းထဲမှ အပြေးအလွှား ထွက်ခဲ့လိုက်သည်။ လက်သံရှင်ကို အတပ်သိနေလေပြီ။

"မရွှေလွန်း တံခါးမြန်မြန်ဖွင့်"

"ဘာကိစ္စလဲ. . . ကျွန်မတစ်ယောက်တည်း"

"သိတယ်. . . ခင်ဗျားကို ကျုပ်မကိုက်စားဘူး၊ အရေးကြီးတယ်"

လွန်း တွေဝေသွားသည်။ သူသည် လွန်းကို ကြိုက်သည့်





လူစားမဟုတ်။ ပြီးတော့ ကိုအေးနိုင်၏ညီဝမ်းကွဲလည်းဖြစ်သည်။ ယုံကြည်စိတ်ချရသော လူစားဖြစ်သည်။ ထို့ကြောင့် . . .

"ဘာအရေးကြီးတာလဲ"

လွန်း သော့ဖွင့်ပေးရင်း မေးလိုက်သည်။

"ကြီးကြီး ဘယ်အချိန်က ထွက်သွားတာလဲ"

"မနက်ကပဲ"

"ကားနဲ့ မဟုတ်လား"

"ဟုတ်တယ်. . . ရန်ကုန်မန်းနဲ့"

"ဒီလိုဆိုရင် သေချာပြီ"

လွန်း ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ စိတ်လှုပ်ရှားမှုက အထွတ်အထိပ်သို့ ရောက်ရှိလာသည်။

"ဘာသေချာတာလဲ"

"ကားမှောက်တဲ့ထဲ ပါသွားပြီ"

"ရှင်. . ."

"ကျွဲပွဲမှာ ကားမှောက်လို့တဲ့"

"ရှင်. . ဟို. ."

"ဟုတ်တယ်. . . ဒီက မနက်ခြောက်နာရီထွက်တဲ့ ဒဂုံမင်းကားပဲ"

"ဟင်. . ဘုရား. . ဘုရား. . ကြီးမေ. . ကြီးမေနဲ့ ဒေါ်သန်းရှင်တို့"

"ပဲခွယ်ကုန်းဆေးရုံနဲ့ ဖြူးမှာ တင်ထားရတယ်တဲ့"

"ဘုရား. . ဘုရား. . ကျွန်မဆီ ဘာဖြစ်လို့ အကြောင်းမကြားတာလဲ"

"ကြားမှာပါ. . . ခင်ဗျားက အိမ်မှာ ရှိလို့လား၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတစ်ယောက်လည်း ပါသွားလို့ ကျုပ်ဆီကို ဖုန်းဝင်တယ် တစ်နေ့က ကြီးမေလည်း ဒီနေ့ သွားမယ်ဆိုတာ ပြောဖူးတာ ကျုပ် သတိရလို့ ခင်ဗျားကို လာပြောတာ၊ ကျုပ်တော့ အခု ညတွင်းချင်းပဲ လိုက်သွားမယ်၊ သွားမယ်. . . ခင်ဗျား ဘာမှာဦးမလဲ"

"ရှင်. . ရှင် ခဏနေပါဦး"

ပြောပြောဆိုဆို လှည့်ထွက်သွားသည့် မင်းဘုန်းထွဋ်အား လွှန်း တားဆီးလိုက်မိသည်။

"ဘာလဲဗျ. . . အရေးကြီးတဲ့ သေရေးရှင်ရေးကိစ္စမှာ အချိန်ဟာ ရွှေ၊ အချိန်ဟာ ငွေတဲ့ဗျ"

"ကျွန်မ. . ကျွန်မလည်း လိုက်မယ်"

"ဗျာ. ."

"ကျုပ်က တစ်ယောက်တည်း သွားမှာဗျ၊ ခင်ဗျားပါနေရင် ကျုပ်အတွက် အနှောင့်အယှက်ဖြစ်တယ်၊ မနက်ရောက်မှ လိုင်းကားနဲ့ လိုက်ခဲ့ဗျာ"

"နေပါဦး. . . လူတစ်ဖက်သားကို ကူညီတတ်တဲ့စိတ် ရှင့်မှာ မရှိဘူးလား"

မင်းဘုန်းထွဋ် ပခုံးတွန့်လျက်. . .

"ဒါဖြင့် ခင်ဗျားသဘောပဲ၊ လိုက်ချင်ရင် မြန်မြန်လုပ် အင်္ကျီသုံးလေးစုံလောက် ထည့်ခဲ့ဗျာ၊ ကျုပ် မီးဖိုဘက်က တံခါးနဲ့ မီးတွေ သွားပိတ်လိုက်မယ်"

လွှန်း၌ စဉ်းစားချိန် မရချေ။ အဝတ်သုံးလေးစုံကို ခရီးဆောင်အိတ်ကလေးထဲ ထည့်လိုက်သည်။ မျက်နှာသုတ်ပုဝါနှင့် သွားတိုက်ဆေး၊ သွားပွတ်တံကိုတော့ မမေ့မလျော့ ထည့်လိုက်သည်။

အိပ်ခန်းပြတင်းပေါက်များကိုလည်း ပိတ်လိုက်သည်။





"တံခါးတွေ ပိတ်ခဲ့ဦး"

"သိတယ်"

အရေးထဲ ဆရာလုပ်နေသေးသည်။

"ပြီးပြီလား. . သွားမယ်. . ကြာလိုက်တာ"

"ပြီးပြီ. . မီးဆွဲချခဲ့ဦးမယ်"

"ရတယ်. . . ခင်ဗျားကိစ္စပြီးရင် သော့ယူပြီးမပြီး မှတ်ပုံတင် ပါမပါ စစ်ဦး"

"ဩော်. . . ဟုတ်သားပဲ"

လွှန်း သောကနှင့် ပျာလောင်ခတ်ရပေပြီ။ မျက်နှာကြောတည့်သူ၏အပြောကို ခံနေရပေပြီ။

"ဘုရား. . ဘုရား. . ကြီးမေတို့ ဘာမှမဖြစ်ပါစေနဲ့"

အိမ်အထွက်၌ ခလုတ်က တိုက်ရသေးသည်။ ခြေမ သွေးစို့သွားသည်။ နိမိတ်မကောင်းခြင်း မဖြစ်ပါစေနဲ့။ မတော်တဆဖြင့် ဖြစ်ပါစေ။ သူကတော့ လွှန်းကားပေါ်သို့ ရောက်သည်နှင့် သူ့ထုံးစံအတိုင်း ကားကို ဆောင့်မောင်းထွက်ခဲ့လေသည်။

"ဖြည်းဖြည်းမောင်းပါ. . . တစ်ပူပေါ် နှစ်ပူနေဦးမယ်"

"သေရမှာ ကြောက်သလား"

"မကြောက်ပါဘူး. . . မွေးကတည်းက သေခြင်းမှတ်တိုင်ကို လျှောက်နေရတဲ့သူတွေပဲ၊ ဒုက္ခိတဘဝကိုတော့ မလိုလားဘူး"

"နှလုံးသား ဒုက္ခိတတွေကိုကောဗျာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့. . . ကိုယ့်ကြောင့် နှလုံးသား ဒုက္ခိတ ဖြစ်သွားသူတွေကိုကော ကိုယ်ချင်းစာနာတတ်ရဲ့လား"

"ဘာမှမဆိုင်တာတွေ ပြောမနေနဲ့၊ ကျွန်မကြောင့် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရတဲ့လူတွေ မရှိသေးဘူး၊ ကိုင်း . . ကျွန်မ အေးအေးဆေ
ဆေး ဘုရားစာရွတ်ရင်း ကြီးမေတို့အတွက် ဆုတောင်းချင်တယ်

"ကောင်းပြီ"

သူ့ထံမှ အသံတိတ်ဆိတ်သွားသည်။ မှောင်ရီပျိုးသော
နေဝင်ရီတရောကာလ၏အလှတရားတို့သည် လွန်း၏စိုးရိမ်ပူပန်
အောက်ဝယ် ပျောက်ကွယ်သွားလေတော့သည်။

"မချွေလွန်း"

"ပြော . ."

"ခင်ဗျား ထမင်းမစားခဲ့ရသေးဘူး မဟုတ်လား"

"ဟုတ်တယ်"

"သိတယ် . . . မီးဖိုချောင်မှာ တိုးလိုးတန်းလန်းတွေနဲ့"

"ခုပဲ စားမလို့ လုပ်နေတာ"

"ကျွတ် . . . ခင်ဗျားဆာနေမှာပေါ့၊ ရော့ . . . အဲဒီအိတ်ထ
မှာ မုန့်တွေ ရှိတယ်၊ လိမ္မော်သီးကောပဲ . . . ယူစား၊ တစ်ကားတည်
တစ်ခရီးတည်း သွားရသူချင်း ရိုင်းပင်းရမှာပေါ့"

သူလှမ်းပေးသောအိတ်ကို ယူကာ ဘေး၌ ချထားလိုက်
သည်။

"ကျေးဇူးပဲ . . . ဆာတော့မှ စားမယ်"

သူသည် ထိုအချိန်မှစ၍ စကားလုံးဝမပြောတော့ချေ။

သို့ဆိုပြန်တော့လည်း လွန်း ပျင်းသလိုလိုတော့ ရှိလာ
သည်။ ဘုရားစာများသည် တောင်ရောက်မြောက်ရောက်နှင့် . .

အောင်မြင်စာပေ




အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၇)

"ဟော့. . . ရောက်ပြီ. . . ထတော့"

လွန်း အိပ်မှုန်စုံမွှားဖြင့် လူးလဲထလိုက်သည်။ နောက်ခန်း၌ ခွေခွေခေါက်ခေါက် အိပ်ပျော်သွားခဲ့မိသည့်အဖြစ်ကို ရှက်ရွံ့သကဲ့သို့ ခံစားလိုက်ရသည်။

"ဟင်. ."

လွန်းအတွက် ထူးဆန်းနေသည်။ ဆေးရုံအဆောက်အအုံ မဟုတ်။ အိမ်ကြီးတစ်လုံးဖြစ်သည်။ ခြံနှင့်ဝင်းနှင့် ဆိတ်ငြိမ်နေသော





မ်ကြီးဖြစ်သည်။

ပေါ်တီကို၌ ထွန်းထားသော မီးလုံး၏မှုန်ပျပျအောက်ဝယ် န်း ကားပေါ်မှ ဆင်းရင်း. . .

"ဘယ်ကို အရင်လာတာလဲ၊ ဆေးရုံကော မသွားဘူးလား"

"ဝင်ခွင့်မပေးနိုင်သေးဘူးတဲ့. . . မိုးလင်းမှ တွေ့ခွင့်ရမယ် ့"

"ဪ. . ."

"ဒါ ကျုပ်တို့ဘကြီးအိမ်ပဲ၊ ဒီညတော့ ဒီမှာ အိပ်ရမှာပဲ. . ာ. . ."

တံခါးလာဖွင့်ပေးသူမှာ ရုပ်ရည်ကြမ်းကြမ်းနှင့် လူဆိုးပုံ ါက်နေသည်။

လွန်း နာရီကြည့်လိုက်သည်။ ည၉နာရီထိုးလုလု ဖြစ်နေ ည်။

အဖော်မပါဘဲ ထွက်လာခဲ့မိခြင်းအတွက် နောင်တရသွား ည်။ သို့သော် မင်းဘုန်းထွဋ်ကို သံသယ မဝင်မိပါချေ။ အဘယ့် ကြောင့်ဆိုသော် မိန်းကလေးတစ်ယောက် အားငယ်နေရှာမလား လားညာလား ဘာမှမတွေးဘဲ အိမ်ထဲသို့ တန်းဝင်သွားသည်။

"တော်တော်အားကိုးရတဲ့လူ"

"ဘာ. . ဘာပြောလိုက်တယ် ကလေးမ"

"ဟို. . ဟို. . ဘာမှမဟုတ်ဘူး"

"မဟုတ်ရင် ဝင်. . ငါအိပ်ချင်ပြီ"

လွန်း ကမန်းကတန်း အိမ်ပေါ် ပြေးတက်ခဲ့လေသည်။ ကြမ်းရုံတင်မက စိတ်ပါ ကြမ်းတမ်းပုံရသော လူကြီးကြောင့် ျာချမ်းရသည်။ အဘယ်မျှ သတ္တိကောင်းသည်ဆိုစေကာမူ



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းတစ်ရံဆံနှင့် မရောက်ဖူးသော ဒေသစိမ်း၌ လွန်း အားငယ်မိသည်။

"ဦးမှုန်. ."

"ဝေ့. . ကလေး"

"ဘယ်မလဲ အခန်းပြင်ထားတာ"

"အပေါ်ထပ်မှာ"

"ကောင်းပြီ. . . ခင်ဗျားသွားအိပ်တော့"

"အေး. ."

ဦးမှုန်ဆိုသူသည် အိမ်နောက်ဖေးဘက်သို့ ဝင်သွားသည်။

ဒီအိမ်ထဲမှာပဲ အိပ်သလားဟု လွန်း တွေးကာ ကြောက်ရွံ့မိသည်။

"တစ်ခုခု စားဦးမလား"

မင်းဘုန်းထွဋ်က ရေနွေးငုံ့သောက်ရင်းမှ မေးလိုက်သည်။

"ဟင့်အင်း"

"ခင်ဗျား မအိပ်ချင်သေးဘူး မဟုတ်လား"

"အင်း. ."

"ဒါပေါ့. . . ကြီးတော်အတွက် တော်တော်သောကဖြစ်ပုံရတယ်၊ တစ်လမ်းလုံး အိပ်လာလိုက်တာ၊ ကျုပ်က အသက်မှ ရှိသေးရဲ့လားလို့"

"ဘာ. ."

"ကိုင်းဗျာ. . . ခင်ဗျားဘာမှစားခဲ့ပုံမရဘူး၊ တစ်ခုခုတော့ စားပါ၊ ကျုပ်မလုပ်ပေးတတ်ဘူး၊ ကျုပ်တော့ ညောင်းတယ်၊ အညောင်းဆန့်ချင်ပြီ. . . ဂွတ်နိုက်"

ပြောပြောဆိုဆိုနှင့် အပေါ်ထပ်သို့ တက်သွားလေသည်။





အိမ်ကြီးတစ်လုံးဖြစ်သည်။ ကြည့်ရသည်မှာ အခိုင်အခံ့နှင့် သည်ကြီးမားသောအိမ်မျိုးဖြစ်ရာ ရှေးသူဌေးကြီးများအိမ်နှင့် တူလေသည်။

"နေဦး"

"ဘာလဲ"

လှေကားတဝက်မှ သူ ရပ်မေးသည်။

"ကျွန်မ ဘယ်မှာ အိပ်ရမလဲ"

"ကျုပ်နဲ့"

"ဘာ. ."

လွန်း ဒေါသအိုး ပေါက်ကွဲသွားသည်။

"ခင်ဗျားဟာ လည်မလိုလိုနဲ့ တော်တော် အ,တာပဲ"

"ဘာ. . ."

"ဟုတ်တယ်. . . ခုထက်ထိ ဘာမှ သဘောမပေါက်သေးဘူးလား"

"ရှင်. . . ရှင်. . ."

"ခင်ဗျားကို ကျုပ် လှည့်စားခေါ်ဆောင်လာတာ"

"ဘာ. ."

လွန်းတစ်ကိုယ်လုံး အေးခဲတောင့်တင်းသွားသည်။ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်ခြင်းတို့ ဖြစ်မိလေသည်။

"ဒီအိမ်ကြီးက ဂျပန်ခေတ်ထဲက အိမ်ကြီး၊ သရဲခြောက်တယ်၊ ဘယ်သူမှ မနေရဲကြလို့ ကျုပ် ဈေးသက်တောင့်သက်သာနဲ့ အချောင်နီးပါး ရလို့ ဝယ်ထားတာ ဦးမှုန်ရဲ့အဘိုးလက်ထက်ကပါတော့၊ ဦးမှုန်က လူသေမှုနဲ့ ထောင်ကျခဲ့တာ၊ ခုတော့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာပြီး ကျုပ်အဘိုးရဲ့လူယုံတော် ဖြစ်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ခု ကျုပ်လူယုံတော်ပဲ၊ ကျုပ်အတွက်ဆိုရင် လူသတ်ပေးဖို့တောင် ဝန်မလေးတဲ့လူစားဗျ"

"ရှင် ဘာတွေပြောနေတာလဲ"

"ဩော်. . . ခင်ဗျားနဲ့ အနီးကပ်ဆုံး နေရမယ့် အဖော် အကြောင်း သိထားသင့်တယ်လို့ပါ၊ ကိုင်း. . . လာဗျာ၊ ကျုပ်အိပ်ချင်ပြီ"

"ဘာ. . ."

လွန်းအသားတွေ တဆတ်ဆတ် တုန်သွားသည်။ တစ်ဆက်တည်း မျက်ရည်တို့က ပိုးပိုးပေါက်ပေါက် ကျလာသည်။

အိမ်ကြီး၏အနေအထားကို ဝေ့ဝဲကြည့်လိုက်သည်။ လွတ်မြောက်ရေးလမ်းစကို အခိုင်အခန့် ရှိနေသော သံတိုင်ပြတင်းပေါက်များ၊ ကြေးသော့ခလောက်ကြီးများက လှောင်ပြောင်နေသည်။

နံရံပေါ်၌ ရှိနေသော တောကောင်များ၏ ဦးချို သားရေထည်များက ချောက်ချားစရာကောင်းနေသည်။

မီးဖိုဘက်သို့ မျက်စိကစားလိုက်သည်။ မှောင်မိုက်နေသည်။ လွန်း မသွားရဲ၊ ဦးမှုန်နှင့် ဘွားခနဲ တိုးမှာ စိုးရိမ်နေသည်။

မုဆိုး၏ထောင်ချောက်အတွင်း သက်ဆင်းရသော သားကောင်ပမာ လွန်း ကြောက်ရွံ့တုန်လှုပ်မိသည်။

လှေကားကြီးဆီသို့ လှမ်းကြည့်လိုက်သည်။

မင်းဘုန်းထွဋ် မရှိတော့။

ထိုအချိန် လျှပ်စစ်မီး ဖြတ်တောက်သွားသည်။

"အို. . ."

လွန်းတစ်ကိုယ်လုံး မွေးညင်းစိမ်းတို့ ထောင်ထသွားသည်။ မီးဖိုဆောင်မှ မီးရောင်ဘွားခနဲ ပေါ်လာသည်။





"အောင်မယ်လေး"

ဦးမှုန်၏ ကြောက်လန့်ဖွယ်ရာ မျက်နှာကြီး ဘွားခနဲ ပေါ်လာသည်။

"ဘာလဲ ကလေးမ၊ မတက်သေးဘူးလား၊ ကျုပ် ချီပို့ပေးရမလား"

"ဟင့်အင်း. . . ဟင့်အင်း"

လွန်း ကြောက်လန့်တကြား ခေါင်းခါယမ်းပြီး မှုန်ပျပျ မီးအိမ်၏အလင်းရောင်အောက်က လှေကားပေါ်သို့ ပြေးတက်ခဲ့လေသည်။

ဆောင်းတွင်းအိပ်မက်လေလား။

အသင့်ပွင့်နေသော အခန်းတစ်ခုသို့ ဇွတ်ဝင်လိုက်သည်။


ကြေးဆီမီးထွန်းတိုင်၌ ဝါဆိုဖယောင်းတိုင် ထွန်းထားသည်။

ပိုးဖဲကတ္တီပါတို့ဖြင့် ဖိတ်ဖိတ်တောက်နေသော နှစ်ယောက်အိပ် ကုတင်ကြီး။ ထိုပေါ်၌ လူတစ်ယောက်သည် ဖက်ခေါင်းအုံးကို ဖက်ကာ အိပ်နေသည်ကား မင်းဘုန်းထွဋ်။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

တစ်ညလုံး အိပ်ခန်းထဲ ဒရင်းဘက်ပေါ်တွင် ထိုင်ရင်း မိုးစင်စင်လင်းခဲ့သည်။

မင်းဘုန်းထွဋ်ဟူသော မင်းသားခေါင်း ဆောင်းထားသည့် ဘီလူးကတော့ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲဖြစ်သည်။

ခြင်လုံတံခါး၊ မှန်တံခါးနှင့် သံတိုင်ဟူ၍ စည်းသုံးတန်ရှိသောပြတင်းပေါက်မှ ပတ်ဝန်းကျင်သို့ ငေးမျှော်ကြည့်လိုက်သည်။ သစ်ပင်ကြီးများ အုံ့ဆိုင်းနေသည်။ အုတ်နံရံက လူတစ်ရပ်ကျော်





မက မြင့်မားရုံမက အပေါ်၌ မှန်ကွဲစများ၊ သံဆူးကြိုးများ ဝန်းရံထားသေးသည်။

လွှန်း သက်ပြင်းချလိုက်သည်။

ပြဿနာတစ်ရပ်ကို ခေါင်းအေးအေးထားပြီး ရင်ဆိုင်ရန်ဖြစ်သည်။

လွှန်း ရေချိုးခန်းနှင့် အိမ်သာ တွဲလျက်ရှိနေသော အခန်းတွင်း ဝင်လိုက်သည်။ ထိုအခန်းသည်လည်း ထုနှင့်ထည်နှင့် အခိုင်အခံ့ ရှိနေလေသည်။

ရေမိုးချိုး ကိုယ်လက်သန့်စင်ခြင်းအမှုကို ပြုလုပ်လိုက်သည်။ အတန်ငယ် လန်းဆန်းသွားသည်။

ရေချိုးခန်းထဲမှ ထွက်လာသည့်တိုင်အောင် ကိုယ်တော်ချောက မနိုးသေးချေ။

လှုပ်နှိုးလိုက်ရလျှင် ကောင်းမည်လား။ အိပ်ပျော်နေသောတောဘုရင်ကို မစတာ အကောင်းဆုံးဖြစ်မည်ဟု လွှန်း သဘောပေါက်မိကာ ငြိမ်သက်နေလိုက်သည်။

ခက်သည်က လွှန်းသည် အိပ်ခန်းတံခါးကို ဖွင့်၍ အပြင်မထွက်ရဲ။

ဦးမှန်နှင့် ရင်ဆိုင်ရမှာ ကြောက်သည်။

နောက် ညက တရှဲရှဲ ဟူသောမြွေတွန်သံများက လွှန်းအား တဆတ်ဆတ် တုန်ယင်စေရန် နှိပ်စက်လျက်ရှိခဲ့သည်။

ဤအိမ်အိုအိမ်ဟောင်းကြီးနှင့် သစ်ပင်အိုကြီးများကြားတွင် မြွေမရှိဘူးဟု မပြောနိုင်။

လွှန်း သရဲတစ္ဆေ မကြောက်၊ လူဆိုးနှင့်မြွေကို ကြောက်သည်။ မြွေဆိုလျှင် ပုံကြည့်ရုံမျှဖြင့် အသည်းအူများ ယားကာ အန်



www.burmeseclassic.com

www.burmeseclassic.com



ချင်သလိုလို ဖြစ်လာတတ်သည်။

ထိုအညာကို မင်းဘုန်းထွဋ် သိမှာ စိုးရိမ်ရသည်။ လွန်း တတ်နိုင်သမျှ ပရိယာယ်သုံးကာ လွတ်မြောက်ရေးလမ်းစ ရှာရမည်။

မင်းဘုန်းထွဋ်ကို အကြမ်းသုံး၍ ရမည်မဟုတ်ဟု လွန်း သဘောပေါက်သည်။

"အား. . . အိပ်လို့ကောင်းလိုက်တာ၊ ဩော်. . . ခင်ဗျား တောင် နိုးနေပြီကိုး"

"မနိုးဘူး. . . တရေးမှ မအိပ်တာ"

"ကျွတ်. . ကျွတ်. . သနားစရာ၊ ဘာဖြစ်လို့လဲ. . . ကျုပ်ကို ကြောက်လို့လား"

"ဝေးသေး"

"ဒါဖြင့်. ."

"ကဲပါ. . . စကားရှည်ရှည်ဝေးဝေး ပြောမနေနဲ့၊ ကျွန်မကို ဘာကြောင့် ခေါ်လာတာလဲဆိုတာ အရင်ရှင်းပြ"

မင်းဘုန်းထွဋ်က စောင်ကို ဖယ်ရှားပြီး အိပ်ယာပေါ်မှ ဆင်းလိုက်သည်။ ညအိပ်အကျႌတဖားဖားနှင့် သူ့အား လွန်း မကြည့်ရဲ၊ မျက်နှာလွှဲလိုက်သည်။

"ဖြည်းဖြည်းပေါ့. . . ကျုပ်က ထွက်ပြေးမယ့်လူ မဟုတ်ဘူး"

ပြောပြောဆိုဆို ရေချိုးခန်းသို့ ဝင်သွားလေသည်။

စိတ်ဓါတ်ကျဆင်းဖွယ် ကောင်းသော အဖြစ်အပျက်အတွက် ဟစ်အော်၍သာ ငိုချလိုက်ချင်သည်။ သို့သော် ပြဿနာရပ်၏အကြောင်းအရင်းကို မသိသေးဘဲနှင့်တော့ လွန်း ဘာကိုမှ ပြင်း





ပြင်းထန်ထန် ခံစားမှုမျိုး မဖြစ်ပေါ်ချင်ပေ။

မင်းဘုန်းထွဋ်က ထွက်လာသည်။

မျက်နှာသုတ်ပုဝါကြီးကို ခါး၌ ပတ်စီးနှောင်ထားသဖြင့် လွန်းမျက်နှာတစ်ပြင်လုံး ထူပူသွားသည်။ ကမန်းကတန်းပင် ပြတင်းပေါက်၌ သွားရပ်လိုက်သည်။

တော်တော်ဆိုးရွားသည့်လူ။ အရှက်နည်းလိုက်တာ။

"ခင်ဗျားကော ရေချိုးပြီးပြီလား၊ ဆောရီးဗျာ. . . သနပ်ခါးကျောက်ပြင် ဝယ်ထားပေးဖို့ မေ့နေတယ်၊ ကျုပ်က သနပ်ခါး ကြိုက်တယ်၊ ဒါပေမယ့် သတိလစ်သွားတယ်"

"ဘာဆိုင်လို့လဲ"

လွန်းက နောက်သို့ လှည့်မကြည့်ဘဲ လှမ်းအော်လိုက်သည်။ သူက ဟက်ခနဲ တစ်ချက်ရယ်ကာ. . .

"ဆိုင်ပါကောဗျာ. . . ခင်ဗျား သနပ်ခါး လိမ်းမှ ကျုပ်အတွက် ဖြစ်မှာ"

"တော်. . ."

လွန်းက နားနှစ်ဖက်ကို ပိတ်ကာ အော်လိုက်သည်။

"ကိုင်း. . . မရွှေလွန်းရေ၊ ကျုပ်တော့ ဗိုက်ဆာပြီ၊ အောက်ထပ်မှာ အဆင်သင့် ပြင်ဆင်ပြီးသားလေးကို အရင် အာဟာရဖြည့်တင်းလိုက်ဦးမှ"

လွန်း နောက်သို့ ချာကနဲ လှည့်လိုက်သည်။

"နေဦး. ."

"ဘာလဲ. . . ခင်ဗျားအတွက် ဦးမှုန်ကို ပို့ခိုင်းလိုက်ရမလား"

"အိုး. . မဟုတ်ဘူး၊ ရှင်မသွားနဲ့ဦး၊ ကျွန်မကို ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာသလဲဆိုတာ ရှင်းပြဦး”

“ဒါဖြင့် လိုက်ခဲ့လေ၊ မနက်စာ စားရင်း ရှင်းပြမယ်”

သူက ပြောပြောဆိုဆိုပင် အခန်းထဲမှ ထွက်သွားလေသည်။ လွန်း သက်ပြင်းချလိုက်သည်။

လောလောဆယ်တော့ သူ့ဆန္ဒကို လိုက်လျောနေတာ အကောင်းဆုံးဖြစ်လိမ့်မည်ဟု လွန်း ယူဆသည်။

ထို့ကြောင့် မင်းဘုန်းထွဋ်နောက်မှ ထပ်ချပ်မကွာ လိုက်သွားလိုက်လေသည်။ ဆုံလည်စားပွဲဝိုင်းကြီး၌ ကြာဇံကြော်နှင့် လိမ္မော်ရည် အဆင်သင့် ရှိနေသည်။

“မရွှေလွန်း. . . ကော်ဖီသောက်တတ်သလား”

“ဟင့်အင်း”

“ဟုတ်တယ်. . . ကျုပ်လည်း ကော်ဖီ လက်ဖက်ရည် မကြိုက်တတ်ဘူး၊ ညဘက်မှ တစ်ခါတစ်ရံ သောက်တယ်၊ ဒါဖြင့် ကြာဇံကြော်နဲ့လိမ္မော်ရည်ပဲ သုံးဆောင်လိုက်ပါဦး”

“အစားအစာက အရေးမကြီးပါဘူး”

“ကျုပ်သိတယ်. . . စား. . . ခင်ဗျား ညကလည်း ဘာမှ မစားရသေးဘူး မဟုတ်လား”

လွန်း ဘာမှမပြောဘဲ ကြာဇံကြော်ကို ယူစားလိုက်သည်။ အရသာရှိသည်ကို ခံတွင်းက သိလိုက်သည်။

“ကျုပ်နာမည် ခင်ဗျားသိတယ်နော်”

ဇွန်းခက်ရင်းကို အသာချ၊ လိမ္မော်ရည်တစ်ငုံ သောက်လိုက်ပြီးမှ လွန်းအား စေ့စေ့ကြည့်ကာ မေးလိုက်သည်။

“ကျွန်မ မှတ်ဉာဏ်ကောင်းတယ်”

“ဟုတ်ပြီ. . . ကျုပ်မိဘမျိုးရိုးကော သိရဲ့လား”





“ဘယ်သိမှာလဲ”

“မသိရင် မှတ်ထား၊ ဒေါက်တာဦးသက်ထွဋ်နဲ့ ဒေါက်တာ လှိုင်းတို့ရဲ့သားပဲ”

“ဒေါက်တာဦးသက်ထွဋ်”

ဤနာမည်ကို လွန်း ကြားဖူးသကဲ့သို့ ရှိသဖြင့် စဉ်းစား လိုက်သည်။

“စားလည်း စား၊ စဉ်းစားလည်း စဉ်းစားပေါ့”

“ဟင်. . ဒါဖြင့်. . ရှင့်အဖေက. .”

“ဟုတ်တယ်. . . ခင်ဗျားအမေ ဒေါ်ခင်ထားရဲ့ညွှတ်ကွင်း ထဲ သက်ဆင်းခံရတဲ့ ဒေါက်တာသက်ထွဋ်ရဲ့သားပဲ”

“အို. . .”

လွန်းရင်ထဲ စူးစူးရှရှ နာကျင်သွားသည်။

“ကျွန်မနဲ့. . .”

“ဘာမှမဆိုင်ဘူးလို့ ခင်ဗျားပြောမလို့လား၊ ခင်ဗျား ဘယ်သူ့သမီးလဲ၊ ဒေါ်ခင်ထားသမီး မဟုတ်လား၊ ကြီးကြီးဒေါ်ခင် မြတ်သမီး မဟုတ်ဘူး၊ ဒါကို ခင်ဗျားငြင်းပယ်လို့ရလား၊ ကျုပ်ကို ပြောစမ်း”

သုံးလေးဇွန်းတမျှ ဝင်သွားသော ကြာဇံကြော်များ ပြန်အန် ထွက်ကျလာသည်။

“ကိုင်း. . . စားလိုက်ဦး”

“တော်ပြီ”

လွန်းက လိမ္မော်ရည်ကိုသာ ယူမော့လိုက်သည်။ နီရဲနေ သောမျက်နှာ၌ ဒေါသရိပ်များသည် ဖုံးမရ ဖိမရ ဖြစ်နေလေသည်။

“ဒါဖြင့်လည်း ပြီးရော”



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို သူလည်း လိမ္မော်ရည်ဖန်ခွက်ကို ယူပြီး အိမ်ရှေ့ဘက်သို့ ထွက်သွားလေသည်။

အိမ်ရှေ့ ကနုတ်ပန်း ဖော်ထားသော ကျွန်းဆက်တီ၌ သူ ထိုင်လိုက်သည်။

လွန်းလည်း သူ့နောက်သို့ ထပ်ချပ်မကွာ လိုက်ခဲ့သည်။ ကြောက်လန့်ဖွယ်ရာ အမာရွတ်နှင့် ကြမ်းတမ်းသော မျက်နှာပိုင်ရှင်ကြီး ဦးမှုန်၌ ကြာရှည်စွာ မနေရဲချေ။

"ကျုပ်က ဒီလောက်နဲ့ဆိုရင် ခွင့်လွှတ်နိုင်ပါသေးတယ်"

"ကျွန်မကလည်း ဦးသက်ထွင်ရှကို မုန်းတီးနေမယ်လို့ ရှင်မတွေးမိဘူးလား"

"ဟတ်. . ဟား. . ဟား. . ဒေါက်တာသက်ထွင်ရှဆိုတဲ့လူဟာ ဒေါက်တာလှိုင်းကို အသက်မက ချစ်တဲ့လူဗျ၊ သူ့ဆေးခန်းကို ခင်ထားဆိုတဲ့မိန်းမသာ ရောက်မလာခဲ့ရင် ကျုပ်တို့မိသားစုဘဝ ခုလို သေကွဲရှင်ကွဲတွေ ကွဲရမှာ မဟုတ်ဘူး"

မင်းဘုန်းထွင်ရှ၏မျက်နှာတစ်ပြင်လုံး နီရဲကာ မျက်ရည်များပင် စို့လာသယောင်ယောင် လွန်း တွေ့ရှိမိသည်။

"ကျုပ်မှာ အစ်မတစ်ယောက် ရှိသေးတယ်. . . မြလေးထွင်ရှတဲ့၊ ကျုပ်ထက်တော့ ရှစ်နှစ်ကြီးတယ်"

လွန်း စိတ်ဝင်စားစွာဖြင့် သူ့မျက်နှာကို ငေးကြည့်မိသည်။

"ကျုပ်အဖေနဲ့ခင်ထား လက်ထပ်လိုက်တော့ ကျုပ် ငါးနှစ်ပဲ ရှိသေးတယ်"

"ရွယ်တူပါပဲ. . ကျွန်မလည်း ဒီအရွယ်ပါပဲ"

လွန်းမိခင် ဒေါ်ခင်ထားသည် အထက်တန်းပြ သူနာပြုတစ်ဦးဖြစ်သည်။ အလုပ်ထွက်ပြီး ဆေးခန်းများ၌ အလုပ်လိုက်ပင်





နေသည်။ ထိုစဉ်က လွန်းဖခင်လည်း နောက်အိမ်ထောင်နှင့် ဖြစ်သည်။

"ကျုပ်မေမေက အဲဒီတုန်းက နောက်အိမ်ထောင် မပြုသေးပါဘူး၊ ဒါပေမယ့် နိုင်ငံခြားကို ထွက်သွားပြီး အလုပ်သွားလုပ်တယ်၊ အဲဒီမှာ အိမ်ထောင်ကျတယ်"

လွန်း စာနာသနားမိသည်။ ပြိုကွဲနေသောမိသားစုကြား၌ လူဖြစ်လာရသော လွန်း၏ခံစားမှုမျိုး မင်းဘုန်းထွင်ရှ ခံစားရပေသည်။

"မမကြီးက ဆယ်တန်းလည်း အောင်တော့ တက္ကသိုလ်တက်တယ်၊ အဲဒီမှာ လူတစ်ယောက်နဲ့ တွေ့တယ်၊ ချစ်ကြတယ်၊ ဒါကို ကျုပ်အပြစ်မပြောဘူး၊ ဒါပေမယ့် အဲဒီလူဟာ ကျုပ်တို့အဖေအရွယ်လောက် ရှိတဲ့ မနုဿမှုဆိုးဖြစ်နေတယ်၊ နောက်ဆုံး အဲဒီအယုတ်တမာရဲ့ နံပါတ်ခြောက်ယောက်မြောက် ဖြစ်သွားပြီး သားဦးလေး မွေးဖွားရင်း ဆုံးသွားတယ်"

"အို. . ."

လွန်း စိတ်မကောင်းပါ။ ကံကြမ္မာကို ယိုးမယ်ဖွဲ့လိုက်ပါလို့ ပြောရပါ။

"မမကြီးမှာ နှလုံးရောဂါ ရှိတယ်၊ အဲဒီလူယုတ်မာကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ သေရတာ"

"ကလေးရော"

"အသေပဲ မွေးတယ်၊ တော်သေးတာပေါ့. . အယုတ်တမာ ဆက် ကျုပ်တို့ဆီမှာ မကြွင်းကျန်ခဲ့လို့"

လွန်းထက် ဆိုးရွားသောဇာတ်လမ်းများလည်း ရှိကြပါသေးသလား၊ လွန်း အမှန်တကယ်ပင် စိတ်မကောင်းဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူဟာ ဘယ်သူလဲ ခင်ဗျားမသိဘူးလား လွှမ်း"

"ရှင်. . . ကျွန်မ ဘယ်လိုလုပ် သိမှာလဲ"

သူ ဝုန်းခနဲ ထလိုက်သည်။ တစ်ဆက်တည်းဆိုသလို လက် ထဲမှ ဖန်ခွက်ဖြင့် နံရံကို ပိတ်ပေါက်လိုက်သည်။

"ချွင်. . ခလွမ်. . ခလွမ်"

"ထွန်းဦးတဲ့. . . ခင်ဗျားအဖေ ထွန်းဦးပဲ"

"အို. . "

လွှမ်း နားနှစ်ဖက်ကို ပိတ်လိုက်မိသည်။ တစ်ဆက်တည် မျက်ရည်များက ပိုးပိုးပေါက်ပေါက် ကျလာသည်။ လွှမ်းနှင့် ဘယ်လိ မှ မပတ်သက်ကြသော်လည်း မဆိုင်၍မရသော မိဘနှစ်ပါး၏ အဆိုးအမွေတို့သည် လွှမ်းထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ကျရောက် လာချေပြီ။

"ကျုပ်တစ်သက်မှာ ခင်ထားဆိုတဲ့မိန်းမကြီး၊ ထွန်းဦးဆိုတဲ့ လူယုတ်မာကြီး၊ သူတို့ရဲ့သွေးကြွေးကို ကျုပ်ဆပ်ရမယ်၊ ဆပ်ကိုဆပ် ရမယ်. . . ဒါပဲ၊ ဒါကြောင့် ခင်ဗျားကို ကျုပ်ခေါ်လာတာ၊ ရှင်းပြီ လား မရွှေလွှမ်း"

လွှမ်းက မဲ့ပြုံးပြုံးလိုက်သည်။ ရှင်းပါပြီ။ ယောက်ျားသုံး ယောက် ယူသောမိခင်နှင့် မိန်းမဘယ်နှစ်ယောက် ယူထားမှန်းမသိ သော ဖခင်တို့၏ဆိုးမွေကို လွှမ်းခံရတော့မည်။

"သြော်. . . မွေခံထိုက်စေပေါ့. . . ဟုတ်လား မင်းဘုန်း ထွဋ်ရယ်၊ ရပါတယ်. . . ရှင့်လက်ခုပ်ထဲက ရေပဲလေ၊ ဒါပေမယ့် ဝံပုလွေလို နင်မဟုတ် နင့်အဖေပဲလို့ အပြစ်ရှာတာတော့. . . အင်းလေ. . ကျွန်မရဲ့ကံတရားပဲပေါ့"

"တောက်. . . ခင်ဗျားပါးစပ်ပိတ်ထားစမ်း၊ ကျုပ်. . ကျုပ်. . "





မုန်ယိုနေသော ဆင်ရိုင်းတစ်ကောင်၏ဒေါသမျိုးဖြင့် တွေ့ သမျှအရာဟူသမျှကို ကန်ကြောက်ကာ အပေါ် ထပ်သို့ ပြေးတက် သွားလေသည်။

လွှမ်းကား စားပွဲပေါ် သို့ ခေါင်းမှောက်ချကာ သည်းထန်စွာ ငိုလိုက်သည်။

မိဘများ၏ဆိုးမွေကိုကော သားသမီးများ ခံထိုက်သည် လား။



www.burmeseclassic.com



## အခန်း(၁၉)

တိတ်ဆိတ်နေသောအိမ်ကြီး၏ အပေါ်ထပ် လှေကားထ
များပေါ်သို့ လေးလံသောခြေလှမ်းဖြင့် လွန်းလှမ်းတက်လိုက်သည်

လွန်းအတွက် ဘာလုပ်သင့်သလဲ။

တောင်းပန်သင့်သလား။ လွန်း ဘာအမှားအယွင်း က
လွန်ခဲ့မိသလဲ။ လွန်းဘဝ၌ အမှားအယွင်း မရှိ။ ကြီးမေ၏ ဆုံး
အုပ်ထိန်းမှုအောက်ဝယ် ဣန္ဒြေရရ ကြီးပြင်းခဲ့သူဖြစ်သည်။

လွန်း. . ငါးနှစ်လောက်မှစ၍ လွန်းဘဝ၌ ဖခင်ဦးထွန်း





ရာ၊ မိခင်ဒေါ်ခင်ထားပါ ပျောက်ကွယ်သွားသည်။

လွန်း၏အစ်ကိုဇော်သည်လည်း လွန်းနှင့်မအေတူဖအေကွဲ
ောင်နှမဖြစ်သည်။ ဒေါ်ခင်ထား၏ ပထမအိမ်ထောင် ကွယ်လွန်
၌ ကိုယ်ဝန်ကျန်ရစ်ခဲ့သည့် ကိုကိုဇော်ကို မွေးပြီး ခြောက်လ
ရွယ်၌ ဦးထွန်းဦးနှင့်ဒေါ်ခင်ထား လက်ထပ်ခဲ့သည်။

ကိုကိုဇော်ကို ကြီးမေက ယူမွေးသည်။ လွန်းကို မွေးသည်။
န်း လေးနှစ်အရွယ်၌ မိန်းမပွေသော ဦးထွန်းဦးနှင့် ဒေါ်ခင်ထား
မ်းခဲ့သည်။ နောက်တစ်နှစ် မပြည့်တတ်ခင် ဒေါ်ခင်ထားသည်
ဒါက်တာသက်ထွဋ်နှင့် အတိအလင်း ယူသည်။ လွန်းကို ကြီးမေ
ဒေါ်ခင်မြတ် ခေါ်ယူမွေးလိုက်ပြန်သည်။ လွန်းတို့အား ဒေါ်ခင်ထား
င့်ရော ဦးထွန်းဦးနှင့် ပေးမတွေ့တော့ချေ။ လွန်းကလည်း စိတ်နာ
ဖြင့် မိဘနှစ်ပါးစလုံးဖြင့် အဆက်အသွယ်ဖြတ်ကာ မေ့ပျောက်
ားခဲ့သည်။

ယခုမှ လွန်းအပေါ်သို့ မိဘများ၏ဆိုးမွေအရိပ်ကြီး ကျ
ရောက်လာလေပြီ။

လွန်း အိမ်ခန်းကို လှမ်းကြည့်လိုက်သည်၊ မတွေ့။
ကြောင့် မျက်စိကစားလိုက်သည်။

အခန်းတံခါး ပွင့်နေသည်။

လွန်း အရဲစွန့်ကာ သွားလိုက်သည်။

စာကြည့်ခန်းဖြစ်သည်။ နံရံကပ် မှန်ဗီရိုကြီးများ၌ စာအုပ်
း ပြည့်နှက်နေသည်။ စားပွဲရှည်ကြီးနှင့် ဆုံလည်ကုလားထိုင်၌
တစ်ယောက် ထိုင်နေသည်။ မင်းဘုန်းထွဋ်မှတစ်ပါး မည်သူမှ
ဖြစ်နိုင်။

ငြိမ်သက်နေသည်မှာ အသက်မှ ရှိပါလေစ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘုန်းထွဋ်"

"ဝင်ခဲ့. ."

လွှန်း ရှေ့မှောက်သို့ ရောက်သွားသည်။

"ထိုင်. ."

သူနှင့်လွှန်းကြား၌ စားပွဲကြီးတစ်လုံး ခြားနေ၍သာ တော် တော့သည်။ လွှန်းခန္ဓာကိုယ်သည် ကျုံ့ဝင်သွားသကဲ့သို့ ခံစားလိုက် ရသည်။ စူးရဲသော သူ့အကြည့်ဝယ် အမှုန့်အဖြစ် လွင့်ပျံ့သွားလျှ ကောင်းမည်ထင့်။

"ရော့. . . ကြည့်စမ်း"

ပလတ်စတစ် လောင်းထားသော ဓါတ်ပုံတစ်ပုံကို စား ပေါ်မှာ လျှောလျက် သူမထံသို့ ပေးလိုက်သည်။

လွှန်း ကောက်ယူကြည့်လိုက်သည်။ မိသားစုဓါတ်ပုံတစ် ဖြစ်သည်။

အမျိုးသားက သုံးနှစ်အရွယ် ကလေးတစ်ယောက် ချီထားသည်။ အလယ်၌ တစ်ဆယ့်နှစ်နှစ်အရွယ် ခပ်ချောချော မိန်းကလေးဘေးမှ အမျိုးသမီးက မင်းဘုန်းထွဋ်နှင့် ရုပ်ချင်း ဆ သည်။ သူ၏မိသားစုဓါတ်ပုံမှန်း လွှန်းသိလိုက်သည်။

ဓါတ်ပုံနောက်ကျောသို့ ကြည့်လိုက်သည်။

ငါတို့မျက်ရည်စက်အတွက်
သင်တို့ မျက်ရည်ကျရမည်။
မင်းဘုန်းထွဋ်

ဟူ၍ဖြစ်သည်။





လွှန်း သက်ပြင်းချလိုက်သည်။

ဓါတ်ပုံကိုလည်း အသာပင် ပြန်တင်လိုက်သည်။

"ကျွန်မ စကားပြောချင်တယ်. . . ပြောခွင့်ရှိမလား"

"ဒါ လူ့အခွင့်အရေးပဲ"

လွှန်းကို သူ မကြည့်ဘဲ ပြောလိုက်သည်။

လွှန်း အားယူလိုက်သည်။ အနာတရ ဖြစ်နေသော သူ့အတွက် အနာပေါ် တုတ်ကျစေသောစကားမျိုး မဖြစ်စေရန် သူမ ကြိုးပမ်းရမည်။

"ကျွန်မဘဝအကြောင်းကို ရှင်သိရဲ့လား"

"သိတယ်. . . ကျုပ် ခင်ဗျားနောက်က အရိပ်လို စလိုက်ခဲ့တာ ခင်ဗျား ပထမနှစ်ကတည်းကပဲ"

"ဒီလိုဆိုရင် ရှင်သိပြီးသားပဲ၊ ကျွန်မ ပြောပြရတာ ရှင် နားလည်လွယ်သွားနိုင်တာပေါ့လေ"

သူက ဟက်ကနဲ တစ်ချက်ရယ်လိုက်သည်။

"ဘာလဲ. . . အသနားခံမလို့လား"

"မဟုတ်ဘူး"

"ဘာ. . ."

"ရှင့်ဆုံးဖြတ်ချက်နဲ့ ရှင့်လုပ်ရပ်က မှန်မယ်ဆိုရင် ရှင် ဆက်လက်အကောင်အထည်ဖော်နိုင်ပါတယ်၊ ကျွန်မဘဝက ကျား သနားမှ နွားချမ်းသာရမယ့်ဘဝမျိုး ရောက်နေပြီပဲ၊ ကြိုတင်အကွက် ကျကျ စီမံထားတဲ့ ထောင်ချောက်ထဲက ရုန်းထွက်စရာ လမ်းစမှ မမြင်ဘဲကိုး"

"ရပါတယ်. . . ခင်ဗျား ကျုပ်ကို သတ်ပြီး ထွက်ပြေးလို့ ရတယ်၊ ရော့. . . သေနတ်"



www.burmeseclassic.com

www.burmeseclassic.com



"ရမလား. . . ရှင့်ကိုယ်ရံတော်ကြီးက ကျွန်မကို ကုတ်ချိုး မသတ်ဘူးလို့ ရှင်ပြောနိုင်မလား"

"ပြောနိုင်တယ်. . . ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား ကျုပ်ကို သတ်ရင် ရဲလက်ကိုသာ အပ်လိုက်ပါလို့ ကျုပ်မှာပြီးသား၊ ဒါမှ ဟိုးလေးတကြော်ဖြစ်ပြီး ခင်ဗျားရဲ့မိဘများလည်း ရင်ထုမနာ တမလွန်က ကျုပ် ပြုံးကြည့်နေမိမှာ အမှန်ပဲ၊ ကျုပ် သူတို့ရဲ့သောက မျက်ရည်စက်လက်ကို မြင်ချင်တယ်"

လွှန်းရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။ သူ့အပေါ် ကိုယ်ချင်းစာမိကာ နားလည်မိသလိုလို ခံစားလာရသည်။

"မင်းမင်း"

"ဘာ. . . ကျုပ်ကို တရင်းတနှီး မခေါ်နဲ့၊ ခင်ဗျားဟာ ကျုပ်ရန်သူ၊ ခင်ဗျားရဲ့ရင်းနှီးမှုကို ကျုပ်လက်မခံနိုင်ဘူး"

"ကောင်းပြီလေ. . . ရှင့်စိတ်ကြိုက် ဖြစ်စေရမယ်၊ ဒါပေမယ့် တစ်ခုတော့ ရှင့်ကို ပြောချင်တယ်"

"ပြော. ."

"ရှင့်အပြုအမူနဲ့ လုပ်ဆောင်ချက်ဟာ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေမလားလို့ပါ"

"ဘာ. . ."

"ဟုတ်တယ်. . . ဒေါ်ခင်ထားဟာ ကျွန်မတို့ကို မချစ်လို့ ပစ်ပယ်ပြီး ရှင့်အဖေနဲ့ ယူသွားတာ သားသမီးသုံးယောက်တောင် ထွန်းကားနေပြီ၊ အဲဒါတွေဟာ ဒေါ်ခင်ထားနဲ့ ရှင့်အဖေရဲ့ အသည်းအသက်တွေလို့ ရှင်သဘောမပေါက်ဘူးလား"

"မသိဘူးဗျာ. . . ကျုပ် သူတို့အကြောင်း မကြားချင်ဘူး"

"နောက်. . . ဦးထွန်းဦး၊ သူ့မှာ သားမယား ခြောက်





ယောက်ဆိုက သားတွေသမီးတွေ တစ်ဒါဇင် ရှိတယ်၊ ဒီတစ်ဒါဇင်ထဲကမှ သူနဲ့ အဝေးဆုံးမှာ ရှိနေတဲ့ ကျွန်မကို ရှင် ရွေးချယ်ပြီး စော်ကားပြတယ်၊ သူ့နှလုံးသားကို ထိမှန်နိုင်ပါ့မလား"

"ထိမှန်စေရမှာပေါ့. . . ကျုပ်က သူ့စိတ်ကို လေ့လာပြီးမှ ဒီအလုပ်ကို လုပ်တာ"

"ဘယ်. . ဘယ်လို. ."

"ဒါတွေ ခင်ဗျားသိဖို့မလိုပါဘူး၊ ခင်ဗျားသိဖို့က ရှေ့လျှောက် ကျုပ်ဘာဆက်လုပ်မလဲဆိုတာ မျက်ရည်စက်လက်နဲ့သာ စောင့်ကြည့်ပေတော့"

"ရှင် အဲဒါ ခက်တာပဲ"

"ဘာဖြစ်လို့လဲ"

"ကျွန်မ မျက်ရည်ခိုင်တယ်"

"ဒါပေမယ့် ခင်ဗျား မနေ့က မျက်ရည်ကျပါတယ်"

"ဟုတ်တယ်. . . အဲဒါ လူတစ်ဖက်သားကို ယုံလွယ်မိတဲ့ ကိုယ့်ကိုယ်ကို ဒေါသထွက်လို့ မျက်ရည်ကျတာ"

"ကောင်းပါတယ်၊ ကိုင်း. . . မရွှေလွှန်း၊ ဒီမှာ ခင်ဗျား လက်မှတ်ထိုးပေတော့"

"ဘာလဲ. . . ဘာလက်မှတ်လဲ"

"ကြည့်လေ"

လွှန်းက စာချုပ်ကို ယူကြည့်လိုက်သည်။ လက်ထပ်စာချုပ်ဖြစ်သည်။ သတို့သားနေရာ၌ မင်းဘုန်းထွဋ်ဖြစ်ပြီး သတို့သမီးနေရာ၌ လွှန်းဖြစ်နေသည်။

"ကျွန်မက ထိုးမပေးနိုင်ဘူးဆိုရင်ကော"

"ရတယ်. . . ဒီအိမ်ထဲမှာ ခင်ဗျားတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်မထိုးပေးမချင်း နေလို့ရတယ်၊ အဲ. . . ဦးမှုန်ရဲ့အစောင့်အရှောက်နဲ့ပေ့ါ၊ ကျုပ်ကတော့ ကျောင်းပြန်တက်ရဦးမယ်"

"ရှင်. . ရှင့်ဟာက ဘာသဘောလဲ"

"နှိပ်စက်တဲ့သဘောလေ. . . ထွန်းဦးနဲ့ခင်ထားရဲ့ သွေးကိုခေါ်ယူနှိပ်စက်တဲ့သဘောပဲ"

"ရှင်. . ရှင်. . ဒါ ယုတ်မာတာ"

"ဟုတ်တယ်. . . ကျုပ်ယုတ်မာချင်တယ်၊ ဒါမှ ထွန်းဦးကို အနိုင်ရမှာ"

"ကျွန်မကလည်း မိဘကို စိတ်နာနေတဲ့သူတစ်ယောက်ပါ"

"ဘာပဲဖြစ်ဖြစ် မင်းသာ စာချုပ်မှာ လက်မှတ်ထိုးလိုက်ရင် မင်းကို ရန်ကုန်ပြန်ခေါ်သွားမယ်၊ ဒါပေမယ့် မင်းဟာ ကျွန်မယားတစ်ယောက်အနေနဲ့ ငါ့ကို ပြုစုရမယ်၊ ငါက ဒီအကြောင်းတွေကို ထွန်းဦးနဲ့ခင်ထားကို ပြောပြမယ်၊ အဲဒီအခါ သူတို့နှလုံးသားမှာ ခံစားမှု တစ်စုံတစ်ရာတော့ ဖြစ်သွားမှာ သေချာတယ်. . . ဒါပါပဲ၊ သူတို့သွေး ခင်ဗျားရဲ့သွေးသားကို ကျွန်တော်အလိုမရှိဘူး၊ ကျုပ်သူတို့ကို နှိပ်စက်လို့ ကျေနပ်သွားရင် ခင်ဗျားကို ကျုပ်ကွာပေးမယ်၊ ဒါပါပဲ. . . ကျုပ်လုပ်ငန်းစဉ်က ဒါပဲ"

လွန်း စိတ်ဓါတ်ကျဆင်းသွားသည်။

မင်းဘုန်းထွဋ်သည် ပုံမှန်စိတ်ထားမှ ရှိပါလေစ။

"ဘာလဲ. . . ကျုပ်ကို အရူးလို့များ ထင်နေသလား၊ ကျုပ်မရူးဘူး၊ An eye for an eye, a tooth for a tooth ပဲ၊ ကျုပ်သူတို့ကို ဒုက္ခပေးဖို့ စဉ်းစားခဲ့တာ ဒီနည်းလမ်းပဲ တွေ့တယ်၊ ကျုပ်မိသားစုမျက်ရည်အတွက် ခင်ဗျားမိသားစုက မျက်ရည်ပေးဆပ်ရမယ်. . . ဒါပဲ"





"ကျွန်မ စာမေးပွဲ နီးနေပြီ"

"အရေးမကြီးပါဘူး. . . မင်း ဘွဲ့ယူဖို့ မလိုတော့ဘူး"

"ရှင်. . ."

"ဟုတ်တယ်. . . မင်းဟာ ကျုပ်အတွက် ကျွန်မယားအဖြစ် နေပေးရမယ်"

"နေမပေးဘူးဆိုရင်ကော"

"ရပါတယ်. . . ဒီအိမ်ကြီးမှာ မြွေအလမ္ဘာယ် လူသတ်ထောင်ထွက်သမား ဦးမှုန်နဲ့ ခင်ဗျားနေရစ်ခဲ့ပေတော့"

"ဒါ ရှင် သက်သက်ယုတ်မာတာ"

"ဟုတ်တယ်. . . လူယုတ်မာရဲ့သမီးကို ကျုပ် ယုတ်မာဝံ့တယ်. . . ဒါပဲ၊ ခင်ဗျားလက်မှတ်ထိုးပေးမလား၊ မထိုးပေးဘူးလားဆိုတာပဲ ရွေးချယ်၊ အဲ. . . ခင်ဗျားဟာ ကျုပ်စိတ်တိုင်းကျအောင်ကျွန်နဲ့ တူသော မယားအဖြစ် နေပေးမယ်ဆိုရင်တော့ ကျုပ် ခင်ဗျားကို စာမေးပွဲ ဖြေဆိုခွင့် ပေးချင်ပေးမယ်"

လွန်းက ပခုံးတွန့်လိုက်မိသည်။

ဥပဒေမဲ့တိုင်းပြည်ဟု ထင်မှတ်နေလေရော့သလား မင်းဘုန်းထွဋ်ရယ်ဟုသာ မေးလိုက်ချင်စိတ်ကို မြိုသိပ်လိုက်ရသည်။

"သြော်. . . အိမ်အပြင်ဘက် သိပ်မထွက်နဲ့နော်၊ မြွေ ကင်းသိပ်ပေါတယ်၊ ဒီကြားထဲ မြေတိုက်ခန်းမှာ ဦးမှုန်က မြွေမွေးထားသေးတယ်"

လွန်း ကြက်သီးမွေးညင်း ထသွားသည်။ လွန်း မြွေကြောက်မှန်း သူ မည်ကဲ့သို့ သိနေသနည်း။ ကြီးမေဆီကပဲ ဖြစ်ဖို့များသည်။ ကိုအေးနိုင်ဆီကလည်း ဖြစ်နိုင်သည်။ ကိုကိုဇော်နှင့်ကိုအေးနိုင်ဆယ်တန်းနှစ် စာကျက်ကြစဉ်က လွန်းက သူတို့အနားမယောင်



www.burmeseclassic.com

www.burmeseclassic.com



မလည်နှင့် ရှိနေစဉ် သရက်ပင်ပေါ်မှ မြွေတစ်ကောင် လွှန်းရှေ့ ပြုတ်ကျဖူးသည်။ လွှန်း သတိလစ်ကာ တစ်ပတ်လောက် လန့်ဖျား၊ ဖျားခဲ့ဖူးသည်။ ဤအကြောင်းများကို သူ ကြိုတင်သိထားလေသည် ထင့်။

"ခင်ဗျားကို ကျုပ် ရန်ကုန်ပြန်ခေါ် သွားချင်ပါတယ်၊ ဟိုမှာ ဆိုရင် ဒီလောက်တော့ မြွေမပေါ်ဘူးပေါ့ဗျာ၊ ဒါပေမယ့် လက်ထပ် ထားခြင်း မရှိသေးတော့ ကျုပ်စိတ်မချဘူး"

လွှန်း စိတ်ရှုပ်လာပြီ။

လွှန်းတစ်သက်နှင့်တစ်ကိုယ် မတုန်လှုပ်စဖူး တုန်လှုပ် လျက် တွေဝေရသည်။

သူ့အား ထုရိုက်ကုတ်ဖဲ့ပစ်ချင်သည်။ သို့သော် မလုပ်ရဲ။

"လက်မှတ်ထိုးချင်ထိုး မထိုးချင်နေ ခင်ဗျားသဘောပဲ၊ လာ. . . ဦးမှုန် မွေးထားတဲ့မြွေတွေ သွားကြည့်ရအောင်"

"ဟင့်အင်း. . . ဟင့်အင်း"

လွှန်းတစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာသည်။ မူးမိုက်ပြီး အန်ချင်သလိုလို ဖြစ်ပေါ်လာသည်။

"ဒါဖြင့် နေခဲ့လေ"

"ဟင့်အင်း. . . ရှင်. . ရှင်လည်း မသွားနဲ့"

"ဘာဖြစ်လို့လဲ"

"ကျွန်မ. . ကျွန်မ ကြောက်တယ်"

"ဘာကိုလဲ"

"ဦးမှုန်. . ပြီးတော့ ဟိုအကောင်ရှည်တွေ"

လွှန်း မျက်ရည်များ ရစ်ဝဲလာသည်။

"ခင်ဗျားမငိုနဲ့"





"ရှင်. ."

"ကျုပ်လိုချင်တာ ခင်ဗျားမျက်ရည်စက်တွေ မဟုတ်ဘူး၊ ခင်ဗျားမိဘမျက်ရည်စက်တွေ. . ."

လွှန်း မည်ကဲ့သို့ နားလည်ရတော့မည်နည်း။ လွှန်း စားပွဲ ပေါ်၌ ခေါင်းမှောက်ချလိုက်သည်။ လွှန်းဘဝအတွက် အားအင်များ ဆုတ်ယုတ်သွားသကဲ့သို့ ခံစားလိုက်ရသည်။


သားသမီးမကောင်း မိဘခေါင်း ရှိသကဲ့သို့ မိဘမကောင်း သားသမီးခေါင်း ဆိုသောစကားပါ ထပ်မံဖြည့်စွက်သင့်ပြီ ထင်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၀)

“ထမင်းစားလေ”

“ဟုတ်ကဲ့”

လွန်း၏သတ္တိများ ဘယ်ချောင်၌ ပုန်းအိပ်နေသနည်း။

“မနက်ကလည်း ဟုတ်တိပတ်တိ မစားဘူး”

“ကျွန်မ မဆာလို့ပါ”

ဘယ်ချောင်ကများ မြွေများ ထွက်လာမည်နည်းဟူသော အတွေးဖြင့် အမြဲတစေ ကြောက်လန့်နေခဲ့ရသည့် လွန်းအတွက်





အစာအာဟာရသည်ပင်လျှင် ရင်ဝ၌ အလိုလို တစ်ဆို့လျက် ရှိနေချေပြီ။

“ဒီအတိုင်းသာဆိုရင် မင်း လဲသွားလိမ့်မယ်”

“လဲလို့ သေသွားရင် ကျွန်မမိဘတွေ မျက်ရည်ကျချင်ကျမှာပေါ့”

“အဲဒီလို မဖြစ်စေရဘူး၊ တမြေ့မြေ့ ကျတဲ့ မျက်ရည်စက်ပဲ ကျုပ်လိုချင်တယ်”

လွန်းရင်ထဲ နင့်ကနဲ ဖြစ်သွားသည်။

“ကျွန်မ အိမ်ပြန်မယ်”

“လက်မှတ်ထိုးပေးလေ. . . ချက်ချင်း ရန်ကုန်ပြန်မယ်၊ ကျုပ်အမွေရထားတဲ့ခြံမှာ ကျုပ်တို့ နေကြမယ်၊ ခင်ဗျားက ကျုပ်ရဲ့ ဝေယျာဝစ္စ မှန်သမျှ လုပ်ပေးရမယ်”

“ကြီးမေ. . ကြီးမေ စိတ်ပူနေလောက်ပြီ”

“ကိစ္စမရှိပါဘူး၊ ကျုပ်နောက် လိုက်သွားပြီဆိုတဲ့အကြောင်း ခင်ဗျားသူငယ်ချင်းနဂါးကတစ်ဆင့် သိအောင် ကြေငြာခိုင်းခဲ့တယ်”

“ဟုတ်တယ်”

“ဟုတ်တယ်. . . ကျုပ်သူငယ်ချင်းတစ်ယောက်နဲ့ နဂါးကို စာပေးခိုင်းလိုက်တယ်၊ ဒါမှ ခင်ဗျားသတင်းတွေ ပျံ့သွားမှာကိုး”

“ရှင်. . အငြိုးကြီးလှချည်လား”

“ကျုပ်မျက်ရည်တွေ ခုထက်ထိ မခမ်းသေးပါဘူး”

လွန်းကရော ဒေါက်တာသက်ထွဋ်ကို နာကြည်းမုန်းတီးခဲ့ပါသည်။ ထို့အတူပင် ဖေဖေ၏မယားပြိုင် ဟူသမျှကို မုန်းတီးခဲ့ဖူးသည်။ နောက်ဆုံး လူတွင်ပါလို့ နွားကျားကိုက်တာပါဟူသော ခံယူချက်ဖြင့် မိဘနှစ်ပါးကိုသာ စိတ်နာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စားလေ"

လွှန်း စားလို့မရ၊ သောကလုံး ဆို့လျက်ရှိသည်။

"နွားနို့သောက်မလား"

"ဟင့်အင်း . . . ဟင့်အင်း"

တော်ကြာ နွားနို့ကြိုက်သောမြွေများ အနံ့ရနေမှ ဟူသော အတွေးဖြင့် မျက်လုံးပြူးသွားသည်။ ကမန်းကတန်း ခေါင်းခါယမ်းပြီး ငြင်းပယ်လိုက်သည်။

သူကတော့ ထမင်းပန်းကန်ကို ဟင်းများများဖြင့် အေးဆေးစွာ စားသောက်လေသည်။

"မရွှေလွှန်း"

". . . . . . . ."

"ခင်ဗျားဘာစားချင်သလဲ"

ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်သည်။

"တစ်ခုခု စားပါလား"

"ရပါတယ် . . . လိမ္မော်သီးပဲ စားတော့မယ်"

လွှန်းက လိမ္မော်သီးတစ်လုံးကို ယူကာ ခွာစားလိုက်သည်။

"ဘာမြို့လဲ"

"သထုံ"

"ဟင် . . . မနေ့ညက စစ်တောင်းတံတားကို ဘယ်လိုလုပ် ဖြတ်ကျော်ခဲ့သလဲ"

"ကျုပ်ဘိုးလေးက ခမက( . . . )က တပ်ရင်းမှူးလေ၊ သူ့ဆီ အရေးတကြီး သွားစရာရှိလို့ဆိုတော့ ကားကို စစ်ဆေးပြီး လွှတ်ပေးလိုက်တယ်"

"ဪ"





"ကလေးမ . . ရော့ . . . ထမင်းမစားချင်ရင် ကြာဇံပြုတ်လေး သောက်လိုက်"

"ဟုတ် . . ဟုတ်ကဲ့"

ထောင်ထွက်ကြီးဦးမှုန်၏စေတနာကို လွှန်း မငြင်းဆန်ဝံ့၊ လိမ္မော်သီးအမွှာများကို အသာချထားလိုက်ပြီး ကြာဇံချက်ကို မှုတ်သောက်လိုက်မိသည်။

"ကျေးဇူးပဲ ဦးမှုန်၊ ခင်ဗျားတူမက ဘာမှဟုတ်တိပတ်တိ မစားလို့ ကျုပ်လည်း ဘာကျွေးရမှန်း မသိဘူး"

မင်းဘုန်းထွဋ်မျက်နှာ၌ ကျေနပ်သောအရိပ်အယောင်များ ယှက်သန်းသွားသည်။

"ခင်ဗျားကောင်တွေ ကြည့်ထိန်းထားဦးနော်၊ သူက ကြောက်တယ်"

"စိတ်ချပါ"

သူက လွှန်းအား တမင်ရွဲ့ပြောနေခြင်းလား၊ လွှန်း ကျောချမ်းသွားသည်။

"မင်းဘုန်းထွဋ်"

"ဆို . . "

"လက်မှတ်ထိုးပေးမယ်ဆိုရင် ချက်ချင်းပြန်ပို့မှာလား"

"အင်း . . "

"ဒါဖြင့် ပေး"

"ဦးမှုန် . . . စာကြည့်ခန်းက စာအိတ်ညိုကြီးနဲ့ဘောလ်ပင် တစ်ချောင်း သွားယူခဲ့ပေးပါဗျာ"

"အင်း . . "

လွှန်း ကြာဇံတစ်ပန်းကန်သောက်ပြီး လိမ္မော်မှာ ဆက်စား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဪ. . . ချက်ချင်းဆိုတာ ရန်ကုန်က အခြေအနေ
အေးချမ်းမှု ရှိမှနော်"

"ဘယ်လို"

"ရဲစခန်းတို့ဘာတို့ တိုင်ချက်ဖွင့်မဖွင့်ဆိုတာပေါ့"

"ဟင်း. . ."

လွန်း သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ရှင့်ကို လွန်း အရှုံးပေးပါတယ်၊ လွန်းကို
ရန်ကုန်ကို ပြန်ခေါ်သွားပါ"

"ကျုပ် ခင်ဗျားကို မယုံကြည်သေးတာ အမှန်ပဲ"

"လွန်းကို စာမေးပွဲ ဖြေခွင့်ပေးရင် တော်ပါပြီ"

"ဒါက ခင်ဗျားအနေအထိုင်ပေါ် မူတည်တယ်လေ"

"ဒါလား ဆရာလေး"

"ဟုတ်တယ်"

ဦးမှုန်လက်မှ စာအိတ်ကို ယူကာ စာချုပ်နှစ်စောင်ထုတ်ပြီး
လွန်းအား ဘောလ်ပင်နှင့်တကွ ကမ်းပေးလိုက်သည်။

"ကျေးဇူးပဲ. . . ကျုပ်က ခင်ဗျားကို ခေါင်းမာလိမ့်မယ်
ထင်ထားတာ"

လွန်းက စိတ်ထဲမှာ ကြိတ်၍တေးထားလိုက်သည်။ လူ
အခွင့်အရေးဆိုတာ စာချုပ်စာတမ်းပေါ်က လက်မှတ်တစ်ခုတည်းနဲ
ချည်နှောင်ထားလို့ မရဘူးဆိုတာ ရှင်သိရဲ့လားဟု မေးလိုက်ချင်
သည်။ သို့သော်လည်း လွန်းအတွက် ရှေ့တိုးမည့်ဆင်သည် နောက်
သို့ တစ်လှမ်းဆုတ်လိုက်ခြင်းဖြစ်သည်။

"ကျွန်မ ရှင့်ကို အရှုံးပေးပါတယ်လို့ ပြောပြီးပြီပဲ"





"ကိုင်း. . . ဒါဖြင့် လာဗျာ၊ ခြံထဲ ဆင်းရအောင်"

"ဟင့်အင်း. . . ဟင့်အင်း"

"ဘယ်လိုလဲ၊ ဒါဖြင့် နေခဲ့. . . ကျုပ်သွားတော့မယ်"

လွန်း ဧည့်ခန်းသို့ လိုက်ထွက်သည်။

သူက အိမ်ရှေ့တံခါး ဖွင့်လိုက်သည်။ မြက်ခင်းရှည်ကြီး
များ ချုံများနှင့် အပင်အိုကြီးများ ယှက်သန်းနေသော ခြံဝင်းအတွင်း
သမ်းဆို၍ ပေါ်တီကိုမှ ကားဂိုဒေါင်သို့ သွားသော နေရာကွက်လပ်
လေး၌သာ မြက်ရှင်းသည်။

လွန်း အိမ်ရှေ့တံခါးဝက ရပ်၍ သူ့အား စောင့်ကြည့်နေ
လိုက်သည်။

"ကလေးမ"

"ရှင်. ."

ဦးမှုန်အသံကြောင့် လန့်ဖျတ်ကာ နောက်သို့ လှည့်ကြည့်
လိုက်သည်။

"ကလေးမ မှိုကြိုက်သလား"

"ဟို. . ဟို. . မကြိုက်ဘူး"

ယခင်က မှိုဟင်းကြိုက်သောလွန်းသည် ယခုလိုနေရာမျိုး၌
စားရဲချေ။

"ဒါဖြင့် ဘာစားချင်သလဲ၊ ကျုပ် ဘာချက်ပေးရမလဲ"

ဦးမှုန်၏ချက်ဝန်း၌ နူးညံ့သောအရိပ်အယောင်များ တွေ့
လိုက်ရသဖြင့် လွန်း၏ကြောက်စိတ်ကလေး အတန်ငယ် လျော့သွား
သည်။

"ရပါတယ်. . . မနက်ဖြန် ဦးချက်တာ စားပါ့မယ်၊ ခု
ကြာဇံချက်ကလေး သောက်လိုက်ရလို့ ကျွန်မ ဝသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး. . . ဒါဖြင့်လည်း ပြီးရော"


ဦးမှန် မီးဖိုဘက်သို့ ပြန်လှည့်ထွက်သွားလေသည်။

လွန်း သက်ပြင်းချလိုက်သည်။

ရုပ်လှတိုင်း စိတ်မလှနိုင်သကဲ့သို့ ရုပ်ဆိုးတိုင်းလည်း စိတ်ထားမဆိုးနိုင်ပါဘူးဟု လွန်း တွေးလိုက်မိသည်။







## အခန်း(၂၁)

လွန်း ခြေချစရာ မရှိအောင် မြေ့တွေက များပြားလွန်းလှသည်။

"အား. . ."

လွန်း အသံနက်ကြီးဖြင့် အော်လိုက်သည်။ မရ။ လွန်း အသံထွက်မလာချေ။

ဇောချွေးများ ပြန်ကာ လိပ်ပြာလွင့်စဉ်မတတ် ခံစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား . . ."

လွန်း မျက်စိစုံမှိတ်ကာ အော်လိုက်သည်။

မင်းဘုန်းထွဋ် လန့်နိုးသွားသည်။ လွန်း ရုတ်တရက် ထ
သူ့ထံ ပြေးလာသည်။ နောက် သူ့ရင်ခွင်ထဲ တိုးဝင်ကာ အတင်းဖ
တွယ်လိုက်သည်။

"ဟင် . . ."

သူမတစ်ကိုယ်လုံး ချွေးများ နစ်ကာ အေးစက်နေသည်
တဆတ်ဆတ် တုန်နေသည်မှာလည်း နတ်ဝင်သည့်အလား ရှိနေ

"လွန်း . ."

"ကြောက် . . ကြောက် . . ကြောက်တယ်"

သူ၏ရင်ဘတ်၌ အိကွေ့တာ ရပ်ဝန်းဒေသ၏မိုး ရွာသွ
နေလေပြီ။

"ဘာဖြစ်လို့လဲ"

". . . . . ."

သူ့ရင်ခွင်မှ လွန်းကို ဆွဲခွာသည်။ မရ။ အားကိုးတကြ
ဖက်တွယ်ထားသည်။

ထပ်မံ၍ ဆွဲခွာဖြုတ်မိသော သူ၏လက်သည် အင်အာ
မပါချင်တော့။

"ဘာမှမရှိပါဘူး . . . အိပ်မက်,မက်တယ်ထင်တယ်"

သူမ အကြောက်အလန့် ပြေစေရန် သူပြောလိုက်ခြင်းဖြ
သည်။

"ခဏနေဉ်း . . ရေသောက်လိုက်ဦး"

လွန်း သတိဝင်လာသည်။ အိပ်မက်ထင်ပါသည်။

လွန်းကို သူ အသာဖယ်ထုတ်လိုက်ကြည့်သည်။ လွ





ဘွက်လိုက်သည်။ သူ မီးချောင်းဖွင့်လိုက်သည်။ တစ်ခန်းလုံး လင်း
ထိန်သွားသည်။ ဒရင်းဘက်ပေါ်၌ ရှိနေသောစောင်မှာ အောက်သို့
ကန်းလန်းကျလျက်။

"ရော့ . . ."

ရေတကောင်းမှ ရေကို ငှဲ့ပြီး လွန်းအား မင်းဘုန်းထွဋ်က
ပေးလိုက်သည်။

လွန်းက တုန်နေသောလက်ဖြင့် လှမ်းယူလိုက်သည်။ ရေ
တစ်ဖန်ခွက်လုံး ကုန်အောင် မော့သောက်လိုက်သည်။

"ဘာဖြစ်လို့လဲ . . . အိပ်မက်,မက်တာလား"

လွန်း ခေါင်းညိတ်လိုက်သည်။

သူက ဒရင်းဘက်ပေါ်မှ လွန်းစောင်ကို ယူခါလိုက်သည်။

"ဘာကောင်မှလဲ မလာနိုင်ပါဘူး။ တံခါးတွေလည်း လုံနေ
တဲ့ဟာ၊ ကဲ . . ပြန်အိပ်တော့"

". . . . ."

လွန်းက ကုတင်ပေါ်၌ ငူငူကြီး ထိုင်လျက် အကြောက်မပြေ
သေးချေ။

"ကိုင်း . . . သွားအိပ်တော့လေ"

"ကျွန်မ ကြောက်တယ်၊ ရှင့်နားမှာ အိပ်လို့မရဘူးလား"

"မရဘူး"

". . . . . ."

လွန်း မျက်ရည်များ ရစ်ဝဲလာသည်။

နှုတ်ခမ်းနှစ်လွှာကို တင်းနေအောင် စေ့ထားပြီး ထိန်းချုပ်
လိုက်ရသည်။

"လူယုတ်မာသမီးနဲ့ ကျုပ်မပေါင်းသင်းနိုင်ဘူး၊ ကျုပ်နဲ့ ဟိုဒီ



www.burmeseclassic.com

www.burmeseclassic.com



မအိပ်နဲ့"

ရက်စက် ရင့်သီးလိုက်သည့်စကား၊ လွှန်း မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

မင်းဘုန်းထွဋ် ရင်ထဲ ခံရခက်သွားသည်။ စိတ်ကျဉ်းကြပ် လာသည်။

"ဟော့. . . မငိုနဲ့လေ၊ ဘာဖြစ်လို့လဲ၊ အိပ်ချင်ရင်အိပ်၊ ကျုပ် ခင်ဗျားနေရာမှာ အိပ်မယ်"

မိန်းမလှလေး၏မျက်ရည်စက်က သူ၏တင်းမာသောစိတ် ကို တွန်းအားပေး လှုပ်နှိုးနေလေသလား။

"ရ. . ရပါတယ်. . . မီးတော့ မပိတ်ပါနဲ့နော်"

လွှန်းက သနားစဖွယ် တောင်းပန်လိုက်သည်။ ကုတင်ပေါ် မှ ဆင်းကာ ဒရင်းဘက်ဆီသို့ လျှောက်သွားသည်။ စောင်ဖြင့် သူမကိုယ်ကို ဖုံးအုပ်ကာ မျက်နှာလေးသာ ဖော်ထားသည်။ မျက် ဝန်း၌ မျက်ရည်တို့က တသွင်သွင် စီးကျလျက်ရှိနေသည်။

မင်းဘုန်းထွဋ် သက်ပြင်းချလိုက်သည်။ အားနွဲ့သူအပေါ် အင်အားကြီးမားသူ၏အနိုင်ကျင့်မှုမျိုး သူပြုလုပ်မိနေပြီလား။

"မရွှေလွှန်း"

". . . . . ."

လွှန်းက မျက်လုံးအသာဖွင့်ကြည့်သည်။ သူ၏ ကရုဏာ များ ဝေနေသောမျက်ဝန်းကို တွေ့လိုက်ရသည်။

"လာအိပ်"

လွှန်း မမူနိုင်တော့၊ ချက်ချင်းပင် ထကာ ကုတင်ပေါ်သို့ တက်လိုက်သည်။ သို့သော် သူ့ဘယ်ဘက်မှ ခေါင်းအုံးကို အသာဆွဲ ကာ တစ်တောင်မျှ လျှော့ချလိုက်ပြီးမှ အသာ ကွေးကွေးကလေး





စောင်ခြုံလိုက်ပြီး လှဲချလိုက်လေသည်။

လောလောဆယ် လွှန်းအတွက် အားထားရာသည် မင်း ဘုန်းထွဋ်မှတပါး အခြားသူကို မမြင်မိပါချေ။

"မရွှေလွှန်း. . ."

"ရှင်. ."

"ဒီမှာတော့ ခင်ဗျား အကောင်ပလောင်တွေ ကြောက်တာ . အကဲပါလွှန်းလို့ ကျုပ်နဲ့ တစ်ကုတင်တည်း ပေးသိပ်တယ်နော်၊ ရန်ကုန်ရောက်လို့ကတော့ တစ်ခန်းစီပဲ"

"ကျွန်မ ပိုတောင်ကြိုက်သေး"

"ဘာ. . ."

"ဩော်. . . ကျွန်မက မိန်းမသားပါ ဦးမင်းဘုန်းထွဋ်၊ နှစ် နာစရာရှိရင် ကျွန်မတို့ မိန်းမသားတွေကပဲ နစ်နာတတ်တာပါ"

"ဒါဖြင့် ကျုပ်နားလာအိပ်တာ ခင်ဗျား ကျုပ်ကို မကြောက် ဘူးလား"

"လောလောဆယ်မှာ ရှင့်ထက် ပိုကြောက်ရမယ့်အရာ တွေ ကျွန်မအနားမှာ ရှိနေသလိုပဲ၊ ဟော. . . ရှိ. . . ရှိဆိုတာ မြွေ တွန်သံတွေ မဟုတ်လား"

"ဟုတ်မှာပေါ့. . . ကျုပ်အိပ်တော့မယ်ဗျာ၊ ကျုပ်အနားမှာ မင်းနေရပြီပဲ. . . မီးပိတ်လိုက်မယ်"

"မပိတ်ဘဲ အိပ်လို့မရဘူးလား"

"အင်း. ."

လွှန်း ဘာမှထပ်မပြောတော့။ မင်းဘုန်းထွဋ်က ခေါင်းရင်း မှ ခလုတ်နှိပ်လိုက်သည်။ တစ်ခန်းလုံး မှောင်မည်းသွားသည်။

မင်းဘုန်းထွဋ်၏သက်ပြင်းချသံက ကျယ်လောင်စွာ ပေါ်



www.burmeseclassic.com

www.burmeseclassic.com




ထွက်လာလေသည်။ လွန်းရင်ဝယ် တဒိတ်ဒိတ်ဖြင့် ရင်ခုန်မှု ဝေဒနာ ရှိင်းကို မောင်းနှင်ပစ်ရင်း အိပ်ပျော်ရန် ကြိုးစားလိုက်သည်။



BURMESE CLASSIC .com





# အခန်း(၂၂)

ထိုင်စိတ်ညှစ်နေ၍ ဘာမှအကြောင်းမထူးဟု လွန်းသဘောပေါက်လိုက်သည်။ ထို့ကြောင့် လွန်း အိပ်ရာမှ နိုးနိုးချင်း အဝတ်ဟောင်းများကို ယူကာ လျှော်ဖွပ်လိုက်သည်။ ပြီးတော့မှ ရေချိုးလိုက်သည်။

လန်းဆန်းသွားသည်။ မမျှော်လင့်ဘဲ ပြောင်းလဲသွားသော မိမိဘဝတစ်ဆစ်ချိုးကို နှမြောတသဖြစ်နေ၍မရ။ အနာဂတ် လွန်းဘဝ လှပစေရေးအတွက် မျက်စိကို အစွမ်းကုန်ဖွင့် နားကို စွင့်ထားရ



www.burmeseclassic.com

www.burmeseclassic.com



မည်။

မင်းဘုန်းထွဋ်ဆိုသောသူကို လောလောဆယ်တော့ လွှမ်းအားကိုးနေရသေးသည်။ သူ စိတ်ရိုင်းမဝင်ဖို့ အရေးကြီးသည်။

သူကတော့ နှစ်ခြိုက်စွာ အိပ်မောကျနေသည်။ လောကကြီးအပေါ်၌ အကောင်းမမြင်တတ်သောသူပီပီ လောကကြီးနှင့် ခေတ္တကင်းကွာပြီး အိပ်နေရခြင်းကို သဘောကျတတ်သည် ထင်ပါသည်။

အိပ်ခန်းအပြင်ဘက်မှ အသံကြားရသည်။ ဦးမှုန်ပဲ ဖြစ်ရမည်။

လွှမ်း. . ဦးမှုန်အပေါ် အကြောက်အလန့် လျော့ပါးသွားပြီဖြစ်၍ တံခါးအသာဖွင့်လိုက်သည်။ ဟုတ်သည်၊ ထင်ထားသည့်အတိုင်း ဦးမှုန်သည် အဝတ်တပ် ဖုန်သုတ်ကိရိယာဖြင့် ဖုန်များသုတ်နေသည်။

"ဦးလေးမှုန်"

"ဝေ. . ."

"ကျွန်မ. . အဝတ်လှန်းချင်တယ်၊ ဘယ်မှာလှန်းရမလဲ"

"ပေးလေ. . ကျုပ်လှန်းပေးမယ်"

"ကျွန်မအဝတ်တွေပါ ပါတယ်၊ ငရဲကြီးနေပါ့မယ်၊ ကျွန်မဘာသာ လှန်းမယ်၊ ဦးလေးက လှန်းရမယ့်နေရာသာ ပြပေးပါ"

"ဝရံတာမှာ လှန်းလို့ရတယ်၊ လာ. . လာ. . ယူခဲ့"

ဦးမှုန်သည် စိတ်ရင်းမဆိုးလှဟု လွှမ်း မှတ်ယူကာ အဝတ်ဇလုံနှင့် သူမ၏ထဘီနှစ်ထည်ကို ယူကာ ဦးမှုန်နောက် လိုက်ခဲ့သည်။ ကြီးမားလိုက်သည့်အိမ်ကြီးက လေးဘက်လေးတန် (လသာဆောင်)များ ကျယ်ကျယ်ဝန်းဝန်း ရှိလေသည်။





မြောက်ဘက် လသာဆောင်၌ အဝတ်စင်လေး ရှိနေသည်။ ဖုန်နှင့်အမှိုက်သရိုက်များ ကင်းစင်နေသည်။

"အဲဒီမှာ လှန်း"

"ဦးလေးက တစ်အိမ်လုံးကို ပြောင်နေအောင် လုပ်နိုင်တယ်နော်"

"ငါ့အလုပ်ပဲလေ"

"ခြံကျတော့ ဘာဖြစ်လို့ မရှင်းတာလဲဟင်"

လွှမ်းက အရဲစွန့်ကာ မေးလိုက်သည်။

ဦးမှုန်က ဟက်ခနဲ ရယ်လိုက်သည်။

"ဟ. . . ခြံရှင်းတော့ ငါ့အကောင်တွေ ဘယ်မှာ သွားနေမလဲ"

"ဟင်. ."

လွှမ်း ကြက်သီးမွေးညင်း ထသွားသည်။ မေးမိခြင်းအတွက် နောင်တရသွားသည်။

"ငါက သူတို့ကိုပဲ အဖော်ပြုနေရတာ၊ ကလေးမက ဆရာလေးအဝတ်တွေကိုပါ လျှော်လိုက်တယ်လား"

လွှမ်းမျက်နှာ အထားရ ခက်သွားသည်။ ဦးမှုန်မျက်လုံးက ပြုံးယောင်သန်းသကဲ့သို့ ရှိလာသည်။

"ဟုတ်ကဲ့"

"အေး. . . လင်မယားဆိုတာ ဒီလိုမှပေါ့"

လွှမ်း ဦးမှုန်ကို မကြည့်ရဲတော့။ လွှမ်းအပြုအမူအတွက် ရှက်ရွံ့စရာနှယ် ခံစားလိုက်ရသည်။ အဝတ်လှန်းပြီး အိမ်ထဲ ပြန်ဝင်ခဲ့သည်။

ဦးမှုန်ကို ကြောက်သောစိတ် မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမ. . . ဒီနေ့ ကျုပ် ကြက်ဟင်းခါးသီး ချက်ပေးမယ်၊ ကလေးမ ခံတွင်းလိုက်အောင်လို့"

လွန်း ထမင်းမစားနိုင်ခြင်းအတွက် ဦးမှုန်က စိတ်မကောင်းဖြစ်ကာ ကြိုးပမ်း၍ စီစဉ်ပေးချင်ပုံရသည်။

လွန်း စိတ်မသန့်ရခြင်းတွင် ဦးမှုန်လက်က မြွေများကို ကိုင်တွယ်ထားသလားဟူသောအတွေးကလည်း ပါရှိနေသောကြောင့်ဖြစ်သည်။

"ဦးလေး. ."

"ဝေ့. ."

"ကျွန်မ ဟင်းချက်မယ်၊ ဦးလေးအကောင်တွေ အိမ်ထဲမှာ လုံးဝမရှိစေအောင် ထားနော်၊ ကျွန်မ မြင်တာနဲ့ လန့်သေသွားမှာ"

"စိတ်ချပါ. . . သိပ်မရှိတော့ပါဘူး၊ တလောက တစ်တောင်းလောက် တောထဲ သွားပြီး ဘေးမဲ့ပေးလိုက်သေးတယ်၊ သိပ်များလာတော့ အိမ်ပေါ်တောင် ရောက်လာလို့လေ၊ ဆရာလေးက အိမ်ပေါ် မတက်စေရဘူးဆိုလို့"

"ဦးလေးရယ်. . ဘာဖြစ်လို့များ အဆိပ်ရှိတဲ့သတ္တဝါကို တယုတယ မွေးထားရတာလဲ"

"ပျင်းလို့ ပြောပြီးပြီပဲ ကလေးမရယ်"

"ပျင်းရင် စာဖတ်မှပေါ့"

"ကျုပ်မှ စာမဖတ်တတ်ဘဲ"

"ဟင်. . ."

လွန်းရင်ထဲ နင့်ခနဲဖြစ်သွားသည်။ ဦးမှုန်၏မျက်လုံး၌ အားငယ်ရိပ်လေးများကို တွေ့လိုက်ရသည်။

"တကယ်. . ."





"တကယ်ပေါ့ ကလေးမရယ်၊ ကျုပ်ငယ်ငယ်ကတည်းက ထင်းခွေ၊ ရေခပ်၊ နွားကျောင်းနဲ့ မိထွေးနဲ့ ကြီးပြင်းခဲ့ရတာ၊ မိထွေးနှိပ်စက်မှု ခံခဲ့ရတာ၊ အရွယ်ရောက်လာတော့ မခံချင်စိတ်နဲ့ သူနှိပ်စက်တာကို ခုခံမိလို့ လက်လွန်ပြီး သေသွားတယ်၊ အဲဒီမှာ ကျုပ်ထောင်ကျခဲ့တာ"

"ဖြစ်ရလေ ဦးလေးရယ်၊ ဒီလိုဆိုရင် ကျွန်မ ဒီကနေ့ကစပြီး ဦးလေးကို စာသင်ပေးမယ်၊ ဦးလေး စာနဲ့ အဖော်ပြုရမယ်၊ စာတတ်လာရင် ဘုရားစာတွေ ဖတ်လာနိုင်ရမယ်၊ နောက် ဘုန်းကြီးကျောင်းကို လပြည့်လကွယ် သွားပြီး ဥပုသ်စောင့်ရမယ်"

"ကျုပ် ဘုန်းကြီးနဲ့ စကားမပြောတတ်ဘူး"

"ကျွန်မ သင်ပေးမှာပေါ့"

ဦးမှုန်မျက်လုံး၌ မျှော်လင့်ခြင်းအရောင်များ တောက်လာသည်။

"ဦးလေးအသက် ဘယ်လောက်ရှိပြီလဲ"

"မသိဘူး. . . ဗိုလ်ချုပ်သေတဲ့နှစ်မှာ ကျုပ်ကို မွေးတာ"

"ဒါဖြင့် ဦးလေးက လေးဆယ့်ခုနစ်နှစ်ပဲ ရှိသေးတာပဲ၊ အချိန်တွေ အများကြီး ရှိသေးတယ်၊ ဦးလေးကို ကျွန်မ စာသင်ပေးမယ်"

"တကယ်လား ကလေးမ"

"တကယ်ပေါ့. . . ဒါပေမယ့် ဦးလေးကောင်တွေကို သွားပစ်လိုက်"

ဦးမှုန် တွေဝေသွားသည်။

"ကျွန်မ ကြားဖူးတဲ့စကားက မြွေဟာ အိမ်မွေးသတ္တဝါ မဟုတ်ဘူး၊ မြွေနဲ့ သေတဲ့ မြွေအလမ္ပာယ်ဆရာတွေ အများကြီးပဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မလွှတ်ရင် ကျုပ်ကို စာမသင်ပေးဘူးလား"

လွန်းက ကရုဏာသက်စွာ ပြုံးပြီး. . .

"ကျွန်မကတော့ ဦးလေးအပေါ် စေတနာထားပြီး သင်ပေးမှာပဲ၊ ဦးလေးက ကျွန်မအပေါ် စေတနာထားရင် ကျွန်မ ကြောက်တဲ့အကောင်တွေ ကျွန်မပတ်ဝန်းကျင်မှာ မရှိအောင် ထားပေးပေါ့၊ ဟုတ်လား"

"အင်း. . ."

"ကိုင်း. . . စောစောအလုပ်ပြီးအောင် ကျွန်မ ဝိုင်းပြီးကူပေးပါ့မယ်"

ကြက်မွေးတံမြက်စည်းဖြင့် လှေကားလက်တန်းများကို လိုက်သုတ်ပေးလိုက်သည်။

ထိုအချိန်၌ သူ နိုးလာသည်။

"တယ်ဟုတ်ပါလား. . . ခင်ဗျား နေရဲသွားရင် ကျုပ် မြို့ထဲဘက် ခဏထွက်လိုက်ဦးမယ်၊ ဦးမှုန် ဘာမှာစရာ ရှိသေးလဲ"

"မရှိပါဘူး"

"ကောင်းပြီ. . . မနက်စာ စားရအောင်၊ ခင်ဗျားကော စားပြီးပြီလား မရွှေလွန်း"

"ဟင့်အင်း"

"ဒါဖြင့်. . . လာ"

လွန်းက ဦးမှုန်ကို တစ်ချက်ကြည့်ပြီး လိုက်သွားလိုက်သည်။

ထမင်းစားပွဲဝိုင်း၌ ထမင်းကြော်နှင့် သံပုရာရည် ဖြစ်သည်။ လွန်းစိတ်ထဲ၌ ဒီလူ အချဉ်ကြိုက်သည်၊ ဒါကြောင့် မိုက်ကန်းတာဟု ကောက်ချက်ချမိသည်။





"မင်းဘုန်းထွဋ်"

"ဘာလဲ"

"ကျွန်မ မှာချင်တယ်"

"ပြော. ."

"သူငယ်တန်း ဖတ်စာအုပ်တွေနဲ့ ကျောက်သင်ပုန်းကျောက်တံ"

"ဘာလုပ်ဖို့လဲ"

"ဦးလေးမှုန်ကို စာသင်ပေးမလို့"

မင်းဘုန်းထွဋ်က မျက်ခုံးပင့်ကာ လွန်းအား စိုက်ကြည့်လိုက်သည်။ နောက်. . ဟက်ခနဲ တစ်ချက်ရယ်ကာ. . .

"မဆိုးဘူး. . . ခင်ဗျားတော်တယ်"

"ဘာဖြစ်လို့လဲ. . . ဘာတော်တာလဲ"

"စည်းရုံးရေးလေ. . . ဦးမှုန်လို အသိဉာဏ် ဗလာနတ္ထိမျိုးကိုသာ စည်းရုံးလို့ ရမယ်၊ ဒါပေမယ့် သူ့ရဲ့သစ္စာတရားကိုတော့ ခင်ဗျားရမှာမဟုတ်ဘူး၊ သူ့ကို စည်းရုံးပြီး ခင်ဗျား ထွက်ပြေးလို့ ရမယ်ထင်သလား"

"ကျွန်မမှာ အဲဒီရည်ရွယ်ချက် မရှိဘူး၊ ကျွန်မက စေတနာနဲ့ သင်ပေးချင်တာ၊ စာမတတ်တဲ့လူဟာ မျက်ကန်းတစ်ယောက်နဲ့ တူတယ်ဆိုတာ ရှင်မကြားဖူးဘူးလား"

"ဒီအရွယ်ကြီးကျမှ"

"ဦးမှုန်က အသက်သိပ်မကြီးသေးပါဘူး၊ ဦးကျည်မွေ့ထက်စာရင် အများကြီး ငယ်ပါတယ်"

"ကောင်းပြီလေ. . . ဒါ ကောင်းတဲ့အလုပ်ပဲ၊ ခင်ဗျား စေတနာ အရင်းခံဆိုရင်တော့ ကျုပ်ချီးကျူးရမှာပေါ့ဗျာ၊ ကျုပ်ယုံခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . . နောက် ဘုရားပန်း"

"ကောင်းပြီ. . . ဘာမှာဦးမလဲ"

"ကျောက်ပျဉ်နဲ့ သနပ်ခါး"

"ဟုတ်ပြီ. . . နောက်ကော"

"ဟို. . ဟို. ."

လွန်း မှာရခက်နေသည်။ မျက်နှာတစ်ပြင်လုံး ရဲတွတ်နေပေလိမ့်မည်။ အဘယ့်ကြောင့် ဆိုသော် မိန်းမတို့၏သဘာဝ အာဝေဏိက ဒုက္ခငါးပါးမှ အရွယ်ရောက်လာလျှင် တစ်လတစ်ကြိမ် ဖြစ်ရပေါ်လေ့ရှိသော ဒုက္ခအတွက် ပစ္စည်းလိုအပ်နေလေပြီ။ အဲ့ဒါ သူ့အား မည်ကဲ့သို့ ပြောရမည်နည်း။

"ဘာလဲ. . . ပြောလေ"

"ဟိုလေ. . . ကျွန်မ ဈေးဘက် လိုက်လို့ရမလား၊ စတိုးဆိုင်လေးတစ်ဆိုင် ဝင်ရုံပဲ"

မင်းဘုန်းထွဋ် သဘောကျစွာ ဟက်ကနဲ ရယ်လိုက်သည်။ သူ သဘောပေါက်လိုက်ပြီ။

အစ်မနှင့် နွေးထွေးစွာ နေခဲ့ဖူးသော မောင်တစ်ယောက် အနေဖြင့် မိန်းမများ၏ဒုက္ခကို သူသိပြီးသားဖြစ်သည်။

"ကျုပ်သိပြီ. . . ဝယ်ခဲ့ပေးမယ်၊ ခင်ဗျားလိုက်ဖို့မလိုဘူး"

သူလည်း မျက်နှာရဲရဲဖြင့် ပြောလိုက်ရသည်။ တစ်ဆက်တည်း အစ်မအား နှင်းပေးခဲ့ရသည်ကိုပါ အမှတ်ရပြန်တော့ အလိုလို ဒေါသထွက်ချင်လာသည်။

"စားလေ မရွှေလွန်း"

ထမင်းမစားတာ သုံးလေးနပ် ရှိပြီဖြစ်၍ ထမင်းကြော်





ည့် အရသာ ရှိနေပြီ။

"သွားမယ်"

"ကြာမှာလား"

"ကျုပ်သဘောပါ"

"ဦးမှုန်ကို သေသေချာချာ မှာထားနော်၊ သူ့အကောင်တွေ ့ရင် ကျွန်မအလောင်းပဲ ရှင်ပြန်လာရင် တွေ့စေရမယ်"

"ကောင်းတာပေါ့"

သူက ပြုံးပြပြီး ထွက်သွားလေသည်။

လွန်း စိတ်မောစွာ သက်ပြင်းချလိုက်မိလေသည်။

သူစိမ်းယောကျ်ားတစ်ဦးနှင့် ဤမျှ အနီးကပ်စွာ နေရခြင်း ဘက် ရင်ခုန်မောဟိုက်သော ဝေဒနာရပ်သည် ဘာကြောင့် ဖြစ် နေရသနည်း။ ပိုင်ဦးနှင့်လည်း လက်ပွန်းတတီး နေခဲ့ဖူးပါသည်။ ကဲ့သို့ မခံစားရဖူးပါချေ။

နောက်. . စံရွှေကျော်၊ နှစ်ယောက်တည်း တစ်ခါမှ မတွေ့ သူ့လက်မောင်းကို ဆွဲကာ လမ်းသွားဖူးသည်မှအပ အနမ်းဦး မခံခဲ့ရဖူးချေ။

ယခုတော့ စာချုပ်၌ လက်ထပ်ပြီးသွားပြီ။

မိမိဘဝကို သူပိုင်စိုးသွားပြီလား။ မရ၊ လွန်းကို ဤကဲ့သို့ နှောင်၍ရမည်မဟုတ် ဆိုခြင်းကို မင်းဘုန်းထွဋ် တစ်နေ့နေ့၌ သွားမှာပါ။

လွန်း သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

"ရော့. . "

ကျွတ်ကျွတ်အိတ်ထုပ်ကြီးတစ်ထုပ် လွှန်းထံ ပစ်ပေးလို သည်။ လွှန်းက ပေါင်ပေါ် ကျလာသောထိုအိတ်ကို ဖွင့်ကြည့်လို သည်။ ရယ်ဒီမိတ်အင်္ကျီသုံးထည်၊ ဘရာဇီယာ၊ ချုပ်ပြီးသားလုံ နှင့် စက္ကူအိတ်တစ်ထုတ်။ အသာဟကြည့်သည်။ ပြုံးလိုက်မိသ မျက်နှာရဲသွားသည်။ ဒီလူ မိန်းမကျမ်းကျေပုံရသည်ဟု လွှန်း ယူ လိုက်တော့ ရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။





"ဒီမှာ ပန်း"

စားပွဲပေါ်သို့ ထုံးစံအတိုင်း တင်လိုက်သည်။ ပလတ်စတစ် ဖဲကြိုးမပါတော့။ ဖက်နှင့် ထုပ်ထားသော နှင်းဆီပန်းစည်းကြီး သည်။

"ခင်ဗျားကြီးတော်က ရဲစခန်း တိုင်ချက်ဖွင့်ထားတယ်တဲ့"

"ဟင်. . ."

"နဂါးက ပြောတယ်၊ ကြီးကြီးက မယုံဘူးတဲ့၊ ခင်ဗျား ကျုပ် က် လိုက်သွားတယ်ဆိုတာ ဘယ်နည်းနဲ့မှ မယုံဘူးတဲ့လေ"

လွှန်းစိတ်ထဲ ကျေနပ်သွားသည်။ သို့သော် ဟန်မပျက်ပင်

"ဟုတ်တယ်. . . ကြီးကြီးက ကျွန်မနဲ့ မတွေ့ရမချင်း န်မပါးစပ်က ဝန်ခံစကား မကြားရမချင်း ယုံမှာမဟုတ်ဘူး"

"ဒီလိုဆို ခင်ဗျား စာတစ်စောင် ရေးလိုက်"

"ဖုန်းနဲ့ ပြောရင်ကော"

သူက လွှန်းအား စူးရဲစွာ ကြည့်ရင်း. . .

"ခင်ဗျားကို ကျုပ်မယုံဘူး၊ စာပဲရေး၊ ကျုပ်ခေါ်ပေးတဲ့ တိုင်း ရေးရမယ်၊ ညရောက်မှပဲ ရေးကြတာပေါ့၊ ခု ထမင်းဆာပြီ ဦးမှုန်ရေ. . ."

"ကျွန်မ ပြင်ပေးမယ်"

လွှန်းက ရေခဲသေတ္တာထဲ သူဝယ်လာသော အသီးအနှံများ ည့်နေသောဦးမှုန်အား ဒုက္ခမပေးချင်သဖြင့် ပြောကာ သွက်လက် ထလိုက်သည်။

သူကား ဆက်တီပေါ်၌ တွေတွေကြီး ထိုင်လျက် ကျန်ရစ်ခဲ့ သည်။

လွှန်းက ဦးမှုန်အား အိမ်ပတ်ပတ်လည်မှ မြက်ခင်းများကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခိုင်းထားပြီး မီးဖိုချောင်ကို သူမကိုယ်တိုင် ဝင်၍ချက်ပြုတ်... ခြင်းဖြစ်သည်။

ကြက်ဟင်းခါးသီး ဝက်သားယောင်ချက်၊ ဆိတ်သားဆ... ဟင်းနှင့် ဟင်းချိုဖြစ်သည်။ ပန်းပွင့်ကြော်တစ်ခွက်လည်း ပါ... သည်။

"ဦးလေးမှုန် ခေါ်လိုက်တော့"

"အေး. . ."

ဦးမှုန် ထွက်သွားပြီး မကြာခင် သူ ဝင်လာသည်။

"ဟင်းက အချဉ်မပါဘူးလား ဦးမှုန်"

"ကျွန်မ ချက်တာ၊ အခါးချက်ရင် အချဉ်နဲ့ မတွဲရ... မင်းဘုန်းထွဋ် စားချင်ရင် ရောက်သီးရှိတယ်"

"မရွှေလွန်း"

သူ့အသံ၌ ဒေါသသံ ပါသည်။

"ဒါ ခင်ဗျား ကျုပ်ကို သက်သက်ရွဲ့နေတာလား"

"မဟုတ်ဘူး. . . ကျွန်မငယ်ငယ်ကတည်းက မီးဖိုချော... ရင်းနှီးပြီးသား၊ အခါးနဲ့အချဉ် တွဲလိုက်ရင် အခါးကို ပိုစူးသွားသ... အချဉ်ကလည်း စူးသွားပြီး အရသာ ပျက်တတ်တယ်၊ ဒါကြောင့်... မင်းဘုန်းထွဋ်ရယ်. . . စားကြည့်ပါဦး၊ ရှင့်လက်ခုပ်ထဲက ကျွန်မ... ရှင့်ကို ကလန်ကဆန် လုပ်ဝံ့ပါ့မလားဆိုတာလည်း ရှင် စဉ်း... ကြည့်ပါဦးရှင်"

"တော်ပြီဗျာ. . . မစားချင်တော့ဘူး"

"ဟင်. . ."

လွန်း ကြိုးပမ်းထားတာတွေ အလဟဿ ဖြစ်သွားမှာ မ... လား။





"စားကြည့်စမ်းပါဦး မင်းဘုန်းထွဋ်ရယ်၊ ကျောင်းကို ကြက်ဟင်းခါးသီး ထည့်သွားရင် ကျွန်မတောင် မစားရဘူး"

မင်းဘုန်းထွဋ်က လွန်းအား ကြည့်လိုက်သည်။ သူမ မျက်နှာ၌ စေတနာ အရေးအကြောင်းများ တွေ့လိုက်ရသည်။

"ကောင်းပြီလေ"

လွန်းက သူ့ပန်းကန်ထဲ ကြက်ဟင်းခါးသီး ခပ်ထည့်ပေးလိုက်သည်။

"ဘိုးဘိုးတို့ လိုက်လာလိမ့်မယ်"

"ရှင်. . ဟို. ."

"ဘာမှ ကြောက်စရာမလိုဘူး၊ ကျုပ်နားမှာ ဟန်မပျက်သာနေ၊ အဲ. . . တစ်ခုတော့ ကျုပ်ပြောထားမယ်နော်၊ ခင်ဗျား သူတို့ဆီက အကူအညီကို ရလိုရငြားနဲ့ ကျွန်မကို သက်သက်လှည့်ဖြား ခိုးယူပေါင်းသင်းနေတာပါလို့ သွားမပြောနဲ့၊ သူတို့က သူတို့မြေး ဒုက္ခရောက်သွားမှာစိုးလို့ ကူညီမှာ မဟုတ်ဘူး"

"ကျွန်မ နားလည်ပါတယ်"

လွန်း အခုမှ ထမင်းစားဝင်တော့သည်။ အချဉ်မပါ၍ ထမင်းမစားချင်ဘူးဆိုသောသူလည်း ခေါင်းမဖော်တော့။

"ဘိုးဘိုးက ဘယ်တော့ လာမှာလဲ"

"မသိဘူး. . . လာတော့ လာလိမ့်မယ်၊ ဒါပေမယ့် ဝမ်းသာစရာ သတင်းတစ်ခုတော့ ရခဲ့တယ်"

လွန်းက သူ့အား စူးစမ်းကြည့်ဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားအမေနဲ့ကျုပ်အဖေ ခင်ဗျားကြီးကြီးဆီ ရောက်လာကြတယ်တဲ့၊ တိုင်ချက်ဖွင့်ဖို့ ခင်ဗျားအမေက လုပ်တော့ ကျုပ်အဖေက ခိုးယူသွားတဲ့လူဟာ သူ့သားမှန်း သိတော့ ပြဿနာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ကုန်ကြတယ်တဲ့၊ ရဲစခန်းမှာ အမှုပြန်ရုပ်သိမ်းဖို့ ပြောနေကြတယ်တဲ့"

"သိလှချည်လား. . . ဒီသတင်းတွေ ဘယ်က ရသလဲ"

"နဂါးကတဆင့်. . . သူ့အစ်ကိုဝမ်းကွဲက ကျုပ်သူငယ်ချင်းလေ၊ နောက် ကိုအေးနိုင်ဆီက ရတယ်"

"ဒါဖြင့် ဒီနေရာမှာ ရှိနေကြောင်း သိကြသလား"

"ဘိုးဘိုးတို့ပဲ ရိပ်မိနိုင်တယ်၊ ကျန်တဲ့သူတွေတော့ သိမှာမဟုတ်ဘူး"

လွန်းအား စိတ်ရှုပ်လက်ရှုပ် ရှင်းပြခြင်းကိုပင် ကျေးဇူးတင်ရသည်။

"နောက်သတင်းတစ်ခု ကျန်သေးတယ်"

"ဘာများပါလိမ့်"

"ခင်ဗျားအဆက်ကြီး ပိုင်ဦးသတင်း"

"ဟင်. . သူ. . သူ. . ဘာဖြစ်လို့လဲ"

"ခင်ဗျားသတင်းကြားရတော့ အိပ်ရာထဲ ဘုန်းဘုန်းလဲသွားပြီတဲ့"

"အို. ."

လွန်း စိတ်ထိခိုက်သွားသည်။ မိမိကြောင့် တစ်ဖက်သားဒုက္ခရောက်ရတော့မှာလား။ ထမင်းဆက်စား၍မရတော့။

"ဒါက ဘာဖြစ်သွားရတာလဲ"

"ကိုယ့်ကြောင့် တစ်ဖက်သား ဒုက္ခရောက်သွားခြင်းကို ကျွန်မ ချမ်းမြေ့နိုင်တဲ့လူစား မဟုတ်ဘူး"

ထမင်းပန်းကန် မ,ကာ ထွက်ခဲ့လိုက်သည်။

"ဟတ်. . ဟား. . ဟား. . ဟား၊ မရွှေလွန်း. . ခင်ဗျား





အဆက်အတွက် ခင်ဗျား တော်တော်စိုးရိမ်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်. . . စိုးရိမ်တယ်၊ ကျွန်မ ရန်ကုန်ရောက်ရင် အရင်ဆုံး သွားတွေ့ဖို့ ကြိုးစားရမှာက သူ့ဆီကိုပဲ"

လွန်းက တမင်ဘုတောလိုက်မိသည်။ သို့သော် ထိုစကားသည် အမှန်တရားပင်ဖြစ်သည်။

"ရမလား. . . ဟိုကောင်က ခင်ဗျားလင်မို့လို့လား"

"ရှင် မရင့်သီးနဲ့နော်"

"ခင်ဗျားကကော ဘာစကားပြောတာလဲ"

"ကျွန်မစကားမှားသွားရင် တောင်းပန်ပါတယ်၊ ကိုပိုင်ဦးကို ကျွန်မအစ်ကိုနည်းတူ သံယောဇဉ်ဖြစ်မိတာ အမှန်ပဲ၊ ကိုယ်သံယောဇဉ် ဖြစ်ဖူးတဲ့သူတစ်ယောက် ကိုယ့်ကြောင့် မကျန်းမမာဖြစ်နေတယ်ဆိုတာ စိတ်မကောင်းနိုင်တာတော့ အမှန်ပဲ၊ ဒါပေမယ့် လောလောဆယ်တော့ ရှင် ကျွန်မကို ပိုင်နေတာပဲလေ၊ ရှင့်သဘောကျ ကျွန်မ နေပေးရမှာပေါ့"

လွန်းက ပန်းကန်ဆေးရင်း ပြောလိုက်သည်။

မင်းဘုန်းထွဋ် ပခုံးတွန့်လိုက်သည်။

"မျက်နှာများတဲ့ခင်ဗျားမှာ သံယောဇဉ်ဆိုတဲ့စကား ရှိသေးသလား"

"ရှင်. ."

"ပထမရည်းစားကို ဖြတ်ပြီး ရည်းစားရဲ့သူငယ်ချင်းနဲ့ မျက်နှာပြောင်တိုက်ပြီး တွဲရဲတဲ့ ခင်ဗျားမှာ သံယောဇဉ်ဆိုတာ ရှိသေးရဲ့လား"

"ရှင်ကြားတဲ့သတင်းတွေဟာ အပေါ်ယံအကာပါ၊ အနှစ် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲပြောပြော ခင်ဗျားမှာ ခံစားတတ်တဲ့အသည်းနှလုံး ရှိတယ်ဆိုတာ ကျုပ်မယုံဘူး"

"ကောင်းပါတယ်. . . ရှင်စွပ်စွဲသလို ကျွန်မမှာ ခံစားတတ်တဲ့ အသည်းနှလုံး မရှိရင် သိပ်ကောင်းမှာပဲ၊ မရှိပါစေနဲ့လို့တောင် ဆုတောင်းရမလို ဖြစ်နေပြီ"

လွှန်းက ဦးမှုန် ယူလာပေးသော နှင်းဆီစည်းကို ဖြေကာ ဇကာထဲ ထည့်ပြီး မလိုအပ်သောအရွက်များကို ခြွေကာ ရေထည့်ထားသောရေပုံး၌ စိုက်ထားလိုက်သည်။

"ဦးလေးမှုန်. . . ဘုရားပန်းအိုးတွေ ချပေးနော်၊ ဆေးပြီး ညနေမှ ပန်းကပ်မယ်"

"အေး. . . အေး"

ဦးမှုန် ပျာပျာသလဲပင် ပြန်ထွက်သွားသည်။

မင်းဘုန်းထွဋ်က ပြုံးလိုက်မိသည်။

လူကြမ်းကြီး၏နှလုံးသားကို နူးညံ့သိမ်မွေ့စေအောင် သူမ ပုံသွင်းနိုင်လိမ့်မည်ဟု ယုံကြည်ချင်လာပြီ။ သို့သော် စောင့်ကြည့်ရဦးမည်။







# အခန်း(၂၄)

"ဟုတ်ပြီ. . . ဦးလေးက ဉာဏ်ကောင်းသားပဲ၊ ကြည့်စမ်း တစ်နေ့တည်း အက္ခရာငါးလုံးကို ရသွားပြီ. . . ဆိုကြည့်ပါဦး"

"ဝ. ထ. က. လ. သ"

"ဟုတ်ပြီ. . . စာအုပ်ထဲမှာ ရေးကြည့်မယ်၊ လေးကြောင်းမျဉ်းနဲ့ပဲ ရေးမယ်၊ ဒါမှ လက်ရေးလည်းလှ၊ စာလည်း ရအောင် ခဲတံကို ကျောက်တံလိုပဲ ကိုင်ရမယ်၊ ဦးလေး ကိုင်ကြည့်ပါဦး"

"အင်း"

မင်းဘုန်းထွဋ်က သတင်းစာကို အသာအောက်နှိမ့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လွှန်းနှင့်ဦးမှုန်ကို ချောင်းကြည့်လိုက်သည်။

ထမင်းစား စားပွဲ၌ စာသင်နေသူနှစ်ဦး၏အသံများက တိတ်ဆိတ်နေသောညချမ်းကို ဖြိုခွင်းလျက်ရှိသည်။

မင်းဘုန်းထွဋ် သက်ပြင်းချလိုက်သည်။

လွှန်း၏ဆတ်ဆတ်ကြဲစိတ်သည် ယခုတော့လည်း အေးချမ်းကာ ဖြူစင်နေသည်။ သူ၏နှိပ်စက်မှုကိုလည်း သိပ်သောကရောက်ပုံ မရချေ။

"ဟုတ်ပြီ. . . ဒီမျဉ်းပြာနှစ်ကြောင်းကြားမှာပဲ ထိအောင်ရေးပေးရတယ်၊ တွေ့လား ကျွန်မရေးထားတာ"

"အင်း. ."

"ဒါဖြင့် ဝတစ်တန်းရေး၊ ကျွန်မ ရေးပေးထားတဲ့အက္ခရာအတိုင်း ရေးသွားနော်"

"အင်း. ."

"စိတ်ထဲကလည်း မှတ်ထား၊ စိတ်နဲ့ မှတ်လို့မရရင် ပါးစပ်က ဆိုမှတ်"

"အင်း. . ဝ. . ဝ. ."

လွှန်းက စာဖတ်ရင်း ဦးမှုန်ကို စာသင်ပေးနေခြင်းဖြစ်သည်။

"မရွှေလွှန်း"

သူ အသံလှမ်းပြုလိုက်သည်။

"ရှင်"

"သွားလိုက် ဆရာမလေး၊ သူ ပြောစရာရှိလို့ ဖြစ်မယ်၊ ခေါ်ရင် အနားကို လာမှ ကြိုက်တာ"

လွှန်းက နှုတ်ခမ်းကို အနည်းငယ် ရွဲ့လိုက်မိသည်။





"မရွှေလွှန်း"

"လာပြီ. . . ဦးလေးမှုန် ပြီးအောင် ရေးထားနှင့်နော်"

"အင်း. ."

လွှန်း ထွက်ခဲ့သည်။ သက်သက်မဲ့ အနိုင်ကျင့်နေတာဟု ထင်မိသော်လည်း ကြိတ်မှိတ်သည်းခံလိုက်သည်။

"ထိုင်ဦး မရွှေလွှန်း"

"ဘာပြောစရာရှိလို့လဲ"

"ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ ဦးမှုန်ကို စာသင်ပေးနေတာလဲ"

"ဪ. . . တတ်စေချင်တဲ့စေတနာနဲ့ပေါ့၊ ရှင်လည်း ပညာတတ်ပါ၊ မြွေတွေနဲ့ အဖော်ပြုနေမယ့်အစား သစ်ပင်ပန်းပင်တွေ စိုက်ပျိုးရင်း စာနဲ့ အဖော်ပြုမယ်ဆိုရင် သူ့ဘဝအတွက် အကျိုးမရှိသွားဘူးလား၊ အလိမ္မာ စာမှာ ရှိတယ်ဆိုတာ ရှင်သဘောပေါက်ရင် ကျွန်မ ဦးလေးမှုန်ကို စာသင်ပေးတဲ့ကိစ္စ မကန့်ကွက်သင့်ဘူး"

"ကျုပ်က ကန့်ကွက်နေလို့လား၊ မင်းမှာတဲ့စာအုပ်တွေကိုတောင် ဝယ်လာပေးတာပဲ"

"ဒါဖြင့် ဘာဖြစ်လို့ မေးတာလဲ"

"ခင်ဗျားစိတ်မညစ်ဘူးလား"

"ဘာကို စိတ်ညစ်ရမှာလဲ"

"ကျုပ်နဲ့ လက်ထပ်ရခြင်းအတွက်လေ"

"သြော်. . . ဒါလား၊ ရှင်က ကွာပေးမှာပဲ၊ အမြဲတစေ လက်ထပ်ထားခြင်းမှ မဟုတ်တာ၊ ရည်းစားတစ်ခုလပ်ကနေ တကယ့်အိမ်ထောင်ရေး တစ်ခုလပ် ဖြစ်သွားတဲ့ ဘဝအတွက် စိတ်ညစ်စရာလို့ ခံယူပြီး သောကရောက်နေမယ်ဆိုရင် သောက



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ လူဖြစ်ရကျိုး ဘယ်နပ်ပါ့မလဲရှင်"

"ကျုပ်က ကွာမပေးဘူးဆိုရင်ကော"

လွန်းသိပါသည်။ လွန်းစိတ်ကို စမ်းနေခြင်းဖြစ်ကြောင်း။

"မိန်းမသားတစ်ဦးအတွက် လင်ယောကျ်ားရဲ့အရိပ်ဟာလည်း လုံခြုံမှုတစ်မျိုးပါပဲ၊ ဒါလည်း ဝမ်းနည်းစရာ မဟုတ်ပါဘူး"

"ဒီလိုဆိုရင် ခင်ဗျားမှာ ဘာဝမ်းနည်းစရာ ရှိသလဲ"

"ဟုတ်ပါရဲ့. . . လောကကြီးမှာ ငါးနှစ်အရွယ်ကစပြီး မိဘမဲ့ဒုက္ခဘဝကို စတင်ရင်ဆိုင်ခဲ့ရသူဆိုတော့ တော်ရုံတန်ရုံဒုက္ခကို ဒုက္ခလို့ မထင်မှတ်တော့ဘူး၊ ဘယ်အရာမျိုးမှ ကျွန်မအတွက် ဒုက္ခဖြစ်မယ်ဆိုတာ မပြောတတ်သေးဘူး၊ ခဏနော်. . . ဦးလေးကို ဂဏန်းသင်ပေးလိုက်ဦးမယ်"

မင်းဘုန်းထွဋ်က မတားတော့။ အမှန်တော့ သူလည်း ပျင်းနေပြီ။ ကားတစ်စီးဖြင့် မိုးလင်းမှမိုးချုပ် သူငယ်ချင်း အပေါင်းအသင်းများဖြင့် လည်ပတ်တတ်သော သူ့အတွက် အခုလို သထုံမြို့စွန်က အိမ်ကြီးတစ်လုံး၌ ဆိတ်ငြိမ်စွာ နေရခြင်းကို ငြီးငွေ့လှပြီ။

"သူညလို့ ခေါ်တယ်"

"ဝနဲ့ တူတယ်နော်"

"ဟုတ်တယ်"

မင်းဘုန်းထွဋ် ဆက်နားမယောင်တော့ဘဲ အပေါ်ထပ်သို့ တက်ခဲ့သည်။

ဘုရားပန်းအိုး၌ နှင်းဆီပန်းတို့ ဝေဆာနေလေပြီ။

"အင်း. . ."

သူ သက်ပြင်းချလိုက်သည်။ သူ့ဘဝ၌ ရည်းစားအတော်များများ ထားခဲ့ဖူးပါသည်။ ထိုရည်းစားများကို ပွေ့ပိုက်နမ်းရှုပ်ရန်





လက်သွက်ခြေသွက် အင်မတန်ရှိသောသူသည် လွန်းနှင့်ကျမှ မထိရက် မကိုင်ရက် ဖြစ်ခဲ့ရသည်။

မနေ့ညက သူ့ရင်ခွင်ထဲ ကြောက်လန့်တကြား တိုးဝင်ကာ အားကိုးတကြီး ဖက်တွယ်သော လွန်းအား သူ၏လက်များက ကြင်နာစွာ ပွေ့ပိုက်ခဲ့ဖူးသည်။ ပြီးတော့ ထိတ်လန့်တကြား တွန်းဖယ်ခဲ့ဖူးသည်။ ဤသို့ ဘာကြောင့် ဖြစ်ရသနည်း။ တုန်လှုပ်မိရသနည်း။ လွန်းနှင့် ပတ်သက်၍ ခံစားချက် ဗလာနတ္ထိ ထားရမည်။ ယခုတော့ တစ်ယောက်တည်း မအိပ်ရဲဘူးဆို၍ သူ ခေါ်သိပ်ခဲ့ဖူးသည်။

ညစဉ် သူ့စိတ်ကို သူမနိုင်မှာစိုး၍ အိပ်ဆေးသောက်ခဲ့ရသည်။

လေသာဆောင်၌ ရပ်ရင်း ကျိုးတိုးကျဲတဲ လရောင်ရိပ်ကို ငေးကြည့်နေမိသည်။

"မင်းဘုန်းထွဋ်"

". . . . . . . ."

လာပြန်ပြီ။ သူမ လာပြီ။ သူ၏ရန်သူတော်၏သမီး လာပြီ။

"မအိပ်သေးဘူးလား"

"ခင်ဗျား အိပ်ချင်သွားအိပ်တော့"

"ဟို. . ဒီနေ့ညတော့ ကုတင်ပေါ်မှာပဲ အိပ်ဦးမယ်နော်၊ နောက်နေ့မှ. . ."

"နောက်နေ့ကို ခင်ဗျားမကြောက်တော့ဘူးလား"

"ဦးလေးမှုန်က မနက်အစောကြီး ထပြီး တောစပ်မှာ သူ့ကောင်တွေ သွားလွှတ်လိုက်တော့မယ်တဲ့"

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်သို့လှည့်လိုက်သည်။

လွန်း၏မျက်နှာလေး၌ ကျေနပ်ပျော်ရွှင်မှုအယောင်များ တောက်ပနေသည်။

"တယ်ဟုတ်ပါလား. . . ကျုပ်က သွားပစ်ခိုင်းတုန်းက ပျင်းလို့ပါ ဆရာလေးရယ်နဲ့"

"ဒါကတော့ သူ့ကို နားလည်အောင် ရှင်းပြလိုက်လို့ သဘောပေါက်ပြီး သူ့ဘာသာသူ သွားပစ်မယ်လို့ ပြောတာ"

"မင်းတော်တယ်"

"ထင်လို့ပါ. . . ကျွန်မ ညံ့ခဲ့လို့ လူယုံအသတ်ခံလိုက်ရတာ မှတ်လား၊ အိပ်တော့မယ်နော်"

"အင်း. ."

"သြော်. . . ကျွန်မ ရှင့်ကို နင်းပေး နှိပ်ပေးဖို့ လိုသေးသလား"

"ဘာ. . ."

"ရှင်ပဲ ကျွန်မယားအဖြစ် ထားမယ်ဆို၊ ရှင့်ကို ခြေဆုပ်လက်နယ် ပြုစုပြီးမှ အိပ်ရမှာပေါ့. . . မဟုတ်ဘူးလား"

"တော်စမ်းဗျာ. . . ကျုပ်ကို အရွဲ့တိုက်မနေနဲ့၊ သွားအိပ်တော့"

"ဟုတ်. ."

လွန်း အိမ်ထဲသို့ ပြန်ဝင်သွားသည်။ သူ့ရင်ထဲ လှိုင်းခတ်ကျန်ရစ်ခဲ့သည်။ ဟုတ်သည်။ သူမကို ကျွန်,မယားအနေဖြင့် ထားသင့်သည်။ သူမသည် မိမိအား ကြောက်လန့်နေသင့်သည်။ ယခုတော့ သူမသည် မိမိကို မကြောက်သည့်အပြင် နှုတ်လှန်ထိုးရဲသည်။

ရန်ကုန်က ကိစ္စတွေ မြန်မြန်ပြတ်ဖို့ အရေးကြီးသည်။





"ဆရာလေး မအိပ်သေးဘူးလား"

"အင်း. ."

"မနက်စောစော ကျုပ်အကောင်တွေ သွားပစ်လိုက်တော့မယ်"

"ကောင်းတယ်"

"ပြီးတော့ ကျုပ် ဒီခြံထဲမှာ စိုက်ပျိုးရေး လုပ်မယ်နော်"

"ဒါလည်း ကောင်းတာပဲ"

"ဒီည ခြံထဲမှာ ရှိသမျှအကောင်တွေ ခေါ်ပြီး အကုန်ဖမ်းထားလိုက်မယ်၊ မနက်အစောကြီး သွားလွှတ်မယ်၊ ဆရာလေး သဘောတူရဲ့လား"

"တူပါတယ်. . . စိုက်ပျိုးရေး လုပ်မယ်ဆိုရင် အပင်အိုအချို့ကို ခုတ်လှဲရမယ်၊ နေရောင်မရဘဲ သီးနှံစိုက်လို့မရဘူး၊ အပင်လှဲတဲ့ အလုပ်သမားပါ တစ်ခါတည်း ရှာခေါ်ခဲ့လိုက်"

ဦးမှုန်၏မျက်နှာ ဝင်းပသွားသည်။ သူ၏ဆန္ဒကို မကန့်ကွက်ခြင်းအတွက် ပျော်ရွှင်သွားပုံရသည်။

"ဆယ့်နှစ်နာရီ ရှိပြီ ဆရာလေး. . . အိပ်တော့လေ၊ ကျုပ် တံခါးပိတ်လိုက်တော့မယ်"

"အင်း. . . ခင်ဗျားအကောင်တွေ နိုင်နိုင်နင်းနင်း ခေါ်ဦးနော်၊ တော်ကြာ ခင်ဗျားကို ပေါက်ပြီး လွတ်ထွက်ကုန်လို့ သုံးလောင်းဖြစ်သွားဦးမယ်"

"ဖွ. . လွဲပါစေ. . ဖယ်ပါစေ ဆရာလေးရယ်၊ ကျုပ်က သူတို့ကို မေတ္တာနဲ့ ခေါ်ပြီး အနှောင်အဖွဲ့က လွှတ်ပေးလိုက်မှာပဲ ကျုပ်ကို ရန်မမူပါဘူးဗျာ"

ဦးမှုန်စကားတွေ အတော်တိုးတက်လာပြီ။ လွန်း၏လက်



www.burmeseclassic.com

www.burmeseclassic.com



ချက်မှန်း သူ သဘောပေါက်လိုက်သည်။

အိပ်ခန်းထဲသို့ ဝင်ခဲ့လိုက်သည်။ ပြဿနာပဲဟု သူ ညည်းတွားလိုက်မိသည်။ ဒီနေ့ အိပ်ဆေးမသောက်ထားမိ၍ သူ မည်ကဲ့သို့ အိပ်ရမည်နည်း။

အခြားအခန်း၌ သွားအိပ်လျှင်ကော၊ အကယ်၍များ လွန်းသည် မြွေတွန်သံ၊ ဦးမှုန်၏ပုလွေသံကို ကြားက နိုးလာပြီး သူ့အား မတွေ့ပါက မည်ကဲ့သို့ ဖြစ်နိုင်သနည်း။

မဖြစ်နိုင်သေးပါဘူး။

လေးပေမီးချောင်း အလင်းရောင်အောက်၌ နှစ်ခြိုက်စွာ အိပ်မောကျနေသော မိန်းမတစ်ဦး၏အလှတရားကို သူတွေ့ရှိရပြီ။

ပုံပျက်ပန်းပျက် အိပ်နေခြင်းမဟုတ်။ ညာဘက်သို့ စောင်းကာ ညာလက်က ခေါင်းအုံးအောက် ထိုးထားပြီး ဘယ်လက်က ခေါင်းအုံးတစ်လုံးကို ပိုက်ထားသည်။ အိပ်ပျော်နေသော အလှနတ်သမီးလေးပါလား။

သူ ခေါင်းအုံးအောက် တစ်တောင်လျှော့အိပ်ထားသည်မှာ ကြီးကြီး၏သွန်သင်မှု ယင်သည်။

"ဟင်. ."

သူ အိပ်ဆေးတစ်ပြား ယူသောက်ပြီး သူမဘေး အသာဝင်လှဲလိုက်သည်။ မီးချောင်းတို့ ပိတ်ရန် သတိရလိုက်သည်။

သို့သော် နေပါစေတော့။ သူမများ အိပ်မက်ကြောင့် လန့်နိုးခဲ့ပါလျှင် အမှောင်ထုကို ကြောက်ပေလိမ့်မည်ဟု တွေးမိကာ မပိတ်တော့။ သူမအား ကျောခိုင်းထားလိုက်သည်။

လူယုတ်မာသွေးနှင့် မရောလိုပါ။ သူသည်လည်း လူယုတ်မာ အဖြစ်မခံနိုင်။ သူ၏ရင်သွေးများသည်လည်း ပြိုကွဲသော






ားစုအတွင်း မရောက်ရှိစေရဟု သူတွေးကာ အိပ်ပျော်ခြင်းကို ပမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

"ဘယ်လိုလုပ်လိုက်တာလဲ မြေးလေးရယ်"

ဘွားဘွားက မျက်ရည် စမ်းစမ်း,စမ်းစမ်းနှင့် သူ့အား ဖက်ထားလေသည်။

"အဘွားကြီးကလည်းကွာ. . . ဒါ ဓမ္မတာပဲလို့ ပြောနေတာကို၊ မြေးစိတ်ဆင်းရဲအောင် မလုပ်နဲ့ကွာ"

မင်းဘုန်းထွဋ် ဘိုးဘိုးအား ကျေးဇူးတင်စွာ ပြုံးပြလိုက်သည်။





"ဓမ္မတာတော့ ဓမ္မတာပေါ့၊ ဒါပေမယ့် ယူစရာ ကြိုက်စရာ လောက်ရှားသလား၊ ဒီအမျိုးယုတ်သမီးကိုမှ မင်းယူရသလား မြေး ယ်၊ ဘွားဘွားတော့ သဘောမတူနိုင်ဘူး၊ ပြန်လည်း မအပ်နိုင်ဘူး၊ ကြီးကျယ်ကျယ် မျိုးကောင်းရိုးကောင်းဆိုတော့၊ ဘယ်မလဲ မင်း တာဝ်မလေး"

မင်းဘုန်းထွဋ်ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ သူဆင်ထား သာအကွက်ထဲသို့ ဖြတ်သွားသည်။ သူဆင်ထားသောအကွက်ထဲ ကွက်တိဝင်လေပြီ။ သို့သော် ဘွားဘွား၏အပြောကို လွန်း ကြား ားမှာ စိုးရိမ်ပြန်သည်။ ဘာဖြစ်လို့ စိုးရိမ်ရသနည်း။ သူဖြစ်စေချင် ာတွေ ဖြစ်နေပြီလေ။

"အဘွားကြီးကလည်း. . . စကားကို ဆင်ဆင်ခြင်ခြင် ပြာစမ်းပါ၊ ကိုယ့်မြေးနဲ့ ပတ်သက်လာမှတော့ သူလည်း မြေးဖြစ်နေ လေ"

ဘိုးဘိုးက သမာသမတ်ရှိသော အငြိမ်းစား စက်ရှင်တရား ကြီးပီပီ မှျမှျတတ ပြောလေသည်။

"အို. . အို. . မဖြစ်နိုင်ပါဘူး၊ ကွာလိုက် မြေး၊ မိန်းမ မရှား း၊ ဒီလောက်မျိုးရိုးညံ့တဲ့လူကို မယူစမ်းနဲ့၊ ကျောက်ခဲကို ဆီညှစ် ာကမှ ရဦးမယ်၊ မျိုးရိုးဗီဇ ညံ့တဲ့မိန်းမကို ပြုပြင်ပေါင်းသင်းလို့က ာ့ မင်းပဲ စိတ်ဆင်းရဲပြီး အသက်တိုမှာ၊ ဘွားဘွားစကား နား ာင်ပါကွယ်၊ ဘယ်မလဲ ခေါ်စမ်း၊ ဘွားဘွား ပြောပစ်လိုက်မယ်၊ ွတောင်းသလောက် နစ်နာကြေး ပေးလိုက်"

"အဘွားကြီး တော်စမ်း၊ မင်းပါးစပ်ပိတ်ထားစမ်း"

ဘိုးဘိုးက ဒေါသထွက်လာပြီး အသံမာမာဖြင့် ဟိန်း ာက်လိုက်သောအခါမှ ဘွားဘွားငြိမ်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းအရာ အဖြစ်အပျက်ဟူသမျှကို လွန်းသ
တစ်လုံးမကျန် ကြားသိမြင်တွေ့နေရသည်။ ထမင်းစားခန်း
ဧည့်ခန်းဆက်လျက်ဖြစ်သည်။

အချဉ်ကြိုက်သော မင်းဘုန်းထွဋ်အတွက် ဒန့်ဒလွန်သီး
ငါးရံ့ခြောက်ရည်လေး ချက်ပေးရန် နယ်ဖတ်နေသဖြင့် သူ၏အ
အဘွားများကို ထွက်မကြိုနိုင်ခြင်းဖြစ်သည်။

"ဘွားဘွား. . . သားမိန်းမကို ဘာမှပြောစရာမလိုဘူး
သူ့မျက်ရည်စက်ဟာ သားရဲ့သွေးတစ်စက်ပဲလို့ ဘွားဘွား
ထား"

"အို. . အို. . ကြည့်စမ်း၊ မယားမိုက်နဲ့ ပေါင်းပြီး ဘွားဘွ
ကိုတောင် ခံပြောတတ်နေပါပကော၊ အောင်မလေး. . . မိလှိုင်
နှင့်သားအလိမ္မာတုံးကြီးကို နင်တို့ စွန့်ပစ်ထားချင်ကြဦး"

"လာစမ်း အဘွားကြီး၊ ခရီးပမ်းလာတယ်. . . နားလိုက်
ကဲ. . . မောင်မှုန်ကော"

"လာပါပြီ သခင်ကြီး"

ဦးမှုန်က ပြေးထွက်သွားသည်။ လွန်း၏မျက်ရည်ပေါက်
သည် လက်ဆေးဗေဇင်ထဲသို့ တစ်ပေါက်ချင်း ကျလာသည်။

မာနကြီးပြီး ခပ်ပျော်ပျော် နေခဲ့သော သူမအတွ
သောကန္တကြီးက ကြီးမားလွန်းလှသည်။ သို့သော်. . .

"မရွှေလွန်း. . ."

လွန်း၏ပခုံးကို ဆွဲလှည့်ခြင်း ခံလိုက်ရသည်။

"မငိုနဲ့. . . တိတ်၊ ကျုပ်လိုချင်တာ ခင်ဗျားမျက်ရည်
မဟုတ်ဘူးနော်"

"ကျွန်မ. . ကျွန်မ. ."





"တိတ်. . . ဘိုးဘိုး လာပြီ"

လွန်း၏မျက်ရည်စက်ကို သူက တဘက်ဘက်ဟန်ဖြင့် သုတ်
ပေးသည်။

"လွန်းကလည်းကွာ. . . ဘွားဘွားက စိတ်ရင်းကောင်းပါ
တယ်၊ အပြောမတတ်လို့ပါ၊ လွန်းကို ခပ်ပေါ့ပေါ့ပျက်ပျက်လို့ ထင်လို့
ပါ၊ မောင့်အချစ် ဘယ်လောက်လိမ္မာတယ်ဆိုတာ သိရင် ချစ်သွား
မှာပါ၊ ဟော. . . ဘိုးဘိုး"

ဘိုးဘိုးက စားပွဲနား ရပ်ကာ လွန်းတို့နှစ်ဦးကို အကဲခတ်
သည်။ အထူးသဖြင့် လွန်းကို ခြေဆုံးခေါင်းဖျား ဖျတ်ခနဲ ကြည့်လိုက်
သည်။

လွန်းကလည်း မင်းဘုန်းထွဋ်သည် ဘိုးဘိုးနှင့် တူခြင်းဟု
အကဲခတ်မိကာ အမေတူသားဖြစ်မည်ဟု သဘောပေါက်လိုက်
သည်။

"မြေးမလေးနာမည်က ဘယ်သူ"

"လွန်းပါ"

"မိန်းမချောလေးပဲ. . . သားစွဲလမ်းမယ်ဆိုလည်း စွဲမက်
လောက်ပါပေတယ်၊ ဘာလုပ်နေလဲ သမီး"

လွန်းရင်ထဲ စောစောက ခံစားနေရသည့် ဝေဒနာတစ်
ဝက် လွင့်ပါးသွားသည်။

"ဒန့်ဒလွန်သီးချဉ်ရည်ပါ"

"ဟဲ့. . . မောင်မှုန် ရှိသားပဲ"

"ကျွန်မကိုယ်တိုင် ချက်ကျွေးချင်လို့ပါ"

"အေးလေ. . . ဒါလည်း သဘာဝပဲ၊ ကိုင်း. . . ဘွားဘွား
ဆီ ခဏလိုက်ခဲ့ကြဦး"



www.burmeseclassic.com

www.burmeseclassic.com



လွန်းက မင်းဘုန်းထွဋ်မျက်နှာကို လှမ်းကြည့်လိုက်သည်။ မင်းဘုန်းထွဋ်က ခေါင်းညိတ်ပြကာ သူမပခုံးအား ဖက်သိုင်းခေါ်ငင် ခဲ့လိုက်သည်။

လွန်း အားငယ်မှာကို မင်းဘုန်းထွဋ် မလိုလားပါ။

ဘွားဘွားက အိပ်ယာပေါ်၌ ထိုင်ရင်း. .

"နင်က ဘာလို့ လက်ခံထားရတာလဲ မောင်မှုန်"

"ကျုပ်က ကျွန်ပါ သခင်မကြီး၊ ဆရာလေးအမိန့်ကို မလွန်ဆန်ဝံ့ပါဘူး"

"နင်လည်း သောက်သုံးမကျဘူး၊ သွား. . . သွား. . . တစ်ယောက်မျက်နှာမှ မကြည့်ချင်ဘူး"

"ဟင်. ."

လွန်း၏ခြေလှမ်း တုံ့ဆိုင်းသွားသည်။ ဘွားဘွားအခန်းထဲသို့ ဆက်မဝင်ရဲ။

"လာပါ လွန်းရယ်"

မင်းဘုန်းထွဋ်က အားပေးကာ ဆွဲခေါ်လိုက်သည်။

"အဘွားကြီးရေ. . . မြေးတွေက အဘိုးအဘွားကို ဦးဦးဖျားဖျား ကန်တော့မလို့တဲ့"

"မလိုဘူး. . . ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်ကြပြီး ကန်တော့စရာ မလိုဘူး၊ မျက်နှာတွေလည်း မကြည့်ချင်ဘူး"

"မကြည့်ချင်ရင် နေခဲ့ပါလား အဘွားကြီးရယ်၊ ဘာဖြစ်လို့ အပင်ပန်းခံပြီး လိုက်လာရတာလဲ"

ဘွားဘွားက သူတို့အား လှည့်မကြည့်ဘဲ ကျောခိုင်းထားသည်။ ဘိုးဘိုးက ဘွားဘွားဘေး၌ ဝင်ထိုင်ကာ. . .

"ကလေးတွေ ကန်တော့ကြပါစေ"





"အို. . အို. . မလိုဘူး၊ သွားကြ. . သွားကြ. . သွားကြ"

ဘွားဘွား၏စိတ်နုခြင်းကို မင်းဘုန်းထွဋ် သဘောပေါက်ပြီးသားဖြစ်သည်။ တစ်ဦးတည်းသောသမီး လှိုင်း၏သားသမီးနှစ်ယောက်သာ သူ၏အသည်းကျော်ဖြစ်ရာ မြလေးထွဋ် ကွယ်လွန်ပြီးနောက် ဘိုးဘိုးဘွားဘွား၏အချစ်သည် မင်းဘုန်းထွဋ် တစ်ဦးတည်းပေါ်၌သာ စုပြုံထားခြင်းဖြစ်သည်။

"မင်းမြေး စိတ်မကောင်းဖြစ်နေပြီလေ အဘွားကြီး"

"အို. . အို. . သူဘာဖြစ်လို့ ထင်ရာစိုင်းသွားသလဲ"

"မြေးလွန်းက ကျုပ်တို့မြေးကလေးနဲ့ ဆင်တယ်၊ ဖြူဖြူသွယ်သွယ်မြင့်မြင့်လေး၊ ဆံပင်ရှည်ကလည်း မြလေးလိုပဲ၊ မြလေးအစားရသလိုပဲကွယ်"

ဘိုးဘိုးက တရားသူကြီးပီပီ အမှန်တရားကို မြင်တတ်ပုံရသည်။

ဘွားဘွားက ငြိမ်ကျသွားသည်။ မင်းဘုန်းထွဋ်နှင့်လွန်းက ကြမ်းပြင်ထက်၌ ထိုင်လိုက်သည်။

"ဘွားဘွား. . ဘိုးဘိုး. . ကျွန်တော်တို့ ကန်တော့ပါတယ်၊ ဘိုးနဲ့ဘွားကို စိတ်ဆင်းရဲအောင် လုပ်ခဲ့မိတဲ့အပြစ်တွေကို ခွင့်လွှတ်ပါလို့ ရှိခိုးတောင်းပန်ပါတယ်"

"ကျွန်မကိုလည်း ခွင့်လွှတ်ပါ"

လွန်းက မဝံ့မရဲ ပြောပြီး ကန်တော့လိုက်သည်။ ဘိုးဘိုးက

"အေးကွယ်. . သာဓု. . သာဓု. . ဒီလင်ဒီမယား စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အိုအောင် ပေါင်းသင်းနိုင်ကြပါစေကွယ်"

ဘွားဘွားက ဆုမပေးဘဲ ငုံ့စောင်းကြည့်သည်။ မျက်နှာထားကြီးက တင်းမာလျက်ပင် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွားကြီး. . . ဆုပေးဦးလေ"

"အိုအို. . . ကျုပ်စိတ်ထဲက ပေးနေတာ တော်သိလို့လား"

လွန်းက ကလေးဆန်သော ဘွားဘွားပါလားဟု သဘော ပေါက်မိကာ စေစောက သောကလေး လွင့်ပြယ်သွားသည်။

"ဘွားဘွား ညောင်းလာသလား၊ ကျွန်မ နှင်းပေးရမလား ဟင်"

"အိုအို. . မလိုပါဘူး၊ ညည်းအသားနဲ့ ကျုပ်ကို လာမထိနဲ့"

လွန်းရင်ထဲ နင့်ကနဲဖြစ်သွားသည်။ မင်းဘုန်းထွဋ်က သူမ ၏လက်ကို ဖျစ်ညှစ်ကာ အားပေးလိုက်သည်။ လွန်းမျက်နှာလေး ညှိုးရော်သွားသည်ကို သူ ရုတ်တရက်တော့ ကရုဏာသက်မိသည်။

"သားနှိပ်ပေးရမလား ဘွားဘွား"

"အင်း. ."

မင်းဘုန်းထွဋ် သိပါသည်။ ဘွားဘွားသည် အနှိပ်ခံရင်း လွန်းနှင့် ပတ်သက်ပြီး ပြောတော့မည်။

"ကဲကဲ. . . သမီးသွားတော့၊ ဘိုးဘိုးတို့အတွက် အထူး တလည်တွေ ချက်မနေနဲ့၊ မောင်မှုန်ကို ခိုင်း၊ သူ အားလုံးချက်တတ် တယ်"

"ဟုတ်ကဲ့ ဘိုးဘိုး"

လူကြီးသူမများနှင့် ပတ်သက်လာ၍ကတော့ လွန်းသည် လိမ္မာရိုကျိုးသူဖြစ်သည်။ ကြီးမေ၏ သွန်သင်ဆုံးမမှုအောက်ဝယ် လွန်းသည် လိမ္မာယဉ်ကျေးသူ မဟုတ်သည့်တိုင်အောင် ရိုင်းစိုင်းသူ မဟုတ်ဟု မင်းဘုန်းထွဋ် သတိပြုမိသည်။

လွန်း ထွက်သွားမှ ဘိုးဘိုးက. . .

"သား ရှေ့ဘာလုပ်မယ်လို့ စိတ်ကူးထားသေးလဲ"





"သားတို့ လက်ထပ်ထားပြီးပြီ ဘိုးဘိုး"

"အေးလေ. . . ပြန်အပ်သင့်တယ်လေ"

"အရေးလုပ်လို့. . . မအပ်နိုင်ဘူးလို့ ကျုပ်ပြောလိုက်ပြီပဲ တော်"

"မိန်းကလေးရဲ့ဆန္ဒကကော"

မင်းဘုန်းထွဋ် သက်ပြင်းချလိုက်သည်။

"သား ပြန်မအပ်ချင်ဘူး"

"ဟော. ."

"သူတို့ လက်ခံမှာ မဟုတ်ဘူး၊ ရဲစခန်းတောင် ပထမ တိုင်ချက်ဖွင့်သေးတယ်ဆို"

"ဒါကတော့ မင်းကို ဟိုကောင်သားမှန်းမှ မသိကြဘဲကိုး၊ သိသွားတော့လည်း ကောင်မလေးအမေမျက်နှာနဲ့ ရုပ်သိမ်းလိုက်ရ တာပေါ့ကွာ"

"ဒေါ်ခင်မြတ်ကကော"

"ကောင်မလေး ကြီးတော်လား၊ အေး. . . သူကတော့ ရည်မွန်ပါတယ်၊ မိန်းကလေးရှင်ဘက်က ဖြစ်နေတော့လည်း ဖြစ်သင့်ဖြစ်ထိုက်တာ လုပ်ပေးသင့် လုပ်ပေးထိုက်တာကို လုပ်စေ ချင်တယ်၊ မိန်းကလေးအတွက် မင်္ဂလာဆိုတာ တစ်သက်မှာ တစ်ခါ တည်း ဖြစ်တဲ့အတွက် ပြန်အပ်ပြီးမှ အသိအမှတ်ပြုတဲ့ မင်္ဂလာ ဆွမ်းကျွေးတော့ လုပ်ပေးသင့်တယ်လို့ ပြောတယ်"

"အင်း. . . တစ်ခုခုတော့ လုပ်ပေးရမှာပေါ့ ဘိုးဘိုးရယ်"

"အို. . အို. . ဘာလုပ်ပေးရမှာလဲ၊ ခမ်းခမ်းနားနား ဧည့်ခံ လို့ကော ရမလား၊ နင့်အဖေက နင့်ဘက်က လိုက်ထွက်ပေးမှာလား၊ မဖြစ်နိုင်တဲ့ကိစ္စဟာကို၊ ဆွမ်းပဲ ကျွေးလိုက်၊ သားသမီးမှန်း မသိတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ လုံးဝမလာစေနဲ့. . . ဒါပဲ၊ လာရင် ကျုပ်နဲ့ အတွေ့ပဲ”

မင်းဘုန်းထွဋ်က ဘွားဘွားအား လှမ်းဖက်ကာ. . .

“ဒီကိစ္စမှာတော့ ဘွားဘွားပြောတာ လက်ခံတယ်၊ မင်္ဂလာပွဲလုပ်လိုက်ရင် ကိုယ့်အထုပ် ကိုယ်ဖြေပြတာနဲ့ အတူတူပဲ၊ ဘိုးဘိုးနဲ့ ဘွားဘွား အသိအမှတ်ပြုတယ်၊ သူ့ဘက်က ကြီးကြီး အသိအမှတ်ပြုတယ်ဆိုရင် ပြီးတာပဲ၊ ကျွန်တော် ဘာမှမလုပ်ချင်ဘူး”

“အေး. . . ဒါ ကောင်းတယ်”

ဘွားဘွားနှင့်မင်းဘုန်းထွဋ် ပြေလည်မှု ရသွားသည်။ ဘိုးဘိုးကတော့ မျှတစွာဖြင့်. . .

“ဒီကိစ္စမှာ မိန်းကလေးရှင်ရဲ့ဆန္ဒ အရေးကြီးပါတယ်၊ သမီးလေးကို မေးကြည့်ပါဦး”

“ဘိုးဘိုး မေးကြည့်လေ၊ ကျွန်တော့်ဆန္ဒဟာ သူ့ဆန္ဒ ဖြစ်စေရမှာပေါ့”

ဘွားဘွားမျက်နှာကြီး ပြုံးယောင်သန်းသွားကာ. . .

“ငါ့မြေးက မိန်းမကို နိုင်တယ်ပေါ့. . . ဟုတ်လား”

“ဒါပေါ့”

“ဒီလိုဆိုရင် ဘာမှလုပ်မပေးနဲ့၊ ပစ်တုန်းက ပစ်ထားကြပြီး ခုမှ မကျွပ်တိုင် တက်ပြနေတဲ့ ကောင်မလေးအဖေ အယုတ်တမာကောင်ကို မုန်းလွန်းလို့ ဘွားဘွားတော့ ပြောပစ်လိုက်တယ်”

“ဘာပြောလိုက်သလဲ”

“မင်းသမီးမှန်း ခုမှ သိရတယ်၊ ငါ့မြေး သနတယ်ဟော့၊ ရအောင်ခွဲပြီး နွားနို့နဲ့ ဆေးကြောပစ်ရမယ်လို့လေ”

“ဟာဗျာ. . . ဘွားဘွားကလည်း”

မင်းဘုန်းထွဋ် အလွန်ပင် အားနာသွားသည်။ လွန်း ကြား





သွားမှာ စိုးကြောက်သည်။ လွန်းအပေါ် နိုင်လိုမင်းထက် သူ မပြုလိုပါ။ သူ မုန်းတီးစွာ ပြုမူလိုသည်မှာ ဦးထွန်းဦးသာဖြစ်သည်။

“ကဲပါ. . . အဘွားကြီးရယ်၊ တအောင့်တဖြုတ် နားပြီးတို့ မြေးမလေးလက်ရာ ထမင်းမြိန်မြိန် စားကြရအောင်လား၊ ညမှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့”

“ဟိုကောင့်သမီးမျက်နှာ ကြည့်ရမှာ အကုသိုလ်များလွန်းလို့ ကျုပ်ထမင်းပွဲ ဒီကိုပဲ ပို့ပေး”

“လုပ်ပြီကွာ”

“ဘွားဘွားသဘောကျ နေပါစေ ဘိုးဘိုးရယ်”

မင်းဘုန်းထွဋ် လက်လျှော့လိုက်သည်။ လွန်းအပေါ် လည်း သနားသွားသည်။ မိဘ၏ဆိုးမွေကို သူမတစ်ယောက်တည်း ခါးစည်းခံနေရရှာသည်။ သူ တရားပွဲမလား။ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေပြီလား၊ မင်းဘုန်းထွဋ် စိတ်တင်းလိုက်သည်။

စိတ်ပျော့နေ၍မရ။ သူ၏ပစ်မှတ်က ထိရောက်မှု ရှိပါသည်။ ဦးထွန်းဦးအတွက် ဝဋ်ကြွေးဆိုက်ရောက်ခြင်းအပေါ် ဆွေ့ဆွေ့ခုန်လျက်ရှိနိုင်သည်။

“ဟင်း. . ဟင်း. . ဟင်း”

“ဟဲ့. . . ဘာရယ်တာလဲ ငဘုန်း”

“ဟိုလူယုတ်မာကို ရယ်တာ”

“ဘယ်လူယုတ်မာလဲ”

“ထွန်းဦး”

“ဟဲ့. . . နင့်ယောက္ခမထီးလေ”

“ဘွားဘွား. . . သား သူ့ကို ရွံတယ်၊ မုန်းတယ်၊ အလျှည့်ကျတော့ မနွဲ့စတမ်းပေါ့”



www.burmeseclassic.com

www.burmeseclassic.com




"ဟင်. ."

သူ ဘွားဘွားအပါးမှ ထွက်ခဲ့သည်။ ဘွားဘွားက ပါးစပ် အပေါက်းသား ကျန်ရစ်ခဲ့သည်။

သူ့အပေါ် ဘွားဘွား နားလည်ရ ခက်ခဲသွားပြီဆိုတာကို သူ အတပ်သိလိုက်သည်။







# အခန်း(၂၆)

"ကျွန်မ ဘာမှမလုပ်ချင်ပါဘူး၊ ရန်ကုန်ကိုလည်း ပြန် လိုက်ချင်တော့ဘူး"

"ဖြစ်မလား. . . ကျုပ်က စာမေးပွဲ ဖြေရဦးမှာ"

"ဖြေကာနီးမှ သွားရင်ကော"

"အင်း. . ."

သူ စဉ်းစားလိုက်သည်။

"ဘိုးဘိုးက လူကြီးပီသချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေပါနဲ့ရှင်. . . ကျွန်မကို ကွာပေးမှာပဲ မဟုတ်လား"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ကျုပ်ရည်ရွယ်ချက် အောင်မြင်မှု ရှိမရှိ သေသေချာချာ လေ့လာရဦးမယ်"

"ဒါဖြင့်ရင်လည်း ရှင် ရန်ကုန်လိုက်သွားလိုက်လေ၊ ဦးထွန်းဦးကို သွားတွေ့ပြီး သူမျက်ရည်ကျအောင် ပြောပစ်လိုက်ပေါ့"

"ကျုပ် နှုတ်သီးကောင်းလျှာပါး မလုပ်တတ်ဘူး"

"ဒါပေမယ့် ခု ရှင့်လုပ်ရပ်က ယောက်ျားဆန်သောအလုပ်လို့ ရှင်ပြောနိုင်သလား"

"ဟာ. . . ဘာပြောတယ်"

"ကျွန်မ မသိလို့ မေးကြည့်တာပါ။ အဲဒီမေးခွန်း ရှင့်ကိုယ်ရှင် မေးဖူးရဲ့လားလို့ပါ"

မင်းဘုန်းထွဋ်ရင်ထဲ စူးခနဲ ဖြစ်သွားသည်။ အမျက်ဒေါသထွက်သင့်သလား။ သူ့ကိုယ်သူ တစ်ခါမှ ပြန်မမေးကြည့်မိဖူးသော မေးခွန်းကို သူမက ထောက်ပြနေသည်။

"ခင်ဗျားကို ကျုပ်စော်ကားလို့လား"

"စော်ကားတယ်ဆိုတာ ဘာလဲ၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းကိုမှ ခေါ်တာလား၊ ဘဝတစ်ခုလုံးကို မတရား သိမ်းပိုက်ထားပြီး လွတ်လပ်ခွင့်ကိုပါ နှောင်ဖွဲ့ထားတာကို စော်ကားခြင်းလို့ မခေါ်ဘူးလား"

"ခင်ဗျား ကျုပ်အပေါ် မကျေနပ်ဘူးလား"

လွန်းက ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။

မင်းဘုန်းထွဋ်စိတ်ထဲ ခံရခက်သော ဝေဒနာတစ်ရပ်က နှိုးထနေလေပြီ။





"ကိုယ့်ချစ်သူရည်းစား မဟုတ်ဘဲ ကိုယ့်အပေါ် ရန်သူလို သဘောထားနေတဲ့ လူတစ်ယောက်ရဲ့ မတရား သိမ်းပိုက်လက်ထပ်ခြင်းကို ကျေနပ်နိုင်တဲ့မိန်းမမျိုး ရှိနိုင်ပါ့မလား မင်းဘုန်းထွဋ်ရယ်၊ စဉ်းစဉ်းစားစားလည်း ပြောပါဦး"

"ခင်ဗျားကို ကျုပ် မတရား အနိုင်ကျင့် ရက်စက်နေသလား"

"လိုသေးလို့လား. . . အပျိုစင် မိန်းမသားတစ်ဦးရဲ့ဘဝကို ရှင် မတရား လက်ထပ်တယ်၊ ပြီးတော့ ကွာပေးမယ်၊ တစ်ခုလပ်ဆိုတဲ့ဘဝ ရောက်အောင် ရှင်အရောင်ဆိုးပေးလိုက်တာထက် ရက်စက်တဲ့ အနိုင်ကျင့်မှုမျိုး ရှင်လုပ်ချင်သေးလို့လား"

မင်းဘုန်းထွဋ် ဒရင်းဘက်ပေါ် သို့ လှဲချလိုက်သည်။

"ဦးထွန်းဦး ကျုပ်ကို တောင်းပန်ရမယ်၊ သူ့ယုတ်မာမှုအတွက် သူ နောင်တရစေရမယ်"

မင်းဘုန်းထွဋ် တစ်ကိုယ်တည်း ညည်းတွားဟန်ဖြင့် ပြောလိုက်သည်။ လွန်းကို သူကြည့်နေသော်လည်း မြင်ဟန်မတူ၊ သူ့အာရုံ၌ မြလေးထွဋ်၏ဝိညာဉ် ပူးကပ်ကောင်း ပူးကပ်နေပေလိမ့်မည်။

"ဘယ်တော့မှ နောင်တရမယ် မထင်ဘူး၊ ကျွန်မပါ ရှင့်အစ်မ မြလေးထွဋ်လို သေဆုံးတဲ့တိုင်အောင် သူ နောင်တရမယ် မထင်ဘူး၊ ညာဉ်ဆိုးဆိုတာ ချွတ်နိုင်ခဲသားပဲ"

"ကိုယ်ချင်းစာနာတဲ့တရား ခင်ဗျားအဖေမှာ မရှိဘူးလား"

"ရှိမှတော့ လွန်းဟာ မိဘမဲ့ မကြီးပြင်းခဲ့ရဘူး"

"ခင်ဗျား. . ခင်ဗျားအဖေကို စိတ်နာသလား"

"နာတယ်. . . အဖေ့ကိုရော အမေ့ကိုပါ စိတ်နာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခု သူတို့ရဲ့ဆိုးမွေကို ကျွန်မခံစားနေရပြီလေ၊ ဒါကြောင့် ကျွန်မဘဝမှာ မိဘနှစ်ပါး ကွယ်လွန်သွားပြီလို့သာ မှတ်ယူထားလိုက်ပြီ”

မင်းဘုန်းထွဋ်က လွန်း၏နာကျည်းရိပ်လွှမ်းနေသော မျက်နှာဖူးဖူးလေးကို ငေးကြည့်လိုက်သည်။

လွန်းဟာ သူနှင့် ဘဝတူပါလား ဟူသောစာနာစိတ်ကလေး ဝင်ရောက်လာသည်။

“ကိုင်း. . . ကျွန်မ ဦးလေးမှုန်ကို စာသွားပြပေးလိုက်ဦးမယ်၊ ဘိုးဘိုးနဲ့ဘွားဘွားတို့ကိုရော ဘာလုပ်ပေးစရာ လိုသေးသလဲ”

“ဟင့်အင်း. . . ရပါတယ်၊ ကျုပ်ပါ လိုက်ခဲ့မယ်”

မင်းဘုန်းထွဋ် ဘာကြောင့်ရယ် မသိ။ ဦးမှုန်နှင့် လွန်းကို နှစ်ယောက်တည်း မထားချင်။ ဦးမှုန်က လွန်းကို ကလေးမဟု ခေါ်ရာမှ ဆရာမလေး. . ဆရာမလေးဖြင့် ရိုကျိုးနေလေပြီ။

“မြေး. .”

“ဗျာ. . . ဘိုးဘိုး”

“ငါ့မြေး မိန်းမရ ကံကောင်းတယ်”

မင်းဘုန်းထွဋ် ဘာပြောရမှန်း မသိအောင် ဖြစ်သွားသည်။

“မောင်မှုန်လိုလူမျိုးရဲ့အစွဲကို တစ်ရက်နှစ်ရက်အတွင်း ချွတ်နိုင်တယ်၊ တကယ်ကို မြွေတစ်ကောင်မှ မကျန်တော့တာ၊ အရင်တုန်းက သွားပစ်ခိုင်းရင် တစ်ကောင်စ နှစ်ကောင်စ ဖွက်ထားတဲ့ကောင် ခုမှ တက်တက်စင် ပြောင်တော့တယ်”

“ဟုတ်တယ်. . . လွန်းက မြွေသိပ်ကြောက်တယ်”

မင်းဘုန်းထွဋ်သည် လွန်း မြွေကြောက်မှန်းကို ကိုအေးနိုင်မှ တဆင့် သိထားသဖြင့် တမင်ခြိမ်းခြောက်မိခြင်းလည်းဖြစ်သည်။ ဒီအတွက် သူသည် ယုတ်မာကောင်း ယုတ်မာပေလိမ့်မည်။ သို့သော်





သူမ အန္တရာယ် မဖြစ်စေရေးအတွက် သူ စေတနာထားမိသည်က အမှန်ပင်။

“ဘာတဲ့လဲ”

“ဘာကိုလဲ ဘိုးဘိုး”

“ဟကောင်ရ. . . ပြန်အပ်ဖို့ မအပ်ဖို့ကို သူဘာပြောသလဲ”

“ဘာမှမလုပ်စေချင်ဘူးတဲ့. . . သူလည်း သူ့မိဘတွေကို နာကျည်းနေပုံပဲ၊ စာမေးပွဲ သွားဖြေမယ်တဲ့၊ ဖြစ်နိုင်ရင် ဒီမှာပဲ သူ နေချင်တယ်တဲ့”

“မြေးကရော”

“သူ့သဘောအတိုင်းပဲလေ. . . ဆေးခွင့်တင်ထားပြီး စာမေးပွဲပဲ သွားဖြေလိုက်တော့မယ်၊ သားသူငယ်ချင်းတွေ နုတ်စ်ကို ကော်ပီကူးလိုက်တာပေါ့၊ သူ့အတွက်လည်း သူ့သူငယ်ချင်းတွေဆီမှာ အကူအညီတောင်းရမယ်”

“ဒီလိုဆို မြေးတို့ ရန်ကုန်ခဏလိုက်ခဲ့ကြဦးလေ”

“ဖြစ်ပါ့မလား”

သူ၏ဖြစ်ပါ့မလားဟူသော စိုးရိမ်စိတ်တွင် လွန်း ထွက်ပြေးသွားမှာ စိုးရိမ်ခြင်းလည်းဖြစ်သည်။

“ဘာလို့ မဖြစ်ရမှာလဲ၊ မြေးက မိန်းကလေးကို တမင်များ ကားတင်ပြေးလာလို့လား”

“ဟာ. . . ဘိုးဘိုးကလည်း မဟုတ်တာ”

“မဟုတ်တာ မဟုတ်တာတွေ လုပ်မနေနဲ့ ဘိုးဘိုးတို့က ပြန်မှဖြစ်မယ်၊ လူကြီးတွေ ဖြစ်ပြီး ဒီကိစ္စကို ဖုံးကွယ်ထားပြန်တော့လည်း လူကြီးမပီသရာကျတယ်”

“လွန်းကို ခေါ်မေးလေ ဘိုးဘိုး”



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ခေါ်လိုက်ပါဦး"

ဘိုးဘိုးကို ဧည့်ခန်း၌ ထားရစ်ကာ ထမင်းစားခန်း၌ စားသင်ပေးနေသော လွန်းအား ခေါ်လိုက်သည်။

"ဟုတ်ကဲ့. . . ဘာများ ပြောစရာရှိလို့ပါလဲ ဘိုးဘိုး"

"သမီးက ပြန်အပ်တာကို မလုပ်ချင်စေချင်ဘူးဆို"

လွန်းက မင်းဘုန်းထွဋ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ မင်းဘုန်းထွဋ်မျက်နှာ၌ တောင်းပန်တိုးလျှိုးသော အရိပ်အယောင်ကို တွေ့လိုက်ရသဖြင့်. . .

"ဟုတ်ကဲ့ ဘိုးဘိုး"

"ဘာဖြစ်လို့လဲ"

"ကြီးမေကလွဲရင် ကျန်တဲ့သူတွေ ဝင်ပါတာတို့ မကြိုက်လို့ပါ"

"ဒါဖြင့် သမီးကြီးမေကို ဘိုးဘိုး အကြောင်းကြားပေးရမလား"

"နေပါစေ. . . သမီးတို့ကိစ္စမှာ ဘိုးဘိုးတို့ မျက်နှာပျက်ရတဲ့ အဖြစ်မျိုး မရောက်စေရပါဘူး၊ သမီးတို့ ဒီမှာပဲ ခဏခိုအောင်းနေပါဦးမယ်၊ စာမေးပွဲ လာဖြေပြီးမှ ဒီကိစ္စ စဉ်းစားကြရင် မကောင်းဘူးလား"

ဘိုးဘိုး သက်ပြင်းချလိုက်သည်။

"အေးလေ. . . သမီးသဘောပါပဲ၊ ဘိုးဘိုးတို့ဘက်က သမီးရဲ့ဆန္ဒကို လိုက်လျောပေးဖို့ အသင့်ပါပဲ"

"ဘွားဘွားကရော"

"သူက ပါးစပ်ဆိုးပေမယ့် စိတ်ရင်းကောင်းပါတယ်၊ ဘာမှ ကန့်ကွက်မှာ မဟုတ်ပါဘူး"





"ကျေးဇူးတင်ပါတယ် ဘိုးဘိုး၊ သမီးသွားလို့ရပြီလား"

"အေး. . အေး. . ရပါပြီ"

"ဩော်. . ဘိုးဘိုး ဘာများ သုံးဆောင်ချင်ပါသေးလဲ"

"ရတယ် သမီး. . . အားလုံးပြည့်စုံပါတယ်"

လွန်း ထမင်းစားခန်းဘက်သို့ ပြန်ဝင်သွားသည်။

လွန်းသည် ဘာကြောင့် ထိုကဲ့သို့ ဆုံးဖြတ်ချက် ချလိုက်သနည်းကို မင်းဘုန်းထွဋ် တွေး၍မရနိုင်အောင်ကို ဖြစ်မိလေသည်။

တကယ်ဆို လွန်းသည် သူ့အား စိတ်ဆိုးသင့်သည်။ နာကျည်းသင့်သည်။ သူနှင့် ခွဲခွာခြင်းအတွက် ကြိုးပမ်းသင့်သည်။ ယခုတော့ ထိုသို့မဟုတ်။


သူ၏ဆန္ဒကို မငြင်းမဆန် လိုက်လျောနေခြင်းက အံ့ဩဖွယ်ရာ ကောင်းလွန်းလှသည်။ သူ သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

ဘိုးဘိုးနှင့်ဘွားဘွား ပြန်သွားကြသည်နှင့် တပြိုင်နက် အိမ်ကြီးသည် တိတ်ဆိတ်၍ကျန်ရစ်ခဲ့သည်။

ခြံထဲ၌ မြောင်းပေါက်နေသော ဦးမှုန်၊ မီးဖိုထဲ၌ ချက်ပြုတ်နေသော လွန်း၊ အိမ်ရှေ့ခန်း၌ ယောင်လည်လည် ဖြစ်နေသော မင်းဘုန်းထွဋ်၊ ဤသုံးဦးသည် ဘယ်သူကမှ ဘယ်သူ့ကိုမှ စကားမပြောဘဲ ရှိနေကြသည်။

"အား. ."





လွန်းလက် ဓားထိသွားသည်။ လွန်းအတွေးက ဓားကို မေ့လျော့၍ဖြစ်သည်။

"မချွေလွန်း. . ဘာဖြစ်တာလဲ"

"ဓားထိသွားလို့"

"ပြစမ်း. ."

မင်းဘုန်းထွဋ်သည် မည်သည့်အချိန်က လွန်းနား ရောက်သွားသည်ကို မိမိဘာသာမိမိပင် မသိလိုက်။ လွန်းလက်ကို ဆွဲကြည့်လိုက်သည်။

"အား. . . ရတယ်၊ နန္ဒင်းသိပ်လိုက်မယ်"

"မသိပ်နဲ့. . . ဆေးရှိတယ်၊ လက်ဆေး"

"သေလောက်တဲ့ဒဏ်ရာ မဟုတ်ဘူး. . . ရတယ်"

လွန်းက ခေါင်းမာသည်။

သူ့လက်ထဲမှ သူမလက်ကို ဆွဲယူကာ နန္ဒင်းမှုန့်များ ကောက်သိပ်လိုက်သည်။

"ဒုက္ခပါပဲ"

လွန်းက ညည်းလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ငါးအသားလှီးလို့ မပြီးသေးဘူး၊ လက်က လုပ်ရခက်သွားပြီ"

"ဦးမှုန်ကို ခေါ်လုပ်ခိုင်းလိုက်ပါလား"

"သူလုပ်တတ်မှာ မဟုတ်ဘူး၊ နေနေ. . ကျွန်မဘာသာပဲ လုပ်လိုက်မယ်"

"ဟာ. . . ဘယ်ဟုတ်မလဲ၊ ကျုပ်လုပ်ပေးမယ်၊ ဘယ်လို လုပ်ရမလဲဆိုတာသာပြော"



www.burmeseclassic.com

www.burmeseclassic.com



"အသားလွှာကို အရိုးနဲ့ တခြားစီ ဖြစ်အောင် လွှာတယ်၊ ကျွန်မ လွှာထားတာ တွေ့လား"

"အင်း. . . တွေ့တယ်၊ လုပ်ပေးမယ်"

မင်းဘုန်းထွဋ်က စဥ့်နီတုံးပေါ်၌ ဆန့်ဆန့်ကြီး ရှိနေသော ငါးခူကို ဗိုက်သားမှစ၍ အသားကို အရိုးနားမှ ကပ်၍ ရုပ်လှီး၍ ခွာထုတ်လိုက်သည်။ လွယ်တော့ မလွယ်။ ချွေးတောင် စို့ချင်လာသလိုလို။

"ရရဲ့လား"

"ရတယ်"

လွန်းက ပြုံးလိုက်သည်။ သို့သော် သူမ၏အပြုံးကို မင်းဘုန်းထွဋ် မမြင်စေရန် ကွယ်ဝှက်ပြုံးခြင်းဖြစ်သည်။

"ဟုတ်ပြီ. . . နောက်တစ်ဖက် လွှာမယ်"

လွန်းက ဆန်လှော်ထောင်းနေရာမှ လှမ်းပြောလိုက်သည်။

"ထားလိုက်လေ. . . ကျုပ်ထောင်းပေးမယ်"

"ရပါတယ်. . . လွှာပြီးရင် စင်းပေးရဦးမှာ"

"ဘာဟင်းမို့လို့လဲဗျာ"

"ငါးခူငါးဆုပ်ချဉ်ရည် ချက်ပေးမလို့လေ၊ လက်တော့ ဝင်တာပေါ့ရှင်၊ ဒါပေမယ့် ရှင်က အချဉ်ကြိုက်တယ်မဟုတ်လား၊ ရှင့်အတွက် အထူးအဆန်းဖြစ်အောင် ချက်ပေးမလို့"

"ဩော်. ."

မင်းဘုန်းထွဋ် ရင်ထဲ နွေးခနဲဖြစ်သွားသည်။ လွန်းအပေါ် နားလည်ရ ခက်ခဲသွားသည်။

"ကျွန်မနဲ့ တူသောမယားနဲ့ တူရဲ့လား မင်းဘုန်းထွဋ်"

"တော်စမ်းပါဗျာ"





"ကျွန်မကို ရှင် ကွာပေးချင်အောင် ကျွန်မ ကြိုးစားပြီး လုပ်ပေးနေတာနော်. . . တစ်မျိုးမထင်နဲ့"

"ကျုပ်က ဘာတစ်မျိုးထင်ရမှာလဲ"

"ဩော်. . . ဒီကောင်မ ငါ့ကို ကြိုက်လို့ လုပ်ပေးနေတယ်လို့များ ထင်နေမလားလို့"

"မရှေ့လွန်း. . . အား. . ."

မင်းဘုန်းထွဋ်လက်ကို ဓားထိသွားပြန်သည်။

လွန်းက ရယ်ကာ. . .

"နနွင်းသိပ်လိုက်လေ. . . မီးဖိုချောင်မှာ ထိမိခိုက်မိ ပွန်းပဲ့တာလောက်အတွက်က နနွင်းသိပ်လိုက်ရင် ပျောက်သွားတာချည်းပဲ မပူနဲ့၊ ဒေါ်သတရားဟာ အန္တရာယ်ကို ဖိတ်ခေါ်ခြင်းနဲ့ အတူတူပဲ"

"ခင်ဗျား ကျုပ်ကို တမင်ရွဲ့နေတာလား"

"ထင်လို့ပါ. . . ကျွန်မ မရွဲ့တတ်ဘူး၊ တည့်တည့်ပဲ ပြောတတ်တယ်"

"တော်ဗျာ"

"ကိုင်း. . . စိတ်ဆိုးရင်လည်း ဧည့်ခန်းမှာ အေးအေးဆေးဆေး ထိုင်နေ၊ ကျွန်မ ဦးမှုန်ကိုပဲ ကူခိုင်းတော့မယ်"

"ရတယ်. . . ကျုပ်ပဲ လုပ်ပေးမယ်"

မင်းဘုန်းထွဋ် ဧည့်ခန်း၌ တစ်ယောက်တည်း ထိုင်နေရမှာထက်စာလျှင် လွန်းကို ဝိုင်းကူပေးတာကမှ အပျင်းပြေသည်ဟု သဘောပေါက်ကာ ဝင်ကူပေးမိသည်။

အမှတ်မထင် လွန်း၏လှုပ်ရှားမှုများကိုလည်း ငေးကြည့်မိသည်။ ကျွမ်းကျွမ်းကျင်ကျင် သပ်သပ်ရပ်ရပ် ရှိသည်။

"ခင်ဗျား မီးဖိုချောင် နိုင်နင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ရတယ်လေ. . . ကြီးမေကိုယ်တိုင် ရုံးတစ်ဖက်နဲ့ အိမ်ဖော်မထားဘဲ အိမ်မှုကိစ္စကို နိုင်နင်းတယ်၊ ကျွန်မကိုလည်း သူ့လိုပဲ ဖြစ်အောင် သင်ပေးထားတာ"

"ခင်ဗျား ဘွဲ့ရပြီး ဘာဆက်လုပ်မှာလဲ"

"ကျွန်မ ရရာအလုပ် ဝင်လုပ်မယ်၊ တဖြည်းဖြည်းနဲ့ ကိုယ်ပိုင်ကုမ္ပဏီတစ်ခုကို ထောင်နိုင်ရမယ်လို့ စိတ်ကူးထားတယ်လို့ ပြောရင် ရှင်ရယ်မှာလား"

"မရယ်ဝံ့ပါဘူး. . . ခင်ဗျားအဖေလည်း အောင်မြင်ကျော်ကြားတဲ့ စီးပွားရေးပညာရှင်တစ်ဦးပဲ မဟုတ်လား၊ သူ့ဗီဇတော့ ပါမှာပေါ့ဗျာ"

"မင်းဘုန်းထွဋ်"

လွန်း မျက်နှာထားတင်းတင်းဖြင့် ခေါ်လိုက်သည်။

"ကျွန်မဟာ ဦးထွန်းဦးသမီး မှန်ပေမယ့် ကျွန်မကို သူ ပုံသွင်းခဲ့တာ မဟုတ်ဘူး၊ ကျွန်မရဲ့ကျေးဇူးရှင်ဟာ ကြီးမေ တစ်ယောက်တည်းပဲ၊ ကျွန်မ သူတို့ကို အသိအမှတ်မပြုဘူး၊ ခုလို ရှင်က သူတို့အတွက် ကျွန်မကို သွေးကြွေးဆပ်တယ်ဆိုတော့ လွန်း ပိုနာတယ်၊ နောက်နောင် သူတို့နဲ့ ပတ်သက်ပြီး ကျွန်မကို ဘာမှမပြောပါနဲ့လို့ ကျွန်မတောင်းပန်ပါတယ်"

လွန်းအသံက အဖျားခတ် တုန်ယင်သွားသည်။

"ဆောရီးဗျာ"

မင်းဘုန်းထွဋ် တောင်းပန်လိုက်သည်။ လွန်းသည် သူ၏ ရန်သူမဟုတ်။ သူ၏ရန်သူသည် ဦးထွန်းဦးသာလျှင်ဖြစ်သည်။ လွန်းသည် ဓားစာခံသက်သက်ဖြစ်သည်။ လွန်းက ဆန်လှော်မှုန့်နှင့် စပါးလင်၊ ဂျင်း၊ ကြက်သွန်ဖြူနှင့် ငရုတ်သီး အနည်းငယ် ရောထောင်း





ထားသောအစာနှင့် အသားစင်းထားသော ငါးခူများကို ထပ်မံရောထောင်းလိုက်သည်။

"ပေး. . . ကျွန်တော်ထောင်းပေးမယ်"

"စီးအောင် ထောင်းရမှာနော်"

"ရတယ်"

ထိုကာလ၌ လွန်းသည် ငါးခူခေါင်းနှင့်အလယ်ကျောရိုးကို ပိုင်းပြီး ဆား၊ နနွင်း၊ ငါးပိစိမ်းစားဖြင့် နယ်ကာ လှော်လိုက်သည်။ နောက် မန်ကျည်းရည် ထည့်ကာ တင်ထားလိုက်သည်။ စပါးလင် အရိုးနှင့် အရွက်ကို ထုကာ အစည်းလေးစည်း စည်းနှောင်ပြီး အိုးကို လှပ်ကာ ထည့်လိုက်သေးသည်။

နောက်သို့ ကြည့်လိုက်တော့ မိမိအား ငေးကြည့်ရင်း လေးတွဲ့စွာ အသားထောင်းနေသော မင်းဘုန်းထွဋ်ကို တွေ့လိုက်ရာ. . .

"အမယ်လေး. . . ကုန်ပါပြီ ရှင်ရယ်၊ လက်ကလေး ကာထောင်းမှပေါ့၊ ဘေးကို အသားဖတ်တွေ လွင့်စင်ကုန်ပြီ"

မင်းဘုန်းထွဋ် မျက်နှာရဲသွားသည်။ သူခိုးလူမိခံလိုက်ရပြီ။

"တော်ပြီဗျာ. . . ကျုပ်မထောင်းတတ်ဘူး"

"ဒါဖြင့်. . ကြွ၊ အေးအေးဆေးဆေးသာ စာဖတ်နေတော်မူ"

လွန်းက ခပ်ငေါ့ငေါ့လေး ပြောလိုက်သည်။ မင်းဘုန်းထွဋ် ရှက်ကိုးရှက်ကန်း ထွက်သွားသည်။

"ဩော်. . . လက်ဆေးဦးလေ၊ ပြီးရင် ဓားဒဏ်ရာကို ဟင်းနီးပလာစတာ ကပ်လိုက်နော်"

". . . . . ."

လွန်းက ကြိတ်ရယ်လိုက်မိလေသည်။ မင်းဘုန်းထွဋ်သည်



www.burmeseclassic.com


www.burmeseclassic.com



တကယ်တော့ ကလေးဆိုးကြီးနှင့် တူသူတစ်ယောက်ပါလား ဟု လွန်း တွေးလိုက်မိသည်။







## အခန်း(၂၈)

"ရော့. . . ခင်ဗျားအတွက် စာ"

လွန်းက အံ့အားသင့်စွာ လှမ်းယူလိုက်သည်။

"သထုံနဲ့ရန်ကုန် အဝေးပြေး ကြားကားဆွဲနေတဲ့ ကျုပ်သူငယ်ချင်း ရှိတယ်၊ သူနဲ့ ရန်ကုန်က သူငယ်ချင်းနဲ့ ကျုပ်အတွက် စပိုင်လုပ်ပေးနေကြတယ်၊ အဲဒီမှာ ခင်ဗျားအတွက် နဂါး ပေးလိုက်တဲ့စာပဲ၊ စာအုပ်တွေလည်း ပေးလိုက်တယ်"

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လွန်းက ပြောပြောဆိုဆို စာကို ဖောက်ဖတ်လိုက်သည်။

"လည်လွန်း. . .

ရှင့်အဖြစ်တွေက မယုံကြည်နိုင်လောက်အောင်ကို အံ့အားသင့်စရာကောင်းလိုက်တာဟယ်၊

ရှင် သိပ်ပိရိတာပဲနော်၊ ထားပါတော့လေ၊ ရှင် လင်နောက်လိုက်သွားခြင်းအတွက် ကျုပ်တို့ ဘာမှမဖြစ်ဘူး၊ မထိခိုက်ဘူး၊ ဒါပေမယ့် ရှင့်လုပ်ပုံတွေ တစ်ခုမှ မဟုတ်ဘူး"

"ဟင်း. . ."

လွန်း ပင့်သက်မော ချလိုက်မိသည်။

"ကျုပ်တို့ကို ရှင်လှည့်စားလို့ ကျုပ်တို့က ရှင့်ကို ကောင်းမစုတ်လို့ ဆဲရုံကလွဲပြီး ဘာမှမခံစားရဘူးဆိုတာ ရှင်သဘောပေါက်မှာပါ။ ခုဟာက ရှင်ဟာ သက်သက်မဲ့ လူတစ်ယောက်ကို သတ်လိုက်တာနဲ့ တူနေတယ်"

"ဟင်. ."

"ဟုတ်တယ်. . . ရှင့်မှာ မင်းဘုန်းထွဋ် ရှိရင် ဘာဖြစ်လို့ ကိုပိုင်ဦးကို လှည့်စားရသလဲ၊ သူ့ရောဂါဝေဒနာကို ရှင်သိလျက်နဲ့ အကြင်နာတွေ ပေးပြီး မျှော်လင့်ချက်တွေနဲ့ ရှင်သန်အောင် ရှင်လုပ်ရက်တယ်၊

ရှင့်ကို ကျုပ်တို့ အံ့ဩတယ် လည်လွန်း၊ ရှင်ဟာ ကျုပ်တို့ကို မျက်လှည့်ပြနိုင်အောင် လည်ပ မိလွန်းရာ၊ နှလုံးရောဂါသည် တစ်ယောက်ကို သေလုမျောပါး ဖြစ်အောင်တော့ ရှင်မလုပ်သင့်ဘူး"

လွန်း မျက်ရည်များ ရစ်ဝဲလာသည်။ ကြည်ပြာ၏ဆိုလိုရင်းကို သဘောပေါက်လောက်ပြီ။ မိမိကို အားလုံး အထင်မြင် လွဲမှားနေ





ကြလေပြီ။

"ခုတော့ ကိုပိုင်ဦးခမျာ သေနေ့ကို စောင့်ဆိုင်းရတဲ့လူလိုဖြစ်နေပြီ၊ ရှင့်သတင်းကြားလိုက်တာနဲ့ ဟတ်အတက်ခ် ရသွားတယ်လေ၊ သူ့ဖခင်ကလည်း သူ့သားနှုတ်ဖျားက တစ်သတည်း သနေတဲ့ လွန်းကို တွေ့ချင်နေရှာတယ်၊ သူ့သားရဲ့နောက်ဆုံးဆန္ဒကို သူဖြည့်ပေးချင်ရှာတယ်၊ ငါတို့မှာလည်း နင့်လိပ်စာ မသိရဘူး၊

ဒါပေမယ့် ရှင့်ဘဝအတွက်တော့ ရှင်မှာတဲ့စာအုပ်တွေ ကျုပ်တို့ တစ်ဘာသာစီ ရှင့်အတွက် မျှဝေကူးထားပေးတာတွေ ထည့်ပေးလိုက်တယ်၊ ရှင် စာကျက်နိုင်မယ်ဆိုရင်လည်း ကျုပ်တို့ ဝမ်းသာရတာပေါ့၊ ကျုပ်တို့တော့ စာကျက်လို့မရဘူး၊ ကြီးမေကို သွားအားပေးရ၊ ကိုပိုင်ဦးဆီ ပြေးပြီး အားပေးရနဲ့. . . စိတ်မောလူမော ဖြစ်နေကြတယ်၊ ရှင်ကတော့ ငြိမ့်နေမှာပေါ့နော်"

"မဟုတ်ဘူး. . . မဟုတ်ဘူး" ဟူသောအသံသည် လွန်း၏ လည်ချောင်းဝ,ဝယ် တစ်ဆို့ပျောက်ကွယ်သွားလေသည်။ မျက်ရည်များက အတားအဆီးမဲ့စွာ ပိုးပိုးပေါက်ပေါက် ကျလာသည်။

မင်းဘုန်းထွဋ်မှာ ထိုင်ရမလို ထရမလိုနှင့် မျောက်မီးခဲ ကိုင်မိသလိုဖြစ်သွားရသည်။ လွန်း ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေရခြင်း၏တရားခံသည် မိမိမှတစ်ပါး အခြားသူ မဖြစ်နိုင်ဟု သဘောပေါက်မိလာသည်။

"ရှင့်ကို ကျုပ် တစ်ခုတော့ တောင်းပန်ချင်တယ်၊ ရှင့်ရဲ့ ကိုယ်ရေးကိုယ်တာ အမျိုးရေးကိစ္စတွေကို ဘေးချိတ်ထားပြီး ရှင့်ကို စောင့်မျှော်နေရှာတဲ့ ကိုပိုင်ဦးရဲ့နောက်ဆုံးအချိန်လေးကို ဖြည့်ဆည်းလိုက်ပါဟယ်၊

ရှင့်ယောကျ်ားကလည်း ဒီလောက်တော့ သဘောထား



www.burmeseclassic.com

www.burmeseclassic.com



နေမယ်မထင်ပါဘူး၊ ရှင် ခွင့်တောင်းလိုက်ပါ၊ ရှင်တို့အတွက် အခက်အခဲ ရှိမယ်ဆိုရင် ကျုပ်အိမ်ကိုပဲ တိုက်ရိုက်လာခဲ့ကြ၊ ဘယ်သူမှ မသိစေရဘူး၊

ဒါပါပဲဟာ. . . ရှင့်ရဲ့ စိတ်မြန် တဇွတ်ထိုး တဖောက်ကန်းမှုဟာ တစ်ဖက်သား ဒုက္ခရောက်စေနိုင်မယ်လို့ ရှင် မတွေးတတ်ခဲ့တာ ကျုပ်တို့ အံ့သြတယ်၊

ဘာပဲဖြစ်ဖြစ် ကျုပ်စာကို ရရပြီးချင်း ရှင်တို့ လာဖြစ်အောင် လာခဲ့ကြ။ မလာကြရင် နောက်နောင် ရှင်တို့ကိစ္စ ဘာမှ မကူညီနိုင်တော့ဘူး၊ ကျုပ်တို့အားလုံး ရှင့်ကို သူငယ်ချင်းစာရင်းက ပယ်လိုက်တော့မယ်။

ဒါပါပဲ. . ။

နဂါး"

"ဟင်. . ."

လွန်း. . မျက်နှာကို လက်ကိုင်ပုဝါဖြင့် အုပ်ကာ သည်းထန်စွာ ငိုချလိုက်သည်။

"မရွှေလွန်း ဘာဖြစ်လို့လဲ၊ ကျုပ်ဖတ်ခွင့်ရှိမလား"

လွန်းက ခေါင်းညိတ်လိုက်သည်။ သူ့အား ပြန်ပြောနိုင်သောခွန်အားတို့ ပျောက်ဆုံးသွားလေပြီ။ မျက်ရည်မိုးက သည်းထန်လျက် ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်းတို့ဖြင့် သည်းထန်စွာ ရှိုက်ငိုနေသော လွန်းလက်မှ စာကို ဆွဲယူကာ ဖတ်လိုက်သည်။

စာဆုံးသွားတော့ မင်းဘုန်းထွဋ်ရင်ထဲ အမည်မသိနိုင်သော ဝေဒနာတစ်ရပ် ခံစားလိုက်ရသည်။

မိမိ၏လုပ်ရပ် မှားသွားပြီလောဟူသောအတွေး ဝင်ရောက်လာသည်။





ထိုင်ရာမှ ထလိုက်သည်။

"မရွှေလွန်း. . ."

လွန်းက အားကိုးတကြီး မော့ကြည့်လိုက်သည်။

"ခင်ဗျား ဘာဖြစ်ချင်သလဲ"

လွန်း ရုတ်တရက် ပြော၍မရသေး။ ရင်မှာ သောကအလုံး ဆို့နင့်လျက်ရှိသည်။

"ပြောလေ"

"ကျွန်မ သူ့ကို သွားတွေ့ချင်တယ်"

"ကောင်းပြီ. . . ဒါဖြင့် ခု သွားမယ်. . . ပြင်တော့"

လွန်း အံ့အားသင့်သွားသည်။ သူ့အား စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။

မင်းဘုန်းထွဋ်က လွန်းအား အားပေးသောအပြုံးဖြင့် ပြုံးပြလိုက်သည်။ သို့သော် သူ့အပြုံးသည် မချိပြုံးဖြစ်သည်။

"ဒါပေမယ့် ဒီတစ်ခါ စစ်တောင်းတံတားကို အချိန်မီ ဖြတ်ကျော်နိုင် မကျော်နိုင်တော့ ကျုပ်အာမခံလို့မရဘူး"

"ရတယ်. . . သွားမယ်"

လွန်း ထလိုက်သည်။

ဘာပဲဖြစ်ဖြစ် လွန်းသည် လူတစ်ယောက်၏အသက်ကို ကယ်တင်နိုင်ကောင်းပါသည်။

"ကျေးဇူးတင်ပါတယ် မင်းဘုန်းထွဋ်"

"ဘာဖြစ်လို့ ကျေးဇူးတင်ရမှာလဲ၊ ခင်ဗျား ကျုပ်ကို မုန်းတီးနေရမှာ"

လွန်း အချင်းမများချင်တော့၊ အပေါ် ထပ်သို့ ပြေးတက်လိုက်သည်။ အဝတ်တစ်စုံနှစ်စုံတော့ ထည့်ဦးမှ၊ ဘာပဲပြောပြော



www.burmeseclassic.com

www.burmeseclassic.com



မင်းဘုန်းထွဋ်သည် သိရခက်သော လူတစ်ယောက်ဖြစ်သည်။ လောလောဆယ်တော့ လွှန်းကို ရှောရှောရှူရှူ လိုက်ပို့ခြင်းအတွက် ကျေးဇူးတင်ရမည်သာဖြစ်သည်။

ဘာမှစဉ်းစားမနေချင်တော့။ ကိုပိုင်ဦး အသက်မသေပါစေနဲ့ဘုရားဟုသာ ဆုတောင်းလိုက်မိသည်။

☺ အောင်မြင်စာပေ ☺


# အပိုင်း(၃)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

လွှန်းကို အားလုံးက ဝိုင်းကြည့်နေကြသည်။ လွှန်း၏မျက်ဝန်းကို တစ်ယောက်ပြီးတစ်ယောက် ကြည့်နေသည်။ လွှန်းကို ကြည့်သောအကြည့်က ခက်ထန်နေသည်။ အသံမထွက်သော်လည်း. . .

"သွား. . . ခင်ဗျားထွက်သွား"

"သွားတော့ မိန်းကလေး"

ဟု ပြောနေသယောင်။ လွှန်း တွယ်ရာမဲ့ လေဟာနယ်ထဲ လွင့်မျောသွားသည့်ပမာ ခံစားလိုက်ရသည်။





ကိုပိုင်ဦး၏အစ်ကိုနှစ်ယောက်က တွန်းလှည်းတစ်ခုကို ဘွန်းထုတ်လာသည်။ တွန်းလှည်းပေါ်၌ အဝတ်ဖြူအုပ်ထားသည့် အလောင်း။ လွှန်းရှေ့ ရပ်တန့်လိုက်သည်။

"ပြလိုက်ပါ"

ကိုပိုင်ဦး၏ဖခင်ထံမှ အသံထွက်လာသည်။

ကိုပိုင်ဦး၏ကိုလတ်က မျက်နှာပိုင်းမှ အဝတ်ကို လှပ်ပြသည်။

". . . . ."

လွှန်း အသံထွက်၍မရ၊ ခြေလက်တို့ ညွတ်ကွေးကျသွားသည်။

"လွှန်း. . ."

လွှန်းကို ဖက်တွယ်ထိန်းလိုက်သူက အနားမှာ ရှိနေသော မင်းဘုန်းထွဋ်။

"လွှန်းကို စောင့်မျှော်နေတယ်တဲ့လား ကိုပိုင်ဦးရယ်၊ မျက်လုံးတွေ ပွင့်လျက်ပါလား၊ လွှန်း လာပြီလေ"

"ပိတ်ပေးလိုက်ပါ မိန်းကလေး"

ကိုပိုင်ဦး၏ဖခင်က လူကြီးပီပီ ထိန်းချုပ်နိုင်စွမ်း ရှိပုံရသည်။ လွှန်းအား ပြောလိုက်သည်။

"ပိတ်ပေးလိုက်လေ. . . လွှန်း"

မင်းဘုန်းထွဋ်က ထပ်ဆင့်တိုက်တွန်းလိုက်သည်။ လွှန်းက သံပတ်ပေးသောစက်ရုပ်နှယ် ပိုင်ဦး၏ပွင့်နေသော မျက်ခွံကို အသာဆွဲဖုံးပေးလိုက်သည်။

တဆက်တည်း မျက်ရည်ပေါက်များက ပိုင်ဦး၏သက်မဲ့ မျက်နှာပေါ် သို့ ခုန်ပေါက်ကျဆင်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ခွင့်လွှတ်ပါ ကိုပိုင်ဦး"

ဟုသာ နှုတ်မှ မှာတမ်းခြွေ တောင်းပန်လိုသော်လည်း စကားသံတို့ ထွက်မလာဘဲ နှုတ်ခမ်းနှစ်လွှာသည် တဆတ်ဆတ် တုန်ယင်လျက်ရှိရာ. . .

"ကိုင်း. . . ကျေနပ်တော့ မိန်းကလေး၊ လူလေးလည်း ကျေနပ်သွားမှာပါ"

ပိုင်ဦး၏ဖခင်က ပြောပြောဆိုဆိုဖြင့် အဝတ်ဖြူကို ပြန်လည်ဖုံးအုပ်လိုက်သည်နှင့် တပြိုင်နက်ဆိုသလို ပိုင်ဦး၏ရုပ်ကလပ်ကို သယ်ဆောင်သွားကြလေသည်။

လွန်း၏ခန္ဓာကိုယ်၌ အင်အားများ ဆုတ်လျော့သွားသည့်အလား ခံစားလိုက်ရသည်။ ဖြူစင်သော သံယောဇဉ်ကြိုးမျှင်ဖြင့် ချစ်ခဲ့ဖူးသူတစ်ယောက်၏ နောက်ဆုံးခရီးသည် မိမိပယောဂများ လွှမ်းမိုးသွားပါလားဟူသော အသိဖြင့် ယူကြုံးမရ၊ နှလုံးသည်းပွတ် ပျက်သုဉ်းသွားလေသလားဟုပင် ထင်မှတ်ခံစားလိုက်ရသည်။

"လွန်း. ."

ရင်ခွင်တစ်ခု။ လောလောဆယ် ဆုတ်ယုတ်နေသော အားအင်ကြောင့် ခိုဝင်,အားပြုစရာ ရင်ခွင်ပါ။ သို့သော်. . .

လွန်း နာကျည်းစွာဖြင့် တွန်းဖယ်လိုက်သည်။ သူ့ကို မကြည့်ဘဲ လာလမ်းအတိုင်း ပြေးထွက်ခဲ့သည်။

"လွန်း. ."

မင်းဘုန်းထွဋ်က ထပ်ချပ်မကွာ လိုက်ပါလာသည်။ ကားနားသို့ ရောက်သည့် လွန်း၏ခြေလှမ်းသည် ကားကို မမြင်။

"လွန်း. ."

မင်းဘုန်းထွဋ်က လွန်း၏လက်မောင်းကို ဆွဲကာ ဟန့်တား





လိုက်သည်။

ထိုအခါ လွန်းသည် သူ၏ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ ပြီးတော့ ကလေးတစ်ဦးနှယ် ရှိုက်ကြီးတငင် ငိုချလိုက်ပြီး ပြောလိုက်သည်။


"ရှင့်ကြောင့် သူသေရတာ. . . ရှင့်ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၀)

"ဒီမှာ ကျွန်မ မနေချင်ဘူး၊ သထုံပြန်မယ်"

"ဟင်. ."

မင်းဘုန်းထွဋ် ပင်ပန်းနေပြီ။ သထုံမှ တောက်လျှောက်လာခဲ့သည်။ ရန်ကုန်ရောက်တော့လည်း ဆေးရုံတန်းသွားသည်။ ပိုင်ဦး ဆုံးစအချိန်နှင့် သွားကြုံသည်။ ပြန်ထွက်လာတော့ သထုံပြန်ချင်သည်တဲ့။

"ဒီတစ်ညတော့ ရှစ်မိုင်က အိမ်မှာပဲ အိပ်ရအောင်လား"

"ဟင့်အင်း"





လွန်း ခေါင်းမာချင်လာပြီ။

"ရှင် ပင်ပန်းနေလို့လား၊ ဒီလိုဆို ကျွန်မ မောင်းမယ်"

"မင်းကို ပေးမမောင်းနိုင်ဘူး၊ ခဏတော့ ဝင်မယ်၊ ဓါတ်ဆီဖြည့်ရင်း ကားကို စစ်ဆေးဦးမှပေါ့"

"ကောင်းပြီလေ"

နီရဲမို့အစ်နေသောမျက်ခွံအောက်၌ သောကမျက်ရည်မိုးစဲသွားလေပြီ။

ရှစ်မိုင်ရှိ လမ်းတစ်လမ်းသို့ ချိုးဝင်လိုက်သည်။ ထို့နောက် ခြံတစ်ခြံသို့ ဟွန်းတီးလိုက်ရာ လူတစ်ဦး ပြေးထွက်လာပြီး ခြံဝန်းတံခါး ဖွင့်ပေးသည်။ ခြံစောင့်ဖြစ်ဟန်တူသည်။

ခေတ်မီသော နှစ်ထပ်တိုက်အိမ်ပုံစံလေးဖြစ်ပြီး နေချင်စရာ ကောင်းလှသည်။ လွန်းက မျက်နှာလွှဲလိုက်သည်။ ဒါတွေ လွန်းနှင့် မဆိုင်။

"ခဏတဖြုတ်နား. . ရေမိုးချိုးလိုက်ပြီး ခဏလှဲလိုက်ဦး၊ ကျုပ် မနက်စာ စီစဉ်လိုက်ဦးမယ်"

လွန်းအား အပေါ်ထပ်အိပ်ခန်း၌ နေရာပေးပြီး သူ ချက်ချင်းပင် အောက်ပြန်ဆင်းသွားသည်။

လွန်း အိပ်ယာထက်သို့ လှဲချလိုက်သည်။ လူက မူးနောက်နုံးချိနေပြီ။

သောကစိတ်သည် သူ၏အင်အားကို ချုံးချုံးကျစေတတ်သည် ထင်ပါသည်။

"ဟော. . မရွှေလွန်း အိပ်ပြီလား၊ ဒီမှာ သံပုရာရည် သောက်လိုက်ဦး၊ လန်းသွားအောင်လို့"

မင်းဘုန်းထွဋ်က လွန်းအပေါ် စိတ်ရှည်နေလေပြီ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အမှား သူမြင်တတ်ပြီလား။

လွန်း သံပုရာရည် ဖန်ခွက်ကို ယူသောက်လိုက်လေသည်။ သောက်ရင်းမှ . . .

လွန်း တစ်ခုခု ဆုံးဖြတ်သင့်ပြီ။ မင်းဘုန်းထွဋ်၏ အပြုအမူတို့သည် လွန်းအတွက် ကြာလျှင် သာယာသွားနိုင်သည်။ လွန်းအတွက် အဆိပ်အတောက် ဖြစ်သွားနိုင်သည်။

အိပ်ခန်းထဲ၌ တယ်လီဖုန်း တွေ့နေရသည်။

လွန်း ဘာဆက်လုပ်ရမည်နည်း။

"ရော့ . . မျက်နှာသစ်လိုက်ဦး"

ရေဇလုံလေး ယူလာပေးသည်။ ပခုံးပေါ်၌လည်း မျက်နှာသုတ်ပုဝါသစ်တစ်ထည် တင်လျက်ရှိရာ လွန်း အံ့သြရသည်။ သူ့ကို လွန်း နားမလည်နိုင်အောင်ဖြစ်မိသည်။

"ရပါတယ် . . . ကျွန်မ ရေချိုးခန်းထဲမှာပဲ သစ်လိုက်မယ်"

လွန်း ပြောပြောဆိုဆို ရေချိုးခန်းထဲ ဝင်ခဲ့လိုက်သည်။ မထူးတော့ပါဘူးဟု မှတ်ယူကာ ရေပါ ချိုးချလိုက်သည်။ ရေချိုးရင်း ပိုင်ဦး၏ပုံရိပ်ကို မြင်ယောင်လာသောအခါ ခမ်းသွားပြီ ထင်ထားသော မျက်ရည်များက အလိမ့်လိုက် ကျလာသည်။

အားလုံး၏အမြင်၌ မိမိအား ရက်စက်သူ၊ မျက်နှာများသူ အဖြစ် မြင်နေထင်နေကြပေမည်။

ဤသည်ကို လွန်း မမှုပါ။ လွန်း မှုသည်က လွန်း၏ ဖျောင်းဖျမှုဖြင့် နိုင်ငံခြား၌ သွားရောက်ခွဲစိတ်ရန် သဘောတူညီချက် ရပြီးကာမှ ရေတိမ်နစ်ရရှာသည်။

သူ၏ဝေဒနာကြောင့် လွန်းအပေါ် ချစ်စိတ်ကို မြှုသိပ်နိုင်စွမ်းရှိသော ပိုင်ဦးကို လွန်းကလည်း နားလည်ကာ အကြင်နာ ပိုရ





သည်။ ဖွင့်ဟကြေညာထားခြင်း မရှိသော သန့်ရှင်းသော မေတ္တာနှောင်ကြိုးဖြင့် ဖွဲ့နှောင်ထားသော သူတို့နှစ်ဦးကြား ကြမ္မာဆိုးက ဝင်လေပြီ။ ထိုကြမ္မာဆိုးသည် မင်းဘုန်းထွဋ်ကြောင့်သာလျှင်ဖြစ်သည်။

"ဒေါက် . . ဒေါက် . . ဒေါက်"

"မရွှေလွန်း . . ကြာနေပြီ၊ အအေးမိမယ် ထွက်ခဲ့တော့"

"လာပြီ"

ခုမှ သတိရသည်။ ရေချိုးနေတာပါလား ဟူသော အဖြစ်အပျက်ကို မေ့သွားရလောက်အောင်ပင် ခံစားလိုက်ရသည်။

"ရော့ . . ရေကို အရင်သုတ်ပြီး အင်္ကျီအရင်ဝတ်ထားလိုက်၊ ပြီးမှ သနပ်လိမ်း"

သူက ညွှန်ကြားချက် ပေးနေသည်။ လောလောဆယ် သနပ်ခါး လိမ်းနိုင်ပါ့မလား။

လွန်း ရေသုတ်ပြီး အင်္ကျီကို ယူလဲလိုက်သည်။ မင်းဘုန်းထွဋ်က အလိုက်သိစွာဖြင့် အခန်းပြင်သို့ ရှောင်ပေးလေသည်။

အတန်ကြာမှ ပြန်ဝင်လာပြီး . . .

"ထမင်းစားရအောင်"

"ဟင့်အင်း"

"တစ်ခုခု စားလိုက်ပါလား"

"ဘာမှမစားချင်ဘူး . . အိပ်တော့မယ်၊ နိုးလာမှ ပြန်ရအောင်နော်"

"အင်း . . "

လွန်း အိပ်သွားတော့မှ မင်းဘုန်းထွဋ် ထိုင်ရာမှ ထလိုက်သည်။ ခုထက်ထိ ရေတစ်ခွက်တောင် မသောက်ရသေးပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ မကောင်းနိုင်။

ပိုင်ဦး၏အသက်ကင်းမဲ့နေသောမျက်နှာ၊ လွန်း၏မျက်ရည်စက်များ။

သူ့ပယောဂကြောင့် လူတစ်ယောက် အသက်ဆုံးရှုံးသွားပါလား။ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေတာကတော့ သေချာသည်။

သူ ရည်မှန်းထားသည်က ဦးထွန်းဦး၏မျက်ရည်စက်။


လောလောဆယ် သူရရှိနေသည်က လွန်း၏သောက မျက်ရည်စက်များ။ ပြီးတော့ ပိုင်ဦး၏အသက်။

"ဟာ. . . ငါမှားပြီ၊ သိပ်ကိုမှားသွားပြီထင်တယ်"

သူ ဆံပင်ထဲ လက်ဆယ်ချောင်းလုံးဖြင့် ထိုးဖွပစ်လိုက်သည်။







# အခန်း(၃၁)

"ကျွန်တော့်သမီးကို မတရား လှည့်ဖျားခေါ်ဆောင် အဓမ္မပေါင်းသင်းနေတာပါ"

မင်းဘုန်းထွဋ်မျက်နှာသို့ လွန်း ကြည့်လိုက်သည်။

ဦးထွန်းဦးပေါ် ကျရောက်နေသော မင်းဘုန်းထွဋ်၏ မျက်လုံးများက ရဲရဲတောက်နေသည်။ နာကြည်းခြင်း အခိုးအငွေ့များ လျှံဝေနေသည်။

"ဟုတ်ကဲ့. . ဒီကိစ္စကို အန်ကယ်ပြောတာထက် ကာယကံ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရဲ့စကားက ပိုအရေးကြီးပါတယ်"

ဦးထွန်းဦးနှင့် ပါလာသော စခန်းမှူးက အေးဆေးတည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။

ကြီးမေနှင့်ဒေါ် ခင်ထား၊ ပြီးတော့ ဒေါက်တာဦးသက်ထွန်းတို့ ဝင်လာပြန်သည်။ လွန်းတို့ ဒီမှာရောက်ရှိနေကြောင်း သတင်းဘယ်သူပေးလိုက်သနည်း။

"အန်ကယ် တိုင်ချက်ဖွင့်ထားကတည်းက ကိုမင်းဘုန်းထွန်းပိုင် ဒီအိမ်ကို စောင့်ကြည့်နေခဲ့ပါတယ်"

"သြော် . . ဒါကြောင့်ကိုး" ဟု လွန်းစိတ်တွင် ကောက်ချက်ချလိုက်သည်။

"သမီး . ."

"ကြီးမေ . ."

မိခင်ဖခင်တို့သည် လွန်းအတွက် သူစိမ်းပြင်ပြင်သာ ရှိချေပြီ။ သူတို့သည် လွန်းအား မခေါ်ရဲ။ လွန်းကလည်း မကြည့်။ မတော်တဆ မျက်လုံးချင်း ဆုံမိကြသည့်တိုင်အောင် လွန်းက မပြုံးမိချေ။

"သမီးကို အစမှ ခိုးပြေးတာဆို"

ကြီးမေက လွန်းကို ဖက်ကာမေးသည်။

လွန်း ဤမျှတော့ ပါးနပ်ပါသည်။

"ဘယ်သူပြောလဲ"

"ဒီလိုပဲ ဖြစ်ရမယ်၊ လွန်းနဲ့ မင်းမင်းဆက်ဆံရေး ကြီးမေသိနေတာပဲ"

ဒေါက်တာသက်ထွန်းက . . .

"ဖြစ်ပြီးတဲ့ကိစ္စတွေလည်း ပြီးပါပြီ ဦးထွန်းဦးရယ်၊ ကလေးတွေရဲ့အပေါ် နားလည်မှု ရှိပေးလိုက်ပါ"





"ကျွန်တော့်ရဲ့သမီးဦးပါ . . . သမီးသဘောမတူဘဲနဲ့ ဆိုရင်တော့"

လွန်းက လက်ကာပြောလိုက်သည်။

"ကျွန်မ ပြောပါရစေ"

လွန်း၏နာကြည်းမှု အဆောက်အအုံသည် ယခုမှ အုံကြွပေါက်သွားသည်ဟုဆိုလျှင် ပို၍မှန်သည်။

"စခန်းမှူးရှင့် . . . ကျွန်မ လွန်းပါ၊ အသက်နှစ်ဆယ့်နှစ်နှစ်ရှိပါပြီ၊ မိမိနှစ်သက်သူနဲ့ တရားဝင် လက်ထပ်ပိုင်ခွင့် ရှိပါပြီ၊ ဒါကြောင့် ကျွန်မသဘောအရ မင်းဘုန်းထွန်းနှင့် လက်ထပ်ထားခြင်းအပေါ် ဘာများ အရေးယူ ဆောင်ရွက်စရာ ရှိပါသလဲ"

"ဟာ . . ."

"ဟင် . . ."

"သမီးရယ် . ."

ဟူသော အာမေဍိတ်သံများ ထွက်လာသည်။

"လွန်းရဲ့စကားဟာ ခြိမ်းခြောက်မှု တစ်စုံတစ်ရာမှ မပါဘူးဆိုရင် ကျွန်တော်တို့ဝတ္တရား ပြီးဆုံးသွားပါပြီ"

"မဟုတ်ဘူး . . . မဟုတ်ဘူး . . . သမီးကို ဒင်း သက်သက်အကျပ်ကိုင် ခြိမ်းခြောက် အနိုင်ကျင့်ထားတာလို့ ကိုယ်တိုင်ဖုန်းဆက်ပြီး ကျွန်တော့်ကို စိန်ခေါ်တာ"

မင်းဘုန်းထွန်းကို လက်ညှိုးထိုးကာ ဦးထွန်းဦးက ပြောလိုက်သည်။ မင်းဘုန်းထွန်းက ပြုံးလိုက်သည်။ ဦးထွန်းဦး၏တုန့်ပြန်မှုကို မြင်ရခြင်းအတွက် သူ ကျေနပ်သွားပြီ။

"စခန်းမှူးကြီးရှင့် . . . ကျွန်မရဲ့စကားဟာ အဓိက မဟုတ်ဘူးလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒါဖြင့် ကျွန်မ ထပ်ပြောမယ်၊ ကျွန်မ သူ့ကို နှစ်သက်မြတ်နိုးလို့ လက်ထပ်ခဲ့တာပါ၊ ဒါပါပဲ. . . ကျွန်မကို ခွင့်ပြုပါဦး၊ ခေါင်းနည်းနည်းမူးနေလို့ နားခွင့်ပြုပါ"

လွန်း. . ကြီးမေကို ကန်တော့လိုက်သည်။ ပြီးသည်နှင့် ချာခနဲ လှည့်ကာ အိမ်အပေါ်ထပ်သို့ ပြေးတက်ခဲ့လေသည်။

လွန်း အလုပ်ချင်ဆုံးအလုပ်ကို လုပ်လိုက်ရပြီ။

ထောင့်ငါးရာအချစ်အတွက် သားသမီးအပေါ် တာဝန်မကျေပွန်သောမိဘများကို လွန်း တုံ့ပြန်မှု ပြုလိုက်နိုင်ပြီ။

"သမီး. ."

ဘယ်သူတွေက ရင်ကွဲမတတ် ဟစ်ခေါ်သော်လည်း လွန်းမမှုပြီ။

လွန်း၏ဆန္ဒတစ်ရပ်တော့ အောင်မြင်သွားလေပြီ။ သို့သော် လွန်း၏မျက်နှာတစ်ပြင်လုံး၌ အီကွေတာရပ်ဝန်း၌ ရွာသောမိုးနှယ် သောကမိုးများ သည်းထန်စွာ အဆက်မပြတ် ရွာသွန်းနေလေပြီ။

ဦးထွန်းဦးနှင့်ဒေါ်ခင်ထားတို့၏နှလုံးသား ပျက်သုဉ်းသွားသည်။ မိန်းမသားဖြစ်သော ဒေါ်ခင်ထားက မျက်ရည်သွင်သွင်ကျလျက် ဦးထွန်းဦးက မျက်ရည်ရစ်ဝဲကာ အံကို ကြိတ်ပြီး မည်သူ့ကိုမှ မနှုတ်ဆက်နိုင်ဘဲ ထွက်ခွာသွားလေသည်။

စခန်းမှူးနှင့်အဖွဲ့လည်း နှုတ်ဆက်ပြန်သွားကြသည်။

မင်းဘုန်းထွဋ်ရင်ထဲ လှိုက်လှဲသောပီတိ ဖြစ်ပေါ်၍ မလာတော့ပါလား။

ဦးထွန်းဦး၏မျက်ရည်စက်အတွက် ဟားတိုက်ရယ်မောရန်





မေ့လျော့သွားပါလား။

"မင်းမင်း"

"ဗျာ. . . ကြီးကြီး"

"ကြီးမေ သားတို့ကို အသိအမှတ်ပြုပါတယ်၊ အိမ်ကို ဝင်ထွက်ပြီး ညည့်ခံပွဲအတွက် တိုင်ပင်ကြရအောင်"

"ဟုတ်ကဲ့"

ကြီးမေနှင့် ဒေါ်ခင်ထား ထွက်သွားသည်။ ထိုအချိန်၌ သားအဖနှစ်ယောက် ရပ်ကျန်ရစ်ခဲ့သည်။

မင်းဘုန်းထွဋ် သူ၏ဖခင် ဒေါက်တာသက်ထွဋ်ကို ကြည့်သည်။ စိမ်းကားသောအကြည့်။

"သား. . . ဖေဖေ ဘာဆောင်ရွက်ပေးရမလဲ"

"မလိုပါဘူးဗျာ. . . ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ဘဝမှာ ဖေဖေလည်း မရှိပါဘူး၊ မေမေလည်း မရှိပါဘူး၊ ဘိုးဘိုးနဲ့ ဘွားဘွားပဲ ရှိပါတယ်"

"သားရယ်. . . ဖေဖေ. . . "

"ကျွန်တော့်ကို ခွင့်ပြုပါ"

မင်းဘုန်းထွဋ် ကျောခိုင်းလိုက်သည်။ လှေခါးထစ်များသို့ ကျော်လွှားပြေးတက်ခဲ့သည်။ ရင်မှတော့ နာကျင်လျက်ရှိသည်။

စောစောက ဤလှေကားထစ်များကို နင်းတက်သွားသော လွန်းနှင့်သူသည် 'ဘဝတူ၊ ခံစားချက်တူတွေပါလားဟု မင်းဘုန်းထွဋ်သဘောပေါက်မိသည်နှင့်အမျှ. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၂)

"ရှင့်ဆန္ဒပြည့်ဝပြီလား"

"ဘာကိုလဲ"

"ရှင်မြင်ချင်တဲ့ မျက်ရည်စက်တွေ မြင်ရပြီမဟုတ်လား၊ ရှင်အဖြစ်ချင်ဆုံးဆန္ဒ ဖြစ်သွားပြီလေ၊ ကျွန်မကို ကွာပေးနိုင်ပြီလား"

မင်းဘုန်းထွဋ် တုန်လှုပ်သွားသည်။ တဆက်တည်း. . .

"မဖြစ်နိုင်သေးဘူး. . . ဒီလောက်နဲ့ ကျုပ် မကျေနပ်နိုင်ဘူး၊ စာမေးပွဲပြီး ပြန်အပ်ခိုင်းတော့မှပဲ ကွာပေးမယ်"





လွန်းက ပြုံးလိုက်သည်။ မိဘများနှင့် ပတ်သက်၍ ခံစားခဲ့ရသော နာကြည်းကြေကွဲမှုတို့သည် မင်းဘုန်းထွဋ်နှင့် တွေ့သောအခါ ပျောက်ကွယ်သွားရသည်။

"ရှင်ကျွေးထားရတာ မဟုတ်ဘူးလေ၊ ဘွားဘွားငြိုငြင်နေဘာကို ကျွန်မစိတ်မကောင်းဘူး"

"အလကားပါ. . . ဘွားဘွားက ခဏပါပဲ၊ ဒီအတွက် မပူပါနဲ့၊ ကျုပ် ကျောင်းတစ်ဖက် တက်ရင်း ကားဆိုင်ကယ် ဝယ်ရောင်းလုပ်နေတာ၊ ခင်ဗျားကို ကျွေးတာ ကျုပ်ပိုက်ဆံနဲ့ပါ"

"ဩော်. . ."

"ဖက်စပ်ကုမ္ပဏီတွေမှာလည်း ရှယ်ယာဝင်ထားသေးတယ်၊ ခင်ဗျားလိုချင်တာရှိရင် ပြောပါ၊ ခင်ဗျားကို ကျုပ်ရန်သူရဲ့သမီးအနေနဲ့ သဘောမထားတော့ဘူး၊ ကျုပ်လုပ်ငန်းကို ဖြစ်မြောက်အောင် ကူညီပေးတဲ့သူအနေနဲ့ပဲ ကျုပ်သဘောထားတယ်"

"ကျေးဇူးတင်ပါတယ်. . . ကျွန်မတို့ ပြန်ကြရအောင်"

"ကိုပိုင်ဦး အသုဘ မပို့တော့ဘူးလား"

"နေပါစေတော့. . . အမျက်ဒေါသနဲ့ ကြည့်ကြတဲ့ မျက်လုံးတွေရဲ့ဒဏ် ကျွန်မ ထပ်မခံပါရစေနဲ့တော့"

"ဒီအတွက် ကျုပ်တောင်းပန်ပါတယ်၊ ဒီလောက်အထိဖြစ်ဖို့ ကျုပ် လုံးဝမရည်ရွယ်ခဲ့ပါဘူး"

"တော်ပါပြီ. . . ဒီအကြောင်းတွေ မေ့ထားကြရအောင်"

လွန်းအတွက် အချိန်ယူရမည်။ လူတစ်ယောက်၏နှလုံးသားကို ချေမွဖို့ရာသည် လွယ်ကူသောကိစ္စရပ် မဟုတ်ပေ။

"ညဘက် ဘုရားတက်ပြီး ဟိုတယ်ပဲ တက်စားလိုက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အချိန်ရရင် ပြန်ချင်တယ်၊ ရန်ကုန်မြေမှာ ကြာကြာမနေချင်ဘူး"

"အစောကြီး ထပြန်တာပေါ့"

"ကောင်းပြီလေ"

"အဝတ်လဲလေ. . . အပြင်သွားရအောင်"

ဟန်ဆောင်လင်မယားအဖြစ်ကို မေ့နေပြီလား မင်းဘုန်းထွဋ်ရယ်ဟု မေးချင်စိတ်ကို မြိုသိပ်ထားလိုက်သည်။

ဦးထွန်းဦး၊ ဒေါ်ခင်ထား၊ ဒေါက်တာသက်ထွဋ်တို့အလှည့်ပြီးရင် ရှင့်အလှည့်ဆိုတာ ရှင်ကြိုတွေးထားဖို့ ကောင်းနေပြီနော် မင်းဘုန်းထွဋ်။

"တီတီ. . . တီတီ"

"ဟာ. . . လုပ်ပြန်ပြီကွာ"

"ဘယ်သူ့ကားလဲ"

"ဘိုးဘိုးဖြစ်မှာပေါ့"

မင်းဘုန်းထွဋ် အောက်ထပ်သို့ ပြေးဆင်းသွားသည်။ လွန်းလည်း လိုက်ပါခဲ့ရသည်။

မင်းဘုန်းထွဋ် ပြောသကဲ့သို့ ဘိုးဘိုးပင်ဖြစ်သည်။

"မင်းအဖေ ငါ့ဆီ လာသွားတယ်"

"ဘာကိစ္စလဲ"

"မင်းတို့ လက်ထပ်ဖို့အတွက် သူ တာဝန်ယူပါရစေတဲ့"

မင်းဘုန်းထွဋ်မျက်နှာ တင်းမာသွားသည်။

"ဘိုးဘိုး ဘာပြောလိုက်သလဲ"

"မလိုဘူး. . . ငါ့မြေးတာဝန် ငါ တစ်သက်လုံး ယူလာခဲ့တာပဲ၊ ငါပဲ လုပ်ပေးမယ်လို့"





"ဟုတ်တယ်. . . ဒါမှ သားဘိုးဘိုး"

မင်းဘုန်းထွဋ်က ကလေးဆန်စွာ ပြောလိုက်သည်။

"လာ. . . လိုက်ခဲ့ကြ၊ အိမ်မှာ ညစာထမင်းလိုက်စားကြ"

"သားတို့ ရွှေတိဂုံ သွားမလို့ ဘိုးဘိုး"

"ထမင်းစားအပြန် ညမှ ဖူးလေကွာ. . . ပိုကောင်းတယ်"

"ဟုတ်ပြီ. . . ဘယ့်နှယ့်လဲ လွန်း"

"သဘောလေ"

"မင်းတို့ ဒီမှာပဲ ဆက်နေကြမှာ မဟုတ်လား၊ အိမ်ဖော်လေးဘာလေး အမြန်ရှာပေးရဦးမှာပေါ့"

မင်းဘုန်းထွဋ်က လွန်းအား လှမ်းကြည့်လိုက်သည်။ လွန်းက ခေါင်းခါလိုက်သည်။ ထို့ကြောင့် မင်းဘုန်းထွဋ်ကပင်. . .

"ကျွန်တော်တို့ စာမေးပွဲ ဖြေခါနီးမှပဲ ပြန်လာတော့မယ်၊ ခွင့်လက်စနဲ့ အဲဒီမှာပဲ စာကျက်ရင်း နားတော့မယ်၊ အမျိုးစာရင်း၊ သူငယ်ချင်းတွေ စပ်စုနဲ့ ရှုပ်တယ်"

"အေးလေ. . . သားနဲ့သမီး ဆန္ဒအတိုင်းပဲပေါ့၊ ကဲ. . . ဘိုးဘိုး သွားနှင့်မယ်. . . လိုက်ခဲ့ကြ"

"ဟုတ်ကဲ့"

ဘိုးဘိုးက သူ့ကားနှင့်သူ ပြန်သွားလေသည်။ လွန်း သတိရလိုက်သည်က ကြီးမေ။ ကြီးမေနှင့်ကိုကိုဇော်ကိစ္စ မမေးရသေး။

"ခဏနော်. . . ကျွန်မ ကြီးမေနဲ့ ဖုန်းပြောချင်သေးလို့"

"ရပါတယ်"

သူ နားမထောင်ဘဲ အိမ်မှ ထွက်ခဲ့သည်။ ကားသွားထုတ်သည်။ တအောင့်ကြာတော့မှ လွန်း ထွက်လာသည်။

မျက်နှာမကောင်းချေ။



www.burmeseclassic.com

www.burmeseclassic.com



"မချွေလွှန်း. . ."

သူ့အား အကြည့်ဖြင့်သာ ထူးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကိုကိုဇော်တို့ လက်ထပ်ရေး အဆင်မပြေခဲ့ဘူးတဲ့"

"ဘာဖြစ်လို့ သဘောမတူရတာလဲ"

"အဲဒီဆရာမက ရည်းစားများခဲ့တယ်တဲ့၊ ပြီးတော့ ရာထူး ဂုဏ်ကို မက်တာ၊ လက်ရှိရည်းစားကို ဖြတ်ပြီး ကိုကိုဇော်ကို လက်ခံတာလို့ သိခဲ့လိုက်ရလို့လေ"

"သေချာလို့ချည်လား"

"ဟုတ်ရင် ကျော်တတ်သလို ပုတ်ရင်လည်း ပေါ်တတ်ပါတယ်"

"ခင်ဗျားအစ်ကိုက လက်ခံသလား"

"လက်ခံပါတယ်. . . သူလည်း နားလည်သွားပုံရပါတယ်"

"ဪ. ."

"ကျွန်မ တွေးမိလို့ပါ၊ ကျွန်မဘဝက ရှင်နဲ့ ကွာပြီးနောက် တစ်ခုလပ်ဘဝ ရောက်ပြီး တန်ဖိုးကျဆင်းသွားတဲ့အခါ ဖြစ်ပေါ်လာမယ့် အချစ်ရေး အိမ်ထောင်ရေးအတွက် ဘယ်လောက်ကြီးမားစွာ စိတ်ဆင်းရမယ်ဆိုတာကိုပါ"

မင်းဘုန်းထွဋ် တစ်ခုခု ပြောသင့်ပြီဟု သဘောပေါက်လိုက်မိသည်။

"စိတ်ချပါ မချွေလွှန်း၊ မင်း စိတ်မဆင်းရဲစေရပါဘူး"

"ဟင်း. . ဟင်း. . ဟင်း. . ရှင်က ယုံတမ်းစကား ပြောတတ်တယ်နော်"

လွှန်းက လှောင်ရယ်လိုက်သည်။ မင်းဘုန်းထွဋ်က. . .





"ဟာဗျာ. . ကျုပ်တကယ်ပြောတာ၊ မယုံရင် ခင်ဗျား စောင့်ကြည့်ပေါ့"

"ဟုတ်ကဲ့ရှင့်"

လွှန်း၏ရွဲ့တဲ့တဲ့အမူအရာနှင့် အပြောကို ငဲ့စောင်းကြည့်ပြီး မင်းဘုန်းထွဋ် အသည်းယားသွားသည်။ သူ့ရည်းစားသာဆိုလျှင် တော့. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

မင်းဘုန်းထွဋ်တို့နှစ်ယောက် ပြန်လာသည်ကို မြင်ရသော အခါ ဦးမှုန် ဆွေ့ဆွေ့ခုန်ပေါက်မတတ် ဝမ်းသာအားရ ဖြစ်သွားသည်။ အပြေးအလွှားပင် ကြိုဆိုလေသည်။

မင်းဘုန်းထွဋ်နှင့်လွန်းကလည်း ပြောင်းလဲနေသော အိမ်ခြံဝန်းကို သဘောကျစွာ လှမ်းကြည့်မိပြီး. . .

"တယ်ဟုတ်ပါလား ဦးလေးမှုန်၊ သုံးလေးရက်အတွင်း မြက်ရိုင်း လုံးဝမရှိတော့ပါလား၊ အလဲ့. . . မြောင်းဘောင်တွေ





လည်း ပေါက်ထားတယ်. . . တယ်ဟုတ်ပါလား၊ ကျွန်မအတွက် နှင်းဆီခင်းတွေလည်း စိုက်ပေးရမှာနော်"

"ဟဲ. . ဟဲ. . ဟဲ. . စိုက်ပေးရမှာပေါ့"

"ဦးလေးအတွက် ပုဆိုးနဲ့အင်္ကျီ ဝယ်လာသေးတယ်"

"ဟုတ်လား"

မင်းဘုန်းထွဋ်က ပြုံးကာ အိမ်ထဲသို့ တန်းဝင်ခဲ့သည်။ ပင်ပန်းနွမ်းနယ်နေပြီ။ ကားကို မနားတမ်း မောင်းခဲ့ရသည်။ မနေ့ကလည်း ဘိုးဘိုးတို့အိမ်မှ ဘုရား။ ပြီးတော့ ယုဇန၊ လှည်းတန်း၊ ကြည့်မြင်တိုင်ညဈေး၌ လိမ္မော်သီး လိုချင်သည်ဟု ဆိုကာ ပို့ပေးရသေးသည်။ တကယ့်မယားအစစ်သာဆိုလျှင် သူ ဤမျှ စိတ်ရှည်နိုင်ပါ့မလားဟု တွေးလိုက်မိသေးသည်။

"ရှင့်ဆရာဘာ သောက်မလဲလို့ မေးလိုက်ပါဦး"

"ဟုတ်သားပဲ၊ ဆရာလေး. . . သံပုရာရည်လား လိမ္မော်ရည်လား"

"ဘာမှမသောက်ချင်ဘူး. . . နားလိုက်ဦးမယ်"

သူ ပြောပြောဆိုဆို အပေါ်သို့ တောက်လျှောက်တက်ခဲ့သည်။ တစ်ခါတည်း ရေချိုးပြီး အိပ်ရာပေါ်၌ လှဲချလိုက်သည်။ ကိုယ်လက်များ ညောင်းညာကိုက်ခဲနေသည်။ ထိုထက် ဆိုးရွားသည့် ဝေဒနာက ဘုရားပေါ်၌ စံရွှေကျော်တို့လင်မယားနှင့် သူတို့နှစ်ဦး မျက်နှာချင်းဆိုင် တည့်တည့်တိုးခဲ့သည့်ကိစ္စဖြစ်သည်။

"စံရွှေကျော်ဆိုတာ ရှေ့က ရခိုင်လုံချည်အဝါနဲ့လူလေ"

ဟု လွန်းက သူ့လက်မောင်းကို ဖက်တွယ်လိုက်ရင်း တိုးတိုး ပြောလိုက်သည်။ တဆက်တည်း. . .

"ကျွန်မ နှုတ်ဆက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ပြီးမှ . . .

"ဟာ. . . ကိုစံရွှေကျော်ပါလား၊ ဘုရားဖူး လာတယ်ထင်တယ်"

ဟု ခပ်ပြုံးပြုံးပင် နှုတ်ဆက်လိုက်သည်။

စံရွှေကျော် မျက်နှာပျက်သွားပြီး မျက်လုံးများ၌ ဆွေးရိပ်များ၊ နှမြောရိပ်များ၊ နာကျင်ရိပ်များ ယှက်သန်းလျက်မှ . . .

"ဟုတ်တယ်. . . လွန်းကော"

"ဘုရားဖူး လာတာလေ. . . ဒါ ကျွန်မခင်ပွန်း ဦးမင်းဘုန်းထွဋ်တဲ့၊ အမျိုးသမီးနဲ့ကော မိတ်ဆက်ပေးပါဦး"

ရုပ်မလှသော်လည်း ရွှေများ ညွတ်နေအောင် တောကျကျ ဝတ်ဆင်ထားသော သူ့ထက် အသက်ကြီးပုံရသော မိန်းမတစ်ယောက်အတွက် စံရွှေကျော် မျက်နှာပန်း မလှနိုင်ချေ။

"ကိုယ့်အမျိုးသမီး မမညိုပါ၊ မမ ကျွန်တော့်သူငယ်ချင်း လွန်းတဲ့"

"ဟုတ်လား"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဪ. . မောင်ရေ၊ သူလေ လွန်းပြောဖူးတဲ့ ကိုစံရွှေကျော်ပေါ့"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ဟု သူက လက်ဆွဲနှုတ်ဆက်လိုက်သည်ကို စံရွှေကျော်သည် ပြုံးရန်ပင် မေ့လျော့လျက် သံပတ်ပေး စက်ရုပ်တစ်ရုပ်နှယ် လက်ကို ဆုပ်ကိုင်လိုက်သည်။

သူ့လက်များ အေးစက်နေသည်ကို မင်းဘုန်းထွဋ် သတိပြုလိုက်သည်။

"လွန်းတို့က ဝဲလ်ဒင်မလုပ်ရသေးဘူး၊ စာမေးပွဲပြီးမှပဲ လုပ်





တော့မယ်၊ အဲဒီတော့မှ ကိုစံရွှေကျော်တို့ကို ဖိတ်တော့မယ်"

လွန်းက တမင်ရွဲ့နေတာဟု မင်းဘုန်းထွဋ် သဘောပေါက်မိသည်။ လွန်း၏စကားလုံးတစ်လုံး ထွက်တိုင်းထွက်တိုင်း စံရွှေကျော်၏အသည်းကို အဆိပ်မြားဖြင့် အပစ်ခံရသကဲ့သို့ ဖြစ်နေပုံရသည်။

"ဟုတ်ကဲ့"

"ကိုင်း. . . သွားခွင့်ပြုပါဦး၊ မမ. . သွားပါဦးမယ်"

"အေး. . . အဲ. . . အင်း"

လွန်းက ပြုံးလိုက်သည်။ လွန်းအပြုံးသည် လှောင်ပြုံးဖြစ်မှန်း မင်းဘုန်းထွဋ် အလိုလို သိနေသည်။

နောက် ကိုပိုင်ဦး ရုပ်အလောင်းကို မြင်မြင်ချင်း ဖြစ်ပေါ်သွားသော လွန်း၏မျက်နှာ။

လွန်း၏အချစ်ကို ကိုပိုင်ဦး ရရှိသွားသည်ဟု သူ သဘောပေါက် ခံယူမိသည်။

"အား. . ."

ခေါင်းက အုံခဲလာသည်။ သူ ဖျားပြီထင်သည်။ လွန်းကော။ သူမသည် မိမိထက် ဦးမှုန်ကို ပို၍ဂရုစိုက်သည်။

"မရွှေလွန်း. ."

ထူးသံမကြားရ။ ဒီလောက်ကြီးမားသောအိမ်ကြီး၌ သူ၏အသံကို လွန်းကြားနိုင်ပါ့မလား။

"မရွှေလွန်း. ."

". . . . . . . ."

စိတ်ပေါက်ပေါက်ဖြင့် ကုတင်ပေါ်မှ ခေါင်းအုံးများ၊ စောင်များကို ဆွဲယူလွှင့်ပစ်ပြီး ကုတင်ပေါ်၌ ကန့်လန့်အိပ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com




မုန်းသည်။ ရည်းစားများသောသူမကို မုန်းသည်။ သူ့အား ဂရုမစိုက်သောသူမကို မုန်းသည်။

"အမြန်ဆုံး ကွာပစ်လိုက်မှ အေးမည်" ဟု. . .။







# အခန်း(၃၄)

"ရှင်ဖျားနေပြီထင်တယ်. . . မုန်း"

လွန်းက သူပစ်ချထားသော ခေါင်းအုံးနှင့်စောင်များကို ကုတင်ပေါ်သို့ အသာပံ့တင်လိုက်ပြီး ကန့်လန့်အိပ်နေသော သူ့အနီးတိုးကပ်ကာ နဖူးကို စမ်းသပ်ကြည့်လိုက်သည်။

"သွား. . . ခင်ဗျားဘာလုပ်နေသလဲ၊ ကျုပ်ခေါ်တာ မကြားဘူးလား"

မင်းဘုန်းထွဋ်က သူမလက်ကို ပုတ်ထုတ်ပစ်ကာ မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ လွန်းက ပြုံးကာ. . .

"မကြားလို့ပါရှင်. . . ကြားမှတော့ ကျွန်မ ချက်ချင်းပြေးလာမှာပေါ့။ ကျွန်မက ရှင့်အတွက် ကျွန်နဲ့ တူသောမယားပဲဟာ"

"ဘာ. . . မင်း ကျုပ်ကို မရွဲ့နဲ့"

"မရွဲ့ပါဘူး. . ကဲ. . ကဲ. . ရှင်ဆေးခန်းသွားမလား၊ ဘာလုပ်ပေးရမလဲ"

"ဘာမှမလုပ်နဲ့. . . ကျုပ်ဘာသာ သေသေ"

"ဘယ်ဖြစ်မလဲ. . . ခုနေ ရှင်သေသွားလို့ကတော့ ကျွန်မကို လူတွေက သံသယမျက်လုံး ကြည့်ကြမှာပေါ့ရှင်၊ မဖြစ်ပါဘူး. . ရှင့်ကို ကျွန်မ အသေမခံနိုင်သေးပါဘူး"

"ဘာ. . ."

မင်းဘုန်းထွဋ် ဒေါသတကြီး ထလိုက်သည်။ သူ့မျက်နှာတပြင်လုံး အဖျားရှိန်နှင့်ဒေါသရှိန် ရောထွေးကာ နီရဲနေလေသည်။

"ကဲပါရှင်. . . ဒေါသကြီးမနေပါနဲ့၊ ကျွန်မ ဘာလုပ်ပေးရမလဲဆိုတာသာ ညွှန်ကြားပါ"

"ခင်ဗျား ကျုပ်နားက ထွက်သွားရင် ကောင်းမယ်"

"ကောင်းပြီလေ. . . ရှင့်သဘောပဲ၊ ဒါပေမယ့် ခေါင်းအုံးလေးတွေတော့ ပြင်ပေးခဲ့ပါရစေဦး၊ တော်ကြာ ဆရာဝန် ကြွလာလို့ရှိရင် အိပ်ခန်းပွနေရင် မကောင်းဘူး"

လွန်းက ပြောပြောဆိုဆို ခေါင်းအုံးများကို ခေါင်းရင်းဘက်၌ ချထားပြီး စောင်များကို ပြန်ခေါက်ကာ ခြေရင်းဘက်၌ ထားလိုက်သည်။

မင်းဘုန်းထွဋ်က လက်သီးကို ဆုပ်ကာ ရပ်နေသည်။ လွန်းကို သူ ဒေါသဖြစ်နေသည်။ အသည်းယားနေသည်။ သို့သော်





သူမကို သူ ဘာမှ ကိုယ်ထိလက်ရောက် မထိရဲချေ။

"အိပ်နေလေ. . . ကျွန်မ ခုပဲ သွားမယ်"

"ဘယ်သွားမှာလဲ"

"ရှင်ပဲ ထွက်သွားဆို"

"ခင်ဗျားနော်. . . ခင်ဗျား"

"အလကားပါ မင်းဘုန်းထွဋ်ရယ်၊ ကျွန်မ ဆရာဝန် သွားခေါ်ပေးမလို့ပါ"

"မခေါ်နဲ့. . . ကျုပ်ဘာသာကျုပ် ဆေးပဲ သောက်မယ်၊ ခင်ဗျားသာ ဆေးနဲ့ သောက်ဖို့ တစ်ခုခု စီစဉ်ပေး"

"ရမယ်. ."

လွန်းက ချာခနဲ လှည့်ထွက်ခဲ့သည်။ အခန်းအပြင်ရောက်မှ သူမ ပြုံးမိလေသည်။ ယောက်ျားဆိုသောသတ္တဝါသည် အယုအယခံချင်သောသတ္တဝါ ဖြစ်သည်ဟု သဘောပေါက်မိလေပြီ။

လွန်း ကော်ဖီတစ်ခွက် ကမန်းကတန်း ဖျော်ခဲ့သည်။ ရေနွေးကြမ်းခါတ်ဘူးကို ဦးမှန်အား ယူခဲ့ခိုင်းရသေးသည်။

"ဦးလေး. . . ဓါတ်ဘူးယူပြီး လိုက်ခဲ့၊ ပြီးတာနဲ့ ကြက်သားပေါင်တစ်စိတ်နဲ့ အရိုးတွေနဲ့ ဆန်ပြုတ်လေး လုပ်ထားလိုက်နော်"

"အေး. . . အေး"

လွန်းအတွက် ဦးမှန်သည် တကယ့်ကို အဖော်ရနေလေပြီ။

"ဒီညနေစာတော့ ဦးလေးကြိုက်သလိုသာ ချက်ပြုတ်လိုက်တော့၊ သူ စားမှာမဟုတ်ဘူးဆိုတော့ ဖြစ်သလိုပဲပေါ့"

လေ့ကားတက်ရင်း မှာစရာရှိတာတွေကို မှာကြားရသေးသည်။

အိပ်ခန်းထဲ ရောက်သောအခါ အိပ်ယာထဲ၌ နွေးခွ



www.burmeseclassic.com

www.burmeseclassic.com



ကလေး မှိန်းနေသော မင်းဘုန်းထွဋ်ကို တွေ့လိုက်ရသည်။

"ရှင် ဆေးယူပြီးပြီလား"

"အင်း . ."

"လောလောဆယ်တော့ ကော်ဖီပဲ သောက်လိုက်ဦးနော်၊ နောက်မှ ကြက်ဖွပ်ပြုတ်ကလေးဘာလေး သောက်တာပေါ့"

"ဆရာမလေး . . . ကျုပ်ဘာလုပ်ပေးရမလဲ"

"ရတယ် . . . စောစောက ကျွန်မပြောထားတာတွေသာ လုပ်ထားလိုက်တော့၊ လိုအပ်ရင် ကျွန်မခေါ်မယ်"

ဦးမှုန် ထွက်သွားသည်။ လွန်းက ကော်ဖီကို ပန်းကန်ပြားထဲ ထည့်ကာ မှုတ်ပေးသည်။

မင်းဘုန်းထွဋ်က လွန်း၏လှုပ်ရှားမှုလေး ခိုးကြည့်မိသည်။ မိဘ၏အကြင်အနာ အယုအယနှင့် ဝေးခဲ့သော သူ၏ဘဝအတွက် မိခင် အစားရလေသလားဟု တွေးလိုက်မိသည်။

"ဆေးကို ချေပြီးမှ သောက်တာ ကောင်းတယ်လေ၊ ကျွန်မ ချေပေးမယ်"

"ရပါတယ် . . . ကလေးမှ မဟုတ်တာ၊ ဝါးစားလိုက်မယ်"

"ခါးမှာစိုးလို့"

"ရပါတယ်"

"ဒါဖြင့် သောက်တော့နော်"

ကော်ဖီပန်းကန် ကမ်းပေးလိုက်ပြီး ရေနွေးကို အေးသွားရန် မှုတ်ပေးရင်း . . .

"ရေချိုးလိုက်တယ် ထင်တယ်"

"အင်း . ."

"ဘာဖြစ်လို့ ရောက်ရောက်ချင်း ချိုးရတာလဲ၊ အပူရှပ်ပြီး





ဖျားသွားတာ ထင်တယ်"

"စိတ်ရှုပ်လို့ ချိုးတာ"

"ဘာစိတ်ရှုပ်စရာ ရှိသလဲ"

"ခင်ဗျားမှ ကျုပ်အနားမှာ မရှိတာ"

"ရှင် . ."

လွန်းသည် မင်းဘုန်းထွဋ်အား တအံ့တဩ ကြည့်လိုက်သည်။

မင်းဘုန်းထွဋ် တစိတ်တဒေသ ပေါက်ကွဲသွားသော အသည်းနှလုံးစကားကို လွန်း ရိပ်မိသွားလေပြီလားဟု ထင်မှတ်ကာ

"ဟုတ်တယ်လေ . . . ဒီလောက် ပျင်းစရာကောင်းတဲ့အိမ်ကြီးမှာ တစ်ယောက်တည်း နေရတာ ငြီးငွေ့တာပေါ့၊ ခင်ဗျားမှ ကျုပ်နားမှာ မနေဘဲ"

စကားကို ဖာထေးလိုက်ခြင်းလားဟု လွန်း တွေးမိသည်။

"သြော် . . . ဝယ်ခြမ်းလာတာတွေ ဝိုင်းသိမ်းပေးရင်းနဲ့ ဦးမှုန်က သူရေးထားတာတွေကို ဝမ်းသာအားရ ပြနေလို့"

ဦးမှုန်ကိုပင် သဝန်တိုချင်ပြီ။ သို့သော်လည်း ဤမျှအထိ သဘောထားမသေးပေ။

"ကဲ . . . ရှင်အိပ်တော့"

"မအိပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားထွက်သွားမှာစိုးလို့"

"အိုး . . . ကျွန်မက ရှင် မကွာမချင်း ထွက်မသွားပါဘူး၊ ဒါပေမယ့် အကောင်ပလောင်တွေလည်း မရှိတော့ဘူးဆိုတော့ ကျွန်မ ဟိုဘက်ခန်းမှာ ပြောင်းအိပ်မလားလို့"



www.burmeseclassic.com

www.burmeseclassic.com



မင်းဘုန်းထွဋ်ရှင်ထဲ ဟာခနဲဖြစ်သွားသည်။ လေးငါးခြောက်ရက်အတွင်း လက်ပွန်းတတီး နေလာသူအပေါ် သံယောဇဉ်တွယ်မိနေပြီ ထင်ပါသည်။ စိတ်ပျက်အားလျော့စွာဖြင့် ခေါင်းအုံးပေါ် ပစ်လှဲချလိုက်သည်။ ပြီးတော့ မျက်လုံးစုံမှိတ်လိုက်သည်။

"ရှင်အိပ်ပါ. . . ကျွန်မ အနားမှာ ရှိနေမှာပါ"

လွန်းက ညင်သာတိုးညင်းစွာ ပြောလိုက်သည်။ လွန်းပြောခဲ့သည့်စကားများဝယ် ဤစကားလောက် သူ့နှလုံးသားကို စိမ့်ဝင်သွားစေနိုင်သောစကား ရှိမည်မထင်ပါ။


"ကျွန်တော့်အနားမှာ အမြဲနေပေးပါဗျာ"

"စိတ်ချပါရှင်"

လွန်းက ခပ်ပြုံးပြုံးလေး ပြောလိုက်သည်။ သို့သော် မင်းဘုန်းထွဋ်က လွန်းအပြုံးကို မတွေ့ချေ။ မျက်စိစုံမှိတ်ထားသောကြောင့်ဖြစ်သည်။







# အခန်း(၃၅)

မင်းဘုန်းထွဋ် လွန်းကို မျက်စိအောက်မှ အပျောက်မခံနိုင်သကဲ့သို့ ဖြစ်နေပြီ။

သူ့အဖျားကလည်း ဆရာဝန် အိမ်ပင့်ခေါ်သည်အထိ ဖြစ်သွားသည်။ ထိုကာလ၌ လွန်းသည် သူ့အား လိုလေသေး မရှိအောင် ပြုစုလေသည်။ ရေခဲဝတ် အုံပေးခြင်း၊ ရေခဲဝတ်ဖြင့် လည်ပင်း၊ ချိုင်းတို့ကို ပွတ်တိုက်ပေးသည်။ ချွေးထွက်လာပြန်တော့လည်း ချွေးသုတ်ပြီး ချွေးစိုအဝတ်လဲပေးခြင်း၊ ဆေးမှန်မှန်တိုက်ပေးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



အရည်တစ်မျိုးနှင့်တစ်မျိုး မရိုးရအောင် လုပ်ကျွေးခြင်းနှင့် သူမမှာ နားရသည် မရှိပေ။

သူအိပ်နေစဉ်ကာလ၌လည်း ကျောင်းစာများ ဖတ်ခြင်းဖြင့် သူ့အား စောင့်ကြည့်ပေးနေသေးသည်။

"မရွှေလွန်း"

စာဖတ်ရင်း ခေတ္တမျက်လုံးမှိတ်၍ နားလိုက်သော လွန်းသည် မင်းဘုန်းထွဋ်အသံကြောင့် ဖျတ်ခနဲ ကိုယ်ကို မတ်ကာ. . .

"ဘာလိုချင်လို့လဲ"

"ကျွန်တော် နေကောင်းသွားပါပြီ၊ မရွှေလွန်းကို အရမ်းကျေးဇူးတင်ပါတယ်၊ လာ. . . အိပ်ပါ။ မရွှေလွန်း နားလိုက်ပါဦး"

"ဟင့်အင်း. . . ရတယ်၊ ဒီတစ်ညတော့ ဒီမှာပဲ စောင့်အိပ်မယ်၊ နောက်မှ ဟိုဘက်အခန်းမှာ ပြောင်းနေတော့မယ်နော်"

မင်းဘုန်းထွဋ်ရင်ထဲ ဟာသွားသည်။ ဤစကားကို လက်မခံနိုင်သကဲ့သို့ ဖြစ်ပေါ် ခံစားလိုက်ရသည်။

"ဒီမှာ ဘာဖြစ်လို့လဲ"

"ရှင်လည်း အနေကျပ်တယ်၊ ကျွန်မလည်း အနေကျတ်တယ်. . . ဒါကြောင့်ပါ"

မင်းဘုန်းထွဋ်စိတ်ထဲ ဦးမှုန်ကို ဒေါသထွက်မိသည်။ သည်လူကြီး မြွေတွေကို သွားလွှတ်လိုက်၍သာ ခုလို လွန်းသည် အကြောက်အလန့်မရှိ ဖြစ်သွားရခြင်းဖြစ်သည်။

"ကျုပ် အနေမကျဉ်းကျတ်ပါဘူး၊ ခင်ဗျား ဒီမှာပဲ နေပါဗျာ"

"ရှင် ကျွန်မကို ချုပ်နှောင်ထားတာ မဟုတ်ပါဘူးနော်"

"ဟာဗျာ. . ."





"ဒါဖြင့်ရင် ကျွန်မ စိတ်ချမ်းသာသလို နေပါရစေ၊ ပြီးတော့ ကျွန်မကို အိမ်ပြင်ထွက်ခွင့်လည်း ပေးမယ် မဟုတ်လား"

"အင်း. . . ဒါပေမယ့် ကျုပ်မပါဘဲ ဘယ်မှမသွားရဘူး"

"ဟင်း. . ဟင်း. . ရှင်နေမကောင်းတုန်းက ကျွန်မပဲ ရှင့်ကားကို ယူပြီး ဆရာဝန် သွားပင့်ရတာ"

"ဟင်. . . ဟုတ်လား"

"ကျွန်မမှာ ပါလာတဲ့ငွေ ကုန်နေလို့ ရှင့်အိတ်ထဲကတောင် ငွေတစ်ထောင် နှိုက်ယူလိုက်ရသေးတယ်နော်၊ အဲဒါ ဦးမှုန်ရှေ့မှာပါ၊ သူ့ကို အသိပေးပြီး ယူတာ"

"ဟာ. . . ဟုတ်သားပဲ၊ မေ့နေလိုက်တာ၊ ကျုပ်ပိုက်ဆံအိတ်ထဲမှာ သော့တွဲရှိတယ်၊ အဲဒီမှာ မီးခံသေတ္တာသော့လည်း ရှိတယ်၊ ခင်ဗျားယူထားလိုက်"

"မလိုပါဘူး"

"မဟုတ်ဘူးလေဗျာ. . . ကျုပ် ခင်ဗျားကို အပ်ထားတာ၊ ယောကျ်ားက အိမ်ရှင်မကို အပ်ထားသင့်တယ် ထင်တာပဲ"

"ဟင်း. . ဟင်း. . ဟင်း. . ရှင်ရယ်၊ ကျွန်မက ရှင့်ရဲ့ အိမ်ရှင်မမှ မဟုတ်ဘဲ၊ ကျွန်မယားလေ၊ ရှင်ခိုင်းတာလုပ်၊ ရှင်ဆင်တာဝတ်၊ ရှင်ကျွေးတာစား"

"မရွှေလွန်း. . ."

သူက ဒေါသဖြင့် အော်လိုက်မိသည်။

"ကျွန်မ မှန်တာ ပြောတာ"

"မပြောနဲ့. . . ခင်ဗျားနေချင်သလိုနေ၊ စိတ်ချမ်းသာသလိုနေ၊ ကျုပ်ဘာမှမပြောတော့ဘူး"

ပြောပြောဆိုဆို မင်းဘုန်းထွဋ်သည် ကုတင်ပေါ်မှ ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ လွန်းကလည်း ဒရင်ဘက်ပေါ်မှ ဆင်းကာ. . .

"ဘယ်သွားမလို့လဲ"

"ကျုပ်ဟာကျုပ် ဘယ်သွားသွား"

ကလေးဆိုးကြီးနဲ့ တူသော မင်းဘုန်းထွဋ်အား လွန်း ပြုံး၍ ကြည့်နေလိုက်သည်။

မင်းဘုန်းထွဋ်က အိပ်ခန်းပြင်သို့ ထွက်သွားသည်။ လွန်းက နောက်မှ ထပ်ချပ်မကွာ လိုက်ခဲ့ရာ အိမ်ရှေ့ဝရန်တာသို့ ထွက်သွားသဖြင့်. . .

"မင်းဘုန်းထွဋ်"

". . . . . . ."

မင်းဘုန်းထွဋ် စကားမပြောပေ။ ဝရန်တာ၌ ရပ်လျက် ပြောင်းလဲနေသော သူ၏ခြံကို ငေးကြည့်နေမိသည်။

"အအေးပြန်မိသွားမယ်"

လရောင်ကလည်း ရွှန်းရွှန်းမြမြ တောက်နေသည်။ တိမ်တိုက်တိမ်လိပ်လို့ကလည်း လမင်းနံဘေး ပြေးပြေးလွှားလွှား ဆော့ကစားလျက်ရှိသည်။

လွန်း သူ့နံဘေး၌ ရပ်လိုက်သည်။ သူနှင့်အတူ လ၏အလှတရားကို ငေးကြည့်မိသည်။ သဘာဝ၏အလှတရားသည် လွန်း၏ နှလုံးသားကို သိမ်းကြုံးဆွဲယူဖမ်းစားနေလေပြီ။

ထို့အတူ မင်းဘုန်းထွဋ်ရင်၌ လ၏အလှတရားမှသည် လွန်း၏အလှတရားပါ ရင်တွင်း ထွန်းလင်းသာယာလာပြီ။

မင်းဘုန်းထွဋ် တုန်လှုပ်သွားသည်။

လွန်းကို သူချစ်နေပြီလား။

ဦးထွန်းဦး၏သမီးကို သူက အလုပ်အကျွေးပြုပြီး သူ့ဘာ





တစ်ခုလုံးကို အပ်နှင်းသင့် အပ်နှင်းထိုက်သလား။

တမလွန်မှ မမကြီး မြလေးထွဋ်က မိမိအား ခွင့်လွှတ်လိမ့်မည် မထင်။

မင်းဘုန်းထွဋ် သက်ပြင်းချလိုက်သည်။

လွန်းက မင်းဘုန်းထွဋ်အား ငဲ့စောင်းကြည့်လိုက်သည်။ မျက်လုံးချင်း ဆုံမိကြသည်။

"ဟင်. . ."

လွန်းမျက်ဝန်း၌ တောက်ပနေသည်။ မျက်ရည်၏ရွှန်းလဲ့တောက်ပခြင်းဟု မင်းဘုန်းထွဋ် တွေ့မြင်လိုက်ရသည်။

"မရွှေလွန်း"

သူ့ရင်ထဲ ဗြောင်းဆန်သွားသည်။ သူမပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိသည်။

"ဘာဖြစ်လို့ ငိုတာလဲ"

"ဟင့်အင်း. . . ဟင့်အင်း"

လွန်းက ခေါင်းခါခါ လည်ခါခါနှင့် ငြင်းဆန်လိုက်ပြီး သူ့လက်တွင်းမှ ရုန်းထွက်ပြီး အိမ်တွင်းသို့ ပြေးဝင်သွားလေသည်။

"မရွှေလွန်း. . ."

မင်းဘုန်းထွဋ် လိုက်ခဲ့သည်။ သို့သော် နောက်ကျသွားပြီ။ သူမသည် အခန်းတစ်ခုထဲ ပြေးဝင်သွားကာ တံခါးပိတ်လိုက်လေသည်။

မင်းဘုန်းထွဋ်က တံခါးရှေ့၌ ဇွဲရပ်လိုက်သည်။

သူ ဘာလုပ်ရမည်နည်း။ တံခါးကို တွန်းဖွင့်သင့်သလား။ ပိတ်ထားမှာပါ။ တံခါးခေါက်သင့်သလား။

သူ ခေါင်းခါလိုက်သည်။ ပြီးတော့မှ သူ၏အိပ်ခန်းဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်လာခဲ့လေသည်။


လွန်းသည် တံခါးကို နောက်ကျောဖြင့် မှီကပ်ထားသည်။ ရင်ဝယ် တဒိန်းဒိန်း လှုပ်ရှားနေသည်။

သူ၏ခြေသံသည် တဖြည်းဖြည်းဝေးသွားမှ လွန်း သက်ပြင်းချလိုက်သည်။ တဆက်တည်း ပြုံးကာ ကုတင်ဆီသို့ လျှောက်သွားပြီး လှဲချလိုက်သည်။

အတွေးတို့ မကြီးစိုးနိုင်တော့ဘဲ ပင်ပန်းမှုအရှိန်ဖြင့် အိပ်ပျော်သွားလေသည်။







# အခန်း(၃၆)

အိပ်ယာထ နောက်ကျသွားသည်။ လွန်း ကမန်းကတန်း ရေချိုးပြီး သူ့အိပ်ခန်းဆီသို့ ကူးခဲ့သည်။

"ဟင်. . ."

သူ မရှိတော့။ စောင်တွေဘာတွေ ခေါက်ထားသည်။ ညအိပ်အကျီလည်း ချိတ်ထားသည်။ ရေချိုးခန်းတံခါးကို တွန်းကြည့်သည်။ မရှိ။

အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးမှုန်. . ."

ကမင်းစားခန်းထဲ၌လည်း သူလည်း မရှိ၊ ဦးမှုန်လည်း မရှိ ဖြစ်နေရာ လွန်းက လှမ်းအသံပြုလိုက်သည်။

"ဝေ့. ."

"သူကော"

ခြံထဲ၌ ရှိပြီးသားပန်းပင်များကို ပျိုးထောင်မြေဆွ လုပ်နေသော ဦးမှုန်ကို လှမ်းမေးလိုက်သည်။

"ကားနဲ့ ထွက်သွားတာပဲ"

"ဟင်. . . ဘယ်သွားမယ်လို့ ပြောသွားလဲ"

"ပြောမသွားဘူး"

"ဦးလေးက မမေးလိုက်ဘူးလား"

"မမေးရဲဘူး"

ဟုတ်သားပဲလေ၊ ဦးမှုန်သည် သူ့ဆရာလေးအား အသေကြောက်သည်ကို လွန်းသိနေလျက်သားနဲ့။

"ဒုက္ခပါပဲ. . . ဖျားပြီးခါစ အစာတောင် မဝင်သေးဘဲနဲ့ ဘယ်သွားရတာလဲ"

လွန်း ဘာမှဆက်လုပ်၍ရတော့၊ လမ်းဆီသို့ လှမ်းမျှော်နေမိသည်။

"မနက်စာ ဘာလုပ်ထားသလဲ"

"ကြက်ဆန်ပြုတ်လေ. . . ကြက်သားသုတ်မယ်ဆိုလို့ အဲဒီမှာ အဆင်သင့် သုတ်ရုံပဲ"

"အင်း. ."

"ဦးလေးနော်. . . ညရောက်ရင် ဗျည်းသုံးဆယ့်သုံးလုံး အလွတ်ရေးရမှာနော်"





"အေးပါ. . . ရတယ်၊ အခု ရေးရမလား"

"ဂဏန်းက ဒီနေ့ အပေါင်းသင်ပေးမှာ"

"ကောင်းတယ်"

လွန်း စိတ်ဂဏှာမငြိမ်နိုင်ဘဲ ခြံဝန်းတံခါးရှေ့သို့ ရောက်သွားသည်။

ထိုအချိန်၌ မင်းဘုန်းထွဋ်၏ကားကို လှမ်းမြင်လိုက်ရသဖြင့် အိမ်ဘက်ဆီသို့ ပြန်လျှောက်လာသည်။ မိမိမျှော်နေကြောင်း သူ မသိစေချင်ပါ။

ကားက သူမကို ဖြတ်ကျော်သွားပြီး ပေါ်တီကိုအောက်၌ ရပ်လိုက်သည်။

လွန်းက ခပ်မှန်မှန်ပင် လျှောက်လာရာ သူက ရပ်စောင့်နေလေသည်။ အနားရောက်မှ သူက နောက်ပစ်ထားသောလက်ကို ရှေ့သို့ ဝဲလိုက်သည်။

"ရော့. . ."

လွန်းက နှင်းဆီရောင်စုံပန်းစည်းကို ယူလိုက်သည်။ မျက်နှာကတော့ ခပ်တင်းတင်းပင်။

"ဘယ်သွားနေတာလဲ"

"ဟောဗျာ. . . ပန်းသွားဝယ်တာလေ"

"ကိုယ့်ကိုယ်ကို လူကောင်းများ အောက်မေ့နေသလား၊ ခုမှ နာလံထတယ်၊ တစ်ခုခု ဖြစ်သွားရင် ခက်မယ်"

မင်းဘုန်းထွဋ် ပြုံးလိုက်သည်။ လွန်း၏သဘောကို သူ သဘောကျမိသည်။

"မရွှေလွန်း"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိုးရိမ်တယ်လား"

"ဟွန်း. . ."

လွန်း မျက်စောင်းထိုးပြီး အိမ်ထဲသို့ ပြေးဝင်ခဲ့သည်။ လွန်း ဘာဖြစ်နေသလဲ ကိုယ့်ကိုယ်ကို မကျေနပ်နိုင်အောင်ဖြစ်မိသည်။

လွန်း မီးဖိုထဲရှိ ရေဇလုံ၌ ပန်းများ စိုက်ထားလိုက်သည်။ မင်းဘုန်းထွဋ် လိုက်ဝင်လာပြီး. . .

"ဘာစားရမလဲ"

"ဆန်ပြုတ်"

"မစားချင်တော့ဘူးကွာ. . . မုန့်ဟင်းခါး စားချင်တယ်"

"နေကောင်းသွားရင် ချက်ကျွေးမယ်၊ ခုတော့ ကြက်သား ဆန်ပြုတ်နဲ့ ကြက်သားအချဉ်သုတ်လေး စားလိုက်ဦးနော်"

"ဟင်း. . ." ဟူသော သက်ပြင်းသံနှင့်အတူ စားပွဲ၌ ထိုင်လိုက်သည်။ လွန်းက ကြက်သားသုတ်ပန်းကန် ချပေးပြီး လက်သွားဆေးသည်။

မင်းဘုန်းထွဋ်က သူမ ပြန်အလာကို စောင့်သည်။ ရောက်မလာသောအခါ နောက်သို့ လှည့်ကြည့်လိုက်ရာ နှင်းဆီပန်းကို အရွက်ခြွေနေသည်ကို တွေ့ရသဖြင့်. . .

"ဟေ့. . . လာလေဗျာ"

"ဘာလိုလို့လဲ"

"ခင်ဗျားကော လာစားလေ"

"ဘုရားပန်း အရင်လဲလိုက်မလားလို့"

"လာစမ်းပါဗျာ. . . နောက်မှလဲ၊ ကျုပ်တစ်ယောက်တည်း မစားချင်ဘူး"

"ဒုက္ခပါပဲ ရှင်ရယ်၊ အမေ မွေးကတည်းက တစ်ယောက်





တည်း၊ သေတော့လည်း တစ်ယောက်တည်းပဲ သေမှာ၊ တစ်ယောက်တည်းများ မစားချင်ဘူးလို့"

"ဟေ့. . . ငါက မသေသေးဘူး၊ စိတ်ချ. . . ကျုပ်သေသွားရင်လည်း ကိုပိုင်ဦးလိုပဲ တစ်ယောက်တည်းပဲ သေမှာ၊ ခု မသေခင်တော့ ကျုပ်နဲ့အတူ လာစားဗျာ"

လွန်း အနားသို့ ရောက်လာသည်။ သူမရင်၌ တမင်မေ့ပျောက်ထားသောသူ၏ အကြောင်းတရား ရောက်ရှိလာသဖြင့်. .

"ဒီမှာ သူ့အကြောင်း လုံးဝထည့်မပြောရင် ကောင်းလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ပယောဂကြောင့် သေသွားတဲ့ လူတစ်ယောက်အကြောင်း ရှင်မို့ ပြောထွက်တယ်"

"ဘာ. ."

"ဟုတ်တယ်လေ. . . ရှင်သာ ကျွန်မကို မတရား ခိုးမပြေးခဲ့ဘူးဆိုရင် ကိုပိုင်ဦး သေမှာမဟုတ်ဘူး"

"သူ့ရောဂါကြောင့် သေတာပဲ၊ သူ့ရောဂါ ကျွမ်းနေပြီပဲ"

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ခွဲစိတ်ကုသလိုက်ရင် ပျောက်သွားမှာ၊ သူ သွားကုမယ်လို့ ကျွန်မကို ကတိပေးပြီးပြီ"

"ဩော်. . . ဒီအတွက် ခင်ဗျားက မကျေနပ်ဘူးလား"

မင်းဘုန်းထွဋ် ဘာလုပ်ရမည်နည်း။ စားပွဲပေါ်၌ ရှိနေသော စားစရာများကို လုံးဝထိတွေ့ခြင်း မရှိဘဲ ဝုန်းခနဲ ထရပ်လိုက်သည်။

"စားမယ်လေ"

"တော်ပါပြီ. . . ခင်ဗျားရဲ့သဘောကို ကျုပ်သိပြီ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်မှားသွားတယ်၊ ခင်ဗျားရဲ့အကြွင်းနာ အယူယမှာ နစ်မျောမိတဲ့ ကျုပ်ကိုယ်ကျုပ်ပဲ အပြစ်တင်ပါတယ်၊ ခင်ဗျားနဲ့ပိုင်ဦး ဘာမှမဖြစ်ကြဘူးဆိုတာ ကျုပ်သိပါတယ်၊ ပိုင်ဦးမှာ နှလုံးရောဂါ ရှိမှန်းလည်း ကျုပ်သိတယ်၊ ခင်ဗျား သူ့ကို စွဲစွဲလမ်းလမ်း ချစ်နေမနေတော့ ကျုပ်မသိခဲ့ဘူး၊ ကျုပ် ခင်ဗျားအနောက်က အရိပ်လေးလို လိုက်ခဲ့တဲ့သူပါ၊ ကျုပ်ကြောင့် သေတယ်လို့ ခင်ဗျားစွပ်စွဲယိုက်ပြီဆိုတော့ ခင်ဗျားသဘောကို ကျုပ်နားလည်လိုက်ပါပြီ၊ ကျုပ်စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားအတွက် ကျုပ် တစ်ခုခု စဉ်းစားပေးပါ့မယ်"

မင်းဘုန်းထွဋ်က စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားသည်။ လွှန်း မျက်ရည်များ ဝဲလာသည်။ ထမင်းစားပွဲဝိုင်းကို အားပြုကာ ထိုင်ချလိုက်သည်။

သံယောဇဉ်ဖြစ်ခဲ့ရသော ပိုင်ဦးအတွက် လွှန်း၌ ခံစားနေရသောဝေဒနာကို သူက မသိကျိုးကျွန် တမင်ပြုထားသလား။ ချစ်သူရည်းစားအဖြစ် တရားဝင် မကြေညာထားကြသော်လည်း သံယောဇဉ် ရှင်းသန့်စွာဖြင့် နှောင်ဖွဲ့မိကြသော သူတို့နှစ်ဦး၏ချစ်ခဲ့ဖူးသော အချစ်သည် ဖြူစင်သောအချစ်သာဖြစ်သည်။ ဒီအချစ်ဆုံးရှုံးမှုအတွက်ကော မခံစားရပေဘူးလား။

လွှန်းအပေါ် သူ၏နှောင်ဖွဲ့မှုကကော. . .။

လွှန်း ထိုင်ရာမှ ထလိုက်သည်။ သူသည် ဖျားပြီးခါစ ဖြစ်သည်။ ဆေးဆက်သောက်ရဦးမှာဖြစ်သည်။

လွှန်း အိမ်ရှေ့ခန်းသို့ လှမ်းကြည့်လိုက်သည်။ သူထိုင်နေသည်မှာ ကျောက်ရုပ်တစ်ရုပ်အလား ရှိနေသည်။

လွှန်း၏သောကစိတ်ကို ဖျောက်ဖျက်လိုက်သည်။

"အဲဒီကို ယူခဲ့ပေးရမလား"





". . . . . . . ."

တုံ့ပြန်မှု မပေးချေ။ ကြားမှကြားပါလေစဟု အတွေးရောက်ကာ အနားကပ်လျက်. . .

"မင်းဘုန်းထွဋ်. . . ကျွန်မ ရှင့်အတွက် စားစရာ အဲဒီ ယူပေးရမလား"

"မစားတော့ဘူး"

"စိတ်ကောက်တာလား"

"စိတ်ကောက်တယ်ဆိုတာ ယောကျ်ားအလုပ်မဟုတ်ဘူး၊ ကျုပ် စိတ်မကောက်ပါဘူး၊ စိတ်မကောင်း ဖြစ်တာပါ၊ ကျုပ်က ကျုပ်အပေါ် ခင်ဗျားနားလည်ခွင့်လွှတ်နိုင်တယ်လို့ ထင်ထားတာ"

"ကဲပါ ရှင်ရယ်၊ ကျွန်မ ရှင့်ကို နားလည်ပါတယ်"

"ကောင်းပြီလေ. . . ဆာတဲ့အချိန် ကျုပ်စားလိုက်ပါ့မယ်၊ ခင်ဗျားလုပ်စရာရှိတာသာ သွားလုပ်ပါ"

မင်းဘုန်းထွဋ် လွှန်းကို နှင်ထုတ်လိုက်သည်။

လွှန်းက ဘာမှမပြောဘဲ ဧည့်ခန်းမှ ထွက်ခဲ့ပြီး ပန်းအရွက်ကို ခြွေပြီး လိုအပ်သလောက် ဖြတ်တောက်ကာ ရေထဲ နှစ်စိမ်လိုက်သည်။ ထို့နောက် အပေါ်ထပ်သို့ တက်ကာ ဘုရားပန်းအိုးများကို သယ်ချရသည်။

ထိုအချိန်၌ ဧည့်ခန်းမှ ပုဂ္ဂိုလ်သည် မလှုပ်သေး။ ထိုင်နေမြဲဖြစ်သည်။ ပန်းများ လဲပြီး ပြန်တက်သည်။ သူ ထိုင်နေဆဲ။

ဘုရားပန်းကပ်ပြီး ပြန်ဆင်းလာသည်။ သူသည် ငြိမ်သက်လျက် ရှိနေဆဲပင်။ သူမ မနေသာ၍. . .

"မင်းဘုန်းထွဋ်"

"လာ. . . ထိုင်၊ ကျုပ်စဉ်းစားနေတာ ခင်ဗျားအတွက်"



www.burmeseclassic.com

www.burmeseclassic.com



လွှမ်း နားလည်လိုက်ပြီ။ လွှမ်း လိုလားသောအချိန်ကို ရောက်ရှိလာပြီဟု. . .။







# အခန်း(၃၇)

"ကျုပ်က ငယ်ငယ်ကတည်းက မိဘတွေအပေါ် စိတ်နာခဲ့တဲ့လူ မဟုတ်လား၊ ကျုပ်ရဲ့နာကြည်းအထီးကျန်မှုကို ကလဲ့စားချေဖို့စိတ်ရိုင်းဝင်လာတယ်၊ ကျုပ်ဟာ အားလုံးကို မမြင်ကွယ်ရာကနေလှလာခဲ့တယ်၊ အဲသည်အချိန်မှာ ဦးထွန်းဦးဟာ ခင်ဗျားရဲ့ကျောင်းကို တစ်ခါတစ်ရံ ရောက်လာပြီး ခင်ဗျားရဲ့အသွားအလာကိုစောင့်ကြည့်တတ်တာမျိုး ကျုပ်တွေ့လိုက်ရတယ်"

"ဟင်. . . ကျွန်မ မသိပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ခင်ဗျားက သူ့ကိုမှ လက်မခံခဲ့ဘဲ၊ သိအောင် သူ လာပုံမလား၊ သည်မှာတင် ကျုပ်ရဲ့မြားဦးက ခင်ဗျားဆီ လှည့်တာ အဲ. . . လက်ရှိ သူ့မှာ သမီးပျိုချည်းပဲ ခင်ဗျားအပါအဝင် သုံး ယောက်ရှိတယ်လေ၊ ကျုပ်အထင်တော့ သူ့ရဲ့သမီးဦး၊ ခင်ဗျားကို ရွေးချယ်တာ အမှန်ကန်ဆုံး ဖြစ်မယ်လို့ ယူဆမိခဲ့တယ်"

လွန်းက ငြိမ်ရင်း (၈)မိုင်က မင်းဘုန်းထွဋ်အိမ်သို့ လိုက် လာကြသော ဖခင်ဦးထွန်းဦး၏သောကရုပ်သွင်ကို ပြန်လည်မြင် ယောင်လာသည်။

ထို့အတူ မိခင်ဒေါ်ခင်ထား။

သူတို့၏အသည်းနှလုံး၌ မိမိအတွက် ခံစားတတ်သောစိတ် ရှိလိမ့်မည်ဟု မိမိမတွေးခဲ့မိပါချေ။

"ဘာပဲဖြစ်ဖြစ် ကျုပ်ဆန္ဒပြည့်သွားပြီ၊ ကျုပ်မုန်းသောသူ တွေရဲ့ မျက်ရည်စတွေကို ကျုပ်မြင်လိုက်ရပြီ၊ ကျုပ် ကျေနပ်တယ် ဒါပေမယ့် ရယူလိုမှုတစ်ခုအတွက် ဆုံးရှုံးနစ်နာမှုတစ်ခု၊ အဲ. . . တစ်ခါတစ်ရံ တစ်ခုမကဘဲ ရှိသွားတတ်တယ်ဆိုတာ ကျုပ်သိသွားပါ ပြီ၊ သည်တော့ ကျုပ်ဆန္ဒပြည့်ဝဖို့အတွက် ဓားစာခံသွားတဲ့ ခင်ဗျား ရဲ့ နစ်နာမှုကို ကျုပ်က လျော်ကြေးပေးပါ့မယ်"

လွန်းက ပြုံးလိုက်သည်။

လွန်း၏အပြုံးကို မင်းဘုန်းထွဋ် ကြောက်သည်။

တစ်စုံတစ်ခုသော လျှို့ဝှက်မှု ပါသည်ဟု သူသိသည်။

"ခင်ဗျားဘာဖြစ်ချင်သလဲ၊ ဘာလိုချင်သလဲဆိုတာ အရင် ပြောပါ"

"ရှင်းနေတာပဲ. . . ကျွန်မကို ကွာရှင်းခွင့် ပေးဖို့ပါပဲ"

မင်းဘုန်းထွဋ် ထိုင်ရာမှ ထလိုက်သည်။ သူ ကြိုတင်မျှော်





လင့်ထားပြီးသား စကားဖြစ်သော်လည်း တကယ်တမ်း ကြားသိရ သောအခါ ရင်မှာ မခံမရပ်နိုင်အောင် နာကျင်သွားသည်။

"ဒါပေမယ့် စာချုပ်အရ ကွာရှင်းထားမယ်၊ ဒါပေမယ့် ကျွန်မကို သည်မှာ နေခွင့်ပေး၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး နော်၊ အဲ. . . ဘာဆိုင်လို့ သည်မှာ ဆက်နေခွင့် တောင်းသလဲဆိုရင် ဦးလေးမှုန်ကို စာတတ်အောင် သင်ပေးချင်လို့ရယ်၊ စာကျက်ရတာ အေးဆေးတဲ့အတွက်ရယ်ပါ။ ဟိုမှာဆိုရင် သတင်းမေးတွေဘာတွေ ဖြေရှင်းနေရဦးမယ်၊ ကျွန်မ စိတ်ရှုပ်တယ်"

"စာမေးပွဲ ဖြေတဲ့အချိန်ကော မမေးကြဘူးလား"

"ကိစ္စမရှိပါဘူး. . . အဲသည်အချိန်တော့ စာနဲ့ နပန်းသတ် နေကြရလို့ မေးအားမယ် မထင်ပါဘူး"

"ဒါပဲလား. . . ပြီးတော့ကော"

မင်းဘုန်းထွဋ်က လွန်း၏မျက်နှာဖူးဖူးလေးကို စူးစိုက် ကြည့်ကာ မေးလိုက်သည်။

"ဒါပဲပေါ့. . . သည်နေ့ပဲ စာချုပ်ထဲမှာ ကွာရှင်းထားမယ်၊ အဲသည်အခါ ရှင်စားချင်ရာစား၊ လုပ်ချင်ရာလုပ်၊ သွားချင်ရာသွား၊ ကျွန်မ ဘာကိုမှ နှောင်ဖွဲ့မထားဘူး"

မင်းဘုန်းထွဋ်သည် သူမ၏နှောင်ဖွဲ့မှုကိုပင် လိုလိုလား လား လိုချင်နေပြီဟု သူ့ကိုယ်သူ သဘောပေါက်မိသည်။

"မဟုတ်ဘူးလေ. . . ကျုပ်ပြောတာက ကျုပ်ကို လက်ထပ် ခဲ့ရတဲ့ ခင်ဗျားရဲ့နစ်နာမှုအတွက်ပါ၊ ဘာလိုချင်သလဲ"

"ရှင် ဘာကို ဆိုလိုတာလဲ"

"လင်မယား ကွာရှင်းပြီဆိုရင် ပိုင်ဆိုင်ခွင့်တွေ ခွဲဝေယူကြ တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



လွန်း ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်သည်။ ဒေါသတရားက မွှန်ထူသွားသည်။

"ရှင်. . ရှင် ဘာစကားပြောတာလဲ"

"ကျုပ် တကယ် စေတနာနဲ့ ပြောတာပါ၊ ခင်ဗျား ဘာလိုချင်သလဲ၊ ငွေလား၊ အိမ်လား၊ ကားလား"

"ဟာ. . . ရှင်. . . ရှင်. . ."

လွန်း ဒေါသဖြင့် အသားတဆတ်ဆတ် တုန်လာသည်။

"ရှင် ကျွန်မလိုချင်တာကို တကယ်ပေးမလား"

"ပေးမယ်. . . လိုချင်ရင် အားလုံးပေးမယ်"

မင်းဘုန်းထွဋ်ကလည်း ရင်နာစွာဖြင့် ထက်ထက်သန်သန်ပင် ပြောလိုက်သည်။

လွန်းက ခနဲ့ပြုံး ပြုံးလိုက်သည်။

ပြီးမှ. . .

"ကျွန်မ လိုချင်တာက. . ."

လွန်း၏ညာလက် မြောက်သွားသည်။

"ဖြန်း. ."

မင်းဘုန်းထွဋ်၏ဘယ်ဘက်ပါးပြင် ပူခနဲဖြစ်သွားသည်။

"ဟင်. . . ခင်ဗျား. . ."

လွန်းက မျက်ရည်ကြားမှ ပြုံးလိုက်သည်။ အံ့သြကာ ကြက်သေ,သေပြီး သူ့ပါးကို ပွတ်သပ်ရင်း သူ့အား ကြည့်နေသော မင်းဘုန်းထွဋ်အား စေ့စေ့ကြည့်ကာ. . .

"ရှင့်စော်ကားမှုအတွက် ကျွန်မရဲ့တုံ့ပြန်မှုက ဒါပါပဲ၊ ကျွန်မ ငွေမမက်ဘူး၊ စည်းစိမ်မမက်ဘူး၊ လွတ်လပ်ပျော်ရွှင် စိတ်ချမ်းသာခြင်းကိုပဲ မက်တယ်၊ ရှင်ဟာ ကျွန်မဘဝကို ဖျက်ဆီး





စော်ကားခဲ့တယ်၊ သည်အတွက် ရှင့်ငွေ၊ အိမ်၊ ကားနဲ့ လျော်ကြေးပေးလိုက်ရုံနဲ့ ကျွန်မဘဝက တစ်ခုလပ်ဘဝကနေ အပျိုပြန်ဖြစ်သွားနိုင်တယ်လို့ ယူဆသလား၊ ရှင်ဟာ အတ္တကြီးတဲ့လူပဲ၊ ရှင့်လိုအင်ဆန္ဒတစ်ရပ်အတွက် ကျွန်မဘဝတစ်လုံးကို ဖျက်ဆီးခဲ့တယ်၊ ကျွန်မရှင့်ကို နာကြည်းတယ်၊ သိပ်မုန်းတယ်. . . မုန်းတယ်"

လွန်းက မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုရှိုက်ရင်း အပေါ်ထပ်သို့ ပြေးတက်သွားသည်။

"မချွေလွန်း. . . ."

မင်းဘုန်းထွဋ် တစ်လှမ်းနှစ်လှမ်းတော့ လှမ်းလိုက်သေးသည်။

နောက်မှ သူမ၏အသံက သူ့နားထဲ ပဲ့တင်ထပ်လာသောအခါ သူ ခြေလှမ်းတုံ့ဆိုင်းသွားသည်။

"ကျွန်မ ရှင့်ကိုနာကြည်းတယ်၊ သိပ်မုန်းတယ်. . . မုန်းတယ်"

ဟု. . .။

မင်းဘုန်းထွဋ် ဆောက်တည်ရာမဲ့ ခံစားလိုက်ရသည်။ အိမ်အပြင်ဘက်သို့ ထွက်ခဲ့သည်။

ပေါ်တီကိုအောက်၌ အသင့်ရှိနေသော ကားကို ယူကာ တရကြမ်း မောင်းထွက်ခဲ့သည်။

မိဘနှင့် ပတ်သက်၍ ခံစားခဲ့ရသော ဝေဒနာများ၊ ဦးထွန်းဦးအပေါ် ထားရှိခဲ့သော အမျက်တို့သည် ဘယ်အချိန်ကတည်းက လွင့်ပါးသွားသည်ကို မင်းဘုန်းထွဋ် မသိလိုက်၊ လောလောဆယ် သိနေသည်က သူ့နှလုံးသား၌ ခံစားနေရသော ဝေဒနာတစ်ရပ်သည် "အချစ်" ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်" ဟူသောဝေဒနာသည် ခံစားမှုအစုစုဝယ် အကြီးမားဆုံးသော ခံစားမှု ဘုရင်တစ်ဆူဖြစ်သည်ကိုတော့. . .။






www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၈)

"လွန်းကော" ဟု သူ ရှာဖွေနေမည်လား။ လွန်း မတွေးချင်တော့။

"လမ်းဆုံးပါပြီ. . . အားလုံးဆင်းနိုင်ပါပြီ"

"ဟင်. ."

စပယ်ယာ၏အသံကြောင့် လွန်း အတွေးအိမ်မှ လွန့်မြောက်လာသည်။

"သည်ကား ရန်ကုန်အထိ သွားမှာမဟုတ်ဘူးလား"





"ပဲခူးကားပါခင်ဗျာ"

"ဩော်. ."

လွန်း ကားပေါ်မှ ဆင်းလိုက်သည်။ မှုန်ရီရီပျိုးပျအချိန်၌ ရန်ကုန်သွားမည့်ကား ရှိပါဦးမည်လား။ အဝေးပြေးဂိတ်သို့ စုံစမ်းရမည်လား။ လွန်း စိတ်ညစ်သွားသည်။

ကားပေါ်မှ ဆင်းပြီး ပဲခူးမြို့ထဲတွင် ယောင်လည်လည်ဖြစ်နေစဉ် ကားတစ်စီး ထိုးရပ်လိုက်သည်။

"သမီး. ."

လွန်းက ကားပေါ်မှ ဆင်းလာသူကို မြင်လိုက်ရသည်နှင့် မျက်နှာက တင်းမာသွားသည်။ ဒေါက်တာဦးသက်ထွန်း ဖြစ်သည်။ မိခင်ကို မိမိလက်ထဲမှ လုယူသွားနိုင်သူဖြစ်သည်။

"ဘယ်သွားမလို့လဲ သမီး၊ တစ်ယောက်တည်းလား. . . သားကော"

ဦးသက်ထွန်း၏မျက်နှာ၌ စိုးရိမ်ပူပန်မှုများ ယှက်သန်းနေသည်။ ပျာပျာသလဲနိုင်လေသည်။

"ကျွန်မ သူနဲ့ စိတ်ဆိုးလို့ ထွက်လာတာ"

"အို. . . ဘယ်ဟုတ်မလဲ၊ လာ. . . အတော်ပဲ၊ အန်ကယ်နဲ့ လိုက်ခဲ့၊ ထားတောင် သမီးနဲ့ ပတ်သက်ပြီး တရှောင်ရှောင် ဖြစ်နေတယ်"

"ဘာဆိုင်လို့လဲ. . . ကျွန်မ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး"

လွန်း ခေါင်းမာနေချင်သေးသည်။ ဦးသက်ထွန်းနှင့် လိုက်သွားသင့်မသင့်ကို စဉ်းစားလိုက်သည်။ လောလောဆယ် ပဲခူး၌ အသိမရှိ။ ရန်ကုန်ကို သွားဖို့ကလည်း စုံစမ်းရဦးမည်။ တည်းခိုခန်းဖြစ်ဖြစ် ဟိုတယ်ဖြစ်ဖြစ် တည်းခိုဖို့ကလည်း မိန်းကလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းအနေနဲ့ မသင့်တော်။

"သမီးကတော့ ဒုက္ခမပေးပါဘူး၊ ဒါပေမယ့် မိဘမဟုတ်လား သမီးရယ်၊ သမီးအတွက် သူ့မှာ သောကဝင်နေရှာတယ်၊ လိုက်ခဲ့ပါ သမီး၊ သည်တစ်ညတော့ အန်ကယ်တို့အိမ်မှာပဲ အိပ်ပါ၊ မနက်ရောက်မှ သမီးသွားချင်တဲ့ဆီကို အန်ကယ် ပို့ပေးမယ်"

လွှန်း ကားနောက်ခန်းတံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်သည်။ မခေါ်ချင်သာ နေလို့ရသည်။ မတော်၍မရနိုင်သော မိခင်ထံသို့ လိုက်သွားမိသည်။

ခြံနှင့်ဝန်းနှင့် ခမ်းခမ်းနားနားပါပဲ။ လွှန်းတို့ တူဝရီးတွေကတော့ ဟောင်ကောင်ပုံ တိုက်ခန်းနှစ်လွှာ၌ ခပ်ကုတ်ကုတ် နေခဲ့သည်။ ဒါကလည်း ကြီးမေ၏ပိုင်ဆိုင်မှုပင်။

"တီတီ. . . တီတီ"

"ဟာ. . . ဖေဖေ ဘာကျန်ခဲ့လို့လဲ"

ဆယ့်ငါးနှစ်အရွယ် ကောင်မလေးတစ်ယောက် ပြေးထွက်လာပြီး မေးလိုက်သည်။

"ဘာမှမကျန်ခဲ့ဘူး. . . မေမေကော၊ ဆင်း. . သမီး"

ပထွေးလုပ်သူက သူ့အား ကားတံခါးကို ကိုယ်တိုင်ဖွင့်ပေးသည်ဆိုတော့လည်း လွှန်း အားနာစွာဖြင့် ဆင်းလိုက်သည်။

ထိုအချိန်တွင် အနွေးထည်လေး ခြုံကာ ထွက်လာသော မိခင်ဒေါ်ခင်ထားကို တွေ့လိုက်ရသည်။ လွှန်းက ခပ်တည်တည်ပင် မိခင်အား ကြည့်လိုက်သည်။ မိခင်၏နှုတ်ခမ်းနှစ်လွှာသည် ပြုံးယောင်သန်းသွားပြီး တဆတ်ဆတ် တုန်လာသည်။ တဆက်တည်း မျက်ရည်များ ရစ်ဝဲလာသည်။

"ကိုကို ဆေးခန်းသွားရင်း သမီးကို တွေ့လို့ ခေါ်လာတာ၊





သားနဲ့ စိတ်ဆိုးပြီး ဆင်းလာတာ၊ ရန်ကုန်သွားမလို့တဲ့လေ"

"သမီး. . လွှန်း"

ဒေါ်ခင်ထားက လွှန်း၏ပခုံးနှစ်ဖက်ကို တယုတယ ဆုပ်ကိုင်ခေါ်လိုက်သည်။

လွှန်းရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။ သို့သော် ကြီးမေ၏မျက်နှာကို မြင်ယောင်ကာ. . .

"ကျွန်မ မနက်ဖြန် ကြီးမေဆီ ပြန်မယ်၊ သည်တစ်ညပဲ အိပ်မှာ"

စောစောက ကောင်မလေးအပြင် အခန်းထဲမှ အလျှိုလျှို ထွက်လာသော ဆယ်နှစ်အရွယ်နှင့် ခုနစ်နှစ်အရွယ် ကောင်လေးနှစ်ယောက်ကိုပါ တွေ့လိုက်ရသည်။ သူတို့၏မျက်နှာက ပြုံးနေသည်။

"ချောတယ်နော်"

"အဲဒါ တို့မမကြီး လွှန်းဆိုတာပေါ့"

"ကိုင်း. . . သမီးမေမေနဲ့ နေခဲ့တော့၊ အန်ကယ် ဆေးခန်း သွားလိုက်ဦးမယ်"

လွှန်း ခေါင်းညိတ်လိုက်သည်။ ဒေါ်ခင်ထားက လွှန်းပခုံးကို ဖက်ကာ. . .

"သမီး ထမင်းစားရဦးမှာ မဟုတ်ဘူး၊ မွန်းရေ. . . ဒေါ်ဒုံးကို ထမင်းပွဲ ပြင်ခိုင်းလိုက်"

"ဟုတ်ကဲ့ မေမေ"

"သူက မွန်းတဲ့၊ သည်နှစ် ဆယ်တန်း၊ သားတို့ လာဦး၊ ထွန်းက ခြောက်တန်း၊ အငယ်လေးက ကျော်တဲ့၊ သုံးတန်းလေ"

ကလေးများက ချစ်ခင်စရာ ပြုံးပြသည်။ အငယ်ဆုံး ကျော်



www.burmeseclassic.com

www.burmeseclassic.com



က လွန်းပေါင်ပေါ်သို့ လာထိုင်ရာ လွန်းရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။

"မမကြီးက ချောတယ်၊ မေမေ့ထက်တောင် ပိုချောသေးတယ်၊ သား ကျောင်းရောက်ရင် မမကြီးအကြောင်း ကြွားရဦးမယ်၊ မို့မို့မြင့်အောင်ထက် ငါ့မမကြီးက ပိုလှတယ်လို့"

လွန်း ပြုံးလိုက်မိသည်။

"ဟုတ်တယ်. . . ကျွန်တော်တို့နဲ့ နေမလို့လားဟင်၊ နေပါနော်"

ထွန်းကလည်း ပြောလာသည်။ စိတ်ရင်းကောင်းသောကလေးများကို လွန်း ခင်သွားသည်။ မွန်းက မီးဖိုထဲမှ ပြေးထွက်လာပြီး. . .

"မေမေ ဟင်းနည်းနေလို့ ဝက်အူချောင်းနဲ့ပန်းပွင့် ကြော်ခိုင်းထားတယ်၊ ခဏနော်. . . မမကြီး ဆာပြီလား၊ ခဏလေး. . ခဏလေး. . မွန်း သွားကူလိုက်ဦးမယ်"

"ရပါတယ်. . . မဆာပါဘူး"

လွန်းက ပြုံး၍ပြောလိုက်ရသည်။ တဆက်တည်း ရင်၌သောကလေး ဝင်လာသည်။ သူ ကားကို ကမူးရှူးထိုး မောင်းထွက်သွားသည်။ ဘယ်ကို သွားသနည်း။ တစ်ခုခု ဖြစ်သွားနိုင်သလား၊ မိမိ သူ့ကို ရိုက်သည်ကို သူ စိတ်ဆိုးသွားသလား၊ သူစိတ်ဆိုးခြင်းကိုကော မိမိက အရေးစိုက်ရမှာတဲ့လား။

ဘဝ၏အပြောင်းအလဲဟူသမျှတို့က အသက်နှစ်ဆယ့်နှစ်နှစ် ဟူသောကာလ၌ မယုံကြည်နိုင်လောက်အောင်ကို ဖြစ်ပေါ်ခံစားနေရသည်။

"သမီး ထမင်းစားရအောင်လေ"





"မစားချင်တော့ဘူး"

"ဘယ်ဟုတ်မလဲ သမီးရယ်၊ နည်းနည်းဖြစ်ဖြစ် စားလိုက်ဦး"

ထမင်းစားသောက်ခြင်းဟူသောအလုပ်ကို လူ့ဝတ္တရားအနေဖြင့် လုပ်ကိုင်ရသလိုမျိုး လုပ်ရပေဦးမည်။

"မမကြီး. . . လာ"

မွန်းက လွန်းအတွက် ထမင်းခူးခပ်ပေးရင်း ပြုံးရွှင်စွာခေါ်သည်။ လွန်းက ပြုံးပြလိုက်ပြီး ဝင်စားလိုက်သည်။ တစ်ပန်းကန်ကုန်အောင် မနည်းစားလိုက်ရသည်။

မိခင်ဒေါ်ခင်ထားက ဘာမှမပြောဘဲ လွန်းကို အရိပ်ကလေးလို ကြည့်နေသည်။ လွန်း စိတ်ထိခိုက်နေသည်၊ ဘာကြောင့် စိတ်ထိခိုက်နေရသနည်း။

မင်းဘုန်းထွဋ်ကများ ဆိုးသွမ်းနေသလား၊ ဖြစ်နိုင်ပါ့မလား၊ ဦးသက်ထွဋ်၏သားဆိုလျှင် လိမ္မာယဉ်ကျေးသူသာ ဖြစ်မည်။ ဒေါက်တာလှိုင်းက ခေတ်ဆန်သည်၊ ချမ်းသာသောမျိုးရိုးမှ ပေါက်ဖွားသူပီပီ ငွေဂုဏ်လည်း မောက်သည်။

မိဘတွေက ဒေါက်တာသက်ထွဋ်ကို သဘောကျကာပေးစားခဲ့ခြင်းဖြစ်သည်။ လှိုင်း၏ဒဏ်ကို ဒေါက်တာသက်ထွဋ် မခံနိုင်သကဲ့သို့ ဦးထွန်းဦး၏မိန်းမပွေမှုဒဏ်ကို ဒေါ်ခင်ထား မခံနိုင်။

ဘဝတူချင်း စာနာမှုဖြင့် ရင်ဖွင့်မိကြသည်။ ထို့နောက် သံယောဇဉ် နှောင်ဖွဲ့မိသည်၊ ဦးထွန်းဦးက ဒေါ်ခင်ထား ခွင့်မလွှတ်နိုင်သော ကျူးလွန်မှု ဖြစ်သည့် နောက်မိန်းမကို တရားဝင်ယူလိုက်သည်။ ဒေါ်ခင်ထား ကွာရှင်းပစ်လိုက်သည်။ ထို့အတူ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလှိုင်းကလည်း နိုင်ငံခြား သွားလိုသည်။ နိုင်ငံခြားသို့ အပြီးတိုင် ထွက်ခွာသွားသော သူ၏ရည်းစားဟောင်းနှင့် ဆက်သွယ်မှု ရှိသည်။ ဟိုကလည်း ခေါ်သည်။ သည်ကိစ္စနှင့် ပတ်သက်၍ စကားများကြသည်။ ကွာရှင်းကြသည်အထိ ဖြစ်သည်။

ဒေါက်တာလှိုင်းက နိုင်ငံခြား ထွက်သွားသည်။ ထိုအချိန်ရောက်မှ လွှတ်လပ်သူချင်း လက်ထပ်ကြခြင်းဖြစ်သည်။

ဒေါက်တာသက်ထွန်း၏သားသမီးနှစ်ယောက်ကို ဒေါက်တာလှိုင်း၏မိဘများက ခေါ်ယူလိုက်သကဲ့သို့ လွန်းကိုလည်း ဖော်နည်းတူ မမခင်မြတ်က ခေါ်ယူလိုက်သည်။ ထို့နောက် သားသမီးများ မည်ကဲ့သို့ ဖြစ်ကြသည်မသိ။ မိဘများကို အဆက်အဆံ မလုပ်ဘဲ နာကြည်းစွာ ရှောင်ဖယ်ကုန်ကြသည်။

ရှိပါစေတော့၊ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာထက် ထောင့်ငါးရာ မေတ္တာကို ဦးစားပေးမိသည်ကိုး။

"ဟင်း. ."

ဒေါ်ခင်ထား သက်ပြင်းချလိုက်သည်။ ဤအမှန်တရားကို လွန်းနှင့်မင်းဘုန်းထွဋ် သိကြမည်မထင်။ ရှင်းပြနေပြန်လျှင်လည်း မမခင်မြတ်က ဘာတွေပြောထားမှန်း မသိနိုင်ဘဲ မမခင်မြတ်အပေါ် လွန်း ပြိုငြင်သွားမှာ စိုးပြန်သည်။

"မမကြီး. . . မွန်းနဲ့ အိပ်ရမယ်နော်"

"ကျော်နဲ့ အိပ်ရမှာ"

"ဟင့်အင်း. . . ထွန်းနဲ့အိပ်"

မောင်နှမသုံးယောက်က လွန်းအား လုနေကြရာ လွန်းက မချိပြုံးနှင့် အားလုံးနဲ့ အိပ်မယ်နော်ဟုသာ ပြောလိုက်သည်။ ထိုအခါ ကလေးများက ဟေးဟု အော်ကာ ပျော်ရွှင်သွားကြသည်။ လွန်းရင်





ထဲ တစ်မျိုးခံစားလိုက်ရသည်။

ဩော်. . . သူတို့လေးတွေ မိစုံဖစုံနဲ့ ကြီးပြင်းနေထိုင်ရသည်ဆိုတော့ ပျော်ရွှင်မှုတွေ အနန္တနှင့် တက်ကြွနေလေသည်ပေါ့။

"ဘာမှမပြောကြနဲ့၊ မွန်း. . . မမကြီးအတွက် သီးသန့်အခန်းမှာ ပြင်ပေးလိုက်၊ နင်တို့မမကြီး နေမကောင်းဘူး၊ သိပ်မဆူကြနဲ့"

"ဟုတ်. ."

လွန်းက 'ရပါတယ် မေမေရယ်' ဟု လွှတ်ခနဲ ပြောလိုက်မိသည်။ ဒေါ်ခင်ထား မျက်လုံးတောက်ပသွားသည်။ မျက်ရည်စများကို သိမ်းဆည်းထားလိုက်သည်။

"ကဲ. . . သမီး နားနော်၊ သားတို့ပါ နင့်မမကြီးအတွက် အိပ်ခန်းပြင်ပေးလိုက်"

"ဟုတ်. ."

"ရက်စ် မာမာ"

လွန်းက ကျော်၏ခေါင်းကို ချစ်စနိုး ပုတ်လိုက်သည်။

သူတို့ကလေးတွေဘဝမျိုး လွန်း ရနိုင်တော့မည်မဟုတ်ပါ။ သို့သော် ထိုဘဝကိုလည်း လွန်း မလိုချင်တော့။ လွန်းလိုချင်သည်က သာယာသော အိမ်ထောင်ရေးတစ်ခုလား၊ ပြီးတော့ မိခင်ကောင်းတစ်ဦးဘဝလား၊ စီးပွားရေးပညာရှင်တစ်ယောက်၏ဘဝလား၊ လွန်း ဘာကိုမှ ဝေခွဲ၍မရချင်တော့။ စာမေးပွဲ ဖြေခါနီးမှ ကျောင်းစာအုပ်တွေ ကျန်ရစ်ခဲ့ရသည်လို့။

လွန်းကို မွန်းတို့မောင်နှမသုံးယောက်က မေးသည်။

"ကိုကိုကြီးမင်းကော ချောရဲ့လား မမကြီး"

လွန်းရင်ထဲ တစ်မျိုးခံစားလိုက်ရပြန်သည်။ ခံအားချက်



www.burmeseclassic.com

ဝေဒနာအစုစု၏အမည်နာမကို ခွဲခြား၍မဖော်ပြနိုင်အောင် ခံစားမှုများ ရောထွေးလျက်ရှိသည်။

"ချောတယ် . . . ကျော်နဲ့ တူတယ်"

"ဟာ . . . ဟုတ်လား"

"ကိုကိုကြီးက ဘယ်တော့ လာမှာလဲဟင်"

လွန်းရင်ထဲ မျှော်လင့်ချက် ဖြစ်ထွန်းလာသည်။ ကလေးများ ကျေနပ်စေရန် . . .

"လာမှာပေါ့" ဟု လေးတွဲ့စွာ ဖြေလိုက်မိသည်။ ထိုစဉ် ဒေါ်ခင်ထားက အသံလှမ်းပြုသည်။

"မွန်း၊ ထွန်း၊ ကျော် . . သွား . . စာကျက်ကြတော့"

ကလေးများက မိခင်မကြားစေရန် ပွစိပွစိ လုပ်ကြသည်။

"ကိုယ့်မမကြီး တစ်ခါတစ်လေ ရောက်လာတာတောင် စကားပြောခွင့်မပေးဘူး"

"အားကြီးချုပ်ချယ်တာပဲနော်"

"မမကြီး မပြန်နဲ့ဦးနော်၊ ကျော်တို့နဲ့ နေ"

လွန်း ခေါင်းညိတ်လိုက်သည်။ မိသားစုဘဝကို လွန်းတောင့်တမိသည်။ သို့သော် လွန်းသည် မိသားစုဘဝကို ပြန်လည်မရနိုင်တော့။ သို့ဆိုလျှင် . . . ။







# အခန်း(၃၉)

"တကယ်လား အန်ကယ်"

"တကယ်ပါ သမီး၊ မင်းမင်းက အန်ကယ့်ကို သက်သက်အထင်လွဲတာပါ၊ အန်ကယ်နဲ့သမီးမေမေ လက်ထပ်စာချုပ်ရက်စွဲကို ကြည့်ရင် လှိုင်းက အန်ကယ့်အပေါ် စွန့်ခွာသွားခြင်း ဟုတ်မဟုတ်ဆိုတာ သိသာပါတယ်"

လွန်း လက်ထပ်စာချုပ် ရက်စွဲကို အမှတ်မထင် ကြည့်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရော သမီးမေမေပါ အိမ်ထောင်ရေးကို ပြိုကွဲအောင် လုပ်ခဲ့သူတွေ မဟုတ်ပါဘူး၊ ဒါပေမယ့် လှိုင်းရဲ့အမေနဲ့အဖေ မင်းမင်းရဲ့အဘိုးအဘွားတွေက မင်းမင်းတို့မောင်နှမနဲ့ အန်ကယ့်အပေါ် တွေ့ခွင့်မပေးဘဲ အန်ကယ့်ကို စိတ်နာစေဖို့ ဖန်တီးပြောဆိုခဲ့တယ်ဆိုတာ အန်ကယ် သိပါတယ်၊

ဒါကို အန်ကယ်က ဩော် . . မြေးတွေကို ချစ်လို့ မြေးတွေရဲ့အချစ် ခိုင်မြဲနေအောင် လုပ်ရှာတာပဲလို့ ယူဆခဲ့တယ်၊ ပြီးတော့ အန်ကယ်က မိသားစုမျိုးရိုး မချမ်းသာဘူး၊ ကြိုးစားလို့ ဒီအခြေအနေမျိုး ရောက်ခဲ့တာ မဟုတ်လား၊ မင်းမင်းနဲ့မြလေးတို့မောင်နှမ ချမ်းသာဖို့အတွက် အန်ကယ်က အဝေးကနေပဲ မေတ္တာပို့နေလိုက်တာပါ"

လွန်း ယုံကြည်ချင်သည်။ ဖြစ်နိုင်ပါသည်။ ဒေါ်ခင်ထားသည်လည်း ထိုကဲ့သို့ပင် ဖြစ်နိုင်သည်ဟု သဘောပေါက်မိသည်။

"ဒီကိစ္စတွေဟာ ရှင်းပြစရာ မလိုဘဲ သမီးတို့ တစ်နေ့ သဘောပေါက်ကြမှာ၊ သမီးတို့လည်း မိဘ ဘဝကို ရောက်ကြဦးမှာပဲကွယ်"

လွန်း တွေဝေသွားရသည်။

"မနက်ဖြန် အန်ကယ် ခွဲစိတ်ခန်း ဝင်စရာ ရှိသေးတယ်၊ ပြီးမှ သမီးသွားချင်တဲ့ဆီကို ပို့ပေးမယ်၊ အန်ကယ်တို့ဆန္ဒကတော့ ဒီမှာ နားနားနေနေ နေစေချင်တယ်"

လွန်း စဉ်းစားရဦးမည်။

"ကဲ . . . သမီး အိပ်ချင်အိပ်တော့"

ဒေါက်တာဦးသက်ထွန်းသည် ဥပဓိရုပ် ခန့်ငြားချောမောသူဖြစ်သည်။ စကားကိုလည်း အေးအေးညင်သာစွာ ပြောတတ်





သည်။

မင်းဘုန်းထွဋ်ကဲ့သို့ ရှုးရှုးရှားရှား မဟုတ်။ မင်းဘုန်းထွဋ်က အမေတူသား ဖြစ်ပုံရသည်။ ငွေဂုဏ်မောက်သည်။ အဘိုးအဘွား အမွေအနှစ်ကို တစ်ဦးတည်း ရယူထားသူ ဖြစ်ခြင်းကြောင့် စကားသံတွင် ငွေလွှမ်းနေသည်။ မိမိကိုများ 'ငွေယူမလား၊ အိမ်ယူမလား၊ ကားယူမလား' တဲ့၊ မေးရက်သည်။ လွန်း၏နာကြည်းမှုမျက်ရည်စများ တလိမ့်လိမ့် ကျဆင်းလာသည်။

အိပ်မပျော်ခြင်း၏ ပိုင်စိုးမှုကို လွန်း ခံစားလိုက်ရလေပြီ။ နံနက်မိုးသောက်ခါနီး ရောက်သောအခါမှ လွန်း အိပ်ပျော်သွားခဲ့သည်။

လွန်း အိပ်မက်,မက်နေသည်၊ ထိုအိပ်မက်၌ လွန်းသည် ပန်းပွင့်များအကြား၌ ပျော်မြူးနေသည်၊ မင်းဘုန်းထွဋ်က လွန်းအား ပန်းပွင့်များနှင့် လိုက်ပေါက်နေသည်၊ ထို့နောက် ပန်းများသည် အသွင်ပြောင်းကာ မြွေများ ဖြစ်ကုန်သည်၊ လွန်း ကြောက်လန့်တကြား ဟစ်အော်လိုက်သည်၊

"အား . . ."

"သမီး . ."

အိပ်ယာထက်မှ လူးလဲထလိုက်သည်။

"မြွေ . . မြွေ . ."

"အိပ်မက်ထင်တယ် . . . ရေသောက်လိုက်နော်"

ဒေါ်ခင်ထားက ရေဖန်ခွက်ထဲမှ ရေကို ငှဲ့လိုက်လိုက်သည်၊

လွန်း ရေသောက်ချလိုက်သည်။

စားပွဲတင်နာရီလေးကို လှမ်းကြည့်လိုက်သည် ရှစ်နာရီပင်ရှိနေပြီ။ နာရီအောက်၌ ပန်းရောင်စာရွက်ခေါက်ကလေးကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ညတုန်းက မရှိဘူးဟု လွန်းထင်သည်။

"ကဲ. . . သမီး ရေမိုးချိုးချင်ချိုးလိုက်၊ မေမေ သမီး အကြိုက် မုန့်ဟင်းခါး ချက်ထားတယ်"

"ဟုတ်. ."

ဩော်. . . လွန်းအကြိုက်ကို မေမေ မမေ့သေးဘဲကိုးဟု တွေးမိတော့ ရင်ထဲ၌ ကြည်နူးသကဲ့သို့ ခံစားလိုက်ရသည်။ ပန်း ရောင်စာရွက်လေးကို ယူကာ ဖြန့်ကြည့်လိုက်သည်။

"မမကြီး. . .

မွန်း၊ ထွန်းနဲ့ကျော်တို့ ကျောင်းသွားကြပြီ။ ညနေ ကျောင်း က ပြန်လာရင် မမကြီး လာကြိုနော်။ မမကြီးကို ကျွန်တော်တို့ ခိုးပြီး မွှေးမွှေးပေးသွားကြတယ်။ မမကြီး မပြန်ရသေးဘူးနော်၊ မမကြီးကို ချစ်တယ်။

မွန်း၊ ထွန်း၊ ကျော်"

လွန်းရင်ထဲ လှိုက်ဖိုသွားသည်။ လွန်း ဘာဆက်လုပ်ရမည် နည်း။

"တီတီ. . တီတီ. . တီတီ"

ဒီကားဟွန်းသံသည် လွန်း၏နားနှင့် အကျွမ်းတဝင် ရှိနေ သည်။ သူ. . သူများလား။

"အန်တီ. . လွန်းကော"

လွန်း ရေချိုးခန်းထဲ ဝင်လိုက်သည်။ သူလိုက်လာပြီ။ အန် ကယ်ဦးသက်ထွဋ် ဘယ်လိုနည်းနှင့်များ အကြောင်းကြားပေးလိုက် သည်မသိ။ သူ ချက်ချင်းရောက်လာသည်။





"ရေချိုးနေတယ်. . . စောင့်နေလေ သား"

"ဟုတ်ကဲ့"

"သားကြည့်ရတာ နေကောင်းရဲ့လားကွယ်"

"ခရီးပန်းလာလို့ပါ အန်တီ"

"အေးအေး. . . ညက ဘယ်သူလာပြောသလဲ"

"ဆေးရုံက ညစောင့်လေး လာပြောတယ်"

"ကျွန်တော် ညတွင်းချင်းပဲ ထွက်ခဲ့တာ၊ ကျိုက်ထိုဝင်ခါနီး မှာ ဓါတ်ဆီကုန်သွားလို့ ကားလမ်းပေါ်မှာပဲ အိပ်လိုက်ရတယ်"

"အိုကွယ်. . . ဖြစ်ရလေ"

"မိုးလင်းမှ ကားဓါတ်ဆီကို ကားတွေကို တားပြီး ဝယ်ရ တယ်၊ လေးစီးမြောက် ရောက်လာမှ ရလို့ ခရီးဆက်လာနိုင်တာ"

"ပင်ပန်းလိုက်တာ၊ ကဲ. . . ပြီးရင် လာခဲ့ကြနော်၊ ပဲခူး မုန့်ဟင်းခါး မေမေကိုယ်တိုင် ချက်ထားတယ်"

"ဖေဖေကော"

"ဆေးရုံသွားပြီ"

လွန်း အသံတွေအားလုံး ကြားနေရသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

"သမီးရေ. . . မင်းမင်း ရောက်လာပြီကွယ်"

လွန်း တုံ့ပြန်မှု မပေးဘဲ ငြိမ်သက်နေလိုက်သည်။ လွန်း ရင်တွေ တအားခုန်နေပြီ။ ဤအရာဟာ အချစ်ပေလား။ သူ ဘာ ကြောင့် လွန်းနောက်သို့ အသည်းအသန် လိုက်လာရသနည်း။

လွန်း စိတ်ရှုပ်ခြင်းနှင့်အတူ ပျော်မွေ့သလို ခံစားလိုက်ရ သည်။ လွန်း ရေချိုးခန်းတံခါး ဖွင့်ရမှာကို လန့်နေသည်။ သူနှင့် ရင်ဆိုင်ရမှာ ကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်း၌ စံရွှေကျော်ဆိုသော ရည်းစားဦး ရှိခဲ့ဖူးသည်။ ၎င်းနှင့် ပတ်သက်၍လည်း အမည်မသိသောဝေဒနာကို မခံစားခဲ့ရ။ သနားစိတ်ဖြင့် သံယောဇဉ် နှောင်ဖွဲ့ဖူးသော ကိုပိုင်ဦး ရှိခဲ့ဖူးပါသည်။ ၎င်းအပေါ် ကရုဏာနှင့် ယှဉ်သောခံစားမှုမျိုး ခံစားခဲ့ရဖူးသည်။ ယခု မင်းဘုန်းထွဋ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော ခံစားမှုက အမျိုးမျိုးအဖုံဖုံ အလီလီတွေ ဖြစ်ပေါ်နေရသည်။

"မရွှေလွန်း"

"ဒေါက်. . . ဒေါက်"

"အအေးမိမယ်. . . ထွက်ခဲ့တော့"

သူ့အသံကို ကြားလိုက်ရသည်နှင့် လွန်း ဆတ်ခနဲ တုန်သွားသည်။ စီးစီးပိုးပိုးနှင့် မိမိအား စီးပိုးတုန်းပါလား။

လွန်း တံခါးဖွင့်လိုက်သည်။ ရပ်စောင့်နေသော မင်းဘုန်းထွဋ်ကို တွေ့လိုက်ရသည်။ ဆီးကြို၍ ရန်တွေ့ပစ်လိုက်သည်။ သို့သော် ဒေါသက သိပ်မပါ။

"ရှင် ကျွန်မကို ဘာဒုက္ခပေးဦးမလို့ လိုက်လာတာလဲ"

မင်းဘုန်းထွဋ်က ပြုံးကာ ခေါင်းခါလိုက်သည်။ ပြီးမှ ခပ်အေးအေးပင်. . .

"ဒုက္ခပေးဖို့ မဟုတ်ပါဘူး၊ ဆွေးနွေးချင်လို့ လာတာ၊ ကဲ. . အဝတ်,ဝတ်ပြီး လာခဲ့နော်၊ ကျုပ် ဧည့်ခန်းမှာ စောင့်နေမယ်"

ထဘီရင်ရှားပေါ်၌ ကိုယ်သုတ်ပုဝါကြီးကို ဖြန့်ခြုံထားသော လွန်း၏အပျိုစင်အရှက်တရားအပေါ် သူနားလည်နေဆဲပါလား။ လွန်းရင်၌ နွေးထွေးသွားသည်။ သူ၏အပြုအမူလေးများကို ပြန်ပြောင်းသတိရတော့ မိမိအပေါ် ညှာတာစိတ်ကလေးများ ထားခဲ့သည်ကို သတိရလာသည်။





လွန်းကို သူ ဘာဆွေးနွေးမှာလဲ။


ကွာရှင်းစာချုပ်မှာများ လက်မှတ်ထိုးခိုင်းဖို့လား။ လွန်းရင်ထဲ နာကျင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၀)

ဟုတ်ပါသည်။ သူ့လက်ထဲမှာ စာချုပ်နှစ်စောင်။ ဒေါ်ခင်ထား မျက်ရည်သုတ်ကာ ထိုင်ရာမှ ထလိုက်သည်။

"လာ. . . သမီးနဲ့သား ထမင်းစားခန်းကို တစ်ခါတည်းလိုက်ခဲ့၊ မုန့်ဟင်းခါး စားရင်း စကားပြောကြ၊ မေမေတော့ ဘုရားဈေး သွားလိုက်ဦးမယ်၊ လာ. . . ဒေါ်အုန်းရေ"

ဒေါ်ခင်ထား သက်သက်ရှောင်ထွက်တာဟု လွန်း နားလည်လိုက်သည်။





သူနှင့်လွန်း ထမင်းစား စားပွဲ၌ ထိုင်မိကြသည်။ အငွေ့တထောင်းထောင်း ထနေသော အလယ်တည် ဟင်းရည်ပန်းကန်နှင့် မုန့်ဖတ်များ ထည့်ထားသောပန်းကန်၊ ဘူးသီးကြော်နှင့် ငါးဖယ် ညှပ်ထားသောပန်းကန်၊ နံနံပင်၊ ငရုတ်သီးမှုန့်၊ ငံပြာရည်၊ ရှောက်သီးစိတ်တို့ စုံလင်လှသည်။

"မရွှေလွန်း"

သူက လွန်းမျက်နှာကို စေ့စေ့ကြည့်ကာ ခေါ်လိုက်သည်။ လွန်းက သူ့ပန်းကန်ကို ဟင်းရည်ထည့်ပေးရင်း မုန့်ဟင်းခါး စားချင်သည်ဟု တမ်းတသော ကိုနာလံထ၏ဆန္ဒ ပြည့်သွားပြီဟု တွေးမိကာ ရင်၌ ကျေနပ်သွားသည်။

"ဘာလဲ. . . အချဉ်ညှစ်မယ်နော်"

"အင်း. ."

လွန်းက ရှောက်သီးစိတ် ညှစ်ထည့်ပေးပြီး နံနံပင် အကြော် ငါးဖယ်တို့ကိုပါ ထည့်ပေးလိုက်သည်။ ပြီးမှ သူမအတွက် ဟင်းရည် ခပ်ထည့်ရင်း. . .

"စာချုပ်ပါလာပြီလား. . . ပြီးမှ လက်မှတ်ထိုးမယ်"

"ဘာစာချုပ်လဲ"

"စောစောက ရှင်ကိုင်ထားတာ ကွာရှင်းစာချုပ် မဟုတ်ဘူးလား"

"မဟုတ်ဘူး. . . လက်ထပ်စာချုပ်"

"ဩော်. . . ဟုတ်ပေသားပဲ၊ အဲဒီစာချုပ် မီးရှို့ပစ်ဖို့ လိုတယ်"

"အဲဒါ ဖေဖေနဲ့အန်တီရဲ့စာချုပ်"

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဖေဖေ့အပေါ် နားလည်သွားပြီ၊ ကိစ္စမရှိပါဘူး၊ ဘယ်သူတွေ ဖောက်ပြန်ခဲ့ ဖောက်ပြန်ခဲ့၊ ကျုပ်အတွက် အရေးမကြီးတော့ဘူး"

လွန်းက ခေါင်းငုံ့ကာ မုန့်ဟင်းခါး စားလိုက်သည်။ ရင်တွေအဆမတန် ခုန်လာသည်။ သူ ဘာတွေ ပြောတော့မည်ကို အလိုလိုသိလာသည်။

သူ့မျက်လုံးကိုလည်း ရင်ဆိုင်မကြည့်ရဲသလို ခံစားနေမိသည်။

"စားလေ. . . မုန့်ဖတ်တွေ ပွကုန်မယ်"

"ဒါလည်း အရေးမကြီးဘူး၊ အရေးကြီးတဲ့ပထမအချက်က ခင်ဗျားဒုက္ခရောက်ရတယ်၊ မျက်ရည်ပေါက်ကြီးငယ် ကျရတယ်၊ ဒီအတွက် ကျုပ်တောင်းပန်ပါတယ်၊ ထင်ရာစိုင်းတတ်တဲ့ ကျုပ်စိတ်ရိုင်းကြောင့် ဖြစ်ပေါ်မိတဲ့အမှားကို ခွင့်လွှတ်ပါ"

လွန်း ခေါင်းငုံ့လိုက်သည်။ ခေါင်းညိတ်ရမှာလား၊ ခွင့်လွှတ်ပါတယ်ဟု ဖြေရမှာလား လွန်း နားမလည်နိုင်။

"နောက်. . ပြောမှားဆိုမှားတွေလည်း ဖြစ်ခဲ့တယ်"

'လူယုတ်မာသွေးနဲ့ မရောနှောဘူး' ဟူသောစကားကိုလားဟု လွန်း တွေးလိုက်မိသည်။

"ကျုပ်ကို ခွင့်လွှတ်သလား"

လွန်း၏အမျက်ဒေါသ ပြေသင့်ပြီလား။ ကိုယ့်ဘဝတစ်ခုလုံးကို ပျက်သုဉ်းစေခြင်းအတွက် မိမိက ချက်ချင်းပင် ကျေအေးလိုက်ရတော့မည်လား။

"ကျုပ်ဘဝအတွက် ဦးထွန်းဦးလည်း အရေးမကြီးတော့ဘူး၊ သူ့ရဲ့ယုတ်မာမှုကိုလည်း ကျုပ်အရေးမစိုက်ဘူး၊ ခု အရေးကြီး





နေတာက ခင်ဗျား ကျုပ်ကို ခွင့်လွှတ်ဖို့ပါ၊ တကယ်ပါ မရွှေလွန်း၊ ကျုပ်ဘဝမှာလေ ခင်ဗျားမရှိဘဲ တစ်ရက်မပြောနဲ့၊ တစ်နာရီ တစ်မိနစ် တစ်စက္ကန့်တောင် မနေနိုင်တော့ဘူး. . . မနေတတ်တော့ဘူး"

လွန်းမျက်နှာ ထူအမ်းလာသည်။ သို့သော်. . .

"အဲဒါ ကျွန်မဘာလုပ်ပေးရမှာလဲ"

"ကျုပ်နား နေပေးဖို့ပါ"

"နေပေးနေတာပဲ. . . စာမေးပွဲဖြေခါနီးအထိ နေပေးမယ်လို့လည်း ပြောခဲ့ပြီးပြီပဲ"

"ဒါဖြင့် ခင်ဗျား ဘာဖြစ်လို့ ထွက်သွားသလဲ"

"ရှင်ကကော ဘာဖြစ်လို့ ထွက်သွားသလဲ၊ ရှင်ထွက်သွားတော့ ကျွန်မက ရှင် ကျွန်မကို မလိုလားဘူး ထင်လို့ ထွက်သွားတာပါ"

"ကျုပ် စိတ်ထိခိုက်သွားလို့ပါဗျာ"

"ကျွန်မ ရိုက်လိုက်တဲ့အတွက်လား"

"မဟုတ်ဘူး"

"ဒါဖြင့်. . ."

"ကွာခိုင်းတဲ့အတွက်ပါ"

"ရှင့်ကို တစ်နေ့ကွာပေးရမှာပဲ မဟုတ်လား၊ အနေးနဲ့အမြန်ပဲ ကွာတာကို၊ ရှင် စားလေ. . . ပွကုန်တော့မှာပဲ၊ ကျွန်မ ထွက်မပြေးပါဘူး၊ စားရင်း ပြောလို့လည်း ရတာပဲ"

မင်းဘုန်းထွဋ်က တစ်ဇွန်းနှစ်ဇွန်း ခပ်စားလိုက်ပြီးမှ. . .

"ကျုပ်ဆန္ဒက အဲဒီလို မဟုတ်တော့ဘူး"

"အပြောင်းအလဲ မြန်လှချည်လား"

"ဟုတ်တယ်. . . ကျုပ်နှလုံးသားက ကျုပ်ဆန္ဒကို ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲစေခဲ့တယ်"

လွန်း တုံ့ပြန်မပြောတော့ဘဲ မုန့်ကိုသာ ငုံ့စားလိုက်သည်။

"ကျုပ် ခင်ဗျားကို တစ်သက်လုံး ကွာမပေးတော့ဘူး"

"ကျွန်မ ရှင့်ရဲ့ကျွန်အဖြစ် တစ်သက်လုံး အလုပ်ကျွေး မပြုနိုင်ဘူးနော်"

"ရပါတယ်. . . ကျုပ်ကလည်း ကျွန်မယားအဖြစ် ထားမှာ မဟုတ်ဘူး၊ ကြင်ဖော် မယေားသီတစ်ပါးအနေနဲ့ ထားမှာ"

"ကျွန်မက ခွင့်မပြုဘူးဆိုရင်ကော"

လွန်းက မထေမဲ့မြင် ပြုံးကာ မော့လိုက်သည်။ လွန်းကို ဒီလို လာစမ်း၍ ဘာရမည်နည်း။ လွန်းနှလုံးသားက မင်းဘုန်းထွဋ်ကို အဘယ်မျှ တောင်းဆိုနေစေကာမူ လွန်း ခွင့်ပြုလိမ့်မည်မဟုတ်။

သူ မျက်နှာပျက်သွားသည်။

"ကျုပ် မချွေလွန်းကို တကယ်ချစ်မိနေတာပါဗျာ"

"ကျွန်မ မယုံဘူး"

"ဟာ. . . ယုံအောင် ကျုပ် ဘာနဲ့ သက်သေပြရမလဲ"

"အင်း. . . ရှင်သက်သေပြရမယ်၊ နေဦး. . . ဘယ်လို သက်သေပြရမယ်ဆိုတာ ကျွန်မ စဉ်းစားလိုက်ဦးမယ်၊ လောလော ဆယ် ရှင် မုန့်ဟင်းခါး ကုန်အောင် စားလိုက်ဦး"

မင်းဘုန်းထွဋ်က သက်ပြင်းချလိုက်ပြီး မုန့်ဟင်းခါး တစ်ပန်းကန်ကို ကုန်အောင်စားလိုက်သည်။ သူ့ရင်ထဲ မည်ကဲ့သို့ ရှိမည်ကို လွန်း မသိနိုင်သော်လည်း လွန်းရင်ထဲ ဟိန္ဒူဘုရားပွဲ လှည့်နေလေပြီ။

"ထပ်ထည့်ဦးလေ"

"ဟင့်အင်း. . . တော်ပြီ"





သူက ထကာ ပန်းကန်ကိုပါ ယူသွားသဖြင့် လွန်းက. . .

"ထားလေ. . . ကျွန်မဆေးမယ်"

"ရပါတယ်. . . ကျုပ် ခင်ဗျားကို အလိုရှိတာ ကျုပ်ကို အလုပ်ကျွေးပြုဖို့ မဟုတ်ဘူး"

လွန်းကလည်း 'ခိုင်းတိုင်း လုပ်လိမ့်မယ် မထင်ပါနဲ့' ဟု ပြောလိုက်ချင်သည်။

ဒါဖြင့် လွန်း ဘာကြောင့် သူ့ကို လုပ်ပေးခဲ့သနည်း။ လွန်း ကိုယ်လွန်း နားလည်နေလေပြီ။

လွန်းက မုန့်ဖတ်ကို ထပ်ဖြည့်ပြီး ဟင်းရည်ထပ်ထည့်ကာ ဆက်စားလိုက်သည်။

ယနေ့ကစပြီး လွန်း စားဝင်အိပ်ပျော်တော့မည်။ လွန်း ဘာလုပ်သင့်သည်ကို လွန်း နားလည်သကဲ့သို့ လွန်း၏နှလုံးသားကို လည်း လွန်း နားလည်နေပြီဖြစ်သောကြောင့်ပင်။

"မင်းဘုန်းထွဋ်"

"ပြောပါ မချွေလွန်း"

"ကျွန်မသူငယ်ချင်းတွေ ကျွန်မကို အထင်လွဲနေတာ ရှင် ဖြေရှင်းပေးရလိမ့်မယ်၊ ဒါမှ ကျွန်မ စာမေးပွဲ အဖြေဖြောင့်မှာ"

"စိတ်ချပါ၊ အဲဒီသဘော ကျုပ်မှာ ရှိနေပြီးသားပါ"

"နောက်တစ်ချက်က ရှင့်ရဲ့တောင်းဆိုမှုကို လိုက်လျော မလိုက်လျောဖို့ ကျွန်မစဉ်းစားဦးမယ်၊ စာမေးပွဲ ဖြေပြီးမှ အဖြေပေး မယ်"

"ဟာဗျာ. . ."

"ဒီကြားကာလမှာ အရင်ကလိုပဲ သထုံအိမ်မှာ ဆက်နေ နေထိုင်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းဘုန်းထွဋ်မျက်နှာ မအီမလည်ဖြစ်သွားသည်။ သို့သော် ခေါင်းညိတ်လိုက်ပြီး. . .

"ခင်ဗျားလက်ခုပ်ထဲက ရေပဲလေ"

"ဘာလဲ. . . ရှင်က မကျေနပ်ဘူးလား"

"ဟာ. . . မဟုတ်ပါဘူး၊ ကျေနပ်ပါတယ်၊ ဝဋ်ဆိုတာ ချက်ချင်းလည်တတ်ပါလား"

လွန်းက ပြုံးကာ. . .

"မကျေနပ်ရင် ချက်ချင်းကွာလိုက်ရုံပါပဲ"

"ဟာဗျာ. . . ဒီလောက်ထိအောင်တော့ မညည်းနဲ့ဗျာ၊ ကျုပ်က ချစ်မိနေတော့ ခင်ဗျားဆန္ဒဟူသမျှ လိုက်လျောပါတယ်ဗျာ"

"ဒါဖြင့် မေမေ ပြန်လာရင် ကလေးတွေနဲ့ အန်ကယ့်ကို သွားတွေ့နှုတ်ဆက်ပြီးမှ ကျွန်မတို့ ပြန်ကြမယ်"

"ဟင်. . . ဒီမှာ တစ်ညလောက်တော့ အိပ်ဦးမှပေါ့"

"ဘယ်ဖြစ်မလဲ. . . ဒီမှာဆို ရှင်နဲ့ကျွန်မ အတူအိပ်နေရမှာပေါ့"

"ကျုပ်ပင်ပန်းလို့ပါဗျာ"

"ကိစ္စမရှိဘူး. . . ကားကို ကျွန်မ မောင်းပါ့မယ်"

"ဟူး. . . မလွယ်ပါလား"

လွန်းက ပြုံးရယ်လိုက်ပြီး ပန်းကန်ထဆေးလိုက်သည်။ ပြီးသည်နှင့် ဧည့်ခန်းဘက် လျှောက်သွားပြီး တယ်လီဖုန်း ကောက်ဆက်လိုက်သည်။

"ဟဲလို. . ."

ကြီးမေ၏အသံ။ လွန်း ဝမ်းသာအားရပင်. . .

"ကြီးမေ. . . သမီးပါ"





"သမီးနေကောင်းရဲ့လား"

"ကောင်းပါတယ် ကြီးမေ၊ ဒါပေမယ့် ကြီးမေတို့ကို လွမ်းနေတယ်"

"အပိုတွေ မပြောနဲ့"

"တကယ်ပါ. . . ကြီးမေလည်း တစ်ယောက်တည်း ပျင်းနေမှာပေါ့၊ သထုံလိုက်ခဲ့ပါလား"

"တစ်ယောက်တည်း မဟုတ်ဘူး၊ မိခင်ထားက အဖော်ကောင်မလေးတစ်ယောက် ထားပေးထားတယ်"

"ဟုတ်လား"

"နောက်မှပဲ လာတော့မယ် သမီးရယ်၊ ကြီးမေ ဥပုသ်ရက်ရှည် စောင့်နေတယ်"

"သာဓု. . . သာဓု. . . သာဓု"

"ရွတ်နောက်နောက်နဲ့နော် ကောင်မလေး"

"ဟော့တော်. . . အကောင်းလည်း သာဓုခေါ်ရသေးတယ်"

"တော်စမ်းပါ. . . ယောက်ျား ခွဲတာမဝလို့ ကျုပ်ကို ခွဲမနေနဲ့၊ ဟော. . . ဘုန်းကြီးတွေ ဆွမ်းခံကြွလာပြီ၊ ကျုပ်သွားလောင်းဦးမယ်. . . ဒါပဲနော်"

"ဂျလောက်. . ."

လွန်းရင်ထဲ ဟာသွားသည်။ ဘဝဆိုတာ ဒါပဲလား၊ ကိုယ့်လမ်းကိုယ်လျှောက်ကြရမည်ပါလား။ ကြီးမေ မိမိအပေါ်၌ စွဲစွဲလမ်းလမ်း တမ်းတမ်းတတ ဖြစ်နေဟန်မတူဘဲ စိတ်အေးလက်အေး ရှိကာ သူ့အလုပ်သူ လုပ်နေနိုင်သည်။

"ဟင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"မရွှေလွှန်း. . ."

"မင်းဘုန်းထွဋ်"

"ဒီလိုပဲ ခေါ်တော့မှာလား"

"မင်းမင်း. ."

"ဒါက အများခေါ်တဲ့အမည်၊ မရွှေလွှန်းက သီးသန့်ခေါ်ရမယ်"

"အဆင့်ကျော်မလာနဲ့. . . မရဘူး၊ ဩော်. . . ဘာလဲ"

"ဦးမှုန်ကလေ. . . မနေ့ညက စိတ်ညစ်လို့ဆိုပြီး ပုလွေထမှုတ်တာ မြွေသုံးကောင် ရောက်လာလို့ ပခြုပ်ထဲ ထည့်သိမ်းထားလိုက်ရတယ်"

"ဟင်. . ."

လွှန်း မျက်လုံးပြူးပြလိုက်သည်။

"မရွှေလွှန်း ပြန်မလာရင် ဒီလူကြီးက မြွေတွေနဲ့ပဲ နှစ်ပါးသွားမယ့်လူ"

မင်းဘုန်းထွဋ် ဉာဏ်များနေတာဟု လွှန်း အလိုလို သိနေသည်။ သို့သော်လည်း လွှန်းက သူ၏ဉာဏ်များမှုကို သဘောကျကာ မသိဟန် ပြုရတော့မည်ပင်။

"ခု အိမ်မှာ ဘယ်နှစ်ကောင်လောက်များ ရောက်နေပြီလဲ မသိဘူး"

"ကိစ္စမရှိပါဘူး. . . ကျွန်မပြန်ရောက်တာနဲ့ လွှတ်ခိုင်းလိုက်ပါ့မယ်"

မင်းဘုန်းထွဋ်မျက်နှာ မအီမလည်ဖြစ်သွားသည်။ လွှန်းက သဘောကျစွာ ရယ်လိုက်ပြီး. . .

"ဦးမင်းဘုန်းထွဋ်. . . ရှင် ကျွန်မနာမည် သိရဲ့လား"





သူက မှုန်ကုတ်ကုတ်နှင့် 'မသိဘူး' ဟု ဘုတောလိုက်ရာ

"သူငယ်ချင်းတွေက ကျွန်မကို လည်လွှန်းတဲ့လေ"

"ကျုပ်သိတယ်"

"ကျွန်မ သိပ်လည်တယ်နော်၊ ရည်းစားလည်း များခဲ့တယ်"

"ကျုပ်သိပြီးသား"

"ရှင် သဘောထားကြီးနိုင်ရဲ့လား"

"ဒါတော့ အာမ,မခံဘူး၊ ချစ်တာတော့ အာမခံတယ်"

"ဟင့်အင်း. . . ဒီလိုဆိုရင် မဖြစ်ဘူး၊ ကျွန်မကလေ ပြိုကွဲနေတဲ့ အိမ်ထောင်ရေး ပဋိပက္ခန်မှာ နစ်ခဲ့ရသူဆိုတော့ အိမ်ထောင်ရေး ပြိုကွဲမှာ သိပ်ကြောက်တယ်"

"ကျုပ်နဲ့ခင်ဗျားနဲ့ ဘဝတူပါ မရွှေလွှန်းရယ်၊ ကျုပ် မင်းအပေါ် စာနာနားလည်တာနဲ့အမျှ ကျုပ်မိသားစုဟာ ဘယ်တော့မှ မပြိုကွဲစေရဘူး၊ မိသားစုအပေါ် တာဝန်ကျေပွန်တဲ့ အိမ်ထောင်ဦးစီးယောကျ်ား၊ သစ္စာရှိတဲ့ယောကျ်ား၊ မိသားစုအပေါ် အလွန်ချစ်မြတ်နိုးတဲ့ ယောကျ်ားကောင်းဖြစ်စေရမယ်လို့ ကျုပ်ကတိပေးပါတယ် မရွှေလွှန်းရယ်"

လွှန်းကို အမြုပ်ထွက်မတတ် ကတိပေး ရှင်းပြနေသော မင်းဘုန်းထွဋ်အပေါ် လွှန်း သနားလာပြီ။ လွှန်း ပြုံးလိုက်ပြီး. . .

"ကျွန်မလည်း ရှင့်လိုပါပဲ"

"ဒါဖြင့်. . ."

"ကျွန်မအသည်းကြားမှာ သိပ်နာကျင်နေတယ်"

"ဟင်. . . ဘာဖြစ်လို့လဲ၊ ကျုပ်ကို မကျေနပ်သေးဘူးလား"

"မဟုတ်ဘူး. . . အသည်းကြားမှာ မင်းဘုန်းထွဋ်ဆိုတဲ့ အချစ်ဆူးကြီး စိုက်နေလို့ရှင့်. . . သိပြီလား"



www.burmeseclassic.com

www.burmeseclassic.com




လွန်းက ရယ်မောလိုက်သည်။ မင်းဘုန်းထွဋ်က မချင့်မရဲ ဖြစ်သွားသည်။ သို့သော် ဣန္ဒြေမပျက် ထိုင်နေလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်ခင်ထားတို့ ဈေးဝယ်ပြန်လာပြီ ဖြစ်သောကြောင့်ပင်။

ထို့ကြောင့် ယောက္ခမ မိထွေးအား မချိသွားဖြဲဖြင့် ရယ်ပြလိုက်ရလေတော့သည်။

BURMESE CLASSIC .com

မြူပုလဲခင်






www.burmeseclassic.com